http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။




Light publishing house
15, Awba street, Tarmwe.

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.foreverspace.com.mm

# မိချမ်းဝေ

## စတုတ္ထလွန်းထိုးအလွန်နှင့် အခြားဝတ္ထုတိုများ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm

**Light** publishing house

15,Awba street,Tarmwe.

စတုတ္ထလွန်းထိုးအလွန်နှင့် အခြားဝတ္ထုတိုများ

စာမူခွင့်ပြုချက်အမှတ်

၁၇၉၆/၂၀၀၄(၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၂၈၂၀၅၀၄

ပထမအကြိမ်၊ အုပ်ရေ (၅၀၀)

တန်ဖိုး (၉၀၀)ကျပ်

၂၀၀၅ နိုဝင်ဘာ။

အတွင်းပုံနှိပ်သူ

ဒေါ်ခင်နွဲ့ (ရွှေမိုးဆောင်း ပုံနှိပ်တိုက်)

အမှတ် ၈၇၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး။

ဈေးကြီးရှေ့ ကြည့်မြင်တိုင်မြို့နယ်၊

အဖုံးပုံနှိပ်သူ

ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက်)

၉၆/ ခ၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးမောင်ကလေး (သောကြာ စာအုပ်တိုက်)

၁၅၊ ဩဘာလမ်း၊ တာမွေမြို့နယ်၊

ရန်ကုန်မြို့။

**နေစေး(စာပေ** မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်

ဖုန်း ၃၈၇၆၀၆

## မာတိကာ


| | | |
|---|---|---|
| ၁။ | စတုတ္ထလွန်းထိုးအလွန် | ၀၀၅ |
| ၂။ | အဝါရောင်ညနေခင်း | ၀၂၇ |
| ၃။ | အစိမ်းရင့်ရင့် အလွမ်းသင့်ပါချန် | ၀၄၉ |
| ၄။ | ကမ္ဘာမြေရဲ့ ဆည်းလည်းသံ | ၀၆၇ |
| ၅။ | ဝရံတာဇာတ်လမ်း | ၀၈၇ |
| ၆။ | ရောင်းရန်မဟုတ်ပါ | ၁၁၁ |
| ၇။ | ဝင်ကစွပ်မေမေ | ၁၂၉ |
| ၈။ | လွင့်မျောလွမ်းရိပ် | ၁၅၁ |
| ၉။ | တိမ်ညွှန့်ခူးတဲ့ ကြယ်စင်မှူးရွှေစင် | ၁၇၅ |
| ၁၀။ | တစ္ဆေခြောက်သူ | ၁၈၉ |
| ၁၁။ | အချစ်နှင့် စက်ဘီးစီးခြင်း | ၂၀၇ |
| ၁၂။ | လွမ်းမောဆွတ်ကြင် | ၂၂၅ |
| ၁၃။ | ပြေးလမ်းပေါ်ကသက်လုံ | ၂၄၁ |


စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

စတုတ္ထလွန်းထိုးအလွန်

www.foreverspace.com.mm

## စတုတ္ထလွန်းထိုးအလွန်

လားရှိုးဘက်ကလာတဲ့ ရထားဟာ တူသံပေးပြီး ထွက်ခွာသွားတယ်ဆိုရင်ပဲ အခြေသေးနုပ်လှတဲ့ ဂုတ်ထိပ်ဘူတာ ကလေးဟာ တိတ်ဆိတ်ငြိမ်သက်သွားပါတော့တယ်။

နောင်ချိုကလာတဲ့ ဆရာမလေးနှစ်ယောက် မီးရထားနဲ့ပလိုက်ပါသွားပြီးတဲ့အခါ ကျောင်းသားတွေလည်း အနီးဝန်းကျင် ရပ်ကွက်ကလေးဆီ ဆင်းသွားကြပြီမို့ နောင်ချိုမြို့နယ် ကုန်းစံအုပ်စုမူလတန်းကျောင်းကလေးထဲမှာတော့ ကိုယ်တစ်ယောက်တည်းပေါ့ မိုးလွင်ရယ်။ အထီးကျန်ခြင်းဆိုတာ ကိုယ့်အတွက် မသေဆေးတစ်ခွက်မို့ ဒါကိုမငြင်းမဆန် စားသုံးလို့ ရှေ့ဆက်နေရတဲ့ရက်တွေဟာ တဖြည်းဖြည်းနဲ့ ခရီးအတန်ငယ်ပေါက်ခဲ့ပါပြီ။

အထီးကျန်စွာ နေထိုင်ရမှုဟာ အကျည်းတန်သောဖြစ်ရပ်ကိုရင်ဆိုင်ရတာလောက် ကြေကွဲဖွယ်မကောင်းဘူးလို့ ကိုယ်ထင်မြင်ယူဆတတ်ဆိုရင် နှုတ်ခမ်းထက်က မှည့်နက်ကလေး ရွေ့သွားတဲ့အထိ မင်းက ပြုံးဦးမှာလား။ ကိုယ့်ဘဝရဲ့ နာကြင်ကြေ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကဲ့မှုတွေကို ဟောဒီဂုတ်တွင်းထဲ လိုလိုချင်ချင် ပစ်ချနေမှုကိုတော့ မင်းဘယ်လိုမှ သဘောမတူနိုင်ဘူးမဟုတ်လားဟင်။ ဒီလို လွင်ပြင် ချိုင့်ဝှမ်းတစ်နေရာမှာ ဇာတ်မြှုပ်ပြီးနေနေတဲ့ကိုယ့်ကို အလိုမကျ မှုတွေနဲ့ မညှာမတာ ဝေဖန်ဦးမှာမဟုတ်လား။ "အကျဉ်းအကျပ်မှ ထွက်ပြေးခြင်းဟာ လွတ်မြောက်နိုင်ကောင်း လွတ်မြောက်မှာ ဖြစ်ပေမယ့် ပင်ကိုအရည်အသွေးညှံ့ဖျင်းရာကျတယ်"လို့ စကား ကြီးစကားကျယ်တွေနဲ့ ကိုယ့်ကိုပစ်ပေါက်ခဲ့တာ ဒီကနေ့အထိကြား ယောင်နေပါသေးတယ်။

ကိုယ်ဟာ မူလတန်းကျောင်းကလေးရဲ့ ပြတင်းတံခါးတွေ ကိုလိုက်ပိတ်ပြီး ကိုယ့်အတွက်ပေးထားတဲ့ အခန်းကလေးထဲ ဝင်ကာ ကျောင်းဝတ်စုံနဲ့ ပေ့ါပါးလွတ်လပ်တဲ့ ဝတ်စုံတစ်စုံလဲလှယ် ဝတ်ဆင် လိုက်တယ်။ ဒီကျောင်းကလေးမှာတော့ ကိုယ်ပဲတာဝန်ခံ၊ ကိုယ်ပဲ ကျောင်းစောင့်လေ။ နေညိုညိုညနေချမ်းဟာ မလှမ်းမကမ်းက ဘူတာရုံကလေးရယ်၊ မီးရထား ဝန်ထမ်းမိသားစု နေအိမ်ကလေး တွေရယ်၊ မူလတန်းကျောင်းကလေးရယ်၊ ချက်နို့ဆီနဲ့ ဖျော်တဲ့ လက်ဖက်ရည်ဆိုင်ကလေးရယ် ဒါတွေဟာ ဂုတ်ထိပ်ဘူတာရုံ ကလေးရဲ့ ပြည့်စုံခြင်း အင်္ဂါရပ်တွေပါပဲ။

ညနေခင်း ကျောင်းဆင်းချိန်ရောက်တိုင်း ကျောင်းကလေး မှနေ ကွေ့ကောက်ကောက် ရထားလမ်းကလေးအတိုင်း ကိုယ်လမ်း လျှောက်ထွက်လေ့ရှိတယ်။ ဒီအချိန် ဟိုဘက်ဒီဘက် ရထားလာ စရာမရှိတော့လို့ မစိပ်မကျဲ ဇလီဖားတုံးတွေပေါ် နင်းလျှောက် လာတဲ့အခါ မိနစ်အနည်းငယ်အတွင်း ကုန်းကမူမော့ဆီမှ ထိန်း သိမ်းရေးစခန်းဆီရောက်သွားပါတော့တယ်။ ညှို့မှတ်တမ်းမှာနာ



မည်ရေးသွင်းပြီး ကမ်းပါးယံနှစ်ခုကို ဆက်သွယ်ထားတဲ့တံတားဆီ တရွေ့ရွေ့ ဦးတည်မိတဲ့အချိန်မှာ ကိုယ်ဟာမင်းကို အရမ်းလွမ်းနေ မိတယ် မိုးလွင်ရယ်။

တကယ်တော့ ကိုယ့်ရင်ထဲက အလွမ်းဓာတ်ခံရှိလို့ လွမ်း နေရတာဆိုတာ ပတ်ဝန်းကျင်မြင်ကွင်းရှုကွက်ရဲ့ တွန်းထိုးနှိုးဆော် မှုကြောင့် အလွမ်းဒီရေတွေ မြင့်တက်နေရတယ်ဆိုတာကိုတော့ ကိုယ်ဝန်ခံပါတယ်။ ကိုယ်ဟာမင်းပြောသလို လက်ရှိအနေအထား ကို ရဲရဲရင်မဆိုင်ဝံ့တဲ့ ပျော့တိပျော့ညံ့ မိန်းမတစ်ယောက် ဖြစ်ခဲ့လို့ လည်း အဲဒီစူးနစ်နေတဲ့ ဝေဒနာဆူးကို ဆွဲနှုတ်ယူဖို့ ကုစားချက် တွေ နေ့စဉ်ရက်ဆက်ပေးနေရတာပေ့ါ။

ဒီနေ့မှ လေဟာ ထူးထူးခြားခြား ငြိမ်သက်နေတယ်။ အခုလို မိုးတွင်းအခါ မိုးရွာပြီးစဆိုရင် ဟိုးအဝေးမြင်ကွင်း တောင် တန်းပြာတွေဆီမှာ တိမ်ခိုးမျှင်စတွေ ရွေ့လျားနေတာများ တချို့ တိမ်တွေက အပေါ်ယံကပျံသန်း တစ်ချို့တိမ်တွေက တောင်ကြား မှာ ငုပ်လျှိုး အမျိုးမျိုးသော တိမ်ခိုးမင်ခြယ်တွေ လွှမ်းစေဖန်နေ ကြတာလေ။

ဟော ... သံပေါင်တံတား ဖြတ်သန်းမေးတင်ရာ တောင်ဘက်ဆီက တောင်ကမ်းပါးယံကြီးကတော့ တောင့်တင်း ခိုင်မာမှုတွေ သွန်လွှတ်လို့ ပျော့ညံ့သူရဲ့ ရင်တွင်းမာကြောခိုင်ကျည် ခြင်းတွေ ပေါင်းထုံကူးပျံ့ပေးနေသလိုပါပဲ။ တိမ်ယံဖောက်မတတ် မြင့်မားမတ်စောက်တဲ့ တောင်ကမ်းပါးယံပေါ်ကနေ ရေစီးကြောင်း တွေ စိမ့်ဖြာစီးဆင်းနေတဲ့ အသံကလည်း ကိုယ့်အတွက် ညနေခင်း ဆည်းဆာ တေးဂီတတစ်ပုဒ် ဖြစ်ခဲ့တယ်။ ရေစီးကြောင်းတွေဟာရေ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



တံခွန်လို ပေါင်းဆုံသွန်ကျတာမဟုတ်ဘဲ အောက်ခြေတောင်ကမ်းပါးယံ ကျောက်သားအလိုက် တစ်မြောင်းချင်း စီးကျနေတဲ့မြင်ကွင်းဟာ ခပ်ရဲရဲစုပ်ချက်ထင်းထင်း သဘာဝပန်းချီကားကြီးတစ်ချပ်ပါပဲ။

ဒီနေရာဟာ ရှမ်းလို 'ဟိုကွတ်'လို့ခေါ်ပြီး မြန်မာလို ဂုတ်တွင်းလို့ခေါ်တဲ့ နေရာပါ။ ဒါကလည်း အသူတရာချောက်နက်တစ်နေရာမှာ စီးဆင်းနေတဲ့ နမ်းပဆေးမြစ်ရဲ့ မာယာများမှုကြောင့်ဖြစ်ပေါ်လာတဲ့ အခေါ်အဝေါ်ဖြစ်မယ်ထင်တယ်။ နမ်းပဆေးမြစ်ဟာ အရှေ့မှအနောက်သို့ စီးဆင်းရာမှ ပျောက်ကွယ်ငုပ်လျှိုးသွားပြီး ချောက်နက်တစ်နေရာမှာ ပြန်ပေါ်လာကာ ဆက်လက်စီးဆင်းနေခဲ့တာမို့ ဒီနေရာကို 'ငုတ်တွင်း' လို့ ခေါ်ရာက 'ဂုတ်တွင်း' ရယ်လို့ ပေါ်လာတဲ့အဖြစ်။ အဲဒီချောက်တွင်းကြီးရဲ့ ဟိုဘက်ဒီဘက်ထိပ်ကို ထိစပ်ဆက်သွားထားတဲ့ တံတားကိုတော့ ဂုတ်ထိပ်တံတားတဲ့။ ဒီတံတားကို အစွဲပြုပြီး ကိုယ်တာဝန်ကျတဲ့ ကျောင်းကလေးနေရာက ဂုတ်ထိပ်ဘူတာဖြစ်လာရတော့တာပါပဲ။

ကိုယ်ဟာ တစ်နေ့တာ တာဝန်ပြီးဆုံးတဲ့ ညနေစောင်းဆို ဒီတံတားပေါ်ကို တစ်နေ့တစ်ခေါက် လာရောက်ဖြတ်သန်းလေ့ရှိတယ်။ အစပထမမှာတော့ တံတားပေါ်ကနေ ဂုတ်တွင်းထဲငုံ့ကြည့်ရတာ အသည်းအေးလှပေမယ့် ကျောက်တောင်ကမ်းပါးထက်မော်ကြည့်ပြီး ရရှိဖြစ်ပေါ်လာတဲ့ စိတ်ဓာတ်အင်အားတွေဟာ ဘာနဲ့မှ တန်ဖိုးမဖြတ်နိုင်ဘူး။ တိမ်တွေကို ထိုးဖောက်မယ့် တောင်နံရံကြီးပေါ်က စီးကျသွန်းလျှံနေတဲ့ အအေးဓာတ်ဟာ ကိုယ့်ရင်ထဲက အပူကိုကူဟပ်ပေးနေတာ အမှန်ပါပဲ။



မိုးလေသာတဲ့ နေ့တွေဆို ကိုယ်ဟာ တံတားကြီးရဲ့ အဆုံးဟိုမှာဘက်ကမ်းအထိ ရောက်အောင်သွားပြီး ပေသုံးရာကျော်ရှည်လျားတဲ့ ဥမင်လိုဏ်ခေါင်းတစ်ဆုံး လျှောက်ဝင်သွားလေ့ရှိတယ်။ မည်းမည်းမှောင်နေတဲ့ ဥမင်လိုဏ်ခေါင်းထဲ စမ်းတဝါးဝါးဝင်သွားရင်း တစ်ဖက်ဥမင်ပေါက်ကို ရောက်တဲ့အခါ ပြင်ပအလင်းရောင်နဲ့ ဘွားခနဲထိတွေ့ရတဲ့ အရသာကို ကိုယ်နှစ်သက်တယ် မိုးလွင်။ လူတွေဟာ အမှောင်ကို ငြင်းဆန်လေ့ရှိပြီး အလင်းကိုတော့ကြိုဆိုလက်ခံလေ့ရှိတာ ဓမ္မတာမဟုတ်လား။ အမှောင်ရဲ့ ကျဉ်းကျပ်ပိတ်လှောင်မှုနဲ့ အလင်းရဲ့လွတ်လပ်လွင့်မျောမှုကို တစ်ခဏအတွင်းတစ်ပြိုင်နက် ခံစားနိုင်တဲ့အတွက် ကိုယ်ဟာ ဥမင်ဖြတ်သန်းမှုကို မကြာခဏ ပြုမူလေ့ရှိတယ်။

ကိုယ်တို့ရဲ့ ဇာတိရပ်မြေနဲ့ မတူတဲ့လေ၊ ဇာတိရပ်မြေနဲ့မတူတဲ့ ရေမြေအနေအထားမှာ ကိုယ်ဟာ အထီးကျန်စွာဖြတ်သန်းရပေမယ့် ဒီနေရာမှာ ကိုယ်နေစိမ့်နိုင်နေပြီဆိုရင် မင်းအံ့ဩမှာလားဟင်။ ပျော်တယ်ဆိုတဲ့ ဝေါဟာရကိုတော့ ကိုယ်မသုံးလိုသေးပါဘူး။ ကိုယ်နဲ့အပ်စပ်တယ်လို့ ပြောရင်ရမယ်ထင်တယ်။ ဇာတိရပ်မြေနဲ့ ဝေးလံသီခေါင်လှတဲ့ ဟောဒီဂုတ်ထိပ်ဆိုတဲ့ အရပ်ကို ဘယ်လိုနာကျင်မှုမျိုးနဲ့ ရောက်လာရတယ်ဆိုတာ မင်းအသိဆုံးပါ။

မင်းနဲ့ကိုယ်က ကလေးဘဝကတည်းက အတူသွား အတူစား အတူကြီးပြင်းခဲ့ကြလို့ တစ်ယောက်ဘဝ တစ်ယောက်နားလည်ပြီး ချစ်သူ ဘဝရောက်ခဲ့ကြသူတွေ မဟုတ်လား။ ဒီအချိန်ကျောင်းအဆင်းမှာ သီချင်းကလေးဆို ဆိုတဲ့ သီချင်းစာသားထဲက

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

အတိုင်း တို့တစ်တွေဟာ ကျောင်းသွားဖော်တွေလည်း ဖြစ်ခဲ့ကြသေးတယ်နော်။ ကိုယ့်ရဲ့ နာကျင်ကြေကွဲမှုတွေဟာ မင်းနဲ့လည်း မဆိုင်ဘူး။ ကိုယ်နဲ့လည်း မဆိုင်ဘူး။ ကိုယ့်မေမေနဲ့သာ တိုက်ရိုက်သက်ဆိုင်တယ်လို့ ပြောရင်ရမယ်ထင်တယ်။

♣

တစ်ချိန်တစ်ခါတုန်းကတော့ ကိုယ်တို့မြို့မှာ မေမေဟာ အလွန်တစ်ရာချောမောလှပတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့တယ်။ မေမေရဲ့ အလှကျက်သရေတင့်မောမှုဟာ အဲဒီခေတ်က ကာလသားတွေရဲ့ နှုတ်ဖျားမှာ အလွန်တစ်ရာ ရေပန်းစားခဲ့တာပေါ့။ ချောမောလှပတဲ့ ရုပ်ရည်နဲ့ညီမျှစွာပဲ မေမေဟာ ရောင်းတတ်ဝယ်တတ်ဖျတ်လတ်သွက်လက်မှုတွေနဲ့ မြို့မဈေးကြီးထဲက ငွေလဝန်း စတိုးဆိုင်ကို အုပ်စီးနိုင်ခဲ့တာပါ။ ကိုယ့် ဖေဖေကတော့ သာမန်ရုံးဝန်ထမ်း လူရိုးလူအေးတစ်ဦးမျှသာ ဖြစ်တယ်။ သွက်လက်ထက်မြက်တဲ့ မေမေ့ကို ဖေဖေဟာ အဲဒီရိုးဂုဏ်ကလေးပြပြီး ပိုးပန်းခဲ့ရရှာတာပါ။

တကယ်တော့ ဖေဖေရဲ့ ရုံးဝန်ထမ်း လစာဝင်ငွေဟာ မေမေဦးစီးတဲ့ ငွေလဝန်းစတိုးဆိုင်ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံမရှိပါဘူး။ မေမေ့စွမ်းဆောင်မှုကြောင့် ကိုယ်တို့မိသားစုဟာ တင့်တင့်တယ်တယ်သာမက မော်မော်ကြွားကြွားပါ နေနိုင်ခဲ့ကြတယ်နော်။ ငွေရှိရင် အရာရာမှာ လူရာဝင်ဆံ့တယ်ဆိုတာ အမှန်ပါပဲ မိုးလွင်။ ကိုယ်တို့ဟာ မြို့ကလေးမှာ အနေဝင့်အခြေတင်ခဲ့ကြတယ်။ ဖေဖေနဲ့ မေမေဆိုတာလည်း မြို့မျက်နှာဖုံးတွေအဖြစ် အရမ်းကိုအတွဲညီခဲ့ကြတယ်လေ။

အဲဒီလို ငွေကြေးအဆင်ပြေပြေနဲ့ မိသားစုကမ္ဘာလေးရဲ့



www.foreverspace.com.mm

ပျော်ရွှင်ဖွယ် နေ့ရက်တွေဟာ 'အန်ကယ်ရောဘတ်' မရောက်လာမီ အချိန်အထိပေါ့။ အန်ကယ်ရောဘတ်နဲ့ အဆက်အဆံရှိလာတာဟာ မေမေရဲ့ စီးပွားရေးလက်တံရှည်မှုကြောင့်လို့ပြောရင် ရမယ်ထင်တယ်။ မေမေက ငွေလဝန်းဆီမှာ တိုးပွားသလောက်နဲ့ လောဘမသတ်နိုင်ဘဲ ကားတွေ ဆိုင်ကယ်တွေ ဝယ်ရောင်းလုပ်ရာက အဲဒီလောကမှာ ကျင်လည်နေတဲ့ အန်ကယ်ရောဘတ်နဲ့ တွဲမိကြတာပါ။

ကားတွေ ဆိုင်ကယ်တွေ ဝယ်ရောင်းလုပ်တဲ့အလုပ်ကို ဖေဖေက မလုပ်စေချင်ဘူး။ ကိုယ့်ရဲ့ခွင်မဟုတ်ဘဲ ဝင်သွားရင် ဖြတ်ခုတ်တာတွေ လိမ်လည်တာတွေနဲ့ တစ်ကွေ့မကြုံ တစ်ကွေ့ကြုံမယ်ဆိုပြီး ဆိုင်မှာအေးအေးထိုင်နေစေချင်တယ်။ ဒါပေမယ့် မေမေဟာ စီးပွားရေးနဲ့ပတ်သက်ရင် ဖေဖေ့သြဇာခံလေ့မရှိတာမို့ သူ့အလုပ်ကိုနောက်မဆုတ်စတမ်း ရှေ့သို့သာတိုးနေတော့တယ်။ နောက်ဆုံးမှာတော့ ဖေဖေပူပန်သလို ငွေရေးကြေးရေး အလိမ်မခံရဘဲ မေမေ့ကို ကိုယ်တိုင်စွန့်လွှတ်လိုက်ရတဲ့နေ့ဟာ ကိုယ်တို့မိသားစုကြမ္မာဆိုးဝင်တဲ့နေ့ပါပဲ။

မေမေ အန်ကယ်ရောဘတ်နောက်လိုက်သွားပြီလို့ သတင်းစကားရောက်လာတော့ ကိုယ်ဟာ မော်လမြိုင်တက္ကသိုလ်မှာ ရူပဗေဒ ဒုတိယနှစ်တက်နေဆဲပါ။ မင်းကတော့ ဆယ်တန်းကို ကိုယ့်ထက်နောက်ကျစွာ အောင်ပြီးမှ မင်းဝါသနာပါလှချည်ရဲ့ဆိုတဲ့ စိုက်ပျိုးရေးသိပ္ပံ တက်နေဆဲလေ။

ကိုယ်အိမ်ကို ဒရောသောပါးရောက်ချလာတော့ ငူငေါင်သွေးပျက်နေတဲ့ ဖေဖေ့ပုံစံ ဖရိုဖရဲကြီးကို မြင်လိုက်ရတယ်ဆိုရင်ပဲ

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကိုယ်လည်း ဆောက်တည်ရာမဲ့ တွယ်ငင်ရာမဲ့ ဖြစ်ခဲ့ရတယ်။ သိပ် ရက်စက်တဲ့ မေမေ၊ ဖေဖေနဲ့သမီးကို မငဲ့ညှာတဲ့မေမေ၊ ဘယ်လို အကြောင်းတရား စေ့ဆော်မှုတွေက မေမေရဲ့ ရက်စက်နိုင်မှုစွမ်း အားကို နှိုးဆွပေးလေသလဲ။ တစ်သက်လုံး ထိန်းသိမ်းလာတဲ့ ဣန္ဒြေ သိက္ခာတံတိုင်းဟာ အနေနီးစပ်ခြင်းဆိုတဲ့ ရင်းနှီးပွန်းတီးမှုကြောင့် ပြိုလဲခဲ့ရပါတယ်ဆိုရင် သမီးအနေနဲ့ ဘယ်သူ့ကိုစံထားလေးစား ရတော့မှာလဲ မေမေ။

ထင်မှတ်မထားတဲ့ မေမေရဲ့ ခွဲထားချစ်ရစ်ခဲ့မှုအပေါ် ဖေဖေဟာ ဘယ်လိုမှဖြေပြေရာ မရခဲ့ရှာဘူး။ ကိုယ်ပြန်ရောက် တော့ ဖေဖေအရက်တွေ နေ့မလင်းညမလင်း သောက်နေလိုက် တာ၊ ကိုယ်လည်း ဖေဖေအဖြစ်ဆိုးကိုကြည့်ပြီး ဘယ်လိုနှစ်သိမ့် ပေးရမယ်မသိ ဖြစ်နေတော့တယ်။ မေမေတို့ ဘယ်ရောက်နေတယ် ဆိုတဲ့ သတင်းကတော့ အစအနမရဘဲ စုန်းစုန်းကိုမြုပ်နေတော့ တာပါပဲ။ ကိုယ်ဖေဖေ့ကို ထိန်းရမလား၊ ဆိုင်ကိုကြီးကြပ်ရမလား ဗျာများနေချိန်မှာပဲ အရက်ကိုသောက်လေ့မရှိဘဲ နေ့စဉ်ရက်ဆက် သောက်နေတဲ့ ဖေဖေ့ကျန်းမာရေးက နောက်ဆုံးဆေးရုံတင် လိုက်ရတော့တယ်။

ဒီအချိန်မှာ ကျောင်းပိတ်လို့ မင်းမြို့ကို ခဏပြန်ရောက် နေတဲ့အချိန် ဖေဖေဆေးရုံတက်တဲ့ကိစ္စမှာ မင်းကိုယ်တိုင် အကူ အညီတွေ ပေးနိုင်ခဲ့သေးတယ်နော်။ သောကဗျာပါနဲ့ ကြုံတဲ့အခါ ချစ်သူရဲ့ အားပေးကူညီမှုဟာ အတော်ကလေးတာသွားခဲ့တယ်။ ကိုယ်အရမ်းကို ဖြေသိမ့်နိုင်ခဲ့တယ် မိုးလွင်ရယ်။ ဖေဖေ ဆေးရုံက ဆင်းပြီး ထူထူထောင်ထောင်လည်း ဖြစ်လာရော ဖေဖေရယ်လေ



ကိုယ်မထင်မှတ်တဲ့ အပြုအမူကိုပြုမူသွားတယ်ကွယ်။ မေမေရှိ စဉ်က သူကိုးကွယ်တဲ့ နန်းတော်ဦးဘုန်းကြီးကျောင်းမှာ အပြီး အပိုင် ရဟန်းဝတ်သွားတော့တယ်။

ဖေဖေလောကီကို တကယ်ပဲစိတ်ကုန်သွားခဲ့ပြီလား။ မေ မေ့ကို စိတ်နာဦးတော့ ကိုယ့်ကိုရော ငွေလဝန်းဆိုင်ကိစ္စကိုပါထည့် သွင်းတွက်ချက်သင့်ပါတယ်။ ဆိုင်ကိုစွန့်နိုင်တယ်ထားဦးတော့ တစ်ဦးတည်းသော သမီးကိုယ့်ကို ဒီလောကံစိမ်းကား ပြတ်တောက် ဖို့ မသင့်ဘူးမဟုတ်လား။ မေမေရဲ့ မျက်နှာလွှဲရက်စက်မှုဟာ ဖေဖေ့နှလုံးသားမှာ ဒဏ်ရာအနာတရဖြစ်စေခဲ့ပြီ။ လောကီကို စွန့်ပြီး ရဟန်းဝတ်သွားတာ သမီးကိုလှည့်မကြည့်တော့ သလိုပါပဲ။

ကိုယ် တကယ်ပဲ ဝမ်းနည်းကြေကွဲခဲ့ရတယ်။ ကိုယ် ဘာ လုပ်ရမလဲ။ ကျောင်းဆက်တက်ရမလား၊ ဆိုင်ဆက်ဖွင့်ရမလား။ မေမေမိုက်မှားလိုက်တဲ့ အရိပ်မည်းကြီးကလည်း ကိုယ့်အပေါ် မညှာမတာ ထိုးကျနေလိုက်တာ နာကျင်ခံခက်စရာ ကောင်းလှ ပါတယ်။ ကိုယ့်အပေါ် အထင်တကြီးနဲ့ တစ်သက်လုံး ကြည်ဖြူခဲ့တဲ့ မင်းမိဘတွေဟာ ဒီအချိန်ရောက်မှ ကိုယ့်အပေါ် ဆက်ဆံရေးတစ် မျိုးတစ်ဖုံ ပြောင်းလဲလာတာ မယုံချင်စရာပါပဲ။

"ကြက်မှာအရိုး၊ လူမှာအမျိုးတဲ့။ သူ့အမေတောင် ဒီ လမ်းကိုလျှောက်ရင် သူ့သမီးရော ဒီစခန်းကို မရောက်ဘူးပြော နိုင်မလား"

မင်းတို့ အသိုင်းအဝိုင်းက ပေါ်ထွက်လာတဲ့ စကားသံတွေ ဟာ ကိုယ့်ကို အထိတ်တလန့်ဖြစ်စေခဲ့တယ် မိုးလွင်။ လူတွေကို ကိုယ် နားမလည်နိုင်တော့ဘူး။ မင်းကလည်း ကျောင်းမပြီးသေး

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



အလုပ်အကိုင်မရှိသေး။ ကျောင်းပြီးလို့ အလုပ်အကိုင်ရှိလာတဲ့ အခါလည်း မင်းမိဘတွေရဲ့ အလိုဆန္ဒကို လွန်ဆန်နိုင်ဖို့ မနိုင်ဖို့ မသေချာတဲ့ အနေအထားမှာ ကိုယ်ဘာကို မျှော်လင့်နေရမှာ လဲဟင်။ ကိုယ့်အကြံအစည်ကို ပြောပြတော့ မင်း အကြောက်အကန် တားမြစ်ခဲ့တာ ကြားယောင်ပါတယ်။။

"မသွားပါနဲ့ သွင်။ ဒါဟာ ထွက်ပြေးခြင်း တစ်မျိုးပါပဲ။ အကျဉ်းအကျပ်မှ ထွက်ပြေးခြင်းဟာ လွတ်မြောက်နိုင်ကောင်း လွတ် မြောက်မှာ ဖြစ်ပေမယ့် ပင်ကိုအရည်အသွေး ညှိုးဖျော့ရာကျပါ တယ်" လို့ မင်းရဲ့မညှာမတာ ဝေဖန်ပြောဆိုမှုတွေကြားထဲကပဲ ငွေ လဝန်းဆိုင်ကို ကိုယ်အပြီးရောင်းပစ်လိုက်တော့တယ်။ တချို့ တစ် ဝက်ငွေတွေ ဘဏ်မှာအပ်ပြီး ကိုယ်နဲ့လည်းရင်းနှီး၊ မင်းနဲ့လည်း ခင်မင်ခဲ့ဖူးတဲ့ ငယ်သူငယ်ချင်း မေနှင်းအေးဆီ ထွက်ခဲ့တော့တယ်။ မေနှင်းအေး မိဘတွေက ကိုယ်တို့မြို့ကနေ ပြင်ဦးလွင်မှာ အခြေချ နေထိုင်ကာ အတော်ကြာပြီလေ။

မန္တလေးကနေ ပြင်ဦးလွင်ကို တက်တော့မယ်ဆိုရင် လားရှိုး လူစီးအဆန်ရထားကို စီးရမှာဖြစ်တယ်။ ပင်လယ် ရေမျက်နှာပြင်အထက် ပေသုံးထောင်ကျော်မြင့်တဲ့ ပြင်ဦးလွင် ဘူတာကိုပင် ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ တက်ရတာပါ။ ပြင်ဦးလွင် ဘူတာရောက်ဖို့ မီးရထားဟာ ပထမလွန်းထိုး၊ ဒုတိယလွန်းထိုး၊ တတိယလွန်းထိုးနဲ့ စတုတ္ထလွန်းထိုးဆိုတဲ့ ဘူတာတွေကို လွန်းပြန် ပြီးတက်ရတာပါပဲ။ အဆန်ရထားဟာ ခေါင်းတွေနဲ့ အရှိန် ကုန်သွားအောင် သဲလမ်းနေရာအထိမောင်းပြီး နောက်ပြန်ဆုတ်၊ အရှိန်နဲ့တစ်ခါ အမြင့်ကိုတက်ရတာပါ။ နောက်ပြန်ဆုတ်ရင်



အသည်းအေးလိုက် အရှိန်နဲ့အမြင့်ကို တက်လာရင် ရင်ဘတ်ထဲ တင်းတင်းကျပ်ကျပ်ကြီး ဖြစ်လာလိုက်နဲ့ အတော်ကို ရင်မောစရာ ကောင်းတဲ့ လွန်းထိုးတွေပါ။

ပြင်ဦးလွင်ဘူတာဟာ ကိုလိုနီခေတ် ဘုရင်ခံရုံးစိုက်ရာ နေရာ ဖြစ်ခဲ့လို့ ရှေးဟောင်း အဆောက်အအုံ အငွေ့အသက်တွေ ထုံမွှန်းနေတယ်လို့ ကိုယ်မြင်တယ်။ ပြင်ဦးလွင်မှာ မီးရထားစက် ခေါင်းရုံရှိတယ်။ မီးရထား ဆေးရုံရှိတယ်။ မီးရထားရဲ့ဌာနရှိတယ်။ မန္တလေးဘူတာကြီးက ထွက်လာတဲ့ လူစီးမီးရထားဟာ လမ်းခရီး သည်တွေအတွက် တွဲပိုချိတ်မလာပါဘူး။ ပြင်ဦးလွင်ဘူတာရောက်မှ တွဲထပ်ချိတ်တာပါ။ ဒါမှလည်း လွန်းထိုးပြီး တက်လာနိုင်မှာလေ။

ပြင်ဦးလွင်ရောက်တော့ မေနှင်းအေးတို့ မိသားစုဟာ ကိုယ့်ကို လှိုက်လှဲပျူငှာ ကြိုဆိုကြတယ်။ သူတို့က ဒီမြို့မှာ 'မေ့တွက် တာ' ဆွယ်တာလုပ်ငန်းနဲ့ အသားကျနေကြပြီ။ စက်ထိုးဆွယ်တာ အမျိုးမျိုးရနိုင်တဲ့ မေနှင်းအေးတို့ရဲ့ မေ့တွက်တာ စတိုးဆိုင်ကို မြင်တော့ ကိုယ်တို့ရဲ့ လူသုံးကုန်ပစ္စည်းမျိုးစုံရနိုင်တဲ့ ငွေလဝန်း စတိုးဆိုင်ကလေးကို အောက်မေ့သွားမိတယ်။ ကိုယ် နောင်တရနေ တာတော့ မဟုတ်ပါဘူးလေ။

မေနှင်းအေးကတော့ ပြောရှာတယ်။ သူတို့လုပ်ငန်းထဲ ရှယ်ယာဝင်ပြီး သူတို့နဲ့အတူ ဒိုးတူပေါင်ဖက်လုပ်စားပါပေါ့။ ကျေးဇူးတင်စရာ ကောင်းလှပေမယ့် ကိုယ်တည်ဆောက်ချင်တဲ့ ဘဝအသစ်က ဒါမဟုတ်ဘူးလေ။ စက်ထိုးဆွယ်တာတွေ အဝေး ကိုပို့ပြီး ရောင်းဝယ်ဖောက်ကားတဲ့ အလုပ်ဟာ မေမေရဲ့စတိုင်းဆိုင် လုပ်ငန်းနဲ့ ဆင်ဆင်တူနေတာမို့ ကိုယ့်စိတ်ကို မဆွဲဆောင်နိုင်တာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



လားတော့ မသိဘူး။

မနှင်းအေးတို့ဆီမှာ ခြောက်လလောက်နေပြီး အခြေအနေအရပ်ရပ်ကို လေ့လာပြီးမှ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်ခဲ့တာပါ။ ကိုယ်ကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ လမ်းကြောင်းပေါ်မှာ တည့်တည့်မတ်မတ် လျှောက်ရမယ်ဆိုတာကတော့ ကိုယ်နားလည်ပါတယ် မိုးလွင်ရယ်။ ဒီနေရာလေးမှာ အဆင်ပြေပြေနေသားကျခဲ့ပြီ။

ဒီနေရာလေးမှာ ကိုယ့်အဖို့ ခါးသီးဖွယ် မေမေရဲ့ အရိပ်မည်းကြီး မရှိဘူး။ အမနာပ မဖွယ်မရာသတင်းတွေ ချဲ့ကားပြောဆိုမယ့် ပတ်ဝန်းကျင်မရှိဘူး။ အမိအဖအရိပ်မဲ့ သမီးတစ်ယောက်ကို မထေမဲ့မြင် ဆက်ဆံချင်တဲ့ အောက်တန်းကျ စိတ်ဓာတ်များနဲ့ အနှစ်မဲ့လူသားတွေ မရှိဘူး။ ဒေသခံရှမ်းဓနုတွေရဲ့ ရိုးသားဖြူစင်ဖော်ရွေမှုဟာ ကိုယ့်ရဲ့စိတ်ဒဏ်ရာအနာဖေးကို တဖြည်းဖြည်းကင်းစင်ပျောက်ကင်းစေတယ်လို့ ထင်ရတယ်။

အခုဆို ဂုတ်ထိပ်ရွာကလေးမှာ ကိုယ်ရောက်နေတာ သုံးနှစ်သုံးမိုးရှိတော့မယ်လေ။ ပါလာတဲ့ ငွေကလေးနဲ့ ကျောင်းနဲ့မနီးမဝေးမှာ မြေတစ်ကွက်ဝယ်ပြီး ဘူး၊ ဖရုံ၊ ဂေါ်ရခါး စတဲ့ စားဖွယ်သီးနှံတွေစိုက်တယ်။ ဒါကနေ့စဉ် ဈေးသုံးရနေအောင်။ ကျန်တဲ့မြေနေရာမှာ မက်မန်းတွေ စိုက်ထားတယ်။ မက်မန်းဆိုတာက ဘာမှကရိကထများတဲ့ အရာမဟုတ်ဘူး။ မက်မန်းမျိုးနွယ်ဟာ(ရိုစေရိယာ)မျိုးနွယ်ဝင်ဖြစ်ပြီး အနောက်နိုင်ငံကနေ စီးမျောရွေ့လျားရောက်ရှိလာတဲ့ အပင်ဖြစ်တယ်။ စိုစွတ်ပြီး အေးတဲ့ ခဲသားမြေကို နှစ်သက်တယ်။ ပြင်ဦးလွင်လို ပေ ၃၀၀၀ ကျော်အ



မြင့်မှာ ပိုဖြစ်ထွန်းတာပေါ့။ ဒီသီးနှံပင်တွေကို ပထမမှာ မျက်နှာဖြူတွေက အင်္ဂလန်က သယ်ဆောင်လာခဲ့တယ်လို့ အဆိုရှိတယ်။

စိုက်ပျိုးရေး ကျောင်းဆင်းကြီးကို ဆရာလုပ်လိုက်ဦးမယ် မိုးလွင်ရေ၊ မက်မန်းများပွင့်တော့မယ်ဆိုရင် သိပ်စိတ်ဝင်စားစရာကောင်းတာ။ သူကချယ်ရီလိုပဲ အပွင့်ပွင့်ခါနီးတစ်လအလိုမှာ တစ်ပင်လုံး အရွက်မကျန်အောင် ကြွေပြီးမှအကိုင်းကနေ အဖူးအပွင့်တွေ ဖူးပွင့်ကြတယ်။ ဖေဖော်ဝါရီ မတ်လဆို မက်မန်းတွေ ပင်လုံးကျွတ်ဆွတ်ဆွတ်ဖြူအောင် ပွင့်ချိန်ပေါ့။ အဲဒီအပွင့်မကြွေမီ သီးကင်းတွေဟာ ကိုင်းတစ်လျှောက်ထွက်လာလေ့ရှိတယ်။ ဇူလိုင်လောက်ဆို အသီးတွေ ခူးလို့ရပြီ။

မက်မန်းသီးအရောင်တွေက နီညိုရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ အဖြူရောင်၊ အနီရောင်၊ မီးတောက်ရောင်၊ ပန်းရောင်ရယ်လို့ ရှိကြတယ်။ အသီးတွေကလည်း လုံးဝန်းတဲ့အသီး၊ ရှည်တဲ့အသီး၊ ထိပ်ချွန်တဲ့အသီး၊ ထိပ်လုံးကြီး၊ ဒင်္ဂါးဝိုင်းအရွယ်စသည်ဖြင့် အမျိုးမျိုးပါပဲ။ ဇူလိုင်လမှာ လှပတဲ့အသီးတွေကို ခူးပြီး မက်မန်းချိုပေါင်း၊ မက်မန်းယိုဘူး၊ မက်မန်းတော်ဖီ၊ မက်မန်းဝိုင်တို့ ထုတ်လုပ်ပြီး ဈေးကွက်ပို့ကြတယ်။ ဒီဒေသမှာ မက်မန်းလုပ်ငန်းဟာ စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်လို့ ကိုယ်အရမ်းကို စိတ်ဝင်စားနေမိတယ် မိုးလွင်။

ဒီနှစ်ဆိုရင် မင်းလည်းကျောင်းဆင်းပါပြီ။ ကိုယ့်ကိုလည်း အရင်လို သံယောဇဉ်ရှိသေးတယ်ဆိုရင် ကိုယ်တည်ဆောက်နေတဲ့ ကမ္ဘာသစ်ကလေးကို စိတ်ဝင်စားတယ်ဆိုရင် ပြင်ဦးလွင်ကနေ တစ်ဆင့် ဂုတ်ထိပ်ဘူတာရုံကလေးဆီ အရောက်လာခဲ့ပါလား။ မင်း

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရောက်လာမယ်ဆို မြေကိုချဲ့ထွင်ပြီး ကော်ဖီနဲ့လိမ္မော်တွေ စိုက်ကြမယ်လေ။ ကော်ဖီနဲ့လိမ္မော်ဟာလည်း ဒီဒေသရဲ့ စီးပွားဖြစ်ထွက်ကုန်တစ်မျိုးပါ။

မန္တလေးကနေ ပြင်ဦးလွင်ကို ကားလမ်းနဲ့လာရင် အဆင်ပြေကောင်းပြေနိုင်ပေမယ့် ပြင်ဦးလွင်ကနေ ဂုတ်ထိပ်ကိုတော့ လားရှိုးလူစီးရထားစီးလာမှ အဆင်ပြေမှာပါ။ လွန်းထိုးမနိုင်မှာစိုးလို့ တွဲပိုမချိတ်ခဲ့တဲ့ လားရှိုးရထားဟာ ပြင်ဦးလွင်ကျမှ လူစီးတွဲသုံးတွဲချိတ်မှာလေ။ အဲဒီရထားလမ်းခရီးက တို့ပြည်နယ်တွေမှာလိုလယ်ကွင်းပြင် ရိုးပြတ်တောတွေနဲ့ သွေ့ခြောက်ခြောက် ဖွယ်တယ်တယ် ရှိမနေတာက ထူးခြားမှုတစ်မျိုးပါ။ ပြင်ဦးလွင်က ထွက်ပြီး မိနစ်နှစ်ဆယ်လောက်ကြာတာနဲ့ ပွေးကောက်ရေတံခွန်ရှိရာ ပွေးကောက်ဘူတာကို ရောက်လိမ့်မယ်။ တချို့ ပွေးကောက်ရေတံခွန် သွားမယ့်သူတွေ ဒီမှာဆင်းကြပေါ့။ ရထားလမ်းတစ်လျှောက်မှာတော့ ကုန်းခြံရေခြံတွေနဲ့ သစ်သီးသစ်နှံပန်းပင်တွေ စိုက်ထားတဲ့ ရှုခင်းသာယာတွေ ကြည်နူးချမ်းမြေ့စရာပါ။

နောက်တစ်ခါ ဆိုက်မယ့်ဘူတာက ဝက်ဝံဘူတာတဲ့။ ရှေးအင်းဝဘုရင်လက်ထက်က ဆင်ခေါင်းဝက်ဝံလို့ အမည်ပေါက်တဲ့ ရွာကြီးပါ။ ရှမ်းပြည်နယ်နောင်ချိုမြို့နယ်နဲ့ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရဲ့ အပိုင်းအခြားနယ်စပ်ရွာသို့ ပြောရင်ရမယ်ထင်တယ်။ ပိတ်ချင်းမြောင် မဟာနန္ဒာမူလိုဏ်ဂူလည်းရှိတဲ့ နေရာပေါ့။

နောက်ဘူတာတွေက ဆင်လမ်းစုတဲ့။ ဆင်ဆယ်တဲ့။ ဟောပြီးတော့ ရှမ်းပြည်နယ်ရဲ့ မြို့နယ်ရုံးစိုက်ရာ နောင်ချိုမြို့က



ဂျောက်မဲ၊ သီပေါ၊ လားရှိုးကို ဆက်သွားဖို့ မြို့အထွက်မှာ ဂုတ်တွင်းကြီးခံနေရတာမို့ ကားနဲ့ဆိုအကွေ့အကောက်များနဲ့ ချိုင့်ကြီးထဲဆင်းသွားရမှာပါ။ မီးရထားနဲ့ဆိုရင်တော့ နောင်ချို ဘူတာကနေ ဂုတ်ထိပ်ရောက်အောင် နောက်ထပ်မိနစ် လေးဆယ်လောက် ထပ်စီးရပါဦးမယ်။ ဒီအနားရောက်ရင် မီးရထားဟာ တောင်ကမ်းပါးယံကို ကွေ့ပတ်ပြီးသွားရတော့ သစ်ပင်ဝါးရိပ်၊ တောင်တန်းတောင်ကုန်းတွေကြားမှာ အဝေးကတံတားကြီးကို မီးရထားနဲ့ ဘယ်ဘက်ပြတင်းပေါက်ကမြင်လိုက်၊ ညာဘက် ပြတင်းပေါက်ကမြင်လိုက်နဲ့ ပဉ္စလက်ဆန်တဲ့ မြင်ကွင်းက ညို့အား ပြင်းလှပါတယ်။ မီးရထားနဲ့ တံတားကြီး တူတူပုန်းနေကြသလားတောင် ထင်ရတယ်။ သဘာဝရေမြေတောတောင်ရဲ့ ဖွဲ့စည်းဖြစ်တည်မှုဟာ လျှို့ဝှက်ဆန်းကြယ်မှုတွ ပြည့်နှက်နေတာမို့ အရိုးခံကျေးလက်ကို ချစ်မက်သူရဲ့ ရင်တွင်းမြတ်နိုးခုံမင်ခြင်းတွေ တသွင်သွင်စီးဆင်းနေတာ အမှန်ပါပဲ။

တောင်နံရံပတ်လည်ဝိုင်းတဲ့ မြေပြန့်လွင်ပြင်ဆီက အဝတ်မဲ့သစ်သီးတွေကို ခူးဆွတ်လို့ ကျေးလက်တောင်သူတွေဟာ ရထားကြီးကို အဖော်ပြုကာ မြို့ပြတွေဆီ အရောက်ပို့ကြရတယ်။ မြို့ပြင်မှနေ မရှိမဖြစ်မသုံးမဖြစ် ပစ္စည်းတွေလွန်းပျံသယ်ဆောင်ကြ၊ တစ်လွယ်တစ်ပိုး တစ်ဆွဲတစ်ငင် ရှမ်းတောင်သူ ဓနုပအို့ဝ်တွေရဲ့ ရိုးသားဖြူစင်ခြင်းတွေ စီးမျောပါဝင်နေတဲ့ လားရှိုးပြင်ဦးလွင်ရထားကြီးကတော့ စုန်ချီဆန်ချီ။

ကျောင်းကိစ္စနှင့်ဖြစ်စေ သီးနှံမျိုးစေ့ ဝယ်ခြမ်းရေးနှင့်ဖြစ်စေ မြို့ကိုတက်တဲ့အခါ ကိုယ်ဟာ ပြင်ဦးလွင်လားရှိုးရထားကို လူးလားခေါက်ပြန် စီးရလေ့ရှိပေမယ့် ရထားစီးရခြင်းဓလေ့မှာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ငြိုးငွေ့ခြင်းမရှိပါဘူး။ ဒီရထားပေါ်မှာ စုန်ဆန်လိုက်ပါလေ့ရှိတဲ့ ခရီးသွားဖျော်ဖြေရေးသမားကြီးနှင့်တောင် မျက်မှန်းတန်းခင်မင်နေမိတဲ့ အထိပါပဲ။ ခရီးသွားဖျော်ဖြေရေး သမားကြီးဟာ သူ့လက်စွဲတော် မယ်ဒလင်ကြီးကို ရင်မှာပိုက်လို့ ခေတ်ဟောင်းတေးတွေကို သီကျူးလေ့ရှိတယ်။ တစ်ခါမှာတော့ ခရီးသွားလူရည်သန့်တစ်ဦးက ထူးထူးခြားခြား တောင်းဆိုသံကိုကြားလိုက်ရတယ်။

"ဦးလေးကြီး ကိုစောငြိမ်းသီချင်း တစ်ပုဒ်လောက် လုပ်ဗျာ"

"ကျွန်တော် ကိုစောငြိမ်းမရဘူးဗျူ။ လေးဆယ်ကျော် အချစ်ဆိုမယ်"

ရထားအလယ်လမ်းကြောင်းရဲ့ ခရီးသည်ထိုင်ခုံ လက်ရမ်းပေါ် တစောင်းတင်ထိုင်ပြီး မယ်ဒလင်ကိုပိုက်ကာ လေးဆယ်ကျော်အချစ်ကို စိတ်နှစ်သီဆိုနေတဲ့ ဖျော်ဖြေရေးသမားကြီးကို ခရီးသွားဧည့်သည်ဟာ ဓာတ်ပုံမှတ်တမ်းယူနေလေရဲ့။

"ကျွန်တော့်အတွက်တော့ ပန်းချီကားကောင်းတစ်ချပ်ရဦးမှာပေါ့ဗျာ"

အနီးမှ မိတ်ဆွေကို လှမ်းပြောလိုက်တဲ့ ခရီးသွား ဧည့်သည်ရဲ့စကားဟာ ကိုယ့်အတွက်အတွေးတွေ ပွားစေတယ် မိုးလွင်။ လူတွေဟာ ဒီလိုပဲနေ့စဉ်မိုးသောက် ဘဝကြီးထဲက အလှတရားတွေ ဆွဲထုတ်ယူငင်ကြ ရတာပဲနော်။ ပန်းချီဆရာဟာ သူပြချင်တဲ့ လောကအလှတရားတွေကို သူ့ရဲ့ အနုရသ ဝိညာဉ်လိပ်ပြာမှ တစ်ဆင့် ခံစားတတ်သူတွေရဲ့ နှလုံးသားကို ထိနမ်း ကျီစယ်စေတာဖြစ်လို့ လူ့လောကကြီးအတွက် ပန်းချီကားတွေဟာ မရှိမဖြစ်



လိုအပ်ချက်တစ်ရပ် ဖြစ်နေရတာပေါ့။

"ပန်းချီကားတွေဟာ အထီးကျန်ဘဝကို ဖြေသိမ့်ပေးသူဖြစ်တယ်။ နောက်ကျိနေတဲ့စိတ်ကို ကြည်လင်အောင်လုပ်ပေးသူဖြစ်တယ်။ အကျဉ်းကျနေတဲ့ အတွေးအခေါ်အတွက် ပြတင်းပေါက်တွေဖြစ်တယ်။ စာအုပ်တွေသမိုင်းတွေ တရားစာတွေဖြစ်တယ်။ ပန်းချီကားတွေကို ဖတ်ရင်စာရွက်လှန်တဲ့ ဒုက္ခတောင်ခံစရာမလိုဘူး"

ဒါက 'ဂျွန်ဂီးလ်ဘတ်' ရဲ့ ပန်းချီအပေါ်မြင်တဲ့အမြင်ပါ။ ကိုယ်ဟာ နေ့စဉ်မိုးသောက် သဘာဝပန်းချီကားကြီးထဲမှာ ပါဝင်ရှင်သန်နေရ သူတစ်ယောက်အနေနဲ့ အကောင်းဆုံး အလှဆုံး မြင်ကွင်းရှုကွက်ကနေ ပါဝင်ဖြည့်ဆည်းပေးနေချင်သူပါ။

ကုန်းစံ မူလတန်းကျောင်းကလေးထဲမှာ ကလေးတွေကို စာသင်မယ်၊ ကဗျာကလေးတွေ ရွတ်ဆိုစေမယ်၊ ပုံပြင်တွေပြောမယ်၊ ကိုယ်လက်လှုပ်ရှားမှုတွေ ပြုလုပ်ကြမယ်။ မိုးရွာပြီးစ ရောင်စုံသက်တံခုံးကြီးကို မော့်ကြည့်ပြီး အရောင်များအကြောင်း သင်ကြားမယ်။ အပင်ကြီးငယ်တို့ ဖူးသစ်ညွှန့်ဝေမှုကိုကြည့်ပြီး သဘာဝပတ်ဝန်းကျင်အပေါ် မြတ်နိုးချစ်ကြင်စိတ်တွေ ရှင်သန်ရှင့်ထွားလာအောင်သွန်သင်မယ်။

မလှမ်းမကမ်းက ယာမြေတောထဲမှာတော့ မြေကြီးတွေကို တူးဆွမယ်။ သစ်စေ့သစ်ညှောင့်တွေကို ပေါင်းသင်ရေလောင်းမယ်။ အသီးအပွင့်တွေကို ရိတ်သိမ်းခူးဆွတ်မယ်။ တစ်စေ့ပျိုး တစ်ပင်ရှင်သန်ဖို့ရာ ကိုယ်ပျိုးမိသလောက် ရိတ်သိမ်းရပြီး ပီတိတွေကို ချိုမြိန်စွာ စားသုံးရတဲ့အခါ တစ်မိုးအောက်သည် မြေပြင်မှာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



အခင်တွယ်ဆုံးဆိုတဲ့ မင်းကို အဲဒီချိုမြိန်မှုတွေ ဆင့်ကမ်းခံစားစေချင်တဲ့ ဆန္ဒအာသီသတွေ တားလို့မရနိုင်ခဲ့ဘူး။

ကိုယ်မျှော်နေတယ် မိုးလွင်။ ကိုယ့်ရဲ့ လိုလားတောင်းဆိုမှုတွေ အနာဂတ်စိတ်ကူးအိပ်မက်တွေ ယက်ရှပ်ထားပြီး ချစ်ခြင်းရနံ့တွေ သင်းပျံ့ထုံအီနေတဲ့ စာရှည်ကြီးတစ်စောင်ဟာ အခုလောက်ဆို မင်းဆီဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေလောက်ရောပေါ့။ တစ်လဆိုတဲ့အချိန်ဟာ ကိုယ်နဲ့မင်းရှိရာ အကွာအဝေးဆီ စာတစ်စောင် ရောက်ဖို့လုံလောက်တဲ့ အချိန်ပါပဲ။ တစ်ဘဝလုံးနဲ့ ချိန်စက်ပြီး ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချဖို့လုံလောက်တဲ့ အချိန်ကာလလို့လည်း ကိုယ်ယူဆပါတယ်။

ကိုယ်နဲ့ပတ်သက်လို့ မင်းအမေနဲ့ အစ်မများရဲ့ ချဲ့ကားထိုးနှက်ချက်တွေအပေါ် မင်းရဲ့ကိုယ်ပိုင်အတွေးအခေါ်တွေနဲ့ ဝေဖန်ပိုင်းခြားနိုင်လိမ့်မယ်လို့ ကိုယ်မျှော်လင့်နေတယ်။ အမှန်နဲ့အမှားကြားမှာ ရုံတားစောင့်ကြပ်နေတဲ့ အဖြေတစ်ခုကို ရှာဖွေဆုပ်ကိုင်နိုင်ဖို့ ဆင်ခြင်တုံတရားလှေငယ်ကို မင်းပိုင်ပိုင် လှော်ခတ်နိုင်ပြီလို့ ကိုယ်ယူဆတယ်။

မင်း မညာမတာ ပြောဆိုခဲ့သလို အကျဉ်းအကျပ်မှ ထွက်ပြေးသူတစ်ယောက်ရဲ့ အရည်အသွေးညှံ့မည့်ကိုတော့ ဂုတ်ထိပ်ရှာကလေးဆီ အရောက်လာပြီး အကဲဖြတ်လှည့်ပါလို့ ဖိတ်ခေါ်ချင်စမ်းပါရဲ့ကွယ်။ တောင်စဉ်တောင်တန်းတွေ ဝိုင်းရံထားတဲ့ စိမ်းလန်းငြိမ်သက်လွင်ပြင် ချိုင့်ဝှမ်းထက်မှာ လမင်းကြီး ထိန်ထိန်သာတဲ့ညမျိုးဆို ကိုယ့်ရဲ့တစ်ကိုယ်ရေညများက မျက်ရည်များနဲ့ လိမ်းကျံစိုစွတ်နေတယ်ဆိုတာ မကွယ်မဝှက်တမ်း ဝန်ခံလိုက်ပါရစေ။

ကိုယ်ဟာ လားရှိုးမီးရထားကြီး ပြင်ဦးလွင်ဆီ ခုတ်မောင်း



သွားတဲ့ ညနေခင်းဆို ဟောဒီရှမ်းလို 'ဟိုကွတ်' လို့ ခေါ်တဲ့ ငုတ်တွင်းကြီးထိပ်က သံပေါင်တံတားပေါ်ကနေ ကျဆင်းသွားတဲ့ စိတ်ဓာတ်တွေ၊ တစ်ကိုယ်တော် အထီးကျန်မှုတွေအတွက် အစားထိုးဖြည့်တင်းဖို့ ခိုင်ကျည်သန်မာမှု အအေးဓာတ်တွေ ထုံကူးဖြန့်ကြက်ယူနေရတယ်။

နေ့ခင်းဘက်ဆိုရင်တော့ ပြင်ဦးလွင်မှ တက်လာတဲ့ မီးရထားပေါ်ကနေ ရုတ်ခနဲ ဆင်းချလာမယ့် မင်းရဲ့ အရိပ်အယောင်ကို လူမသိသူမသိ မျှော်မောနေရတာ မင်းတစ်ယောက် သိစေချင်လိုက်တာ။

♠

ဟော ကျောက်ကမ်းပါးစွန်းမှာ နေလုံးကြီး မေးတင်ချိန်ဆို အလင်းဖျော့လက်ကျန်တွေဟာ ဆည်းဆာရီညနေခင်းကို မလွဲမကင်းသာ နှုတ်ဆက်နေပါပြီ။ ဒီအချိန်ဆို တံတားပေါ်က ကိုယ်ပြန်ချိန်သင့်ပြီပေါ့။ မကြာခင် အမှောင်ချဉ်းလာတော့မှလေ။ ဆက်သွယ်ထိန်းသိမ်းရေးစခန်းကလည်း လူသွားလူလာကို ကန့်သတ်စိစစ်နေပြီ။

သွားတော့မယ်ဆိုမှ နေပါဦးလို့ ဆွဲငင်ထားသလို ကိုယ်ဟာ တံတားအလယ်မှာ ရပ်တန့်ငြိမ်သက်နေမိပြန်တယ်။ ဒီနေ့အဖို့ အချိန်လင့်သွားပြီမို့ ဥမင်ကို ဖြတ်သန်းဖို့ မဖြစ်နိုင်တော့ပါဘူး။ ကိုယ်ဟာ ကောင်းကင်ကြီးဆီမှာ ခွန်အားတွေတောင်းခံဖို့ လက်နှစ်ဖက်ကိုမြှောက်တင်ကာ ဖန်ဆင်းရှင်ပေးသနားတော်မူတဲ့ သဘာဝလေကောင်းလေသန့်တွေ အဆုတ်ထဲရောက်အောင် ရှူသွင်းလိုက်မိတယ်။

ကိုယ်နဲ့ မေမေဟာ လုပပြေပြစ်ချင်း မတူညီကြပေမယ့် ယုံကြည်မှုချင်းတော့ တူညီကြတယ် မိုးလွင်။ "သင်ဘာမှမရှိခြင်းကို ကြည့်ပြီး စိတ်ဓာတ်မကျပါနဲ့။ ဘာမှမရှိတဲ့သူကို ဘုရားသခင် စိတ်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဝင်စားတယ်။ အခြားသူများနဲ့ မိမိကိုယ်ကို နှိုင်းယှဉ်ပြီး အားမငယ်ပါနဲ့။ ဘုရားရှင်ပေးသမျှ အကောင်းဆုံးလက်ဆောင်တွေထဲမှာ "ဘာမှမရှိခြင်း"ဟာလည်း တစ်ခုအပါအဝင်ဖြစ်တယ်"တဲ့။ ဘာမှမရှိခြင်းတွေကို ဖြည့်တင်းပေးမယ့် ကောင်းချီးလက်ဆောင်တော်တွေကို တောင်းခံနေမိတယ် မိုးလွင်။

"ဝမ်းမြောက်သည့် ဤချိန်ခါတွင်၊ လမ်းပြကျွန်ုပ်သခင်၊ အသွေးတော်နှင့် နီးစေမှုပါ။ ကိုယ်တော်ရှိရာ၊ ပျော်မွေ့ခြင်း၊ အသက်တာမြတ်လှ၊ နွေးထွေးမေတ္တာတော်သည် ကျွန်ုပ်ထံ၌ တည်စေ၊ ဟာလေလုယာ နာမတော်ချီးမွမ်း"

တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းမှာ သီဆိုနေကျ ဓမ္မတေး အပိုင်းအစကိုရွတ်ဆိုလိုက်တယ်ဆိုရင်ပဲ ကိုယ့်ရင်ဟာ ငြိမ်းချမ်းမှုတွေ လွှမ်းခြုံသွားတယ်လို့ ခံစားလိုက်ရတယ်။

အတွေ့အကြုံအရ မကြာခင်မိုးကုန်တဲ့အခါ ကျောက်ကမ်းပါးယံပေါ်က ရေမြောင်းကြီးတွေ အကာန့်လိုက် စီးသွန်မှုရပ်ဆိုင်းသွားတော့မယ်။ ဒီအခါအောက်ခံမြေသား နီဝါဝါတွေဟာ ထင်ရှားပြတ်သားတဲ့ ကောက်ကြောင်းထင်းထင်းကြီးတွေအဖြစ် ပေါ်ထွက်လာဦးမှာပါ။

တံတားကြီးရဲ့ ဘယ်ဘက်မြင်ကွင်းကိုကြည့်ပြီး ဘယ်ဘက်နားနဲ့ နားစိုက်ထောင်လိုက်တဲ့အခါ ကွေ့ကောက်နေတဲ့ နမ်းပဆေးမြစ်ရဲ့ တိုးတက်စီးဆင်းသံသဲ့သဲ့ကို ကြားရလိမ့်မယ်။ ညာဘက်မြင်ကွင်းကိုကြည့်ပြီး ညာဘက်နားနဲ့ နားထောင်လိုက်တဲ့အခါ ငုတ်တွင်းထဲမြုပ်ပြီး ပြန်ပေါ်လာတဲ့ မြစ်ကြောင်းကို ရေလုံးရေဆန်ကောင်းကောင်းနဲ့ ဖြည့်တင်းပေးနေတဲ့ ရေတံခွန်စီးသွန်ကျမှုကို မြင်ရကြားရလိမ့်မယ်။ နွေမိုးဆောင်း ရာသီမရွေးတာဝန်ကျေပွန်စွာ ဖြည့်တင်းပေးနေတဲ့ ရေမှုန်ရေမွှားတွေနဲ့ အအေးဓာတ်ဟာ ကိုယ့်ကိုသတ္တိဓာတ်တွေ ပြည့်ဝပျော်ဝင်အောင် လှုံ့ဆော်



ပေးလေ့ရှိတယ် မိုးလွင်။

ကိုယ်ဟာနေ့စဉ် မိုးသောက်မြင်တွေ့နေရတဲ့ သဘာဝပန်းချီကားကြီးကို နှုတ်ဆက်တဲ့အခါ ဝန်းကျင်တစ်ခွင်လုံးမှာတော့ နမ်းပဆေးမြစ်ရဲ့ တေးကျူးသံသဲ့သဲ့နဲ့ ရေတံခွန်ရဲ့ စည်းချက်လိုက်သံသာပေါ်ထွက်နေပြီး ငှက်တွေပျံသန်းသံ၊ ပိုးမွှားအော်မြည်သံတောင်မကြားရဘဲ တိတ်ဆိတ်မှုတွေ ကြီးစိုးစပြုနေတဲ့အချိန် ကိုယ့်ခြေလှမ်းတွေ တံတားအလယ်မှနေ နောက်ကြောင်းပြန်လှည့်ခဲ့ရပါပြီ။

ကိုယ့်ခြေလှမ်းတွေ ထိန်းသိမ်းရေး စခန်းဘက်ဆီ လျှောက်လှမ်းလာချိန်မှာ မမျှော်လင့်ဘဲ အဲဒီကုန်းမြင့်ဆင်ခြေလျှောဆီမှ တံတားဆီ လူတစ်ယောက်ဆင်းလျှောက် လာတာတွေ့လိုက်ရတယ်။ ဘယ်လိုပါလိမ့်။ ဒီလိုအချိန်ကြီး တံတားကိုဖြတ်သန်းဖို့ လျှောက်လှမ်းလာသူက ဘယ်လိုလူမျိုးဖြစ်မလဲ။ အရပ်ထောင်ထောင်မောင်းမောင်း ခရီးဆောင်အိတ်ကိုကျောပိုး။ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားတော့ ညိုညိုယဉ်ယဉ် လူတစ်ယောက်။ မျက်နှာချင်းဆိုင်အနီးရောက်တော့ ပြုံးလိုက်ရင် နေရာရွေ့သွားလေ့ရှိတဲ့ နှုတ်ခမ်းထက်က မှည့်နက်ကလေးကိုမြင်မှ ……။

"အလို ဘုရားသခင် သူ သူ မိုးလွင်"

ဆန့်တန်းကမ်းလင့် ကြိုဆိုနေတဲ့ လက်နှစ်ဖက်ကို ပြန်လည်ဆုပ်ကိုင်လိုက်မိချိန်မှာတော့ သံပေါင်တံတားရဲ့ တိတ်ဆိတ်နေတဲ့ဝန်းကျင်မှာ ကိုယ့်ရင်ခုန်သံကိုယ် အလန့်တကြား ပြန်ကြားလိုက်ရတယ်။

မိချမ်းဝေ

၂၀၀၄ ဇန်နဝါရီလ၊ မဟာသီမဂ္ဂဇင်း။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

အဝါရောင်ညနေခင်း

www.foreverspace.com.mm

အဝါရောင်ညနေခင်း

အောက်ခံမြေနီတွေနဲ့ ဖွဲ့တည်ထားတဲ့ တောင်ကုန်းမို့မို့ရွာကလေးကို နွယ်နီက လက်မွန်ဦးလို့ အမည်ပေးထားတယ်။ သူ့ရဲ့ ပညာရေးလောက အလုပ်စတင်ဝင်ရောက်ရာ လက်ဦးနယ်မှာ တည်ရှိလို့ပါ။ အဲဒီ ကမ်းရိုးတန်းမြို့ကလေးရဲ့ အမည်ကို ကြားလိုက်ရင် လူတွေက ပင်လယ်ကို ပြေးမြင်တတ်ကြတယ်။ မြို့ကလေးဟာ ကမ်းခြေမှာတည်ပေမယ့် ပင်လယ်နဲ့ လှမ်းပါသေးတယ်။ မြို့ကလေးတည်ရှိရာ ကျွန်းမကြီးပေါ်မှာတော့ လယ်တောရွာကလေးတွေ စုစုဖွဲ့ဖွဲ့ တည်ရှိနေကြတယ်။

ရွာကလေးနဲ့ မနီးမဝေးမှာ ဓနိပေါင်တုန်တွေ စုန်ဆန်မျောပါနေလေ့ရှိတဲ့ မြစ်တစ်ဟင်းဟာ အလျားရှည်ကျောခင်းရင်း ရွာကလေးကို မပျင်းမရိစောင့်ရှောက်နေရှာတယ်။ မြစ်ကို အနားသတ်ထားတဲ့ ဓနိပင်တွေရဲ့ လေငင်ယိမ်းနွဲ့မှုဟာ ရွာကလေးရဲ့ ရှင်သန်ဖြစ်တည်မှုကို အားကူ ဖြည့်နေသလိုပါပဲ။ ပြန့်ပြောညီလွင်တဲ့ လယ်ကွင်းတွေကတော့ ဒီဒေသရဲ့ အဓိကအားထားရာ အသက်မွေးမှုလုပ်ငန်းပဲဖြစ်တယ်။

အနောက်ဖက်ဆီမှာ ခပ်ညို့ညို့တောင်တန်းတွေမှာ မွေးဖွားတဲ့ စမ်းချောင်းကလေးဟာ ရွာကလေးကို ထိနမ်းပြီး မြစ်တစ်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

စင်းရဲ့ ရင်ခွင်ဆီတိုးဝှေ့ စီးဝင်သွားတဲ့အတွက် သူ့လက်မွန်ဦးဟာ ပိုမိုလှပ ကဗျာဆန်သွားတယ်လို့ နှယ်နီ ယုံကြည်နေတယ်။ အနောက်တောင်ဆီမှာ နေလုံးကြီး မေးတင်ချိန်ဆို နှယ်နီစမ်းချောင်းကလေးဆီ ရောက်လာလေ့ရှိတယ်။ ကျောက်တုံးကျောက်ခဲတွေကို ပွတ်တိုက်စီးဆင်းသွားတဲ့ စမ်းရေစီးသံရဲ့ ဂီတကြည်မြမှုဟာ သူ့အဖို့ တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုကို နှစ်သိမ့်ပေးနေတယ်လို့ နှယ်နီ ခံယူထားတယ်။

ဒါကြောင့် အလင်းဖျော့ လက်ကျန်တွေ လိမ်းကျံထားတဲ့ အဝါရောင်ညနေခင်းတိုင်းမှာ နှယ်နီ စမ်းချောင်းကလေးဆီ လာလေ့ရှိတယ်။ ဒီအချိန်မှာ လယ်တောပြန်တွေဟာ ဖက်ခမောက်တွေကိုဆောင်းလို့ ရွှံ့နှစ်တွေ ပေကျံနေတဲ့ခြေထောက်များရဲ့ သယ်ဆောင်ရာ ရွာထဲဘက်ဆီ ပြန်လာနေကြပြီ။ တစ်နေ့တာ နွမ်းနယ်နေတဲ့ နွားတွေတောင် အိမ်အပြန်ဆိုတဲ့ အသိနဲ့ ခြေလှမ်းတွေ သွက်သွက်နှင်လို့ပါလား။

တစ်ခါတုန်းကတော့ ဟောဒီစမ်းချောင်းကလေးရဲ့ နဘေးမှာ ထိုင်ပြီး နှယ်နီဟာ သူငယ်ချင်းရှင်းရှင်းအေးနဲ့အတူ အိပ်တန်းပျံငှက်တွေကို ရေတွက်ကြည့်ဖူးပေရဲ့။ ထိုလိုက်ရင် ရှန်းကျင်ိုက်စင်းသွားတဲ့ ထိကရုန်းပင်တွေကို အလုအယက်ထိကိုင် အိပ်မောကျစေဖူးပေရဲ့။ တစ်ခါတစ်ရံတော့ စမ်းရေကြည်ထဲ မြင်နေရတဲ့ အမျိုးအမည်မသိ ငါးကလေးတွေရဲ့ ခြေရာကို ဖွေရှာနေမိပြန်ပါရော။

လွမ်းတယ်…ဘာကိုလဲ။ ဇာတိရပ်မြေပြန်သွားပြီဖြစ်တဲ့ သူငယ်ချင်း ရှင်းရှင်းအေးကိုလား။ အတူတကွ ဖြတ်သန်းခဲ့ရတဲ့



www.foreverspace.com.mm

အဝါရောင်ညနေခင်း ကလေးတွေကိုလား။ ရှင်းရှင်းအေးနဲ့ ပတ်သက်ရင် တိုက်ဆိုင်မှုတွေ မြင်တဲ့အခါ သတိတရရှိပေမယ့် လွမ်းတယ်လို့တော့ စာမဖွဲ့လိုဘူး။ လွမ်းတယ်ဆိုတာ လွမ်းနိုင်လောက်တဲ့ စေ့ဆော်မှု အင်အားတစ်ရပ်လိုတယ်လေ။ နှယ်နီနဲ့ ရှင်းရှင်းအေးကြားမှာ အဲဒီလွမ်းနိုင်လောက်တဲ့ စေ့ဆော်မှုအင်အားတစ်ရပ် ဘယ်အချိန်မှာ ပျောက်ဆုံးခဲ့သလဲ။

တကယ်ဆို နှယ်နီနဲ့ ရှင်းရှင်းအေးဟာ မိဝေးဖဝေး တိုင်းခြားမြေခြားမှာ အရင်းနှီးဆုံး ဆွေမျိုးသားချင်းတွေပဲ ဖြစ်သင့်တာမဟုတ်လား။ တစ်ယောက်မရှိလို့မှ တစ်ယောက်က လွမ်းလောက်ဖွယ်မရှိဘူးဆိုတာက ကောင်းတဲ့လက္ခဏာမဟုတ်သေးဘူး။ တစ်မြို့တည်းနေ တစ်ရေတည်း သောက်ခဲ့ကြပေမယ့် ပေါက်ဖွားကြီးပြင်းပုံချင်းမတူတဲ့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ အများမြင်နေသလိုတော့ အချောမွေ့ကြီး မဟုတ်လှဘူး။ ဒါပေမယ့် သူတို့နှစ်ယောက်စလုံးမှာ သူ့ဘောင်ကိုယ့်ဘောင် ကန့်သတ်ထားတဲ့ ဟန်ကလေးကိုယ်စီရှိကြတယ်။ အဲဒီဟန်ကလေးနဲ့ ဟန့်တား ထိန်းချုပ်ထားလို့ ဆူညံပေါက်ကွဲမှုတွေ မဖြစ်ဘဲ ဣန္ဒြေရရလမ်းခွဲ နှုတ်ဆက်နိုင်ခဲ့တယ်လို့ ထင်ရပါတာပါပဲ။ ဒီလိုဟန့်တားထိန်းချုပ်နိုင်တဲ့ ဟန်ကလေးက သူတို့ရဲ့ အလုပ်အကိုင် ဆွဲခန့်ဆရာမဆိုတဲ့ ပင်စည်အကိုင်းအလက်ကခက်ဝေလာတဲ့ ကိုင်းဆက်တွေလို့ ဆိုရင်ရမယ်ထင်တယ်။

အသွင်မတူတဲ့ သူတို့နှစ်ဦးကို လက်မွန်ဦးရွာကလေးမှာ ပေါင်းစပ်တွေ့ဆုံစေတာ ကံတရားရဲ့ အပြင်းပြေ ဆော့ကစားမှုပေလားလို့ တစ်ခါတစ်ခါ နှယ်နီတွေးနေမိတယ်။ တစ်ကြောင်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဥ်တင်ဆက်သည်။



တည်းထွက်တွေဖြစ်လို့ မေးပြောခေါ်ထူးအဆင့်က မကျော်လွန်ခဲ့တဲ့ သူတို့နှစ်ယောက်ဟာ ဝေးလံသီခေါင်လှတဲ့ ကမ်းရိုးတန်းမြို့ကလေးဆီ အတူရောက်လာဖို့ဆိုတာ တော်ရုံတိုက်ဆိုင်မှုနဲ့ မဖြစ်လောက်ပေဘူး။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်မတက်ခင် ဌာနတစ်ခုမှာ အတူတကွ လုပ်အားပေးရင်း ဆွဲခန့်လျှောက်လွှာတွေ သူတို့လက်ထဲရောက်လာခြင်းက ဘဝတစ်ဆစ်ချိုးအတွက် ကံကြမ္မာ အင်ဂျင်စက်ကြီးနှိုးလိုက်သလိုပါပဲ။

"ရှင်းရှင်းအေးရေ ငါတော့ ဖြည့်ထားပြီးပြီကွယ် မင်းဖြည့်ပြီးရင် တို့တစ်တွေ အတူပို့လိုက်ရုံပါပဲ"

"ပြစမ်းပါဦး အမယ် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းတဲ့။ အဲဒါတွေ ထည့်လျှောက်ထားပြီး တကယ်ခေါ်တော့သွားမှာမို့လား"

"သွားမှာပေါ့ကွ ဘယ်ပြည်နယ် ဘယ်တိုင်းရောက်ရောက် သွားဖြစ်အောင်ကို သွားမှာ"

တကယ်တန်း ပုံစံဖြည့်ပြီး တင်ကြတော့ သူတို့လိုပင် အခြားလုပ်အားပေးများလည်း အဝေးရောက်ဆွဲခန့် အလုပ်ကို လျှောက်ကြကြောင်း သိရတော့တယ်။ နှစ်လအကြာ အော်ဒါထွက်လာတော့ အခြားသူများထံ ခေါ်စာမရောက် သူတို့နှစ်ယောက်ထံသာ ခေါ်စာရောက်ကြောင်းသိရတော့ ထပ်ဆင့်အံ့သြရပြန်ပါတယ်။

နွယ်နီက သွားဖို့လာဖို့ သွက်သွက်လက်လက် ပြင်ဆင်နေသလောက် ရှင်းရှင်းအေးက သူ့မူဟန်အတိုင်း ရေရေရာရာ မပိုင်းဖြတ်နိုင်သေးတဲ့ပုံစံနဲ့ မတုန်မလှုပ် အေးစက်နေလိုက်တာ လျှောက်



လွှာကို သူကိုယ်တိုင်လိုလိုချင်ချင် မဖြည့်ဘဲ သူတစ်ပါးက တိုက်တွန်းလို့ လုပ်ရသလို ဘာလိုလိုနဲ့ နွယ်နီ ရှင်းရှင်းအေးရဲ့ အဲဒီပုံစံကို မကြိုက်တာ။

"ဘယ်လိုလဲ ရှင်းရှင်းအေးရယ် သွားမှာလား"

"မြိတ်အရှေ့ဆိုတော့ ဝေးလွန်းတော့ အိမ်က စိတ်မချဘူးဖြစ်နေတယ်။ ငါ့အမေဆို တငိုငိုနဲ့"

"ငါကတော့ လျှောက်လွှာတင်ကတည်းက ဘယ်တော ဘယ်ချောင်ရောက်ရောက် သွားမယ်လို့ ဆုံးဖြတ်ပြီးသား၊ သွားရမယ့်လမ်းက ကိုယ့်လမ်းကိုယ်ထွင်ပြီး သွားရမှာမို့ သတ္တိတော့ရှိဖို့လိုတယ်"

"ဒါဆိုရင် နင် အိမ်မှာ လိုက်ပြောပေးဟာ"

ရှင်းရှင်းအေးက အိမ်မှာ အငယ်ဆုံးဆိုတော့ အားလုံးက စုပုံချစ်ထားတာမို့ ဒီလောက်ဝေးလံတဲ့ အရပ်ဒေသမှာ သွားပြီး အလုပ်လုပ်ဖို့ ဘယ်သူမှ သဘောမတူကြဘူး။ ဒါကို သဘောမတူတူအောင်ပြောရမှာဆိုတော့ နွယ်နီ နည်းနည်းတော့ ရှုံ့နေတယ်။ ဒါပေမယ့် သိတယ်မဟုတ်လား။ ဒါဟာ နွယ်နီလေ။ မတောက်တစ်ခေါက်ဖတ်ထားတဲ့ စာပေအခံကလေးနဲ့ သိသလောက်မှတ်သလောက်ဟောပြောလိုက်တာ ရှင်းရှင်းအေးအိမ်က လူကြီးတွေ ခေါင်းငြိမ့်တဲ့ဆီရောက်ပါရော။

ဒီလိုနဲ့ သူတို့နှစ်ယောက် ကမ်းရိုးတန်းမြို့ကလေးဆီ ရောက်ခဲ့ရောဆိုပါတော့။ လေယာဉ်စီး ခရီးအတွေ့အကြုံမရှိတဲ့ သူတို့နှစ်ယောက်အဖို့ အတော်ကိုစိတ်လှုပ်ရှား တုန်လှုပ်မှုတွေ ဖိစီးတာ ခံလိုက်ရသေးတယ်။ ဒီခရီးဟာ သူတို့နှစ်ယောက်အတွက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ပထမဦးဆုံး လေယာဉ်စီးခရီးဖြစ်သလို လူကြီးမပါဘဲ ထွက်ခဲ့ရတဲ့ ပထမဦးဆုံးခရီးစဉ်ပဲ ဖြစ်တယ်။

ကမ်းရိုးတန်းမြို့ကလေးကမှ တစ်ဆင့် လယ်တောရွာကလေးဆီ ခရီးဆန့်ခဲ့ရတဲ့ သူတို့နှစ်ယောက်ဟာ မြေနီနီတောင်ကုန်းမို့မို့ပေါ်က စိမ်းရိပ် အုပ်အုပ်ရွာကလေးကိုမြင်တော့ စိုးရိမ်ပူပန်မှုတွေ လွင့်စဉ်လို့ အပျော်ကြီး ပျော်သွားခဲ့ကြတယ်။ ရွာကလေးက မြစ်ကမ်းပါးကနေ အတွင်းကို သုံးမိုင်လောက်ဝင်မှ ရောက်တာမို့ ခရီးလမ်းကွာလှမ်းမှု အပေါ်မှာတော့ ရွာကလေးကို ချစ်ခင်နားလည်မှုနဲ့ သူတို့ နားလည်ပေးခဲ့ရပြန်ပါတယ်။ လွင်ပြင်ကျယ်ပြန့်ပြီး ဘယ်ဆီကြည့်ကြည့် လယ်ကွင်းပြင်တွေသာ မြင်ရမှုရယ်၊ မနီးမဝေးက စမ်းချောင်းကလေး စီးဆင်းမှုရယ်၊ ရွာနဲ့တစ်စပ်တည်း ဖြောင့်တန်းညီညာကိုင်းလက်ရှက်ရှင်တွေ ဝေဆာနေတဲ့ ရော်ဘာတွေရယ်၊ လက်မှန်ဦးရွာကလေးရဲ့ ဝန်းကျင်ကို သဘောကျနှစ်ခြိုက်နေရင်းနဲ့ အခြားစာမဖွဲ့လောက်တဲ့ အဆင်မပြေမှုတွေကို မျက်နှာလွှဲထားကြတော့တယ်။

သူတို့ဟာ သူတို့ရဲ့ ဆယ်တန်းအောင်လက်မှတ်တွေကို တင်းတင်းဆုပ်ပြီး ဆွဲခန့်ဆရာမဆိုတဲ့ ဝတ်ရုံကို ရဲရဲခြုံလို့ လူမှုဝန်းကျင်သစ်ဆီ တိုးဝင်ခဲ့ရပေမယ့် တကယ်တန်းမှာတော့ သူတို့နှစ်ယောက်ဟာ အတွေ့အကြုံအရရော အရွယ်အရပါ အတော်ပဲနုနယ်ကြသေးသူများဖြစ်တယ်။ အထက်တန်းကျောင်းကြီးမှ တစ်ကျောင်းတည်းထွက်သူငယ်ချင်းတွေဖြစ်ကြတာမို့ တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးမှုတွေဟာ လက်မှန်ဦးရွာကလေးမှာ အတူအကွ နေ့စဉ်မိုးသောက် အိပ်အတူစားအတူ နေထိုင်လာကြ



တဲ့အခါ ပိုပြီးရင်းနှီးခင်မင်ရမယ့်အစား အသေးအမွှား ချို့ယွင်းချက်ကလေးတွေက စိတ်အနှောင့်အယှက်ဖြစ်စရာ အံ့ဖွယ်တွေ့ရပါတော့တယ်။

သူတို့နှစ်ယောက်ရဲ့ မျက်နှာအနေအထားလှပမှုက သိပ်အကွာကြီး မဟုတ်ပေမယ့် ဆင်ယင်ထုံးဖွဲ့မှုဟန်ပန်က သတိထားမိရင် အတော်ကလေးကွာဟတာ တွေ့ရလိမ့်မယ်။ နွယ်နီက ဆံပင်မတိုမရှည် မျက်လုံးဝိုင်းဝိုင်း နှုတ်ခမ်းစုစု မျက်နှာပြည့်ပြည့်နဲ့ လှပ်ရှားမှုဟန်ပန်သွက်လက်တယ်။ ရှင်းရှင်းအေးက မျက်ခုံးနက်နက်၊ နှာတံထင်းထင်း၊ ကကြီးပုံ နှုတ်ခမ်းကလေးနဲ့ ဆွဲဆောင်မှုအရှိဆုံးက တကောက်ကွေးအထိရှည်တဲ့ ဆံပင်ရှည်ကြီးတွေပါပဲ။ နက်မှောင်ရှည်လျားသန်စွမ်းတဲ့ ဆံပင်ရှည်ကြီးတွေဟာ မြင့်သွယ်သွယ် အရပ်အမောင်းနဲ့ လိုက်ဖက်စွာပဲ မြင်ရသူရဲ့ စိတ်ဘဝင်ကို ယူကြုံးဆွဲငင်နေတော့တယ်။ သူက နွယ်နီနဲ့ ဆန့်ကျင်စွာ လှုပ်ရှားမှုဟန်ပန်လေးကန်နေးကွေးတယ်။ စကားပြောရင် တိုးတိုးညင်းညင်း သိမ်မွေ့ညင်သာစွာ မပွင့်တပွင့် ပြောနေရင်းနဲ့ တစ်ချက်တစ်ချက် မျက်လွှာကလေးချ ချလိုက်ပုံက ရိုးဟန်ဖွဲ့နေတဲ့ ဆန်းကျယ်မှုတစ်ရပ်ဖြစ်နေတော့တယ်။

သူတို့နှစ်ယောက် ခန္ဓာကိုယ်ဖွဲ့စည်းပုံနဲ့ ဟန်ပန်အမူအရာသာ ကွာခြားတာမဟုတ် ဝတ်စားဆင်ယင်မှုလည်း ကွာခြားနေတာတွေ့ရတယ်။ နွယ်နီက အဝတ်အစားကို ခေတ်မီမီ ဝတ်စားလေ့ရှိတယ်။ နွယ်နီ့အင်္ကျီတွေဆို ခေတ်ပေါ်လက်အဖောင်း၊ အကားနဲ့ လည်ပင်းလေးထောင့်၊ ဇလားပုံစသည်ဖြင့် ပေါ်သမျှ ပုံအဆန်းတွေကို ခေတ်မီလှပအောင် ချုပ်ဝတ်လေ့ရှိတယ်။ ရှင်းရှင်းအေးက

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



တော့ သူ့အမေ ရှေးရိုးစွဲကြီး စီမံသမျှ ခပ်ရိုးရိုး ခပ်တုံးတုံးအင်္ကျီတွေကိုသာ ဝတ်ဆင်လေ့ရှိတယ်။ အင်္ကျီစ အသားကအစ ပေါ်သလောက် ကိုယ်ပေါ်မတင် အဆင်သေးအဆင်နုတ်တွေသာ ရိုးရိုးယဉ်ယဉ်ဆင်လေတော့ မြင်လိုက်တာနဲ့ သူတို့နှစ်ယောက်ရဲ့ ကွဲပြားခြားနားမှုဟာ အများအမြင်မှာ သိသာထင်ရှားနေတော့တယ်။

ရွာအနေနဲ့ကလည်း ကျေးလက်တောရွာအနေအထားအရ ရွာသူရွာသားတွေရဲ့ မျက်စေ့မှာ ရိုးရိုးလေးနဲ့ ယဉ်နေတဲ့ ရှင်းရှင်းအေးကို အမှတ်ပိုပေးမိကြတာပေါ့။ ကျေးလက်ဆိုတာက အမြင်ရိုးအတွေးရိုးတယ်လေ။ သူတို့က ရှေးရိုးစွဲအမြင်နဲ့ ဆံပင်ရှည်တာကို ကျက်သရေရှိတယ်လို့ ယူဆတာကိုး။ ဒီတော့ နှစ်ယောက်ယှဉ်ပြီး ထွက်လာပြီဆို ရှင်းရှင်းအေးကိုချည်း ရှေ့တန်းတင် ချီးကျူးကြတော့တာပါပဲ။ အဲဒီလိုလှတယ် မလှဘူး ရပ်ရွာကမှတ်ချက်အပေါ် နွယ်နီကဘာမှ မခံစားရဘူး။ သူ့ သူငယ်ချင်းကို လှတယ်ပြောတာ သူ့ကိုပြောတာလိုပဲ လက်ခံသဘောကျနေတတ်တယ်။ သူက သူ့အလှကို ယုံကြည်စိတ်ချပြီးသားလေ။ သူ့မှာ ရှင်းရှင်းအေးလို သန့်စွမ်းနက်မှောင်ရှည်လျားတဲ့ ဆံပင်ရှည်ကြီးမရှိပေမယ့် သူ့မှာ ရှိတဲ့ အလှတရားတွေက တစ်ဖက်သားအပေါ် ဆွဲဆောင်မှုမနည်းလှဘူးလို့ သူ့ကိုယ်သူ ယုံကြည်စိတ်ချနေတယ်။

ဒီလိုနဲ့ ကာလသားတွေကြားထဲမှာလည်း နွယ်နီ့အလှနဲ့ ရှင်းရှင်းအေးအလှ ကြိုက်သူ မကြိုက်သူ အုပ်စုတွေ ကွဲပြားကုန်တော့တယ်။ ဒါကလည်း ကိစ္စမရှိပါဘူး။ လူ့အလို နတ်မလိုက်နိုင်ဆိုတဲ့ စကားတောင် ရှိသားပဲဟာ။ လူတွေရဲ့ လိုအင်ဆန္ဒတွေဟာ ဘယ်လိုမှ တစ်ထပ်တည်း တစ်သားတည်း မရှိနိုင်ဘူးဆိုတာ



နွယ်နီ သိပြီးသားပါ။ ခက်တာ ရှင်းရှင်းအေးဟာ လူတကာက အသိအမှတ်ပြုလေ အသိအမှတ်ပြုချင်လေဖြစ်တဲ့ ကိစ္စပါပဲ။

ဒီလိုပါ ရွာကို ဆွဲခန့်ဆရာမလေးနှစ်ယောက် ရောက်လာတယ်ဆိုတော့ ရွာလူထုဟာ ဝမ်းသာအားရနဲ့ သူတို့နှစ်ယောက်ရဲ့ နေရေး ထိုင်ရေးကို စီစဉ်ပေးကြတယ်။ ရွာလူကြီးရဲ့ အိမ်မှာ နေဖို့စီစဉ်ကြတယ် ဆိုပါတော့။ ရွာလူကြီး ဦးဘအောင်ရယ် သူ့မိန်းမ ဒေါ်ငွေးရယ် သမီးလေး ငြိမ်းတုတ်ရယ်ဆိုတော့ အဲဒီအိမ်ကြီးမှာ အတော်ကို ချောင်ချောင်ချိချိ ရှိတာ၊ ဆရာမလေးနှစ်ယောက် ရောက်လာတော့ အိမ်ထောင်နွေးသေးရဲ့။ ဒီတော့ ဦးဘအောင် အိမ်ကိုရောက်ပြီး မကြာဘူး။ နွယ်နီနဲ့ ရှင်းရှင်းအေးဟာ အိမ်တာဝန်တွေကို ခွဲယူလိုက်တော့တယ်။

ရှင်းရှင်းအေးက အိမ်ပေါ်အိမ်အောက် သန့်ရှင်းရေးတာဝန်၊ နွယ်နီက မီးဖိုချောင်က တာဝန်ဆိုပြီး ခွဲလိုက်ကြတယ်။ ရှင်းရှင်းအေးက သူ့အိမ်မှာ အငယ်ဆုံးဆိုတော့ ချက်ရေးပြုတ်ရေးကိစ္စ သူနဲ့ဝေးတာမို့ အိမ်သန့်ရှင်းရေးကို သူ့ဘာသာသူ တာဝန်ယူခဲ့တာပါ။ နွယ်နီကလည်း ဒီကိစ္စကို အမှတ်တမဲ့ပါပဲ။ နွယ်နီဆိုတာ သူ့အိမ်မှာ ဒီလို မီးဖိုချောင်ကိစ္စကို ဒေါင်းတင်မောင်းတင်မလုပ်ခဲ့ဘူးပေမယ့် ရောက်တဲ့အရပ်မှာ ပျော်အောင်နေ တွေ့တဲ့သူနဲ့ သင့်အောင်ပေါင်း သဘောတရားအရ ကျရာတာဝန်တို့လည်း ကျေပွန်ချင်တဲ့ဆန္ဒနဲ့ ချက်ရေးပြုတ်ရေးကိစ္စတွေ ကြိုးစားလုပ်ကိုင်ရှာတယ်။ လုပ်ကြစို့ဟေ့ဆိုတော့ မီးဖိုချောင် အချက်အပြုတ်ကိစ္စဟာ ထင်သလောက် မလွယ်ဘူးဖြစ်နေတယ်။ ဦးဘအောင်တို့က လယ်ပိုင်ရှင်တွေမို့ သူတို့အခေါ် (ရင်ခ) လယ်သူရင်းငှားတွေ သုံးလေးယောက်အမြဲလိုလို

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ရှိတယ်။ သူရင်းငှားတွေဟာ ဟင်းကောင်းချင်ကောင်း၊ မကောင်းချင်နေ ငါးပိထောင်းရှိရင် စားဖြစ်ကြသူတွေမို့ တစ်နေ့တစ်နေ့ တစ်ပြည်ဝင်အိုးကြီးတင်ရချရတာ နှယ်နီအတွက် ပင်ပန်းကြီးစွာ ဖြစ်နေတော့တာပေါ့။

မနက်တစ်ပြည် ညတစ်ပြည် ပြည်ဝင်အိုးကြီးနဲ့ နှယ်နီ မီးဖိုမှာ ချွေးပြိုက်ပြိုက်ကျနေတဲ့အချိန်ဆို ရှင်းရှင်းအေးက သီချင်းကလေး တအေးအေးနဲ့ အိမ်ပေါ်မှာ ကြက်တောင်မွှေး တံမြက်စည်းကလေးခါ ကြမ်းပြင်ကို အဝတ်ရေစိုနဲ့ ပွတ်တိုက်နေတော့တာပေါ့။ အိမ်ရှေ့မှာဖြတ်သွားတဲ့ လူတွေက ဘယ်သူအလုပ်လုပ်နေတာတွေ့မလဲ။ ရှင်းရှင်းအေး တံမြက်လှည်း ကြမ်းတိုက်နေတာပဲတွေ့တာလေ။ ဒီတော့အရပ်ထဲက မိန်းမကြီးတွေရဲ့ ပါးစပ်ဖျားမှာ "ရှင်းရှင်းအေးလေးက အိမ်မှုကိစ္စတော်တယ်" ဆိုတဲ့ ချီးမွမ်းသံတွေ စီညံနေတော့တာပေါ့။

သူတို့ရေငင်ရာ ဟင်းရွက်ဆွတ်ရာတွေမှာ ဒီချီးမွမ်းစကားသံတွေကျယ်လောင်လာတာ နှယ်နီပြန်ကြားတဲ့အထိပါပဲ။ ပထမတော့ ဖာသိဖာသာနေမိပေမယ့် ကြာလာတော့ ရှင်းရှင်းအေးတော်တယ်လို့ ချီးကျူးနေတာ နှယ်နီညံ့ဖျင်းတာကို ဖော်ပြနေသလိုဖြစ်ပြီး နှယ်နီရင်ထဲ အစိုင်အခဲတွေဟာ မသိမသာ အုံကျင်းဖွဲ့နေတော့တယ်။ တကယ်တော့ ပင်ပန်းတာကသူ လုပ်အားအရင်းအလုံးကို သုံးရတာက သူ၊ တကယ် နာမည်ကောင်းရတော့ ရှင်းရှင်းအေးဆိုတော့ နှယ်နီ ခံစားရမယ်ဆိုလည်း ခံစားချင်စရာပဲပေါ့။

တကယ်ဆို ဒါဟာ ဘာမဟုတ်တဲ့ အသေးအဖွဲ့ကလေးတွေပါ။ တစ်စုံတစ်ယောက်ကို ထုတ်ဖော်ဖွင့်ဟပြောကောင်းတဲ့



www.foreverspace.com.mm

အကြောင်း မဟုတ်ပါဘူး။ အဲဒီလို အသေးအဖွဲ့ကနေ တစ်ယောက်နဲ့တစ်ယောက် မသိမသာ စိတ်ဝမ်းကွဲမှုကလေးတွေ ဖြစ်လာတာ မယုံကြည်နိုင်စရာပါပဲ။ အတူနေကြည့်တော့ အပြင်ဘန်းက အလှမှာ အယဉ်ဆင့်နေတဲ့ ရှင်းရှင်းအေးရဲ့ အတွင်းမနော မဖြူစင်မှုကလေးတွေကလည်း တဖြည်းဖြည်းနဲ့ ပေါ်လာတော့တယ်ဆိုပါတော့။

တစ်နေရာကို သွားကြတော့မယ်ဆိုရင် နှယ်နီဟာ သူ့မှာရှိတဲ့ အကောင်းစား အင်္ကျီပုံလှလှလေးတွေကို ထုတ်ဝတ်ဖို့ အခွင့်အရေးမရှာဘူး။ ရှင်းရှင်းအေးမှာက အင်္ကျီပုံဆန်းတွေ မရှိဘူးလေ။ တကယ်လို့များ နှယ်နီက မသိသားဆိုးရွားပြီး သူ့မှာရှိတဲ့ အင်္ကျီအကောင်းတွေဝတ်သွားတဲ့နေ့ဆို အဲဒီခရီးလမ်းမှာ ရှင်းရှင်းအေးဟာ မျက်စိမျက်နှာမလှ ဖြစ်နေတော့တာပဲ။ အကြောင်းပြချက် ခိုင်ခိုင်လုံလုံမရှိဘဲ နှယ်နီကို စကားဟဟမပြော မျက်နှာထိမျက်နှာထားနဲ့ ဖြစ်နေတာကို တဖြည်းဖြည်း သိလာတဲ့ နှယ်နီဟာ ခရီးလမ်းတစ်ခု သွားတော့မယ် သူ့သဘောနဲ့သူ အဝတ်ရွေးမဝတ်ဘဲ ရှင်းရှင်းအေးဝတ်တဲ့ အဝတ်နဲ့တူညီတဲ့ အစလောက်ကို ရွေးချယ်ဝတ်ဆင်ရတော့တယ်။

ဒါကလည်း အတူနေ သူငယ်ချင်းကလေးအပေါ် ညာတာတဲ့ သဘောလည်းပါပါတယ်။ နှယ်နီက သူ့အလှသူယုံတာမို့ ဘာဝတ်ဝတ် လှမယ်ဆိုတဲ့ သဘောနဲ့အလျှော့ပေးတာလည်း ဖြစ်နိုင်တယ်။ နောက်တစ်ချက်က သူတို့နှစ်ယောက် ပင်ကိုစရိုက် ကွဲပြားခြားနားမှုကလည်း ပတ်ဝန်းကျင်က သူတို့အပေါ် ချစ်ခင်နွေးထွေးခြင်း သက်ရောက်မှုအတိုင်းအတာ ကွာဟသွားစေတာ တွေ့

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ရတယ်။

စောစောက ပြောသလို ရှင်းရှင်းအေးက အလုပ်ဆိုရင် လူမြင်သူမြင် လူချီးမွမ်းခံတဲ့ အလုပ်ကိုပဲ လုပ်ချင်သလို စကားကျတော့လည်း ချွဲချွဲနွဲ့နွဲ့ ပြောတတ်လေ့ရှိတယ်။ အထူးသဖြင့် လူကြီးသူမတွေနှင့် ပြောတဲ့အခါမှာပေါ့။ သူမို့လို့ စကားပြောရင် တယောသံ ရှည်လိုစေးနဲ့ချွဲပစ် နေတာမျိုးကို နွယ်နီက ကြားလို့မရဘူး။ ဒါဟာပင်ကိုမဟုတ်ဘူးလို့ယူဆတယ်။ နွယ်နီက အစကတည်းက စကားပြောရင် တိုပြတ်ပြတ်။ စာတွေပေတွေဖတ်ထားတော့ စကားလုံးကိုလည်း ရွေးပြီးပြောတယ်။ မလိုအပ်ဘဲ ဘယ်သူနဲ့မှ လေကြောရှည်ဖွဲ့နွဲ့ပြီး ပြောမနေဘူး။ သူ့အလုပ်သူလုပ် အားရင် စာဖတ်နေတော့ နွယ်နီဟာ အရပ်နဲ့ ကင်းသလိုဖြစ်နေတယ်။

ဒီတော့ ကာလသားတွေ ပါးစပ်ဖျားမှာရော ရွာထဲက မိန်းမကြီးတွေ ပါးစပ်ဖျားမှာပါ ဆရာမလေး ရှင်းရှင်းအေးရဲ့ အမည်သတင်းသာတမွှေးပျံ့ပျံ့ ဖြစ်နေတော့တာပေါ့။ နောက်တစ်ချက်က ဒီဒေသအပေါ်မြင်တဲ့ အမြင်ကလည်း သူတို့နှစ်ယောက် ကွာခြားမှု ရှိသေးတယ်။ ဒီဒေသဟာ ကမ်းရိုးတန်းဒေသဖြစ်လို့ ပြည်မနဲ့ စကားအသုံးအနှုန်း လေယူလေသိမ်းမတူဘူး။ တချို့ဆင်တူ သယောင်ဖြစ်ပေမယ့် တချို့လုံးဝကို ကွဲပြားခြားနားသွားတာတွေ့ရတယ်။

သူတို့ ဒီရွာကို ရောက်စမှာ အဲဒီဒေသသုံးဝေါဟာရတွေကို နားထဲမှာ ယဉ်လာအောင် အရင်ကြိုးစားရတယ်။ သူတို့စကားကို ကိုယ်နားလည်ဖို့ အရေးကြီးတယ်။ ကိုယ့်စကားကိုကျတော့ ဘယ်လိုပြောပြော သူတို့နားလည်ကြတယ်။ ဒီတော့ နွယ်နီက ဒေသသုံးတွေ



ကို နားလည်အောင် ကြိုးစားပြီး ပြောတဲ့အခါကျတော့ ကိုယ့်ဇာတိ မွန်ပြည်နယ်ကအသံနဲ့ပဲ ပြောတယ်။

ဒါပေမယ့် ရှင်းရှင်းအေးကတော့ ဒီလိုမဟုတ်ဘူး။ သူက ဒေသသုံးတွေ နားလည်အောင် ကြိုးစားတာအပြင် အဲဒီက လေယူလေသိမ်းနဲ့ ပြောတတ်အောင်လည်း ကြိုးစားပြီး ပြောတယ်။ ရုတ်တရက်တော့ မဖြစ်နိုင်ပါဘူး။ ဒေသတစ်ခုမှာ ပျော်ဝင်ဖို့ဆိုတာ အခြားအမှုအကျင့် မပြောနဲ့ လေယူလေသိမ်းကလေးတူဖို့တောင် လွယ်တာမဟုတ်ဘူး။ အဲဒီ မလွယ်တဲ့အလုပ်ကို တခုတ်တရ ကျင့်ကြံနေတော့ ရှင်းရှင်းအေးရဲ့ တောင်မရောက်မြောက်မရောက် အသံကြားရင် နွယ်နီ နားကလောနေတော့တာပဲ။ ဒီဒေသမှာ ဆယ်နှစ်ဆယ်မိုးနေလို့ ဒီအသံဖြစ်သွားတာမျိုးက ကိစ္စမရှိဘူးလေ။ အခု ကိုယ့်ဒေသသံကိုပစ်ပြီး စောစောစီးစီး လုပ်ကြံပြောဆိုနေတာကိုတော့ နားကြားပြင်းကပ်နေတော့တာပေါ့။

ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ မတည့်အတူနေဖြစ်နေကြတယ်။ ခွန်းကြီးခွန်းငယ် စကားများကြတာမဟုတ်ဘဲနဲ့ ရင်ထဲမှာ စိမ်းဆတ်ကွာဝေးနေတဲ့ ရက်တွေဟာ တဖြည်းဖြည်း ရင့်မှည့်လာတယ်။ အဆင်ပြေချင်ပြေ မပြေချင်နေ မျက်နှာစိမ်းတွေကြားမှာ အရင်းနှီးဆုံးသားချင်းတွေအဖြစ် ဟန်မပျက် နေထိုင်ရင်း ငုံးဆူလူမသိ လုပ်နေကြတော့တယ်။

ရွာကလေးမှာ ဘယ်သူတွေ ဘာပြောပြော သူတို့နှစ်ယောက်စလုံးအပေါ် ဖြူစင်မေတ္တာကြီးစွာနဲ့ ချစ်ခင်ခဲ့တဲ့ အရီးလုံးကြိုင်ဆိုတာရှိတယ်။ အရီးလုံးကြိုင်တို့က ဒီရွာမှာ အချမ်းသာဆုံး။ လယ်တောတွေ ရော်ဘာခြံတွေ သီဟိုခြံတွေ ပိုင်ဆိုင်ပြီး သား

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm



ကြီးသမီးကြီးတွေက မြို့မှာအိမ်ကြီးရခိုင်နဲ့နေ လုပ်ငန်းကြီးတွေ လုပ်ကြတယ်။ ရွာမှာတော့ အငယ်ဆုံးသား နောင်ကောင်းဖုံတစ် ယောက်သာ အရီးလုံးကြိုင်နဲ့နေတာ တွေ့ရတယ်။ နောင်ကောင်းဖုံ က သူဌေးသားပီပီ ရွာမှာဘာမှ ဟုတ်တိပတ်တိ လုပ်တာမဟုတ် ဘူး။ အားလုံးအလုပ်သမားတွေနဲ့ လွှဲထားပြီး သူက မြို့တက်လိုက် တောဆင်းလိုက်နဲ့ အချိန်ကုန်နေတာ။

အရီးလုံးကြိုက်က ဆရာမလေးနှစ်ယောက်ကို ခင်ရှာတယ်။ မကြာခဏ အိမ်မှာမုန့်လုပ်စားရင် ဖိတ်ကျွေးလေ့ရှိတယ်။ မြို့မှာ လစာသွားထုတ်ရင် သူ့သားကြီးသမီးကြီးတွေ အိမ်မှာတည်းစေ တယ်။ နွယ်နီရော ရှင်းရှင်းအေးပါ အရီးလုံးကြိုင်ကို ခင်ကြတယ်။ အရီးလုံးကြိုင်က ကိစ္စရှိလို့ လာခဲ့ဦးဆို မငြင်းတမ်း သွားလေ့ရှိ တယ်။ ဒီလိုဆိုတော့ ရွာထဲမှာ တီးတိုးတီးတိုး သဖန်းပိုး ဖြစ်ပြန် ရော။ အရီးလုံးကြိုင်ကပဲ သူ့သား နောင်ကောင်းဖုံနဲ့ ဆရာမလေး နှစ်ယောက်ထဲက တစ်ယောက်နဲ့ ဆက်သွယ်နေသလိုလို။

သူတို့နှစ်ယောက် ကျောင်းကပြန်လာ ရေမိုးချိုးပြီးတဲ့အခါ မလှမ်းမကမ်းက စမ်းချောင်းကလေးဆီ ထွက်လာလေ့ရှိတယ်။ အ ညောင်း အညာပြေလမ်းလျှောက်ချင်တာရော ပြင်ပလေ ရှုရှိုက် ချင်တာကပါ။ စမ်းချောင်းကလေးဆီသွားတဲ့ ကိစ္စဟာ နေ့စဉ်မပျက် ဝတ္တရားတစ်ခုလို ဖြစ်နေတော့တယ်။ စမ်းချောင်းကလေးဆီ ရောက်ရင် မြက်ခင်းစိမ်းစိုပေါ် ခြေပစ်လက်ပစ်ထိုင်ချလို့ လွင့်မျော ကျယ်ပြန့်လှတဲ့ ကောင်းကင်ပန်းချီကားကို ခံစားတဲ့အခါ ခံစား၊ အိမ်လွမ်းတေးကို ဆိုတဲ့အခါဆို၊ စိတ်ကိုလိုသလို လွှင့်ထုတ်လေ့ရှိ တယ်။ ဒီနေရာမှာလည်း နွယ်နီနဲ့ ရှင်းရှင်းအေးဟာ အနည်းငယ်



ကွဲလွဲနေပြန်တယ်။

ရှင်းရှင်းအေးက ခပ်ပျော့ပျော့ဆိုတော့ အိမ်ကို အရမ်း လွမ်းတယ် ကိုယ့်သဘောကိုယ်ဆောင်ပြီး လာခဲ့ရတဲ့ ခရီးအတွက် ဘာကိုမှန်းမသိ နောင်တတွေရလေ့ရှိတယ်။ ရွာကလေးမြို့ပြနဲ့ ဝေး တာကိုလား၊ ဘာကိုမှန်းမသိ သူ့အလိုမကျတာအမှန်ပဲ။ နွယ်နီက တော့ လွမ်းစရာအိမ်မရှိသလို ပစ္စက္ခအနေအထားကို ကျေနပ်နေ လေ့ရှိတယ်။ အိမ်ရဲ့ ပြင်မှာတွေ့ရတဲ့ ထူးခြားဆန်းကျယ်တဲ့ အရာ မှန်သမျှ အတွေ့အကြုံ အသစ်အဆန်းတွေအဖြစ် လာသမျှ လက် သင့်ခံဖို့ အဆင်သင့်ပြင်ထားတယ်။

ဒါကြောင့် စမ်းချောင်းကလေးဆီ ရောက်တဲ့အခါ သူတို့ စိတ်ထွက်ပေါက်ဟာ တစ်နေရာတည်း တစ်ခုတည်းမှာ ထပ်တူကျ မနေဘူး။ အဲဒီလို သူတို့နှစ်ယောက် အဝါရောင်ညနေခင်းကလေး ကို ဖြတ်သန်းနေချိန်ဆို နောင်ကောင်းဖုံဟာ အမှတ်မထင်သလိုလို နဲ့ တမင်ရောက်လာလေ့ရှိတယ်။ သူတို့နှစ်ယောက်ထဲက နောင် ကောင်းဖုံရဲ့ ပစ်မှတ်ဟာ ဘယ်သူလဲ။

တစ်နေ့တော့ နွယ်နီဟာ ချက်ဆိုနှားခွက်က မီးတောက် စရာကြုံရတော့တယ်။ နောင်ကောင်းဖုံက သူတို့နှစ်ယောက်ထဲက နွယ်နီကို လှမ်းမေးတယ်။ စားမလားတဲ့။ သူ့အိတ်ထဲက သကြားလုံး တွေ ထုတ်ကျွေးတယ်။ နွယ်နီ ရှင်းရှင်းအေးကို လှမ်းကြည့်တော့ ရှင်းရှင်းအေးတစ်ဖက်ကို မျက်နှာလွှဲသွားတာတွေ့ရတယ်။ သေချာ ပြီ၊ နောင်ကောင်းဖုံသဘောကျတာ ရှင်းရှင်းအေးကို။ နွယ်နီက စားမယ်ဆို သကြားလုံးတွေ လှမ်းယူပြီး ကမ်းပေးတော့ ရှင်းရှင်း အေးကယူတယ်။ သေချာပြီ ဒီမိန်းမလည်း မရိုးဘူး။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မကြာပါဘူး။ နွယ်နီထင်မြင်ချက်တွေ သွေးထွက်အောင် မှန်နေတာ တွေ့ရတယ်။ မြို့ကနေတစ်ဆင့် သူတို့နှစ်ယောက်ဆီ ရောက်လာလေ့ရှိတဲ့ အဝေးက ပို့စာတွေထဲမှာ နောင်ကောင်းဖံရဲ့ စာပါလာတယ်။ ရှင်းရှင်းအေးကို မေတ္တာရှိကြောင်း ပေးတဲ့စာ။ နွယ်နီက ဒီစာကို မပြန်စေချင်ဘူး။ မဖြစ်နိုင်ဘူးဆိုတာကို နှုတ်ကနေပဲ ငြင်းလိုက်စေချင်တယ်။ ဒါပေမယ့် ရှင်းရှင်းအေး ဒါကို မလိုက်နာဘူး။ သူ့ဝသီအတိုင်း အပျော့ဆွဲကလေးဆွဲဦးမယ်လို့ စာပြန်နေတယ်။ နွယ်နီ စိတ်တိုတို့နဲ့ လှမ်းကြည့်လိုက်တော့ စာရဲ့ခေါင်းစည်းမှာ ရေးထားပုံက မိသန်းလွင်ရဲ့ ကိုကို တဲ့။ မိသန်းလွင်ဆိုတာ နောင်ကောင်းဖံရဲ့ မွေးစားညီမငယ်ဆုံးလေး၊ ဒီဒေသက အစ်ကိုကို ကိုကိုခေါ်တဲ့ဒေသ၊ မိသန်းလွင်ရဲ့ ကိုကိုဆိုတော့ ရှင်းရှင်းအေးရဲ့ ကိုကိုတော့ မဟုတ်သေးဘူး။ ရေးထားတာကလည်း အပြတ်ငြင်းတာလည်း မဟုတ်ဘဲနဲ့ အားလုံးထဲမှာ မိသန်းလွင်ရဲ့ ကိုကို ကို အခင်ဆုံးပါပဲတဲ့။

တောက် . . .တော်တော် အသုံးမကျတဲ့ ရှင်းရှင်းအေး၊ နွယ်နီ အတော်စိတ်တိုသွားတယ်။ ဒါ ယောက်ျားတစ်ယောက်ကို သက်သက်မယ့် ကူညီကူမာသွားလုပ်တာ။ ချစ်ရင်ချစ်တယ်၊ မချစ်ရင်မချစ်ဘူး။ ဒီနှစ်မျိုးထဲက တစ်မျိုးပဲ ဖြေရမယ်။ အားလုံးထဲမှာ အခင်ဆုံး လုပ်လို့မရဘူး။ ဒါပေမယ့် ရှင်းရှင်းအေးက သူ့လမ်းကြောင်းအတိုင်းပဲ ဆက်လက်ချီတက်တယ်။ အဓိပ္ပာယ်နှစ်ဖက်တွေးနိုင်တဲ့ စာတွေအိညက်အိညက်ရေးတယ်။ အလကားပျော့ပျော့လေးနဲ့ နံတဲ့ကြောင်ချေး။

ဒီလိုနဲ့ နွေရာသီကျောင်းပိတ်ရက်ဟာ မတန့်မနား ရောက်



ချလာတော့တယ်။ ဒီနွေမှာ နွယ်နီ ဇာတိမြေမပြန်ဘူး။ ဒီအနီးအဝန်းကျင်က ရွာတွေဆီလျှောက်သွားမယ်။ ဒေသန္တရဗဟုသုတရှာမယ်ဆိုပြီး မြို့မှာကျန်ရစ်တယ်။ ရှင်းရှင်းအေးကတော့ မြို့ကနေတစ်ဆင့် ဇာတိမြေပြန်ဖို့ ပြင်ဆင်တယ်။ သူငယ်ချင်းရဲ့ အိမ်ပြန်ခရီးမှာ နွယ်နီလည်းလိုက်ပို့ရတာပေါ့။ အရေးထဲ လေယာဉ်လက်မှတ်တွေ ခက်လိုက်တာ။ နောက်ဆုံး ရှင်းရှင်းအေးတစ်ယောက် စက်လှေနဲ့ပဲ လိုက်ပါဖို့ပြင်ဆင်ရတော့တယ်။ နွယ်နီလိုပဲ ရှင်းရှင်းအေးကို လိုက်ပါပို့ဆောင်သူ တစ်ယောက်က နောင်ကောင်းဖံဆိုတာ ပြောစရာမလိုတော့ပါဘူး။ ထူးဆန်းတာက နောင်ကောင်းဖံရဲ့ အစ်မတွေဟာ ရှင်းရှင်းအေးကို အထူးအရေးပေးပြီး အိမ်အပြန်လက်ဆောင်တွေ သယ်လို့မနိုင်အောင် ပေးကြတယ်။ သူတို့မောင် သဘောကျနေတဲ့ မိန်းကလေးကို သူတို့ကလည်း ရင်းနှီးချစ်ခင်မှုပြတဲ့ သဘောပေါ့။

အင်္ကျီအဝတ်စတွေ အလှပြင် ပစ္စည်းတွေ မိန်းကလေးအသုံးအဆောင်တွေဆိုတာ နွယ်နီမမြင်ဘူးတာတွေတောင်ပါတယ်။ ဘာပြောကောင်းမလဲ။ ရှင်းရှင်းအေးတစ်ယောက် လှိုင်ပေါလယ်သွားတော့တာပေါ့။ လက်ဆောင်တွေ တပွေ့တပိုက်နဲ့ ပြန်သွားတဲ့ ရှင်းရှင်းအေးဟာ အဲဒီနှစ် နွေကျောင်းဖွင့်တော့ ရွာကလေးဆီ ပြန်မရောက်လာတော့ဘူး။ ကျောင်းမှာလည်း နှစ်ယောက်တာဝန်ကို နွယ်နီတစ်ယောက်တည်း ထမ်းနေရတာပေါ့။

ရှင်းရှင်းအေး ပြန်မလာတဲ့ ကိစ္စကတော့ ရွာထဲမှာ ဘယ်လိုထင်မြင်ချက်မှ မပေးနိုင်ကြဘဲ လက်တို့တီးတိုး သတင်းတစ်ရပ်အနေနဲ့ပဲ ငြိမ်သက်နေကြတယ်။ ရှင်းရှင်းအေး ချီးမွမ်းခန်းတွေ မကြားရတော့ နွယ်နီလည်း နားကလောသက်သာသွားပေါ့။ ရွာက

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



လူတွေနဲ့ နောင်ကောင်းဖုံ အစ်မတွေဖြစ်ပုံကို နွယ်နီက တစ်ယောက်တည်း ကြိတ်ရယ်နေတယ်။ ကောင်းတယ် မျှော်နေကြ၊ မျှော်လင့်နေကြ ဟိုမှာရှင်တို့ရဲ့ ရိုးသားရှင်းသန့်ပါတယ်ဆိုတဲ့ ရှင်းရှင်းအေး ရှင်တို့ဝယ်ပေးလိုက်တဲ့ အဝတ်စတွေချုပ်ဝတ်ပြီး သူ့ချစ်သူနဲ့ ရွှေလည်တွဲချစ်ပွဲဝင်နေလောက်ပြီ။

ဒီက ပြန်သွားတာနဲ့ ရှင်းရှင်းအေး မင်္ဂလာဆောင်ရတော့မယ်ဆိုတာ နွယ်နီလည်း သိနေတယ်။ တကယ်ဆို ရှင်းရှင်းအေးမှာက ချစ်သူရှိပြီးသား။ မိဘကလည်းသဘောတူပြီးသား၊ သူ့ချစ်သူက သူ့အထက်အသက် ငါးနှစ်ကြီးပြီး ဘွဲ့ရအရာရှိပေါက်စကလေးဆိုတော့ မိဝေးဖဝေးမှာ စိတ်မချတာချင်း အတူတူ ပေးစားမယ်ဆိုပြီး မိဘတွေကစီစဉ်တာပါ။ ကိုယ့်မှာ အဖိုးတန်ချစ်သူတစ်ယောက်ရှိနေရက်နဲ့ နောင်ကောင်းဖုံကို အရူးမလုပ်သင့်ဘူးထင်လို့ နွယ်နီ ဟန့်တားခဲ့တာပေါ့။

အခုတော့ နောင်ကောင်းဖုံခများမှာ အရူးအမဲသားမိသလို မျှော်လင့်ချက်တွေ တစ်ထမ်းတပိုးကြီးနဲ့။ အမယ်ရပ်ရွာကလည်း သူတို့ရွာက အချမ်းသာဆုံးလယ်ပိုင်ရှင်ရဲ့သား နောင်ကောင်းဖုံနဲ့ ဆရာမလေး ရှင်းရှင်းအေးကို သဘောတူသတဲ့။ မစားရဝမခန်း ပြောဆိုသံတွေဟာ အဲဒီအသိုင်းအဝိုင်းကနေ နွယ်နီနားထဲရောက်အောင် လွင့်ပျံလာတဲ့အခါ နွယ်နီတစ်ယောက်တည်း ကြိတ်ရယ်နေမိတာပေါ့။ လူတွေဟာ အပေါ်ယံဟန်ကလေးကို အထင်ကြီးလေ့ရှိကြတယ်။ ရှင်းရှင်းအေးရဲ့ ဆံပင်ရှည်အလှ၊ လှုပ်ရှားဟန် နွဲ့နွဲ့နှောင်းနှောင်း၊ စကားပြောချွဲချွဲနွဲ့နွဲ့ကလေးတွေအပေါ်မှာ အထင်ကြီးစွဲလန်းနေလိုက်ကြတာ။ လိုရင်းတိုရှင်း အပိဇာမရှဲ့တတ်တဲ့ နွယ်နီ



အပေါ်မှာတော့ စိတ်ဝင်စားမှုနည်းပြီး အနားမသီပံ့ကြဘူး။ သူတို့အထင်ကြီးတဲ့လူက သူတို့အပေါ် လက်တစ်လုံးခြား ပြုမူသွားတာကိုလည်း မသိကြဘူး။

ရှင်းရှင်းအေးရဲ့ မင်္ဂလာကိစ္စ နွယ်နီထုတ်ဖော်ပြောချင်တဲ့စိတ်တွေ မထိန်းနိုင်လို့ ကျောင်းဖွင့်ပြီး အတော်ကြာတော့ ကျောင်းအုပ်ဆရာကြီးကတစ်ဆင့် ရပ်ရွာကို အသိပေးလိုက်တော့ အားလုံးဟာ အံ့အားတွေသင့်လို့။ ဒါကလည်း မလွဲမသွေ အသိပေးသင့်တဲ့ ကိစ္စပဲ မဟုတ်လား။ ဒါမှ ရှင်းရှင်းအေး နေရာမှာ ဆရာစားအမြန်ခန့်ပေးမှာလေ။

နွယ်နီကတော့ ရှင်းရှင်းအေး မရှိလည်း ပုံမှန်ပါပဲ။ ညနေခင်းတိုင်း စမ်းချောင်းကလေးဆီ အရောက်လာလေ့ရှိတယ်။ ကိုယ့်တစ်ယောက်တည်းဆိုတော့ ငဲ့ညှာစရာမလိုဘဲ ကိုယ်ဝတ်ချင်တဲ့ အင်္ကျီဆွဲဝတ်ရုံပဲ မဟုတ်လား။ စိတ်အနှောင့်အယှက်ကင်းကင်းနဲ့ လွတ်လပ်စွာ လှုပ်ရှားရလို့ ရှင်းရှင်းအေးကို တစ်ခါတစ်ရံ သတိရတာကလွဲရင် နွယ်နီစိတ်ထဲ လွမ်းလောက်တယ်ကို မထင်ဘူး။ နွေတုန်းက ဇာတိမြေ မပြန်ဘဲ၊ ဟိုရွာ ဒီရွာ ရွာနီးချုပ်စပ် အလည်သွားခဲ့တဲ့ အကြောင်းတွေတွေးရင်း ဒီရွာမှာ လုပ်သက် (၂) နှစ်ပြည့်လို့ နောက်တစ်ရွာပြောင်းခွင့်သာရရင် ဘယ်လိုရွာမျိုးကို ရွေးချယ်ရရင်ကောင်းမလဲ။ သစ်ယာဝ၊ ကန်ပြင်လိုပင်လယ်နဲ့ နီးနီးရွာဆိုကောင်းမလား။ ကမ်းခြေအလှအပနဲ့ ငါးပုစွန်ပေါများခြင်းတွေကပါ နွယ်နီကို အတွေ့အကြုံ အသစ်အဆန်းများပေးနိုင်လေမလား။

နွယ်နီအတွေး ရှင့်လွင့်နေမှုဟာ ခပ်ဝေးဝေးက စမ်းချောင်းကလေးဆီလာနေတဲ့ တစ်စုံတစ်ရာကြောင့် ရပ်တန့်သွား

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

တော့တယ်။ ဘယ်သူမရှိမလဲ။ နှယ်နီသွားတဲ့ဆီ လိုက်ပါနိုင်တဲ့ အခွင့်အရေးရှိသူဟာ ဒီရွာမှာ တစ်ယောက်တည်းပဲရှိတာ။ သူလေ နှောင်ကောင်းဖံပေါ့။ အရင်တုန်းက ရှင်းရှင်းအေးနဲ့ နှစ်ယောက်လာနေကျကိစ္စမှာ ရှင်းရှင်းအေးကို ပိုးပန်းဖို့လာခဲ့တဲ့ သူဟာ အခု ရှင်းရှင်းအေးမရှိတဲ့ ကာလမှာ နှယ်နီရှိရာ စမ်းချောင်းကလေးဆီလာဖို့ မကြောင်းမရှိဘူး။ ဒါပေမယ့် သူတကယ်ပဲ လာနေပြီ။ သူ့အိတ်ထဲက သကြားလုံးတွေကို စားပါဦးလားလို့ ကျွေးဦးမှာလား။ နှောင်ကောင်းဖံ ဘယ်လိုလူစားလဲ။ ရှင်းရှင်းအေး ပြန်မလာတော့မှန်းသိလို့ မြှားဦးက နှယ်နီဆီ လှည့်ဖို့လာနေတာလား။

နှောင်ကောင်းဖံဟာ သစ်မရရင်တော့ ဝါးနဲ့ပဲပေါင်းကွပ်တော့မယ်ဆိုတဲ့ လူစားလား။ ငါးမရရင်တော့ ရေချိုးပြန်ရုံဆိုတဲ့ လူစားလား။ ငါးမရရင် ရေချိုးပြန်ဖို့ စမ်းချောင်းကလေးဆီလာနေတယ်ဆိုရင်တော့ အဲဒီလိုလူမျိုးကို သင်ခန်းစာကောင်းကောင်းပေးရလိမ့်မယ်။ မအူမလည်ချင်ယောင်ဆောင်နေတဲ့ လူလည်တစ်ယောက်ရဲ့ မခန့်လေးစားပြုလာမှုကို ဟန့်တားကာကွယ်ဖို့ အဆင်သင့်ပြင်ထားတယ်။ မြေဖြူကိုင်တဲ့ သူ့လက်တွေဟာ တော်ရုံယောကျ်ားတစ်ယောက်ကို စမ်းချောင်းထဲ တွန်းချနိုင်လောက်အောင်သန်မာမှုစွမ်းအားတွေ ပြည့်ဝနေတယ်လို့ နှယ်နီ သူ့ကိုယ်သူယုံကြည်နေတယ်။

ဒီအချိန်မှာ အဝါရောင်ညနေခင်းကလေးက နောက်ထပ်မြင်တွေ့ရမယ့် ဇာတ်ထုပ်အသစ်တစ်ခုရဲ့ ဇာတ်ဝင်ခန်းကို စိတ်ဝင်တစားနဲ့ တိုးတိတ်ငြိမ်သက်စွာ စောင့်ကြည့်နေတယ်။ ထိုက ရှန်းပင်တွေက စပ်စုမျက်ဝန်းနဲ့ အစွမ်းကုန် နားစွင့်လို့။ စမ်းချောင်း



ကလေးက မအောင့်နိုင် မအည်းနိုင် ခိုးခိုးခစ်ခစ် ရယ်သံပေးပြီး ပြေးထွက်သွားရဲ့။ ဟော အိပ်တန်းပြန်ငှက်တစ်အုပ်ကတော့ နှယ်နီ လုပ်ရပ်ကို လက်ခုပ်သံပေးဖို့ ခပ်သုတ်သုတ်ပြန်လာနေကြပြီ။

မိချမ်းဝေ

၂၀၀၃ ဒီဇင်ဘာ၊ ဂန္ဓဝင် မဂ္ဂဇင်း။

www.foreverspace.com.mm

အစိမ်းရင့်ရင့် အလွမ်းသင့်ပါချန်

www.foreverspace.com.mm

အစိမ်းရင့်ရင့် အလွမ်းသင့်ပါချန်

တဝေါဝေါ အော်မြည်သံပေးလို့ အရှိန်အဟုန်ကောင်းကောင်းနဲ့ စီးသွန်းထိုးကျနေတဲ့ ရေတံခွန်ရဲ့ အေးစိမ့်မှုဟာ ကျွန်မရဲ့ စိတ်တွေဘယ်လိုမှ ငြိမ်းအေးမှု မပေးနိုင်မှန်း အံ့သြစဖွယ် သိရှိတဲ့အချိန်မှာ ကျွန်မကိုယ့်ကိုယ်ကို မေးခွန်းတွေမေးဖို့ လိုအပ်လာပြီလို့ ထင်ပါတယ်။

ကျွန်မ မောင့်ကို မုန်းသွားပြီလား။ အရင်က ချစ်ခဲ့တယ်ဆိုတာရော သေချာရဲ့လား။ အဲဒီအမုန်းတရားကရော ဘယ်ကစတင်မြစ်ဖျားခံသလဲ။ ကျွန်မ မောင်နဲ့ပတ်သက်ရင် တစ်စုံတစ်ရာ သေချာဖို့ လိုအပ်နေပြီ။

ကျွန်မရင်ထဲမှာ ပူလောင်နေပေမယ့် အပြင်ဘက်မှာရင်ထဲနှင့် ဆန့်ကျင်စွာ အေးမြလန်းဆန်းလို့နေတယ်။ အနီးဝန်း

www.foreverspace.com.mm



ကျင်မှာတော့ ကာယုက်အုပ်မိုးထားတဲ့ သစ်တောကြီးတွေနဲ့ ခြံရံဝိုင်းပတ်ပေါက်ရောက်နေတဲ့ ဝါးရုံတောကြီးတွေဟာ စိမ်းရိပ်ညိုမှောင်နေတာကြောင့် တောင်ကျရေကလည်း စိမ်းမြကြည်လင်နေဟန်ထင်ရဲ့။

"တကယ်တော့ ဒီ 'မလိဝမ်း' ရေတံခွန်ဟာ ဘန်းကချွန်ကျေးရွာမှာရှိတဲ့ ဘန်းကချွန် ရေတံခွန်စီးကြောင်းက ခွဲထွက်လာပြီး 'ချန်ဖန်း၊ အော်ကြီး' ရွာတွေမှ စီးဆင်းလာတဲ့ ရေစီးကြောင်းတို့ ပေါင်းဆုံရာက ဖြစ်ပေါ်လာတယ်လို့ ဆိုကြတယ်ထားရဲ့"

ကျွန်မ ဖွဲ့လန်းနှစ်ခြိုက်ခဲ့တဲ့ မောင့်အသံဟာ ရေတံခွန်ထိပ်ဖျားဆီက မျောပါစီးဆင်းလာတယ်။ သည်တုန်းက ကျွန်မ မောင့်ရင်ခွင်မှာ ချွဲနွဲ့ မှီထိုင်ရင်း စိမ်းစိုဝန်းကျင်မှာ လန်းစင်နစ်မျောလို့ပေါ့။ သည်ဒေသကို တာဝန်နှင့်စောစီးစွာ ရောက်နေနှင့်တဲ့ မောင်ဟာ ဒေသဝန်းကျင်အနေအထားကို အတော်အတန် စောကြောမိနေပြီ။

"တချို့ကလည်း လားမားတောင်တန်းကြီးတွေကနေ လားမားချောင်း နှစ်ခွအဖြစ် ဘယ်ချောင်း ညာချောင်းနှစ်ခု စီးလာသတဲ့၊ ညာဘက်ချောင်းက ရေစီးအလွန်သန်တယ်။ ယိုးဒယား(ထိုင်း)လို 'ခုံးလားမား'၊ ဘယ်ဘက်က ချောင်းကိုတော့ 'ခလွန်လားမား'လို့ ခေါ်ကြလေရဲ့။ ဟောဒီကျေးရွာကလေးကိုတော့ တစ်ချိန်သောအခါက ချိုအီအီတောစံပယ်ပန်းတွေ ပေါများတဲ့နေရာမို့ 'မလိဝမ်း' လို့ ခေါ်ကြတယ်ဆိုပဲ။ ဒီဒေသမှာ တောစံပယ်ပန်းကို မလိပန်းလို့ ခေါ်လေ့ရှိတယ်လေ။

သည်တုန်းက ကျွန်မမောင့်အပေါ် အထင်ကြီးလေးစား



စိတ်တွေ ထိန်းချုပ်မထားနိုင်ခဲ့ဘူး။ ဟောဒီ မလိဝမ်းဆိုတဲ့ နာမည်ကလေးကို ကျွန်မ နှစ်ခြိုက်သကဲ့သို့ မောင်နဲ့ချစ်ခင်ပျော်မောခဲ့ရတဲ့ မလိဝမ်းရေတံခွန်ခရီးကလည်း ကျွန်မအတွက် တစ်သက်မမေ့နိုင်စရာပါ။ လှပတဲ့ရေတံခွန် ဖွေးဖွေးကို နောက်ခံထားပြီး ပြန့်ကျဲတည်ရှိနေတဲ့ အရွယ်စုံကျောက်တုံးကြီးတွေပေါ်မှာ အနေအထားအမျိုးမျိုးနဲ့ ဓာတ်ပုံ အရိုက်ခံရတာ အမောပါပဲ။ ပြီးတော့ နှစ်ယောက်သား ရေသားရေပြင် အေးစိမ့်မှုမှာ တိုးဝင်ကူးခတ်ကြတယ်။ နွေကြိုတေး ဥသြမြည်သံနှင့်အတူ ဆောင်းအကုန် နွေအကူးကလေးမို့ ရေတံခွန်မှာ လူတွေများစပြုနေပြီ။

အဲဒီနေ့က မောင်ကျီစယ်တာများသွားလို့ စိုရွှဲသွားတဲ့ ကျွန်မရဲ့ ဆံပင်ရှည်ကြီးတွေကို အမွှေးပွ မျက်နှာသုတ်ပဝါနဲ့ သုတ်ရင်း ကျောက်တုံးကြီးတွေပေါ်မှာ အကြာကြီး နေစာလှုံခဲ့ကြသေးတယ်နော်။ နေခြည်ဇာပေါက်တွေ ထိုးကျနေတဲ့ ပင်ယံထိပ်ဖျားမှာ အမည်မသိ ကျေးငှက်တွေ တီတာခွန်းတွဲ့ စကားဇာချဲ့နေတာကို ငေးမောနေမိတဲ့ ကျွန်မကို မောင်က "ပျော်လားဟင်" တဲ့။ ပျော်တာပေါ့။ ချစ်သူရဲ့ ချစ်ခြင်းကို ပိုင်ဆိုင်နေရတဲ့ မိန်းမသားတစ်ယောက်အဖို့ အပျော်တွေနဲ့ ပြည့်ဝနေမယ်ဆိုတာ ပြောဖို့လိုလိမ့်ဦးမှာလား မောင်ရယ်။

"မလိဝမ်းကို နားလည်ချင်ရင် ရေမြေတောတောင်နဲ့ ကျေးငှက်သာရကာတွေ ကြည့်ရုံနဲ့ မပြီးဘူး ထားရဲ့၊ မလိဝမ်းရဲ့ စီးဆင်းရာ လမ်းကြောင်းကို တစေ့တစောင်း ချောင်းကြည့်မှ ဖြစ်ဦးမယ်။ ပြောရရင်တော့ ၁၈၅၈ ခုနှစ် အင်္ဂလိပ်အစိုးရ လက်ထက်မှာ တရုတ်နဲ့ ယိုးဒယား(ထိုင်း) လူမျိုးတွေဟာ ဒီနေရာမှာ ခဲမဖြု

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



သတ္တုတွေ တူးဖော်ခဲ့ကြသတဲ့။ ဒီနောက်တော့ ဂျပန်လူမျိုး မစ္စတာရှိစ်နေးတို့၊ မစ္စတာအာခွန်တို့ရဲ့ ခြေရာတွေဟာ သတ္တုတူးဖော်တဲ့နေရာတွေမှာ ဘောင်ဘင်ထ ကျန်ရစ်ခဲ့ပါရောလား။

အဲဒီနေ့က အနီးဝန်းကျင်မှာရှိတဲ့ ရေကာတာတွေ၊ လိုဏ်ဂူတွေ၊ လက်တွန်းထရော်လီ သံလမ်းပြေးနေရာတွေ၊ အုတ်ရိုးနေရာကြီးတွေ၊ အတိတ်ကို ဖော်ဆောင်နေတဲ့ ခဲမဖြူထုတ်လုပ်ရာ (Cheok Ling) စခန်းနေရာတွေမှာ ချစ်သူနှစ်ဦးဟာ သမိုင်းကောက်ကြောင်း သဲလွန်စ အစိတ်အပိုင်းတွေကြားမှာ မမောနိုင်မပမ်းနိုင် လှည့်လည်သွားလာခဲ့ကြတယ်။ မောင်ရှာဖွေလေ့လာထားတဲ့ မလိဝမ်းဆိုင်ရာ အချက်အလက်တွေဟာ ကျွန်မကို မငြီးငွေ့အောင် ဆွဲဆောင်ညို့ငင်လွန်းလှတယ်။

ကော့သောင်းမြို့သို့ (၂၂)မိုင် အပြန်ခရီးကို မောင်ရဲ့ဆိုင်ကယ်နောက်မှာ လိုက်ပါရင်း မပြီးဆုံးနိုင်တဲ့ မောင်ရဲ့ မလိဝမ်းစီးရီးခွေကြီးကို နားဆင်ခဲ့ရပြန်တယ်။

"မလိဝမ်းက ကော့သောင်းထက်တောင် ရှေးကျသေးတယ်တဲ့ဗျာ။ ခဲသတ္တု၊ သံဖြူ၊ ရော်ဘာတွေနဲ့ အခြေကျ ထင်ရှားခဲ့တဲ့ မလိဝမ်းကို မလေးရှား၊ ယိုးဒယား(ထိုင်း)လူမျိုးများကလည်း ကူးသန်းကုန်သွယ်မှု ပြုခဲ့ကြတယ်။ ပြည်တွင်းကုန်သွယ်မှု အနေနဲ့က မြိတ်မြို့ကနေ 'အမရပူရ'ဆိုတဲ့ ဘေးစက်တပ် မီးသင်္ဘောက တစ်လတစ်ကြိမ် မလိဝမ်းကို ဝင်ထွက်ခဲ့တယ်။ ဒီတုန်းက ပါချန်မြစ်ဝကနေ ၁၆ မိုင်ဝေးတဲ့ မလိဝမ်းချောင်းဝဟာ ဆိပ်ကမ်းအဖြစ်တည်ရှိနေခဲ့တာပေါ့"

"အဲဒီလို မလိဝမ်းနဲ့ မြိတ်ကျွန်းစု ဆက်သွယ်သွားလာ



ကြပြီးမှ ရှင်ကြီးအော်တည်ရာ အော်ပိုက်စခန်းတစ်ခုမှာ တဲအိမ်ကလေးတွေ စတင်တည်ဆောက်နေထိုင်ရာက ကော့သောင်းမြို့ရဲ့ မူလအစဖြစ်ပေါ်လာတော့တယ်။ ဒီနေရာမှာ ဘာဝါးကျွန်းနဲ့ ဘောင်းရင်း ကျွန်းငယ်နှစ်ခုကို အမှတ်အသားပြုလို့ 'ပူလိုဒူးဝါး' (ကော့စွန်း)ဆိုပြီး ပေါ်လာခဲ့တော့တယ်။ အဲဒီ ကော့စွန်းဟာ အခု ကော့သောင်းမြို့ပေါ့"

မြန်မာပြည်ရဲ့ ခြေဖျားမြို့ကလေးရဲ့ မူလအစဟာ အဖိုးတန်ထုတ်ကုန်တွေ၊ နယ်ခြားကုန်သွယ်မှုတွေနဲ့ စိတ်ဝင်စားဖွယ်တွေ ဒင်းကြမ်း ပိတ်နေလို့ပါလား။ ဒီကနေ့စည်ကား ခေတ်မီနေတဲ့ ကော့သောင်းမြို့ကြီးရဲ့ တည်မှီရာ မူလအစမြေကို ခြေချခွင့်ရလို့လည်း ကျွန်မအနေဖြင့် မောင့်အပေါ် ကျေးဇူးတင်မဆုံးပါ။

မောင်တစ်ယောက် 'လှိုင်းခြေရာ' ငါးလုပ်ငန်း ကုမ္ပဏီလီမိတက်ရဲ့ အလုပ်တာဝန်ကို လက်ခံပြီးတော့ ကော့သောင်းမြို့ကြီးဆီသွားမည်ဆိုတော့ ကျွန်မ နှုတ်မခမ်းစူမိတယ်။ ချစ်ခင်စ အိမ်ထောင်ဦး ကာလကလေးမှာ ဒီလောက်ဝေးလံတဲ့ အရပ်ဆီမသွားစေချင်တာ အမှန်ပါပဲ။ ကျွန်မကလည်း အစိုးရဝန်ထမ်း အလုပ်ကထွက်ပြီး မောင့်နောက်မလိုက်နိုင်ဘူးလေ။ မက်လောက်အောင်ပေးထားတဲ့ လုပ်အားခ ငွေကြေးပမာဏရယ်၊ စွန့်စားသွားလာလိုတဲ့ မောင့်ရဲ့ဝါသနာရယ်၊ မိသားစုနောင်ရေးဆိုတဲ့ သိပ်မရေရာလှတဲ့ မောင်ပေးတဲ့ ဆင်ခြင်တွေရယ်က အလိုမကျတဲ့ ကျွန်မကို အာစေးမိစေခဲ့တယ်။

"မောင်အရင်သွားပြီး အခြေလည်းကျ၊ နွေလည်း ရောက်လာတဲ့အခါ ထားလိုက်လာနိုင်ပြီပေါ့။ ကော့သောင်းဆိုတာ ခေတ်

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

မီတိုးတက်နေတဲ့ မြို့တစ်မြို့ပါ ထားရဲ့။ ကံကောင်းလို့ အဆင်ပြေရင် …"

"အဆင်ပြေရင် ဘာဖြစ်မလဲ မောင်ရဲ့ …"

"ဩော် ယိုးဒယားဘက်ကမ်းကို ခဏတဖြုတ် နေ့ချင်းပြန် အလည်အပတ်သွားလို့ ရချင်ရမှာလို့ စဉ်းစားမိလို့ပါ"

ဒီလိုဆိုတော့ ကျွန်မရဲ့စိတ်ဓာတ်တွေ လန်းဆန်းတက်ကြွလာပြန်တော့တယ်။ အို မောင်နှင့်များ ဒီလိုခရီးတွေသွားရရင် ဘယ်လောက် ပျော်စရာကောင်းလိုက်လိမ့်မလဲ။ တကယ်တမ်းကျတော့ မောင်သွားပြီး ခြောက်လအကြာ ကျွန်မ ကော့သောင်းကို လိုက်လာတော့ ကျွန်မရဲ့ စိတ်ကူးယဉ် ခရီးစဉ်ကြီး မဖြစ်ခဲ့ပေမယ့် စိတ်ကူးထဲမှာ မပါခဲ့တဲ့ ဟောဒီ မလိဝမ်းခရီးစဉ်ဟာဖြင့် ကျွန်မရဲ့ စိတ်ကို ကြည်နူးနှစ်သိမ့်စေတာ အမှန်ပါ။

သည်တုန်းက တူစုံမောင်နှံ ပျော်ရွှင်ကြည်နူးခဲ့တဲ့ ကျွန်မဟာ နောက်ထပ် တစ်နှစ်ခွဲအကြာ သည်နေရာကို ဒုတိယအကြိမ် ရောက်ရှိလာတဲ့အခါမှာတော့ အခြေအနေတွေဟာ အခြားကြီး ခြားနားခဲ့ပါပြီ။ အဲဒီခြားနားခြင်းတစ်ဖက်ဆီ ဘယ်သူကများ တွန်းပို့ခဲ့တာပါလိမ့်။ ကျွန်မလား၊ မောင်လား၊ မမြင်ရတဲ့ ကံကြမ္မာလား ဒါမှမဟုတ်၊ ဒါမှမဟုတ်…

"သိပ်တော်တဲ့ မောင်ပဲကွာ။ ဒီလောက် ကာလတို အတွင်းမှာ ဒီဒေသရဲ့ ရှေ့မီနောက်မီ အထောက်အထားတွေကို ကိုးကားပြောဆိုနိုင်တာ တော်ရုံအရည်အချင်း မဟုတ်ဘူး။ မောင်ကိုယ်တိုင်က စိတ်ဝင်စားပြီး လေ့လာမှုအားသန်လို့ နေမှာပေါ့နော်"

သည်တုန်းက မောင့်ကို လေးစားအထင်ကြီးစိတ်တွေ ဖိတ်



လျှံနေတဲ့ ကျွန်မဟာ ကာလဒေသအသစ်မှာ 'ပယောဂ' ဆိုတဲ့ တရားကို မေ့လျော့နေခဲ့တယ် မောင်ရယ်။

"မောင့်ကို သိပ်ပြီး အထင်ကြီးမနေနဲ့ဦး ထားရဲ့၊ ဒါတွေ သိရတာ မောင်တော်လို့ မဟုတ်ပါဘူး၊ အရာရာကို အရွယ်နဲ့မမျှအောင် သိမြင်နှံ့စပ်တဲ့ 'တူးတူးမာ' ကြောင့်ပါ။

"ဟင်၊ တူးတူးမာ…ဆိုတာ"

"အဟက် ဟို မောင် ထမင်းလစပေးစားတဲ့ဆိုင်က မိန်းကလေးပါ။ သူက ပညာတော့ သိပ်မတတ်ရှာဘူး၊ ဒါပေမယ့် ရောင်းရေးဝယ်တာ နားလည်ပြီး သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိတယ်၊ အထွေထွေဝါရပ်ကွက်မှာ ထမင်းဆိုင်နဲ့ လက်ဖက်ရည်ဆိုင်တွဲဖွင့်ပြီး မိဘကို လုပ်ကျွေးနေတဲ့ မိန်းကလေးပါ"

"ဩော်…"

သွေးမတော် သားမစပ် မိန်းကလေးတစ်ယောက်ရဲ့ အရည်အချင်းကို အထင်တကြီး ရှုတ်ပြနေတဲ့ မောင့်အပေါ် သံသယကွန်ယက် မဖြန့်ကျက်မိပေမယ့် တူးတူးမာဆိုတဲ့ အမည်နာမဟာ ကျွန်မရဲ့ စိုးရိမ်ရပ်ဝန်းမှာ တိတ်တဆိတ် ငြိစွန်းခိုတွယ်နေခဲ့တယ်ဆိုတာ ကျွန်မကိုကျွန်မတောင် သတိမပြုမိခဲ့ဘူး မောင်ရယ်။

♣

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



အလျားရှည် လှိုင်းကလေးရဲ့ ထိနမ်းကျီစယ်မှုမှာ အမွေးပွကြောင်တစ်ကောင်၏ ကျေနပ်နှစ်သိမ့်မှုမျိုးနဲ့ ခံယူနေတဲ့ သောင်ပြင်ဖွေးဖွေးကို ဘုရင့်နောင်ရုပ်ထု တည်ရာနေရာမှ မြင်တွေ့နေရတယ်။ ဆည်းဆာရီဟာ ခပ်သော့သော့ ပြေးဝင်ပုန်းလျှိုးရန် ကြံစည်နေတဲ့ အလင်းဖျော့လက်ကျန်ကို ကောက်ငင်သိမ်းဆည်းဖို့ မစွမ်းနိုင်သလို ခပ်ငိုင်ငိုင် ကြည့်နေတယ်။ တစ်နေ့တာလုံး ဟိတ်ဟန့်ထုတ်ခဲ့တဲ့ တိမ်ဆုပ်တိမ်ခဲတွေကလည်း အခုမှ တိမ်စုကွဲသလို ရွှေ့လျားဖို့ အားယူနေကြတယ်။

အပြင်ဘက်မှာ အပူရှိန် လျော့ပါးနေပေမယ့် ကျွန်မရင်ထဲမှာတော့ အပူလှိုင်းတွေ ဘောင်ဘင်ထဆဲပါ။ လောင်မြိုက်နေတဲ့ ရင်ဟာ အမုန်းမီးများ ဆပွားမွေးမြူလေရော့သလား။ ပျော်ရွှင်မှုနဲ့ ကြေကွဲမှုတွေ လုပကောင်းမွန်စွာ ယက်ဖောက် ယှက်နွယ်ထားတဲ့ ခန္ဓာကိုယ်နဲ့ ကျွန်မ။

အရင်တစ်ခေါက် ရောက်စဉ်တုန်းကတော့ ဟောဒီ ဇာတိမာန်ဝင့်နေတဲ့ ဘုရင့်နောင်ရုပ်ထုကြီးကို တမော့တမောကြည့်ပြီး…

တပင်ရွှေထီး ကိုယ်တော်တိုင်က ဘုရင့်နောင်ဟူသော ဘွဲ့ကို ချီးမြှင့်ခဲ့သည့် အတိတ်ဆောင်နေသော သမိုင်းပြကွက်ကို ထင်းထင်းကြီး မြင်နေမိတယ်။ တစ်ချိန်သောအခါ ကံကြမ္မာ ညှိုးငယ်စဉ်အခါက အင်္ဂလိပ်တို့ ကျွန်ပြုသိမ်းပိုက်ခြင်းခံရပြီး ဝိတိုရိယ အငူဟူ၍ နာမပညတ်ခံရသည့် နေရာ။ အခုတော့ သစ်ပင်ပန်းမာလာ



စုံလင်စွာ ခြယ်သလို့ မျက်စိပသာဒ ကြည်နူးစရာအတိနဲ့ မြို့သူမြို့သားတွေ အပန်းဖြေ လေညင်းခံရာနေရာ။ ဟိုအဝေး ပါချန်မြစ်ပြင်ဆီမှာ တစ်ဖက်နိုင်ငံကိုငေးရီ ကြည့်နိုင်ပြီး ကိုယ့်မြေကိုယ့်ရေအတွက် ဂုဏ်ယူလေးမြတ်ရာနေရာ။

ခပ်လှမ်းလှမ်းမှာတော့ ဖြူလွလွအဆောက်အဦးတွေနဲ့ သူဌေးကျွန်းစိမ်းမြမြ။ ကြယ်ငါးပွင့် အဆင့်ရှိတဲ့ သူဌေးကျွန်း ဟိုတယ်ကြီးက မြို့ရဲ့ကျက်သရေကို ဆောင်နေတာလား။ မြို့ခံလူထုဘဝ လူမှုကွာဟချက်ကို ပြနေတာလား။

သည်တုန်းက မောင်ရော ကျွန်မပါ "မြို့ကလေးရဲ့ သောက"ကို မြို့ခံကဗျာဆရာ နိုင်တာရာနဲ့အတူ မျှဝေခံစားမိခဲ့ကြတယ်။

မြို့ကလေးဟာလေ…
မျိုးဆက်အမွေကို ကမ်းဝေနေဆဲမှာ
တစ်ပါးသူသယ်လာတဲ့
အမွေညစ်ဆိုးဆိုးတွေအတွက်
သူ့ခေါင်းခွံအက်လောက်အောင်
စိတ်ညစ်နေရ
နာကျင်ခြင်းရင်တမမနဲ့ပေါ့။
မြို့ကလေးဟာလေ
သူ့ဆီအရောက်သယ်လာမယ့်
ကူးစက်ရောဂါတွေ
ရနံ့ ပျက်ပျက် ပုတ်အဲ့အဲ့တွေ
အကျင့်ပျက်စရိုက်ဆိုးတွေ
မရှိမဖြစ်တဲ့

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ခေတ်လွန် သရုပ်ပျက်မှုတွေတွက်
ကိုယ်ခံအားထက်ထက်တွေ သုံးပြီး
နွမ်းခွေရင်း မချိပြုံးပြုံးလို့ပေါ့။ ။

ကဗျာဆရာ စိုးရိမ်ပူပန်မယ်ဆိုရင်လည်း စိုးရိမ်ပူပန်စရာပါပဲ။ တစ်ဘက်နိုင်ငံရဲ့ မြို့ကလေးဟာ ထောင်းထောင်း ဖျက်ဖျက် မြစ်ရေပွက်အောင် ကူးသန်းယှက်နွယ်ခဲ့ကြတာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် မြို့ကလေးဟာ တစ်ဖက်က ပေးလာမယ့် အမွေဆိုးတွေကို သူ့မှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ် ခံစစ်တွေနဲ့ ကျားကုတ်ကျားခဲ ကာကွယ်နိုင်လိမ့်မယ်လို့ မောင်ရော ကျွန်မပါ ယုံကြည်ခဲ့ကြတယ်။

ခုလို မမျှော်လင့်ဘဲ မြို့ကလေးရဲ့ သောကဟာ ကျွန်မရဲ့ သောက ဖြစ်လာလိမ့်မယ်လို့ တွေးထင်မထားမိဘူး မောင်ရယ်။

"ထားရေ မောင့်ကို ခွင့်လွှတ်ပါတော့ကွာ။ မရှောင်သာ လမ်းမြှောင်ကြားမှာ မင်းနဲ့ငါသား ဆိုတာလိုပဲ မောင် တူးတူးမာကို မလွှဲမရှောင်သာ လက်ထပ်လိုက်ရပြီ။ မဖြစ်တန်ကောင်းပါဘူးဆိုပြီး တူးတူးမာနဲ့ အတူသွား အတူလာများခဲ့တဲ့ မောင်ဟာ တစ်နေ့တော့ တူးတူးမာအစ်ကိုတွေရဲ့ ခါးမိုးခြိမ်းခြောက်မှုကို ခံရပါတော့တယ်။ မြို့ကလေးက ကျဉ်းကျဉ်းလေးမို့ မောင်တို့ အသွားအလာအနေအထိုင်က သူတို့မိသားစုရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသတဲ့။ မောင်ရဲ့အသက်က တူးတူးမာရဲ့အရှက် ဘယ်အရာကို ငဲ့မလဲ။ 'ကြိုက်ရာလမ်းရွေးတဲ့' မောင့်ရွေးချယ်မှုအပေါ် ထား နားလည်ပေးပါတော့။ မောင့်ရဲ့ ကျူးလွန်မှုအတွက် ထားအပေါ် ရှက်ရွံ့အားနာနေတာကြောင့် လက်ထပ်ပြီး ခြောက်လအကြာမှာမှ အကြောင်းကြားဖြစ်တာကိုလည်း"



အဲဒီနေ့က မောင် ရန်ကုန်ပြန်လာမယ်ထင်ပြီး အမျှော်ကြီးမျှော်နေမိတဲ့ ကျွန်မဟာ နှလုံးသည်းပွတ်ကို ပွတ်ချွေမယ့် စာတိုကလေးကိုသာ လက်ခံရရှိပါတော့တယ်။ ဟင့်အင်း မယုံဘူး၊ မယုံဘူး မောင့်လက်ရေးသာ မဟုတ်ဘူးဆိုရင် လုံးဝလက်မခံနိုင်တဲ့ အနေအထား။ မောင်ဟာ ဒီလိုတွေဝေယိမ်းယိုင်တတ်တဲ့ လူစားမဟုတ်ဘူး။ ပြီးတော့ မောင်က ကျွန်မကို ရွဲရွဲနစ်နစ်ချစ်ခဲ့တာပဲ။ တက္ကသိုလ် လေးနှစ်လုံးလုံး အချစ်ကြီးချစ်ခဲ့ပြီးမှ နှစ်ဘက်မိဘသဘောတူညီမှုနဲ့ တင့်တောင့်တင့်တယ် လက်ထပ်ခဲ့တဲ့ ချစ်သူတွေ။ ရတောင့်ရခဲ ရထားတဲ့ ဝန်ထမ်းအလုပ်ကို လက်မလွှတ်ချင်တာနဲ့ အလုပ်ကထွက်ပြီး မောင့်နောက်လိုက် မနေတာကလွဲလို့ ကျွန်မမှာ ဘာအပြစ်ရှိလို့ပါလဲ။

"အဝေးမှာ ကြာကြာထားရင် ယောကျ်ားတွေရဲ့ အချစ်ဟာ မီးဝေးတဲ့ချိတ်လို အေးစက်မာခဲသွားတတ်တယ် မိထားရဲ့။ ကိုမောင်မောင်လွင်ကို ဒီလိုတစ်ယောက်တည်း အဝေးမှာ အကြာကြီး မထားသင့်ဘူး။ မင်းလို ရှေ့နောက် မတွေးတော ခေါင်းမာတဲ့ မိန်းမတွေကြောင့် သျှောင်နောက်ဆံထုံးပါဆိုတဲ့ စကားပေါ်လာတာနေမှာ၊ တော်ကြာမှ နောင်တရနေမယ်နော်"

သူငယ်ချင်း သီသီအောင်ရဲ့ စကားကို သည်တုန်းက အလေးအနက်မထား၊ ကျွန်မလေ ရယ်သွမ်းသွေးမိသေးရဲ့။

"မောင်က ထားဆိုတဲ့ မိန်းမကို ချွင်းချက်မရှိ အပြည့်အဝချစ်တာပါနော်။ အဲ ကိုယ့်ဆီက ပြည့်ဝပြီးမှ သူများဆီလှို့ကျမယ်ဆိုရင်လည်း အဲဒီတစ်ယောက်က လှို့ကျတဲ့အဖျားအနား အဖိတ်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

အဝင်လောက်ပဲ ရမယ်လေ”

အခုတော့ သီသီအောင်အပေါ် စကားနိုင်လုခဲ့တဲ့ ကျွန်မဟာ စကားနောက်တရားပါ အနူကျွဲခတ်ဝေဒနာနဲ့ တိုးနေပါပေါ့။ မောင့်ရဲ့စာဟာ ကျွန်မရဲ့ သွေးလည်ပတ်မှုနှုန်းကို မြန်ဆန် ဆူပွက်စေတယ်။ ဟိုအရင် တစ်ခေါက်ကတည်းက တူးတူးမာအပေါ် ကျွန်မသံသယပွားခဲ့ဖို့ ကောင်းတာပေါ့။ ကျွန်မနဲ့မောင် သွားခဲ့တဲ့ နေရာတွေအားလုံး မောင်နဲ့ တူးတူးမာ ရောက်ခဲ့ပြီးသားဆိုတာ ကျွန်မဘာလို့ အကဲမဖမ်းမိခဲ့တာပါလိမ့်။ အခုတော့ သူတို့လက်ထပ်ပြီးတာ ခြောက်လကြာပြီဆိုပါလား။

မောင့်နှလုံးသားထဲကို အစားထိုးဝင်ရောက်လာတဲ့ တူးတူးမာရဲ့ ပုံပန်းသဏ္ဍာန်ကို မှန်းဆကြည့်မိတယ်။ ဘယ်လိုအလှအပ ဆွဲဆောင်မှုတွေနဲ့များ ကျွန်မရဲ့ မောင်ကိုဖမ်းစား ညှို့ယူလိုက်ပါသလဲ။

ကိုယ်လုံးပေါ် မှန်ရှေ့မှာတော့ ပြစ်မျိုးမှည့်မထင်၊ နုထွတ်မွတ်စင်နေတဲ့ အလှနဲ့ကျွန်မလေ။ အသက်အစိတ်ဆိုတာ မိန်းမတစ်ယောက်အတွက် အလှပန်း အပွင့်ဆုံး အချိန်ပါ။ မောင်က ကျွန်မရဲ့ ကကြီးပုံ နဖူးလေးကိုချစ်သတဲ့။ ထွေးထွေးအိအိ ဆံပင်ရှည်ကြီးကိုလည်း မြတ်နိုးသတဲ့။ အညိုရောင်ခဲသား ဆေးတင်ထားတဲ့ မျက်လုံးနဲ့ ပုံဖော်ထားတဲ့ နှုတ်ခမ်းအလှတွေကလည်း ခေတ်ကိုအမီလိုက်နေတဲ့ ကျွန်မရဲ့ ဆင်ယင်ခြယ်သမှုတွေပေါ့။ လက်ထပ်ပြီး အတူနေချိန် တစ်နှစ်မပြည့်သေးတဲ့အတွက် မပျက်ယွင်းသေးတဲ့ ကိုယ်လုံးအလှကလည်း ကျွန်မဘက်က အားသာချက်တွေပေါ့။



အခုတော့ ကျွန်မက အားသာတယ်လို့ ထင်ရတဲ့ အလှတွေဟာ မယှဉ်ပြိုင်လိုက်ရဘဲ ရှုံးနိမ့်သွားပါပေါ့လား။ အဲဒီ တူးတူးမာဟာ ကျွန်မထက်သာလွန်တဲ့ ဘယ်လိုအရည်အချင်းတွေနဲ့ ထုံမွှမ်းထားတာပါလိမ့်။ ဆံတစ်ပင်တင်း ချစ်ခြင်းဇောအဟုန်တွေနဲ့ နေ့မဆိုင်း ညမဆိုင်း မြို့ကလေးဆီ ကဆုန်စိုင်း ဆင်းချလာတဲ့ ကျွန်မဟာ…

“လှိုင်းခြေရာ” ကုမ္ပဏီက ပေးထားတဲ့ အိမ်ကလေးရှေ့မှာ အကြာကြီးရပ်ပြီး ကျွန်မ အိမ်ကလေးကို ငေးကြည့်နေမိတယ်။ ရိုးရိုးသစ်သားအိမ်ကလေး။ ဆေးသား အစိမ်းနုရောင်ခြယ်ထားပြီး ပြတင်းတံခါးတွေမှာ ခန်းဆီး ပြာလွင်လွင်တွေ တဖျပ်ဖျပ်လွင့်နေတဲ့ နေချင့်စဖွယ်အိမ်ကလေး။ ပင်လယ်ပြင်ဘက် မျက်နှာမူထားလို့ အုန်းပင်၊ ကဗွီးပင်တွေရဲ့ ယိမ်းနွဲ့မှုအောက်မှာ လှိုင်းရိုက်ဗုံသံတွေကိုနောက်ခံလို့ တိုးတိတ်ငြိမ်သက်နေတဲ့ အိမ်ကလေး။ တစ်ခါတုန်းက ဒီအိမ်ကလေးဟာ မြို့ကလေးဆီ အလည်လာတဲ့ ကျွန်မကို မောင့်ရဲ့ ချစ်ဧည့်သည် တစ်ယောက်အနေနဲ့ ပျော်ရွှင်ကြည်နူးမှု အပြည့်အဝပေးအပ်ခဲ့တဲ့ နေရာကလေးပေါ့။ ခုတော့ ဟောဒီအိမ်ကလေးထဲမှာ ကျွန်မရဲ့ နှလုံးသည်းပွတ်ကို ဓားထက်ထက်နဲ့ မွှန်းမယ့် တူးတူးမာ ရောက်နှင့်နေပြီ။

စိတ်ဆင်ရိုင်းကို အထိန်းမတတ်နိုင်ဘဲ အိမ်ထဲစွတ်ဝင်သွားတော့ ဧည့်ခန်းမှာ ဘယ်သူမှ ရှိမနေကြဘူး။ ဒါဆိုရင် အိပ်ခန်းထဲမှာရော။ နှစ်ယောက်စလုံး အတူတွေ့လို့ကတော့ မီးလောင်ဖိုးတွေ ဟုန်းဟုန်းတောက်နေတဲ့ ကျွန်မဟာ အိပ်ခန်းထဲမှာ မောင့်ကို တွေ့လိုက်ရတယ် ဆိုရင်ပဲ…

www.foreverspace.com.mm

"ဟင် ထား၊ လိုက်လာတယ်"

"ဟောဒါက မုဆိုးတစ်ပိုင်း ယောက်ျားရိုင်းကြီးအတွက်"

မောင့်မျက်နှာမြင်တော့ ဒေါသရှိန်မြှင့်ပြီး ပါးပြင်ပေါ် လက်တင်ရိုက်ဖို့ အစွမ်းကုန် အားယူလိုက်တဲ့ ကျွန်မကို မြင်းရိုင်းတစ်ကောင်ရဲ့ အကြမ်းပတမ်းတွန်းတိုက်မှုမျိုးနဲ့ မျှော်လင့်မထားတဲ့ မြင်ကွင်းရှုကွက်က ကြိုဆိုနေပါတော့တယ်။

ပထမဦးဆုံး နားထဲဝင်လာတာက ကလေးငိုသံ။ ရုတ်တရက် လှုပ်လှုပ်ရှားရှား၊ အနေအထားကြောင့် အလန့်တကြားအော်ငိုလိုက်တဲ့ မွေးကင်းစကလေးငယ် တစ်ယောက်ရဲ့ ငိုသံ။

ဘာတွေလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ ကျွန်မ တစ်ဝက်တစ်ပျက် ရပ်တန့်သွားတဲ့ လက်ကိုချပြီး ခြေနှစ်လှမ်းဆုတ်လိုက်တော့ မြင်ကွင်းက အခုမှ ထင်ရှားလာတယ်။ ခုတင်ပေါ်မှာတော့ စောစောကလန့်ပြီးငိုတဲ့ မွေးကင်းစ ကလေးငယ်ကလေးကို ရင်ခွင်မှာ ပိုက်လို့ နို့တိုက်နေတဲ့ မိန်းကလေးတစ်ယောက်။ ဆံပင်တိုကလေးတွေကို ကပိုကရို စုစည်းထားတဲ့ ရွက်ကြမ်းရေကျို မျက်နှာကလေးပေါ်မှာတော့ ယုန်သူငယ်မျက်လုံးအစုံ။ ကလေးငယ်ကို ရင်ခွင်မှာပိုက်ပြီး မီးတွင်းထဲက မထွက်သေးတဲ့ သွေးနုသားနု မိန်းကလေးတစ်ယောက်ရှေ့မှာ ကျွန်မရဲ့ အတ္တပုံဆောင်ခဲတွေ ကြွေကျဝပ်ဆင်းသွားတော့တယ်။ ဒီလို အနေအထားမျိုးမှာ ကျွန်မဘယ်လို အတွေးမျိုးနဲ့ သွေးဆိုးရက်စက်ပံ့မှာလဲ။ ကျွန်မရဲ့ တွေးခေါ် မြော်မြင်မှု ဆင်ခြင်တုံတရားဟာ ကျွန်မမိုက်မဲဖို့ အဲဒီလောက် အထိ ခွင့်မပြုဘူး။ သွားပြီ၊ သွားကုန်ပြီ။ တိုက်စစ် မဆင်ရဘဲ တိုက်ပွဲက ပြီးဆုံးသွားပါပြီ။



www.foreverspace.com.mm

ကျွန်မနဲ့ မောင်ကြားမှာ ချစ်စခင်စမို့ လက်ခံဖို့ဝန်လေးနေသေးတာရော၊ ကျွန်မရဲ့ ကိုယ်ကာယအလှ ပျက်ယွင်းသွားမှာကို စိုးရိမ်တာရော၊ ထည့်သွင်းစဉ်းစားဖို့ စိတ်မကူးသေးတဲ့ အရာတစ်ခုဟာ မောင်နဲ့ တူးတူးမာကြားမှာ မဆုတ်မဆိုင်းရောက်နှင့်နေပါရောလား။ မောင့်ရဲ့ အရာမရောက်တော့တဲ့ ဆေးဆိုးပန်းရိုက် တောင်းပန်စကားတွေကို နားမထောင်ချင်တော့ဘဲ၊ အိမ်ကလေးထဲက ပြေးထွက်လာတဲ့ ကျွန်မရဲ့ ခြေလှမ်းတွေကတော့ ကတိမ်းကပါး ယိမ်းယိုင်ခါရမ်းလို့ နေတယ်။

စိတ်၏ စေစားမောင်းနှင်အားကြောင့် လှုပ်ရှားနေတဲ့ ဇိမ်းဆတ်ဆတ် ရင်ဘတ်အစုံထဲမှာတော့ ဒီမြို့က အမြန်ဆုံးထွက်ခွာဖို့ ဆုံးဖြတ်ချက်အပြင် ဘာမှရှိမနေဘူးဆိုတာ ကျွန်မကိုယ်ကျွန်မ အသိဆုံးပါ။ ဒီဆုံးဖြတ်ချက်ဟာ မောင်နဲ့ တူးတူးမာ အတွက် တန်ဖိုးကြီးမားတဲ့ ကျွန်မရဲ့ မင်္ဂလာလက်ဖွဲ့ပဲ ဖြစ်ပါလိမ့်မယ်။

♣

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

နေရစ်ပါတော့ ပါချန်ရယ်။

ယိုဒယား(ထိုင်း)-မြန်မာနယ်စပ်ကို ပိုင်းခြားထားတဲ့ ပါချန်မြစ်ရေစီးရင့်ရင့်ကို လေယာဉ်ပေါ်က ဆီးကြည့်ရင်း ကျွန်မနဲ့ မောင်တို့ရဲ့ ချစ်ခြင်းကို ပိုင်းခြားလိုက်တဲ့ မြေပုံခြေထောက် မြို့ကလေးကို ကျွန်မ နှုတ်ဆက်နေမိတယ်။ ကျွန်းတောင်စေတီ၊ ဆိပ်ကမ်း၊ ခေတ်မီအဆောက်အဦတွေနဲ့ အလှကြီးလှနေတဲ့ မြို့ကလေးရေ။ ပါချန်မြစ်ရေ မခန်းသရွေ့ ကျွန်မရဲ့ အချစ်တွေ ဆက်လက်စီးဆင်းနေမှာပါ။ ကျွန်မမောင့်ကို မမုန်းပါဘူး။ သန့်စင်တဲ့ ချစ်ခြင်းအခြေခံမှာ အမုန်းတရားတွေ စွန်းထင်းပေကျံဖို့ အခွင့်အလမ်း မရှိပါဘူး။

ခုမှတော့ ကျွန်မရင်မှာ အလာတုန်းကလောက် ပြင်းရှပ်လောင်မှုတွေနဲ့ တင်းခဲအုံ့ဖွဲ့ မနေတော့ပါဘူး။ လေယာဉ်လက်မှတ်ရပြီးပါမှ ခရီးစဉ် အပြောင်းအလဲကြောင့် ဝမ်းထဲမှာ တကျုတ်ကျုတ်ဆာလောင်မှုက လွဲရင်ပေါ့။ တစ်ခါတုန်းက မင်္ဂလာဒုံလေယာဉ်ကွင်းမှာ လေယာဉ်ခရီးစဉ် ရွှေ့ပြောင်းရတဲ့အတွက် မြန်မာ့လေကြောင်းမှ ကျွေးတဲ့ နံနက်စာကျွေးမွေးမှု အစီအစဉ်ကလေးကို အမှတ်ရနေမိတယ်။ ဒီမှာတော့ လေယာဉ်ကွင်းမှာသာ တစ်မနက်လုံး အချိန်သာကုန်ရော့၊ ဘာအစီအစဉ်မှ ရောက်မလာခဲ့ပါဘူး။ ဝမ်းတွင်းက ဆာလောင်မွတ်သိပ်မှုကိုတော့ အိမ်အပြန်ဝယ်လာတဲ့ လတ်လတ်ဆတ်ဆတ် ရွှန်းရွှန်းစိုစို ပန်းသီးတွေနဲ့ ဖြည့်တင်းဖို့ အားခဲထားတော့တယ်။ လေယာဉ်စတင်ပျံသန်းချိန်မှာ ဆာလောင်



မှုတွေကို ဖြေရှင်းဖို့ လက်သွက်သွက်နဲ့ ပန်းသီးတွေကို ခွဲစိတ်နေခိုက်မှာ ကြံ့တောင့်ကြံ့ခဲ အလှျူပွဲကလေးနဲ့ တန်းတိုးပါတော့တယ်။

ကျွန်မရဲ့ ရှေ့ခုံမှာ သီလ၊ သမာဓိနဲ့ ပြည့်စုံတည်ကြည်တဲ့ ကြည်ညိုဖွယ်ရာ ရဟန်းတော်နှစ်ပါး။ အချိန်က မွန်းတည့်လုပြီ။ ပျံသန်းချိန် တစ်နာရီကျော်ကျော်အတွင်း ဆွမ်းကိစ္စ ဘယ်လိုမှ မပြီးနိုင်။ လေယာဉ်မယ်ကလေးက ကပ်လှူတဲ့ ကော်ဖီတစ်ခွက်နှင့် ဆန်းဒဝစ်ပေါင်မုန့် တစ်ထုပ်ဟာ ဆရာတော်ကြီးများ နေ့ဆွမ်းအဖြစ် ပြည့်စုံလုံလောက်ပါရဲ့လား။

ကျွန်မ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ အပြုထိုက်ဆုံး အမှုကိုပြုလိုက်ပါတော့တယ်။ ကျွန်မစားဖို့ ခွဲစိတ်ပြီးသားအဆင်သင့် ဖြစ်နေတဲ့ ပန်းသီးသုံးလုံးကို ဆရာတော်ကြီး နှစ်ပါးအား ရက်ရောမှု သဒ္ဓါတရားအပြည့်နဲ့ ကပ်လှူမိချိန်မှာတော့ ဝမ်းထဲက ဆာလောင်မှု ကျုတ်ကျုတ်မြည်သံဟာ ထူးဆန်းစွာပဲ ရပ်တံ့သွားပါတော့တယ်။ မိမိရဲ့ အလိုဆန္ဒကို ဖြိုးခြံချိုးနှိမ်ပြီး ဆရာတော်ကြီးများ နေ့ဆွမ်းဘုဉ်းပေးမှုကြောင့် တစ်ကိုယ်လုံးအေးမြငြိမ်းချမ်းနေပါတော့တယ်။ ဒီအချိန်မှာ ကျွန်မဟာ စွန့်လွှတ်အနစ်နာခံမှုရဲ့ လေးနက်တဲ့ သဘောတရားကို ခံစား နားလည်စွာပဲ မောင်တို့မိသားစုကို အမှတ်ရလိုက်မိတယ်။

ကျွန်မစိတ် ထားတတ်သွားပါပြီ မောင်ရယ်။

သည်လိုနဲ့ အချိန်ကြာလာတာနဲ့အမျှ အရာရာဟာ နဂိုအတိုင်း နေသားတကျဖြစ်သွားမှာပါ။ ။

မိချမ်းဝေ

၂၀၀၂ မတ်လ၊ ကလျာ မဂ္ဂဇင်း

www.foreverspace.com.mm

ကမ္ဘာ့မြေရဲ့ ဆည်းလည်းသံ

www.foreverspace.com.mm

# ကမ္ဘာ့မြေရဲ့ ဆည်းလည်းသံ

ပြတင်းတံခါးကိုဖွင့်လိုက်တဲ့အခါ နံနက်ခင်းလေပြည်ကလေးက သမီးရဲ့ ပါးပြင်နုနုကို လှမ်းတို့ကျီစယ်လိုက်တဲ့အတွက် လန်းစင်တက်ကြွမှုတွေနှင့်အတူ ညှို့သက်ညင်သာတဲ့ အပျော်ခတ်ကလေးကိုပါ တစ်ပါတည်း လက်ခံရရှိတော့တယ်။

နေခြည်နုနုအောက်မှာတော့ မျက်စိတစ်ဆုံးမြင်နေရတဲ့ သမီးတို့ရဲ့ နှင်းပန်းမြိုင်ခြံကြီးဟာ ဖွေးဖွေးထနေတဲ့ ဂန္ဓာမာစောင်ကြီးကို ဣန္ဒြေရရခြုံလို့ လဝန်းလဲ့ပြာတို့၊ မီးလျှံအနမ်းတို့…စတဲ့ ဆန်းဆန်းပြားပြားအမည်တွေနဲ့ နှင်းဆီခင်းကြီးကတော့ ရှင်သန်ဖို့အားယူဆဲလေ။

ဟော…မေမေတောင်မှ ပန်းခင်းထဲ ရောက်နေပြီပါလား။ စောစောစီးစီး ပန်းဝယ်သူရောက်နေပြီတူရဲ့။ မြက်ခမောက်ကိုဆောင်းပြီး မေးသိုင်းကြိုး အနီရောင်ကလေး ကျနေပုံကဝါရွှေအလင်းနဲ့ ဟပ်နေတာမို့ ပျိုမျစ်နုနယ်ဆဲ မေမေ့အလှကို ငေးကြည့်ခံစားနေမိတယ်။ ရှမ်းသွေးနွယ်တဲ့ မေမေ့အလှကို သမီးမမီတာ ဝန်ခံပါတယ် မေမေရယ်။ နေ့စဉ်လှုပ်ရှားနေရတဲ့ ခြံအလုပ်တွေကြောင့် အဆီမစု အသားပိုမတက်သေးတဲ့ မေမေ့ရဲ့ ကောက်ကြောင်းထင်းထင်း အလှအပတွေကို သမီး အားကျလို့ မဆုံးဘူး။

www.foreverspace.com.mm



ကြည့်လေ…မေမေ ဂန္ဓမာပန်းရိုးတံရှည်တွေ ဖြတ်ပြီး ပွေ့ယူလာတဲ့မြင်ကွင်းကို ဘယ်ပန်းချီရေးမီနိုင်ပါ့မလဲ။ အသက်သုံးဆယ်သီသီစွန်းပေမယ့် မေမေ့နုပျိုမှုတွေက အသက်အစိတ်ထက်ပိုဟန်မတူဘူးဆိုတာ သမီးရဲရဲကြီး အာမခံရဲပါတယ်။ အဲ့ဒီ နုနယ်ပျိုမျစ်ခြင်းတွေဟာ ယောကျ်ားတစ်ယောက် (သမီးဖေဖေ) ကို ဆွဲဆောင်မထားနိုင်ဘူးဆိုတဲ့ ကိစ္စကိုတော့ သမီးဘယ်လိုမှ နားမလည်နိုင်တော့ဘူး။ ယောကျ်ားတွေဟာ မိန်းမတွေရဲ့ အလှအပမှာ ယစ်မူးသာယာတယ်ဆို၊ မေမေ့ အလှအပတွေဟာ ဖေဖေ့အတွက် ဘာကြောင့် အချည်းအနှီးဖြစ်ခဲ့ရတာလဲ။ ယောကျ်ားနှင့်မိန်းမ ချည်နှောင်တွယ်တာမှုတွေမှာ အခြားဘယ်အရာတွေ ပေါင်းစပ်နေသလဲဆိုတာတော့ သမီးတွေးလို့ ဉာဏ်မမှီတော့ဘူး။

ဘာလိုလိုနဲ့ ရှစ်နှစ်ဆိုတဲ့ အချိန်ကာလဟာ ခဏကလေးလိုပါပဲ၊ ဖေဖေကမေမေ့ကို စွန့်ခွာထားရစ်တာ သမီး ဒုတိယတန်းအရွယ်ပေါ့။ ဖေဖေကမေမေ့ကို စွန့်ခွာတာလား မေမေကဖေဖေ့ကို စွန့်ပစ်တာလား။ ဒါတော့ သိပ်မသေချာဘူး။ ဘယ်သူကဘယ်သူ့ကို စွန့်ခွာတာပဲဖြစ်ဖြစ်၊ စွန့်ပစ်တာပဲဖြစ်ဖြစ် သမီးမှာ ဖေဖေမရှိတော့တာတော့ သေချာတယ်။

"လူကြီးတွေ အသုံးမကျတာနဲ့ ကလေးမှာကြားထဲက မြေစာပင်ဖြစ်ရတယ်" ဘွားဘွားယဉ်က ဖေဖေနဲ့မေမေ ကွဲကွာမှုအပေါ် တဗျစ်တောက်တောက် ပြောလေ့ရှိပေမယ့် ပြင်ဦးလွင်ကဘွားဘွားမြကတော့ တောင်ပေါ်သူပီပီ ဘာထင်မြင်ချက်မှ မပေးရှာဘူး။ သူ့သမီး စိတ်ချမ်းသာဖို့ အဓိက။ ပေါင်းတာထက် တကွဲစီနေတာ စိတ်ချမ်းသာတယ်ဆိုရင် စိတ်ချမ်းသာတာကို အားပေးတဲ့သဘော။



ဖေဖေမရှိတော့ မေမေစိတ်ချမ်းသာကောင်း ချမ်းသာမှာဖြစ်ပေမယ့် သမီးအမြင်တော့ မေမေ့တစ်ယောက်ထဲ အထီးကျန်ဆန်သွားတာပေါ့။ မေမေက အဲဒါကို ပုံကြီးချဲ့ ဝမ်းနည်းပုံတော့ မရပါဘူး။ ခြံအလုပ်တွေက မေမေ့ကို ဝမ်းနည်းကြေကွဲဖို့ အခွင့်အရေးအချိန်အခါ မပေးတာလည်း နေမှာပါ။ ခြံအလုပ်ဆိုတာ ဆယ့်နှစ်ရာသီပတ်လုံး နားမှ မနားရတာ။ ဖေဖေရှိစဉ်က ဒီခြံအလုပ်ကို စိတ်ဝင်စားမှုမရှိတာ၊ ဝင်ငွေရတဲ့ အလုပ်လို့မမြင်တာ၊ ရထားတဲ့ဘွဲ့နဲ့ ပေါက်တူးမကိုင်နိုင်ဘူးဆိုတဲ့ အယူအဆ လွဲချော်မှုတွေရှိတာ…ဒါတွေကညှိမရတဲ့ ကြိုးတွေအဖြစ် အိမ်ထောင်ရေးကွာဟမှုဖြစ်ခဲ့တာလားဆိုတာ သမီးကြီးလာတော့မှ တဖြည်းဖြည်းတွေးကြည့်မိတာပေါ့။

မေမေတို့က တောင်ပေါ်သူ။ မြေကြီးနဲ့ နီးနီးကပ်ကပ်၊ သဘာဝတရားကြီးနဲ့ ရင်းရင်းနှီးနှီး၊ အစားအသောက်လည်း အခင်းထဲက ခူးဆွတ်စားလိုက်တာပဲ။ ဟိုတုန်းကတော့ မေမေတို့ စားပင်သီးပင်စိုက်ကြတာပေါ့။ ဂေါ်ဖီ၊ မုန်လာ၊ ဂေါ်ရခါး၊ ကြက်ဟင်းခါး၊ မေမေကိုယ်တိုင် ဈေးကို စက်ဘီးကယ်ရီနဲ့ သယ်ပို့၊ နောက်ပိုင်းထွေလာဂျီတွေ ပေါ်လာတော့လည်း မေမေကိုယ်တိုင် ဈေးကွက်အရောက်ပို့ပေါ့။

ဒီဘက်ခေတ် ပန်းတွေခေတ်စားလာတော့ မေမေ့မှာ ပိုတောင်အလုပ်များလာသေးရဲ့။ ပန်းရော၊ သီးပင်စားပင်ရောဆိုတော့ စိုက်ခင်းထဲကကိုမတက်ရတော့ဘူး။ သမီးဖေဖေသာ လက်ညီခဲ့ရင်ဆိုတဲ့ စကားမျိုး မေမေနှုတ်ကမပြောတာ သမီးအံ့သြတယ်။ မရနိုင်တဲ့ အရာကိုတမ်းတမနေတာ ချီးကျူးစရာပါ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။





မအားနားရတော့ သမီးကဦးနောင်ကို ကျေးဇူးတင်တယ်။ နှင်းပန်းမြိုင်ကို ဦးနောင်ရောက်လာပြီး မေမေနဲ့ တရားဝင်လက်ထပ်လိုက်တဲ့အတွက် သမီးဘက်က ဘာမှပြဿနာ မရှိပါဘူး။ ကျေနပ်ပါတယ်။

မေမေနဲ့ ဦးနောင်ကိစ္စမှာ သမီးဘက်က ပြဿနာမရှိပါဘူးဆိုတော့ ပြဿနာရှိသူက ဘယ်သူလဲ။ ဖေဖေလား။ ဟင့်... အင်း...ဖေဖေက မေမေ့ထက်တောင် စောပြီးမိန်းမယူဦးသေးရဲ့။ ဖေဖေ့နောက်မိန်းမက ဖေဖေတို့ရုံးကပါပဲ။ အမယ် မေမေနဲ့ လက်ကြော်မတင်းခဲ့တဲ့ ဖေဖေက နောက်မိန်းမ အန်တီငွေလက်ထဲမှာတော့ စီးပွားရှာကောင်းနေပါလား။ ရုံးတစ်ဖက်နဲ့ ဘွားဘွားယဉ်ရဲ့ ဗင်ကားလေးကို အပြင်မှာ တက္ကစီဆွဲလို့။ အန်တီငွေက မေမေ့ထက်စည်းရုံးရေးကောင်းလို့ နေမှာပေါ့နော်။ အန်တီငွေက မိန်းမချောပါပဲ။ တစ်မျိုးစီပေါ့လေ...မေမေလှတာနဲ့တော့ မတူပါဘူး။ အန်တီငွေကြည့်လိုက်ရင် အမြဲတမ်းကြော့လို့။ နှုတ်ခမ်းနီနဲ့၊ လက်သည်းနီနဲ့၊ ရန်ကုန်သူ စာရေးမစတိုင်လ်ပေါ့။ ဖေဖေက အန်တီငွေး လက်ထဲမှာတော့ ခိုင်းသမျှစေသမျှ ဟဲဟဲထ လုပ်ပေးနေလိုက်တာ အပိုးကိုကျိုးလို့။ နှင်းပန်းမြိုင်ခြံထဲက အလုပ်ကို အလုပ်မထင်ခဲ့တဲ့ဖေဖေဟာ တက္ကစီမောင်းတဲ့ အလုပ်ကိုတော့ အလုပ်လို့ သတ်မှတ်သလား။

သမီးကျောင်းပိတ်တိုင်း ရန်ကုန်အိမ်ကိုသွားလေ့ရှိတာမို့ ရန်ကုန်အိမ်နဲ့ နှင်းပန်းမြိုင် အနေအထားမတူတာတွေ သတိထားမိတယ်။ မြို့ကြီးပြကြီးနဲ့ နယ်မြို့မတူတာလည်းပါပါတယ်။ အစားအသောက်ဆိုလည်း ရန်ကုန်အိမ်မှာ အသားကို အားပြုစားတယ်။



ငါးပိငါးခြောက်၊ ငံပြာရည် မပြတ်ဘူး။ နေတာကတော့ ကျောက်မြောင်းထဲမှာ ကိုယ်ပိုင်တိုက်နဲ့၊ ကားနဲ့ မရှိမရှားဆိုတော့ ဖေဖေ နှင်းပန်းမြိုင်မှာ မပျော်တာ သမီး သဘောပေါက်ပါတယ်။ ပေါက်ဖွားကြီးပြင်းပုံချင်း မတူညီတဲ့အချက်တွေက အိမ်ထောင်ရေးမှာ အက်ကြောင်းထင်စေတယ်ဆိုတာ အချိန်အတော်နှောင်းမှ သမီးသိလာရတယ်။

ပြီးတော့ ဘွားဘွားယဉ်တို့အိမ်မှာက အပြောအဆို အနေအထိုင် ယဉ်ကျေးသိမ်မွေ့ရတယ်။ စားတာကအလျှံ့အပယ် ကျွေးပေမယ့် ဇွန်းနဲ့၊ ခက်ရင်းနဲ့ စနစ်တကျစားရတယ်။ စကားပြောရင်လည်း၊ ယဉ်ယဉ်ကျေးကျေး၊ တိုးတိတ်ညင်သာ ဒေါ်လေးဝင်းနှင့် ဒေါ်လေးသီတို့က တက္ကသိုလ်က ကထိကကြီးတွေဆိုတော့ ဘိုဆန်းတယ်ခေါ်မလား၊ စနစ်ကြီးတယ်ခေါ်မလား၊ တစ်မျိုးတော့ တစ်မျိုးပါပဲ။

သမီးကလည်း လျှင်ပါတယ်။ ပြင်ဦးလွင်ကနေပြီး ကျောက်မြောင်းအိမ်ရှေ့ရောက်တာနဲ့ အချိုးကို ပြင်လိုက်တာလေ။ ပန်းတောခရမ်းတောထဲက အမေတူသမီး လင်း မဟုတ်တော့ဘူး။ ဘွားဘွားယဉ် အကြိုက်ဆင်မယဉ်သာ လင်း ဖြစ်နေပြီ။

"လင်း ဒီအရွယ်ကြီးရောက်နေပြီ ဘောင်းဘီရှည်ကြီးတကားကားနဲ့ ထားထား ဘာမှမချုပ်ပေးဘူးလား"

သမီး ဘောင်းဘီရှည်ဝတ်တာနဲ့ ပတ်သက်ပြီး ဒေါ်လေးသီက စိတ်တိုင်းကျပုံမပေါ်ဘူး။ မေမေ့ကို လှမ်းအပြစ်ဖို့နေတယ်။ သူတို့က သူတို့ယောင်းမကို ထားထား ခေါ်တာလေ။ အဲဒီ အခေါက်က ရန်ကုန်မှာ ခေတ်စားနေတဲ့ စကပ်ထမီဆိုတာလား အဲဒါတွေ ချုပ်ပေးလိုက်လို့ သမီးမှာ စိတ်ညစ်ရသေးတယ်။ လမ်းလျှောက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ရင်ဟိုကလန် ဒီကတုပ်နဲ့ စိတ်မရှည်ပါဘူး။ တောင်ပေါ်ပြန်ရောက်တော့ သွားရေ့ဆိုချောင်းထိုးလိုက်ပြီး ဝတ်နေကျ ဘောင်းဘီနဲ့ ဒါဝတ်ဘိုင်ပြန်လုပ်တော့ ကိစ္စပြတ်ရော။ သူတို့သာသိရင် ရန်ကုန်အိမ်ရိပ်တောင် နင်းရတော့မှမဟုတ်ဘူး။

ဒီမှာက အဲဒါတွေဝတ်ပြီး အိုက်တင်ထုတ်လမ်းလျှောက်နေလို့ မရဘူးလေ။ မေမေတစ်ထမ်း သမီးတစ်ရွက် လုပ်အားဆက်နေရတာ။ ဦးနောင် နယ်ထွက်လို့ မေမေပွဲရုံထွက်တဲ့အခါ ကျန်တဲ့မေမေ့အလုပ်တွေ သမီးဝင်ကူရတော့ ဟွန်ဒါဆိုင်ကယ်ကလေးနဲ့ မြို့တစ်နံတစ်လျား လျှောက်မောင်းရတာ အဲဒီစကတ်ထဘီကြီးတွေနဲ့ မဟန်လှပါဘူး။ ဒီတော့ ဒေါ်လေးသီချုပ်ပေးလိုက်တာတွေက နောက်တစ်နေ့ကျောင်းပိတ်လို့ ရန်ကုန်အိမ်သွားမှ အသုံးဝင်တော့တယ်။ ရန်ကုန်အိမ်ရောက်တော့လည်း သူတို့အကြိုက်ပုတီးကလေးစိတ်လိုက် ကွန်ပြူတာလေးနှိပ်လိုက်ပေါ့။

ဖြစ်ပါတယ်။ ဒီလိုပဲ သမီးနှစ်အိမ်ခွပြီးနေတာလေ။ မေမေနဲ့ ဦးနောင်နဲ့ လက်ထပ်တော့မှ ဘွားဘွားယဉ်က သမီးကိုအပိုင်မွေးချင်တယ် ဖြစ်လာတော့တယ်။ မေမေလက်ထပ်တာ ဖေဖေကတောင် ဘာမှမပြောဘူး။ ဘွားဘွားယဉ်က သိပ်မကြိုက်တဲ့ ပုံမျိုးဖြစ်နေတာ သမီးရိပ်မိနေတာပေါ့။ ဒေါ်လေးနှစ်ယောက်လည်း အတူတူပါပဲ။

"သမီး မိန်းကလေးဆိုတာ ပထွေးနဲ့မနေအပ်ဘူး"

ဘွားဘွားယဉ်ပါးစပ်ဟလိုက်တာနဲ့ ဘာကိုဆိုလိုတယ်ဆိုတာ သမီးသဘောပေါက်ပါတယ်။ ဦးနောင်က ပထွေးဆိုပေမယ့် ဘွားဘွားယဉ်တို့ထင်သလို မဟုတ်ပါဘူး။ သမီးငယ်ငယ်ကတည်းက ချီပိုးထိန်းကျောင်း၊ ကျောင်းကြိုပို့ခဲ့ရသူမို့ သမီးအပေါ် သမီးရင်း



www.foreverspace.com.mm

နဲ့မခြား ချစ်နိုင်သူပါ။ အဲဒါကို ပြဿနာမဟုတ် ပြဿနာလုပ်ပြီး ဘွားဘွားယဉ်က "သမီးအတန်းကြီးလာပြီ၊ နှစ်အိမ်ခွ လုပ်မနေနဲ့တော့၊ ရန်ကုန်မှာပဲ အပြီးလာနေတော့၊ သမီး ပညာရေး ဘွားဘွားတို့ တာဝန်ယူတယ်"

ဆိုတော့ ... ဘယ်ဖြစ်မလဲနော်။ သမီးကြီးလာရင် မေမေ့ရဲ့ ထီးဖြစ်ရမှာပေါ့။ မေမေ့ကို ကူညီနိုင်တဲ့ အရွယ်ရောက်မှ ခြေစုံကန်ပြီး အဘွားအိမ် အငြိမ်းလာနေလို့ ဘယ်ဖြစ်မလဲနော်။ ဖေဖေနဲ့အန်တီဌေး ကလေးတစ်ယောက်မှမရလို့ ဒီအိမ်မှာနေရင် ပြဿနာမရှိဘူးဆိုတာ သိပေမယ့် ရေရှည်မှာ သမီးဘယ်ပျော်ပါ့မလဲ။

"ဟင့်အင်း…သမီး မေမေ့ကို မခွဲနိုင်ဘူး။ နှင်းပန်းမြိုင်ကိုလည်း မခွဲနိုင်ဘူး။ ခြံအလုပ်က ပင်ပန်းပေမယ့် ကိုယ်စိုက်တာကိုယ်ခူးဆွတ်ရတာ ပျော်စရာကောင်းတယ် ဘွားဘွားရဲ့။ ရန်ကုန်နဲ့ နှင်းပန်းမြိုင် ရှုရတဲ့လေခြင်း မတူဘူး။ စားရတဲ့သစ်ဥသီးနှံချင်း မတူဘူး။ အို…ချိုးရတဲ့ ရေချင်းတောင်မတူဘူး။ နှင်းပန်းမြိုင်နားက ဖြတ်စီးတဲ့ စမ်းချောင်းကလေးမှာ ရေချိုးရတာ…

"ဘာ…စမ်းချောင်းမှာ ရေချိုးတယ်…ဟုတ်လား"

"ဟုတ်တယ်လေ ဘွားဘွားရဲ့…စမ်းချောင်းထဲမှာ ရေဆင်းစိမ်လိုက်ရင် တစ်နေ့လုံး ပင်ပန်းထားတဲ့ အညောင်းအညာတွေ ပြေကုန်ရော…သိပ်နေလို့ ကောင်းတာ"

"ဘုရား…ဘုရား" စမ်းချောင်းမှာရေချိုးတာများ ဘုရားတစရာလားနော်၊ အဲဒါပဲ သမီးနဲ့ဖွားဖွားယဉ်တို့ မဖြစ်တာ။ ရန်ကုန်မှာက ရေချိုးခန်းထဲမှာ ရေချိုးမယ်၊ မြစ်ဆိပ်ကမ်းမှာနေတဲ့ လူတွေက မြစ်ဆိပ် ကမ်းဆိပ်မှာရေချိုးမယ်၊ စမ်းချောင်းနံဘေးမှာနေတဲ့ သူတွေက စမ်းချောင်းမှာ ရေချိုးမယ်၊ ဒါသဘာဝပဲဟာ…အဲဒါကို

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မျက်လုံးကြီးပြူးပြီး သမီးကို မမြင်ဘူးသလိုမျိုးကြည့်နေလိုက်တာများ။ သူတို့က မြေကြီးတို့၊ မြစ်တို့၊ ချောင်းတို့ကိုသာကြောက်တာ။ အဲဒီမြေ၊ အဲဒီရေက သီးပွင့်တဲ့ သစ်ဥသီးနှံတွေကိုတော့ကြိုက်ပေါ့။ သမီး ရန်ကုန်လာရင် တစ်ခေါက်တစ်ခေါက်သယ်လာတဲ့ ထောပတ်သီး၊ လိမ္မော်သီး၊ သံပရာသီး၊ တယ်သီးတွေဆိုတာ နည်းတာမဟုတ်ဘူး။ ကုန်တာပဲ။ သမီးတို့ဆီမှာက ဘာမဆို လက်လက်ဆတ်ဆတ် စားရတယ်။ ဒါကြောင့် သမီးဒေါ်လေး နှစ်ယောက်ထက် ထွားနေတာပေါ့။

ဒီလိုနဲ့ ရန်ကုန်မှာ သမီးကိုခေါ်ထားမယ့်ကိစ္စက ညှိနှိုင်းလို့မရဘဲ တန်းလန်းကြီးဖြစ်နေတယ်။ ဖေဖေကတော့ သမီးရဲ့ဆန္ဒပါပဲ။ သူ့သမီး သူ့ဆီတစ်နှစ်တစ်ခေါက်၊ တစ်နှစ် နှစ်ခေါက် မှန်မှန်လာနေတဲ့ ကိစ္စကိုကျေနပ်တယ်။ ဘွားဘွားယဉ်လို အတွေးခေါင်ပြီး တောင်တောင် အီအီမတွေးဘူး။ ပြီးတော့ ဖေဖေက မေမေ့ကိုလည်းယုံတယ်။ မေမေရွေးချယ်လိုက်တဲ့လူဟာ သိပ်အချာစား၊ အညံ့စားကြီးထဲက မဟုတ်နိုင်ဘူးလို့ မေမေ့အရည်အချင်းကိုလည်း ယုံတယ်။

အဲဒီအခေါက် ရန်ကုန်ကပြန်လာပြီးတဲ့အခါ သမီးနဲ့ပတ်သက်တဲ့ အစီအစဉ် တစ်ရပ်ကကြိုဆိုနေတော့တယ်။ အဲဒါက ဦးနောင်ရဲ့ အစီအစဉ်ပေါ့။ ဘွားဘွားယဉ်နဲ့ ဦးနောင်တို့ သမီးအပေါ်မှာလမ်းကြောင်းချ ပေးတာချင်းမတူညီပေမယ့် စေတနာထားတာချင်းတော့ အတူတူပါပဲ။

"ဒီနှစ်သမီး ၁၀ တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ရအောင် (.....) ဘော်ဒါမှာထားပေးမယ်။ အိမ်မှာဆို ပညာရေးထက် အလုပ်ထဲပဲ စိတ်ရောက်နေမှာဆိုတော့ ထူးထူး



ချွန်ချွန်မဖြစ်ဘဲနေမယ်။ သမီးဖေဘက်က ပညာတတ်တွေချည်းဆိုတော့ သမီးကိုလည်းပညာတတ် တစ်ယောက်ဖြစ်ဖို့ မျှော်လင့်လိုလားကြမှာပဲ။ ထူးချွန်ထက်မြက်တဲ့ သမီးတစ်ယောက်ဖြစ်ဖို့ ကြိုးစားရမှာ သမီးတာဝန်၊ ဦးနောင်ကတော့ သမီးကိုဆေးတက္ကသိုလ်တို့ ကွန်ပြူတာတက္ကသိုလ်တို့ တက်စေချင်တယ်။ သမီးရဲ့ အားထုတ်မှုစွမ်းရည်တို့ကိုကြည့်ပြီး နိုင်ငံခြားကို ပညာတော်သင်လွှတ်ဖို့အထိ ဦးနောင်စဉ်းစားထားတယ်။

သမီးအပေါ်မှာထားတဲ့ ဦးနောင်ရဲ့ စေတနာကတော့ လေးစားစရာပဲ။ နှင်းပန်းမြိုင်ကို ဦးနောင်ရောက်လာပြီးမှ အိုမင်းနေတဲ့ အိမ်ငယ်ကလေးကိုလည်း တစ်ထပ်တိုက်ပြားကလေး ပြန်ဆောက်လိုက်နိုင်တယ်။ လုပ်ငန်းကိုလည်း စိုက်ခင်း၊ ပွဲရုံအပြင် အခု မက်မန်းဝိုင်တို့ ဂျင်ဂျာဝိုင်တို့ပါ တိုးချဲ့ထုတ်လုပ်တယ်။ သီးနှံကရတဲ့ငွေ၊ ပန်းခင်းက ရတဲ့ငွေ၊ ပွဲရုံကရတဲ့ငွေကို တစ်ကန့်စီ သုံးတန်သုံး စုတန်စုနဲ့ အနောက်ဘက်မြေကွက်တွေ တိုးချဲ့ဝယ်ပြီး အချိန်တိုတိုအတွင်း စီးပွားဖြစ်စုဆောင်းမိတာတွေဟာ မိသားစုရဲ့ ကံကြမ္မာနဲ့လည်းဆိုင်မယ်ထင်တယ်။

သူများတွေ အပင်ပိုးကျတာ၊ ဖောက်သည်လိမ်ပြေးတာတွေနဲ့ ကြုံပေမယ့် သမီးတို့မှာ သူတော်ကောင်းတွေချည်းတွေ့ရတော့ စီးပွားဖြစ်မြန်တာပေါ့။ ဘယ်လောက်စီးပွားဖြစ်ဖြစ်လေ ဦးနောင်က သမီးအတွက် မစဉ်းစားပေးဘူးဆိုရင် သမီးဘဝက ဒုံရင်းပဲရှိ မဟုတ်လား။

သမီးကို (-----) ဘော်ဒါမှာ ထားမယ်ဆိုတဲ့ အစီအစဉ်ကြောင့်ပဲ သမီးဘယ်တုန်းကမှ စိတ်ကူးမယဉ်ရဲခဲ့တဲ့ ကိစ္စတစ်ခုက

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

ဖြုန်းစားကြီး မိုးပေါ်ကရောက်ချလာတာလေ။ ဦးနောင်က သမီး ပညာရေးအတွက် ဘော်ဒါထားပေးမယ်။ နိုင်ငံခြားအထိ ပညာ တော်သင်လွှတ်မယ်ဆိုတဲ့ စကားကြားရလို့ ဝမ်းသာနေချိန်မှာပဲ ဒီထက်စိတ်လှုပ်ရှားစရာကောင်းတဲ့ အစီအစဉ်တစ်ရပ်က ဖြုန်း စားကြီးပေါ်လာတော့ သမီးရင်တွေခုန်လိုက်ရတာ အရမ်းပဲ။ သမီး တစ်သက် ဒီအခွင့်အရေးမျိုးရဖို့ စိတ်ကူးမယဉ်ခဲ့မိရိုး အမှန်ပါ။

(-----) ဘော်ဒါကို အုပ်ချုပ်တဲ့သူက ဖေဖေ့မိတ်ဆွေ ဟောင်း လေးလေးသောင်းပါ။ ဖေဖေကမေမေနဲ့ အိမ်ထောင်ကျပြီး ပြင်ဦးလွင်မှာနေတဲ့ ကာလတစ်လျှောက်လုံး အတူတွဲခဲ့တဲ့ မိတ်ဆွေ ဆိုတော့ ဖေဖေတို့ဇာတ်ကြောင်းကို ထဲထဲဝင်ဝင်သိတဲ့လူပါ။ သမီး ကိုဘော်ဒါထားမယ်လည်းဆိုရော သမီးက လေးလေးသောင်းနဲ့ သွားတွေ့တဲ့အခါ လေးလေးသောင်းဆီက မမျှော်လင့်တဲ့ အစီအစဉ် သိရတာပါ။

"သမီးလင်း…ရေ သမီး ဖေဖေ ပြင်ဦးလွင်က ထွက်သွား တာ ရှစ်နှစ်ရှိပြီနော် တစ်ခေါက်မှမလာတော့ဘူး။ လာစရာ အကြောင်းလည်း မရှိတော့ဘဲကိုး။ ဒီတော့ သမီးဖေဖေမလာ လာ အောင်ခေါ်နိုင်တဲ့တန်ခိုး လေးလေးသောင်းမှာရှိတယ် သိလား။ သမီးကရော ဖေဖေ့ကို ပြင်ဦးလွင်လာစေချင်လား ပြောပါဦး"

"အို…လာစေချင်တာပေါ့ လေးလေးသောင်းရယ်၊ သမီး ဖေဖေသာ ပြင်ဦးလွင်လာမယ်ဆို သမီးသိပ်ကိုပျော်မှာ လေးလေး သောင်း ဘယ်လိုလုပ်မှာလဲဟင်"

"လွယ်ပါတယ်ကွာ (-----) ဘော်ဒါက မိဘအုပ်ထိန်းသူ အဖေရော အမေရော လက်မှတ်ရေးထိုးအပ်နှံမှ လက်ခံမယ်လို့ ဖုန်းဆက်လိုက်ပါ။ (-----)အုပ်ချုပ်သူက လေးလေးသောင်းလို့



မပြောနဲ့ဦး။ ဒါဆို ဒီကောင်ကြီးဒုန်းစိုင်းပြီး ရောက်ချလာမှာ၊ သမီး ပညာရေးပဲ မလာဘဲ မနေပါဘူး"

ဒီလိုနဲ့ ဖေဖေ့ဆီဖုန်းဆက်လိုက်တော့ ဖုန်းထဲကဖေဖေက အသံတိတ်ပြီး ငိုင်နေသေးတယ်။ ပထမ အချစ်ရှိရာမြေကိုလာဖို့ ဒုတိယအချစ်ဆီမှာ ခွင့်တောင်းရမှာဆိုတော့ နည်းနည်းတော့ ငိုင် သွားမှာပေါ့နော်။ "ဘယ်လိုလဲ ဖေဖေ၊ သမီးကိုယ်တိုင် အန်တီ့ဒွေး ဆီမှာခွင့်တောင်း ရမှာလား။" ဆိုတော့ ဖေဖေက ဟက်ဟက်ပက် ပက်ရယ်ပြီး "ရပါတယ် သမီးရယ်…ဖေဖေက ဒီလောက်တော့ ပိုင်ပါတယ်"တဲ့။ ဖေဖေလာမှာ သေချာသွားတော့ သမီးအရမ်းကို ပျော်တာလေ။

အိမ်မှာပြန်ပြောတော့ မေမေက ခပ်တည်တည်ပဲ။ လာ မယ်ဆိုလည်းလာပေါ့။ သမီးကိစ္စ ကျောင်းမှာလက်မှတ်ထိုးဆိုလည်း ထိုးပေါ့။ အေးအေးဆေးဆေးပါပဲ။ မေမေကတည်သလောက် ဦး နောင်က ပြုံးနေတယ် မေမေ့ကို စချင်နောက်ချင်ဟန်တူရဲ့။ သမီး ကတော့ ဖေဖေပြန်ရင် ပေးလိုက်ဖို့ ပစ္စည်းတွေစုနေတယ်။ တို့ဟူး နွေးတို့၊ စထရော်ဘယ်ရီယိုတို့လေ…ဘွားဘွားယဉ် အကြိုက်၊ ဒေါ်လေးတွေအကြိုက်၊ ဖေဖေ့အတွက်တော့ နှင်းပန်းမြိုင်တံဆိပ် GIN GER WINE ပုလင်းတွေ၊ ဖေဖေက ဘီယာလောက် တော့သောက်တယ်ဆိုတော့ GIN GER WINE တော့ ကြိုက် မှာပါပဲ။

ညကဖုန်းထဲမှာ ဖေဖေရောက်ပြီတဲ့ အိမ်တော်လမ်းက ဒေလီယာမိုတယ်မှာ တည်းသတဲ့။ အဲဒီနေ့ စားသောက်ဆိုင်တစ် ဆိုင်မှာ ဆုံကြမယ်ချိန်းထားတယ်။ ဖေဖေက အဲဒီကစောင့်နှင့်နေ၊ သမီးက မေမေ့ကိုခေါ်ပြီး လာမယ်ပေါ့…။

ဟော…ပြောရင်းဆိုရင်း ဦးနောင်တောင် ပွဲရုံက ပစ္စည်းတွေပို့ပြီး ပြန်လာပြီ။ ဦးနောင်ရဲ့ကား ခြံထဲဝင်လာမှ သမီး ပြတင်းပေါက်မှာ မေမေ့ကိုကြည့်ပြီး အတွေးလွန်နေတာ သတိရတော့တယ်။ ကြည့်လိုက်တော့ မေမေတောင် ရေချိုးခန်းထဲဝင်နေပြီ။ သမီးပြင်ဆင်မှ၊ တော်တော်ကြာ ဖေဖေနဲ့ သွားတွေ့ဖို့ နောက်ကျနေဦးမယ်။

အပြင်ထွက်တော့မယ်ဆို သမီးက သိပ်ပြီးအလှပြင်လေ့မရှိဘူး။ မျက်နှာမှာ သနပ်ခါးမှုန်မှုန်ကလေးလိမ်းပြီး တီရှပ်နဲ့ဝတ်နေကျ ဘောင်းဘီရှည်ဝတ် ကျောလွယ်လောက်ဆံပင်ကိုအပေါ်ပင့်တင်ပြီး ဆံညှပ်ကြီးနဲ့ ညှပ်၊ ဆံပင်ဖျားကလေးတွေ အစီအစဉ်မကျ ဝဲကျနေရင်ပြီးပြီ။ ဖရီးစတိုင်လေ။ သွားဖို့အဆင့်သင့် ဆိုင်ကယ်သော့ကလေး လက်ကလေးဝှေ့ကစားရင်း မေမေ့ကို စောင့်နေရုံပါပဲ။

မေမေထွက်လာတော့ သမီး အံ့သြပြီး ငေးနေမိတယ်။ သမီးတစ်သက်နဲ့တစ်ကိုယ် မေမေ ဒီလိုသပ်သပ်ရပ်ရပ်နေတာ တစ်ခါမှ မတွေ့ဖူးဘူး။ မေမေကပွဲရုံသွားတဲ့အခါ ယောကျ်ားတွေကြားထဲ အလုပ်လုပ်ရတော့ လုံခြုံတဲ့ ရှပ်အင်္ကျီလို ဘလောက်ပွပွကြီးလိုဟာမျိုးပဲ ဝတ်လေ့ရှိတာပါ။ အခုလို ရှမ်းရိုးရာထမီလေးနဲ့ အင်္ကျီလက်စက ကလေးနဲ့ ချပ်ချပ်ရပ်ရပ်ပုံစံမျိုး တွေ့ရခဲပါတယ်။ အမြဲတမ်းတစ်ကြောင်းတည်း ဖွတ်မြီးထိုးထားလေ့ရှိတဲ့ သူ့ရဲ့ဆံပင်ရှည်ကြီးကိုတော့ ဒီနေ့မှာ စိတ်ရှည်လက်ရှည်ထုံးလို့၊ မျက်နှာကိုတော့ ဘာမှမမှုန်းဘဲ သနပ်ခါးလေး ပြေပြေကလေး လိမ်းထားပေမယ့် မေမေ့ရဲ့မျက်ခုံးစိမ်းစိမ်း၊ နှုတ်ခမ်းစုစုကလေးတွေက ဆေးမကူပဲလှနေပြန်ရော။



သမီးရှေ့ကနေ ထွက်လာတော့ ဦးနောင်ကမေမေ့ကို လှမ်းစနေတဲ့အသံ ကြားဖြစ်အောင်ကြားလိုက်ရသေးတယ်။ "ဒီနေ့ ကိုယ့်မိန်းမက သိပ်လှနေတော့ ဦးကိုကိုနိုင်မပြန်နိုင်ဘဲ ဖြစ်နေဦးမယ်" တဲ့။

သမီးက ရယ်ချင်ပေမယ့် မေမေက ခပ်တည်တည်လုပ်နေတော့ မရယ်ရဲပါဘူး။ တော်ကြာ ဒီအနေအထားရောက်မှ စိတ်ဆိုးပြီး၊ သွားတော့…မလိုက်တော့ဘူးဆို မခက်ဘူးလား။ ဒါတောင် ဦးနောင်က ဆိုင်ကယ်ရှေ့က ခြင်းကလေးထဲ ဖေဖေ့ကိုပေးမယ့်ပစ္စည်းတွေလိုက်ထည့်ပေးရင်း မေမေ မခံချင်အောင် ထပ်စလိုက်သေးတယ်။

"သမီးမေမေကို သမီးလက်ထဲအပ်လိုက်ပြီနော်၊ ဦးနောင်စိတ်ချပါရစေတဲ့"

ဟား…ဟား ဦးနောင်က ရယ်ရတယ်။ စိတ်ချ ဖေဖေနဲ့မေမေကို အောင်သွယ်ပေးဖို့ အစီအစဉ်တော့ သမီးမှာမရှိပါဘူးလို့မပြောဖြစ်ပါဘူး။ မေမေ့ကို အနောက်မှာတင်ပြီး ထွက်ခဲ့တော့ လမ်းရောက်မှ မေမေက…

"သမီး ဟိုရောက်ရင် လိုရင်းတိုရှင်းနော်…မေမေ ဒီနေ့ ဖောက်သည်အသစ်နဲ့ ချိန်းထားတယ်"

"ဟုတ်ကဲ့ပါ မေမေရဲ့ မကြာစေရပါဘူး"

ဖေဖေချိန်းတဲ့ စားသောက်ဆိုင်က မန္တလေး လားရှိုးလမ်းမကြီးပေါ်မှာ၊ ဒီနေရာက (----)ဘော်ဒါနဲ့လည်း နီးတယ်လေ၊ သမီးရောက်သွားတော့ ဖေဖေရောက်နှင့်နေပြီ။ ကြည့်ပါဦး ဖေဖေရွေးတဲ့ ဆိုင်နာမည်က HOME SWEET HOME တဲ့။ သမီးဆိုင်ထဲဝင်သွားတော့ မေမေက အပြင်က ဆိုင်ကယ်နားမှာ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရပ်ပြီးကျန်ရစ်ခဲ့တယ်။

"သမီး မေမေ ပါလာတယ်မို့လား ခေါ်လိုက်လေ"

ဒါနဲ့ သမီးက မေမေ့ဆီပြန်လာပြီး ခေါ်လာရတာပေါ့။

"ကျောင်းကိုတန်းသွားလို့ မရဘူးလား။ ဒီမှာက ဘာလုပ် ဦးမှာလဲ"

"တစ်ခုခုပေါ့ မေမေ၊ ဒီမှာ ပေါက်စီကောင်းတယ်။ တစ်ခုခု စားပြီးမှ သွားရအောင်ပါ။ လာပါမေမေရဲ့ ဟိုမှာ ဖေဖေစောင့်နေတာ အားနာစရာ။"

မေမေက မလှမ်းချင်လှမ်းချင် ခြေလှမ်းကလေးနဲ့ လျှောက် လာတာ အလိုလို ဆင်မယဉ်သာခြေလှမ်းကလေး ဖြစ်နေတော့ တာပေါ့။ ဖေဖေက မေမေ့ကို ကြည့်နေလိုက်တာ မျက်တောင် မခတ်တော့ဘူး။ တစ်ယောက်နှင့်တစ်ယောက် မတွေ့ရတာ ရှစ်နှစ်ရှိ ပြီလေ။ ဒီနှစ်တွေအတွင်း တိုးတက်လာတဲ့ မေမေ့ရဲ့ ရင့်ကျက် တဲ့ အိန္ဒြေအလှအပတွေကို ဖေဖေက အံ့သြနေတာနေမှာပါ။ အခုအ ချိန်မှာ မေမေက မလောက်လေးမလောက်စား ခြံသမား ရှမ်း တောင်သူမလေး မဟုတ်တော့ဘူး။ နှင်းပန်းမြိုင်ခြံနှင့် ပွဲရုံကို ကောင်း ကောင်းအုပ်ချုပ်နိုင်တဲ့ လုပ်ငန်းရှင် အမျိုးသမီး နန်းခင်ထားမြိုင် ဖြစ်နေပြီ။

"ထား…နေကောင်းလား"

ဖေဖေ့အသံက ခံစားမှုကြောင့် တုန်ခါနေတယ်လို့ ထင်ရ တယ်။

"ကောင်းပါတယ်"

မေမေ့ဖြေသံက တိုးလွန်းလို့ တုန်ခါမှုတွေပါ…မပါ သမီး မဆန်းစစ်နိုင်လိုက်ဘူး။



"တစ်ခုခုသောက်ပါလား…အအေးပဲဖြစ်ဖြစ် သမီးရေ …သမီးမေမေအတွက် စားစရာမှာကွယ်"

စားစရာတွေရောက်လာတော့ ပြောစရာစကား မရှိတော့ သလို စားနေကြတော့တယ်။ ဖေဖေနဲ့ မေမေ့ကို တစ်နေရာတည်း မှာ မြင်ရရင် ပျော်သွားမယ်ထင်ရတဲ့ သမီးလည်း ဘာဖြစ်လို့လည်း မသိ မပျော်ဘူးဖြစ်နေတယ်။ ဆိုင်နာမည်ကလေးကတော့ HOME SWEET HOME တဲ့။ သမီးမှာရော ဖေဖေ မေမေ အစုံရှိတဲ့ HOME SWEET HOME ကလေး မရှိသင့်ဘူးလား။ ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ်တစ်ခုတဝေးတည်း၊ ဆုံနိုင်တဲ့ အချိန်ကလေး ကို အကြာကြီး ဆွဲဆန့်ထားချင်လိုက်တာ။ ငယ်ငယ်ကလို ဖေဖေ့ ပေါင်ပေါ်ထိုင် မေမေ့ပါးနမ်းလိုက်၊ ချစ်ခြင်းရနံ့တွေ ထုံအီသင်းပျံ့ နေတဲ့ ပျော်စရာမိသားစုဘဝကလေးကို ပြန်လိုချင်လိုက်တာ။

အခုတော့ ဘဝတစ်ကွေ့မှာ တစ်ကျော့ပြန်ဆုံရတဲ့ ဖေဖေ နဲ့ မေမေ ရင်ထဲမှာ ဘာတွေဖြစ်နေမလဲ၊ ပြည့်ဖုံးကားချထားတဲ့ အတိတ်က နာကြည်းမှုတွေ ပြန်ပေါ်လာပြီး တစ်ယောက်နဲ့တစ် ယောက်နာကျင်ဖွယ် စကားလုံးတွေနဲ့ ပစ်ပေါက်ကြမလား။

ဒါပေမယ့် သမီး စိုးရိမ်သလို ဘာမှမဖြစ်ပါဘူး။ အစားအ သောက်တွေ တို့တို့တိတိစားပြီးတော့ သွားကြမယ်ဆိုပြီး ထွက်လာကြတာ အေးအေးဆေးဆေးပါပဲ။ သမီးလည်း ငိုချင် စိတ်ကိုထိန်းရင်း မေမေ့ကို ဆိုင်ကယ်ပေါ်တင်ပြီး ထွက်လာ ရတာပေါ့။ သမီးငိုလို့မဖြစ်ဘူး။ အခုနေ ငိုလိုက်ရင် ပွဲပျက်သွား မှာပေါ့။ ဖေဖေက မိတ်ဆွေတစ်ယောက်ဆီက ငှားလာတဲ့ ဆိုင်ကယ်နဲ့ ရှေ့က၊ သမီးတို့က နောက်က၊ (----) ဘော်ဒါဆီ ရောက်လို့ လေးလေးသောင်း မျက်နှာမြင်မှ ဖေဖေ့မှာ သဘော ပေါက်တော့တာလေ။ ဖေဖေက ချက်ဆိုနားခွက်က မီးတောက် ပြီးသား။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

"ဟော့လူ....ခင်ဗျား အကြံ ဒါအကုန်ပဲလား"တဲ့။

ဒီစကားဝိုင်းကတော့ စောစောက စကားဝိုင်းနဲ့ ပြောင်းပြန်။ မတွေ့တာကြာတော့ သူငယ်ချင်းနှစ်ယောက် စကားတွေဖောင်လိုက်ကြတာ။ မေမေကတော့ လေးလေးသောင်းအကြံနဲ့ ဖေဖေ ပြင်ဦးလွင် ရောက်လာတာ သိချင်မှ သိမယ်။ ပုံစံတွေဖြည့် လက်မှတ်တွေ ဘာတွေထိုးပြီး (----) ဘော်ဒါက ထွက်လာတော့ သမီးက မေမေ့ကို ဆိုင်ကယ်သော့ ကမ်းပေးလိုက်တယ်။

"မေမေကိစ္စရှိသေးတယ်မဟုတ်လား၊ ပြန်နှင့်တော့နော်၊သမီး ဖေဖေနဲ့ လျှောက်လည်ဦးမယ်"

သမီးဆီက သော့ကမ်းယူ ဆိုင်ကယ်နှိုးပြီး ထွက်သွားတဲ့ မေမေကို ဖေဖေအကြာကြီး ငေးကြည့်နေပြန်တယ်။ ဟိုတုန်းက စက်ဘီးကလေး ဖွတ်ချက်ဖွတ်ချက်နဲ့ ခြံထွက်သီးနှံတွေ ဈေးကို အခေါက်ခေါက် သယ်ပို့ခဲ့တဲ့ သာမန်အရပ်သူလေးတစ်ယောက်ရဲ့ ရိုးစင်းတဲ့ အာရုံတွေ ဖေဖေ့အာရုံထဲ ထင်ဟပ်နေမှာ အမှန်ပါပဲ။ ကာလတိုအတွင်းမှာ တိုးတက်တွန်းတိုက်ပြီး ရှေ့တန်းတစ်နေရာ ရောက်လာတဲ့ နပျိုလှပဆဲ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းတွေကို တိတ်တခိုး အသိအမှတ်ပြုနေသလား။

"ဖေဖေ"

သမီး ခေါ်သံကြားမှ ဖေဖေမလုံမလဲနဲ့ ဆိုင်ကယ်ကို စက်နှိုးဖို့ သတိရတော့တယ်။

"ကဲ...ဖေဖေနဲ့ ဘယ်ကိုလျှောက်လည်ချင်သလဲပြော..."

"ဖေဖေက မနက်ဖြန်ပြန်မှာမို့ လျှောက်လည်ချင်တာပါ။ ဘယ်ကိုသွားရမှန်း မသိဘူး။ ကန်တော်ကြီးတို့ ရေတံခွန်တို့က သမီး ခဏခဏ ရောက်နေကြနေရာ၊ ရိုးနေပါပြီ"

"ဒါဆို ဖေဖေသွားမယ့်နေရာ သမီးလိုက်မလား"



"လိုက်မယ် ဖေဖေ ဘယ်သွားချင်လဲ"

"နောင်ခမ်းကြီးရွာ၊ သမီးကိုမွေးတဲ့ နောင်ခမ်းကြီးရွာ အဲဒီနေရာလေးကို အမှတ်တရ ဖေဖေ ပြန်ရောက်ချင်တယ်"

"ကောင်းတယ်၊ ကောင်းတယ် နောင်ခမ်းကြီးပဲ သွားကြရအောင်၊ အဲဒီခြံကို ရောင်းလိုက်တာ ဖေဖေသိလား"

"ရောင်းတာတော့ သိပါတယ်။ ဘယ်သူ့ကို ရောင်းလိုက်တယ်ဆိုတာသာ မသိတာ"

"စိုက်ပျိုးရေး B.Ag ဘွဲ့ရ ဇနီးမောင်နှံကိုပါ။ အမျိုးသမီးက အန်တီနွယ်နွယ်ဦးတဲ့။ သူတို့က အခု လိမ္မော်တွေ စိုက်ထားတယ်"

တောင်ပေါ်မြို့ကလေးရဲ့ ကုန်းတက်ကုန်းဆင်း လမ်းကလေးပေါ်မှာ ဖေဖေနဲ့ သမီးဆိုင်ကယ် အတူတူစီးလို့ ဆယ့်ငါးမိနစ်တောင် မမောင်းရဘူး။ နောင်ခမ်းကြီးရောက်ပါရော။ ခြံထဲမှာ အန်တီနွယ်လည်း ရှိနေတော့ အဆင်ပြေသွားတယ်။ သမီးမျက်နှာမြင်တော့ အန်တီနွယ်က ဖော်ဖော်ရွေရွေကြိုဆိုလို့ ဖေဖေသိချင်နေတဲ့ လိမ္မော်အကြောင်းတွေလည်း ပြောပြနေတယ်။ အိမ်ကတော့ သမီးတို့ နေစဉ်ကအိမ် မဟုတ်တော့ဘူး။ တစ်ထပ်တိုက်ကလေး ဖြစ်နေတယ်။ တောင်မတ်လည် ဝန်းရံထားတဲ့ အေးချမ်းဆိတ်ငြိမ်တဲ့ ဒီနေရာလေးမှာ သမီးကို မွေးခဲ့တာတဲ့။ ဖေဖေဟာ အန်တီနွယ်ရဲ့ ယာမြေစွန်းကနေရပ်ပြီး ဟိုအဝေးတောင်ပေါ် စေတီဘက်ဆီငေးကြည့်၊ အတွေးလွန်နေတာမှ အကြာကြီး။ ဖေဖေဟာ ပြင်ဦးလွင်ကို အလည်လာရင်း မေမေနဲ့ ဒီရွာကလေးမှာတွေ့၊ ချစ်ကျွမ်းဝင်လက်ထပ်၊ သမီးကိုမွေးပြီးမှ ပြင်ဦးလွင်မှာ မြေကွက်ဝယ်၊ ပြောင်းဖြစ်ကြတာလေ။ ဖေဖေနဲ့ မေမေ နုပျိုလန်းဆန်းတဲ့ အချစ်ပန်းတွေ ပွင့်လန်းခဲ့ရာနေရာမို့ ဒီနေရာကလေးက ဖေဖေကို လွမ်းစေဖန်နေသလား။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

နောင်ခမ်းကြီးက ပြန်လာတော့ အတော်နေညိုနေပြီ။ ဒီနေ့ည ဖေဖေနဲ့ လေးလေးသောင်းချိန်းပြီး ဘီယာသောက်ကြဦးမှာလေ။ အဲဒီအထိတော့ သမီးလိုက်မရှုပ်တော့ပါဘူး။ ဖေဖေ သမီးကို အိမ်ပြန်ပို့ပေးပါဆိုတော့ ရောရောရှုရှုပါပဲ။ နှင်းပန်းမြိုင်ခြံ တည်နေရာကိုတော့ ဖေဖေမမေ့သေးဘူး။ သမီးတောင် လမ်းမညွှန်ရဘဲ နှင်းပန်းမြိုင်ခြံရှေ့ ဒုတ်ဒုတ်ထိ အရောက်ပါပဲ။

"ဖေဖေ အိမ်ထဲဝင်ပါဦး"

ဖေဖေကခြံရှေ့မှာ ဆိုင်ကယ်ရပ်ပြီး နှင်းပန်းမြိုင်ကို အကဲခတ်ကြည့်နဲ့ ကြည့်နေတယ်။ ရှစ်နှစ်ဆိုတဲ့ အချိန်ကာလဟာ သက်ရှိတွေကိုသာမက သက်မဲ့တွေကိုလည်း ပြောင်းလဲစေတယ် ဆိုတာ၊ လက်မခံလို့မရပါဘူး။ တစ်ထပ်တိုက်ကလေးရဲ့ ရှေ့မှာ လှပစိမ်းစိုတဲ့ ပန်းခင်းတွေရဲ့ အမြင်ပသာဒ အိမ်အနောက်ဘက်က ဂန္ဓာမာပန်းခင်းဖွေးဖွေး၊ ပိုင်ပုလင်းတွေ ထုတ်လုပ်တဲ့ အလုပ်ရုံအငယ်စားကလေး။ နေခြည် အလင်းဖျော့အောက်မှာ အရာရာဟာ ငြိမ်သက်ငြိမ်းချမ်းစွာ တည်ရှိနေကြတယ်။

ဖေဖေ့ကိုခေါ်ပြီး အိမ်ထဲအဝင်မှာတော့ သမီးပြန်လာသံကြားလို့ အိမ်ထဲကထွက်လာတဲ့ မေမေ။ မေမေ့နောက်မှာတော့ နှင်းပန်းမြိုင်ခြံကို ဦးစီးဦးဆောင် ဦးနောင်။

သမီး ဖေဖေနဲ့ ဦးနောင်ကို မိတ်ဆက်ပေးလိုက်တော့ လက်ဆွဲနှုတ်ဆက်နေတဲ့ ယောက်ျားနှစ်ယောက်ကို မေမေက ခပ်မဆိတ်ကြည့်နေဆဲ။

"လေးစားပါတယ် ဦးရန်နောင်၊ နှင်းပန်းမြိုင်ရဲ့ တိုးတက်မှုကိုမြင်တာနဲ့ ခင်ဗျားရဲ့ အရည်အချင်းတွေကို အသိအမှတ်မပြုဘဲ မနေနိုင်တော့ဘူး။ သဘာဝပတ်ဝန်းကျင်နဲ့ ရေမြေတောတောင်ရဲ့ ကျေးဇူးတရားကို သိတတ်ရကောင်းမှန်း မသိတဲ့ ကိုယ့်ကိုယ်လည်း ရှက်မိပါရဲ့ဗျာ။ အသီးအပွင့်ဆိုတာ



www.foreverspace.com.mm

တကယ်အပင်ပန်းခံ ရေလောင်းပေါင်းသင်ပြုမှ ဆွတ်ယူစားသုံးခွင့်ရှိတာကို ကောင်းကောင်းကြီး နားလည်သွားပါပြီ။ ကျွန်တော်က သေးနုတ်သိမ်ငယ်တယ်ထင်ခဲ့တဲ့ အလုပ်တွေကို ကြီးမားတဲ့ ကုန်စည်စီးဆင်းမှု တစ်ရပ်အဖြစ် အောင်မြင်အောင် အားထုတ်တဲ့နေရာမှာ အရိုးခံ ကျေးလက်ရဲ့ ဖြူစင်ခြင်းတွေ ရက်ဖောက်ယှက်နွယ်ထားမှုကိုလည်း ထင်ထင်ရှားရှားကြီး မြင်တွေ့လိုက်ရပါပြီ။ ခင်ဗျားလို လူတစ်ယောက်ရဲ့ လက်ထဲမှာထားနဲ့သမီး ပိုမိုထွန်းတောက် အောင်မြင်ဦးမယ်လို့ ယုံကြည်လိုက်ပါရဲ့ဗျာ"

ဖေဖေ့စကားဆုံးတော့ အားလုံးရဲ့မျက်နှာမှာ အပြုံးပန်းကိုယ်စီပွင့်လို့။ ရိုးသားပြီး လက်တွေ့ဆန်တဲ့ ဦးနောင်ကတော့ ဖေဖေ့လို စကားအလှတွေနဲ့ တန်ဆာဆင်ပြီး မပြောတတ်ရှာဘူး။ မိတ်ဆွေရင်းချာလို သဘောထားနိုင်ကြောင်း ပြင်ဦးလွင်ရောက်ခိုက် ဘာတွေ အကူအညီပေးရ အုံးမလဲ…စတဲ့ စည့်ဝတ်ပြုစကားတွေကိုသာ ပြောနေတော့တယ်။

ဘာပဲဖြစ်ဖြစ်ပေါ့ အဲဒီခဏလေးဟာ သမီးလိုချင်တဲ့ HOME SWEET HOME ကလေးပါပဲ။ နှင်းပန်းမြိုင် အိမ်ကလေးထဲမှာ ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ် ပြုံးပျော်ရွှင်ပျအတူ ဆုံတွေ့ရတဲ့ အချိန်ကလေးက တစ်စက္ကန့်၊ တစ်မိနစ်ပဲဖြစ်ဖြစ်၊ ဟုတ်တယ်နော်။ သမီး လောဘမကြီးပါဘူး။ တစ်စက္ကန့် တစ်မိနစ်ကလေးပဲဖြစ်ဖြစ် သမီးကျေနပ်ပါတယ်။

မိချမ်းဝေ

၂၀၀၃ ဒီဇင်ဘာ၊ မြားနတ်မောင်

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ဝရံတာဓာတ်လမ်း

ဝရံတာဓာတ်လမ်း

ဓာတ်မီးတိုင် မာကျူရီနဲ့ အလင်းအားဟာ ဝရန်တာပေါ်မှာ ခပ်ရဲရဲဖြာကျနေတာမို့ ညစဉ်ညတိုင်း ဒေါ်ညိုတစ်ယောက် ပက်လက်ကုလားထိုင်ပေါ်မှာ စိတ်ကူးတွေ ရွက်လွင့်ဖို့ အဆင်ပြေနေတော့တယ်။ စိတ်ကူးတွေကတော့ ရောက်တတ် ရာရာပါပဲ။ ခြင်မကိုက်ဘူးဆိုရင်တော့ ပိုပြီး စိတ်ကူးလို့ကောင်းတာပေါ့။ အခုတော့ဖြင့် ခြင်တွေက ရှောင်လင်ကျောင်းက သိုင်းသင်တန်းဆင်းတွေ ကျနေတာပဲ။ ဂျမ်ဘိုပဲထွန်း၊ထွန်း၊ ဂေါ်ဇီလာပဲထွန်း၊ထွန်း ဒီနားကဝီ၊ ဟိုနားကဝီ၊ ဟိုနား ထွန်းပြန်တော့ ဒီဘက်က စစ်ခနဲလားထိုး၊ ဒီတော့ ယပ်တောင်တစ်ချောင်းနဲ့ ဟိုဝှေ့ ဒီရမ်းညဉ့်နက်လို့ လေပြေလေး လာရင်တော့ ခြင်တွေပါးသွားပါရဲ့။

ဒီလို ဝရန်တာမှာ ဒေါ်ညိုထွက်ထိုင်လေ့ရှိတာကို ခင်ခင်အိက သိပ်ပြီးသဘောကျခဲ့တာ မဟုတ်ဘူး။ ခင်ခင်အိဆိုတာက

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ဒေါ်ညို့အစ်မဝမ်းကွဲ ဒေါ်ခင်မိကမွေးတဲ့ သမီးပါ။ အစ်မက မွေးမှာ ဆိုတော့ ဒေါ်ညို့ တူမပဲပေါ့။ အင်း ... ဒေါ်ခင်မိဆိုလို့ ဒေါ်ညိုတစ်ယောက် မမမိကို သတိရသွားပြန်တယ်။ မမမိဆုံးတာ သုံးနှစ်တောင် ရှိတော့မယ်ပါလား။ ခင်ခင်အိ တရှောင်ရှောင် ဖြစ်နေတာပဲ နှစ်နှစ်ကျော်ပြီလေ။ မမမိနဲ့ ခင်ခင်အိတို့ သားအမိ ချစ်တာကတော့ လက်ဖျားခါလောက်ပါရဲ့။ အမေတစ်ခု သမီးတစ်ခုမို့လို့ ပူးကလေး၊ ယုန်ကလေးတွေလို နီးနီးကပ်ကပ် ကြင်ကြင်နာနာ ရှိကြပါတယ်ဆိုပေမယ့် မမမိဆုံးတော့ အသက်ရှစ်ဆယ်အရွယ်၊ ခင်ခင်အိက အသက်ခြောက်ဆယ်နီးပါး၊ အဲဒါသူ့မှာ မလိမ်မိုးမလိမ္မာအရွယ်ကလေး ကျန်ရစ်ခဲ့သလို ဖြေမပြေနိုင်တာက ဆိုးတယ်။

တကယ်ဆိုရင် ခင်ခင်အိက အထီးကျန် ဆန်တယ်လို့ ပြောရအောင်လည်း အိမ်ထောင်မရှိ၊ အပျိုကြီးလည်းမဟုတ်၊ သူ့ယောကျ်ား မောင်ရန်နိုင် တစ်ယောက်လုံး ရှိနေမှ ဟာ။ မောင်ရန်နိုင်က ငွေရှာကောင်းသလို လူရိုးလူအေး ... အသောက်အစားကအစမရှိဘဲ တစ်သက်လုံး ခင်ခင်အိကို မယားမှတ်မှတ် ပေါင်းလာတဲ့လူ။ အဲ . . . သူတို့မှာ သားသမီး မထွန်းကားတာတစ်ခုပါပဲ။

သားသမီးမရှိတော့လည်း အေးတာပဲ မဟုတ်လား။ သားအပူ သမီးအပူကင်းတာ နည်းတဲ့ကုသိုလ်လား။ ခင်ခင်အိ သားသမီးမမွေးဘူးတော့ သားသမီး ကရိကထ မရှိဘူး။ သူ့အမေကလည်း သူ့တစ်ယောက်ထဲ မွေးခဲ့တော့ အလိုလိုက်ခဲ့၊ ယောကျ်ားရတော့လည်း လူရိုးလူအေးရတော့ အလိုလိုက်ခဲ့ ပြန်တော့



ဒုက္ခဆိုတာ သူ့မှာချိုနဲ့လား ထင်ရတယ်။

အဲဒါသူ့မှာ မမမိလည်းဆုံးရော၊ ဧရာမ အပူကြီးဟပ်ပြီး ဆွေးလို့ မဆုံးတော့ဘူး။ သင်္ခါရတရားကို နားမလည်နိုင်တာလား၊ မဆင်ခြင်နိုင်တာလား၊ ခင်ခင်အိရဲ့ ပရိဒေဝမီးဟာ တစ်လနဲ့လည်းမပြီး၊ နှစ်လနဲ့လည်းမပြီး၊ အစားထိုးမရတဲ့ ဆုံးရှုံးမှုအတွက် ဖြေပြေရာမရနိုင်တာကို ဒေါ်ညိုအံ့သြလို့ မဆုံးဘူး။

ဒင်းတို့တစ်တွေ စာတွေတတ်ထားပြီး အဲဒီစာတွေ ဘယ်ချောင်ထိုးထားသလဲ။ ဒီလမ်းက ဘယ်သူမဆို သွားရမယ့် လမ်းဆိုတာသိရက်နဲ့ အသိခေါက်ခက် အဝင်နက်နေတာ အံ့ပါရဲ့ ခင်ခင်အိရယ်။

ဒေါ်ညိုက အဲဒီလို မြည်တွန်တဲ့အခါ ခင်ခင်အိက ဘာမျှ ပြန်မပြောရှာဘူး။ ကိုယ့်အမေ ကိုယ်လွမ်းတာ ဘာဖြစ်လဲဆိုတဲ့ အချိုးနဲ့၊ သူ့ရဲ့အအိပ်အစားမမှန်တဲ့ အလုပ်ကြီးကို တွင်တွင်ကြီး လုပ်နေတော့တယ်။ ဒေါ်ညိုပြောလည်းပြောစရာ၊ တကယ်ဆို ခင်ခင်အိက အထက်တန်းပြဆရာမလေ။ နည်းတဲ့ပညာတွေလား။ မမမိစည်းစိမ်တွေ ပုံအောပြီး သင်ပေးထားရတာ။ မမမိငယ်ငယ်ကလေးနဲ့ မုဆိုးမဖြစ်ပြီး၊ ဒီသမီးလေးကို သိမ်ကြီးဈေးထဲ ဆိုင်ထွက်ပြီး ကျောင်းထားရရှာတာ။

ဒီတုန်းက ဒေါ်ညိုအိမ်ကို မရောက်သေးဘူး။ ဒေါ်ညို ခင်ပွန်း ဦးရွှေလူတောင် မဆုံးသေးဘူးဆိုတော့ အင်းစိန်ဘက်မှာ ရွှေမရှား ငွေမရှားနေနိုင်တုန်း အချိန်ပေါ့။ ခင်ခင်အိ အိမ်ထောင်ကျပြီးတော့ သိမ်ကြီးဈေးကဆိုင်ကိုရောင်းပြီး ကျောက်မြောင်းမှာ တိုက်ခန်းဝယ်တဲ့နှစ်မှာ ဒေါ်ညို့ခင်ပွန်း ဦးရွှေလူဆုံးတာလေ။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ယောက်ျားဆုံးတော့ နဂိုယောက္ခမနဲ့ မပြေလည်တဲ့ ဒေါ်ညို့မှာ လက်မဲ့ဆင်းရဲရတော့တာပေါ့။ သားထောက်သမီးခံ မရှိတဲ့ ဒေါ်ညိုတစ်ယောက် ရှေ့ခရီးအတွက် တွေဝေနေတုန်း မမမိ ရောက်ချလာတော့တယ်။

"ကဲ . . . အညို ပစ္စည်းတွေသိမ်း၊ မမမိနဲ့ လိုက်ခဲ့၊ ငါတို့မှာလည်း မိသားစုများတာ မဟုတ်ဘူး။ မရှိအတူ ရှိအတူ တစ်သက်လုံး အတူနေကြရအောင်"

နဂိုရှိရင်းစွဲ ခင်မင်မှုတွေဟာ ဒေါ်ညို မမမိနောက်လိုက်ဖို့ တွန်းအားတွေပါပဲ။ ဒီတုန်းက ဒေါ်ညိုအသက်လေးဆယ်ကျော် အရွယ်ရှိသေးတော့ အရိပ်တစ်ခုအောက်မှာ နေမှသင့်မှာ မဟုတ်လား။ ကျောက်မြောင်းရောက်တော့လည်း ဒီအိမ်မှာ ကိုယ့်လက် ကိုယ့်ခြေပါပဲ။ ရှိတဲ့ပိုက်ဆံကလေး ဘဏ်မှာအပ်ထား မမမိတို့နဲ့ ရောစားလိုက်တာပေါ့။ ဒေါ်ညိုစားတာလည်း ကြောင်စာလောက် ရယ်၊ နဂိုက ခပ်ပိန်ပိန် အစားနည်းနည်း၊ အဲ ··· အလုပ်တော့ ဒေါ်ညိုက ခြေပေါ့လက်ပေါ့ရှိတယ်။ ဒါကြောင့် မမမိက သူ့သမီး ခင်ခင်အိထက်တောင် ဒေါ်ညို့ကို ပိုစွဲသေး။

သူ့ညီမ အရွယ်ကောင်းကလေး မုဆိုးမဖြစ်ရတယ်လို့ ဂရုဏာလည်း ပါတာပေါ့။ သိပ်မကြာပါဘူး။ အိမ်မှာ ဒေါ်ညို အခရာ ဖြစ်လာတော့တယ်။ ဈေးသွား ဒေါ်ညို၊ ထမင်းချက် ဟင်းချက် ဒေါ်ညို၊ အဝတ်လျှော် ဒေါ်ညို၊ မီတာရုံး၊ လိုင်စင်ရုံးသွား ဒေါ်ညို၊ အခြားတောက်တိုမယ်ရ ဟိုနားဒီနားသွား ဒေါ်ညို၊ ဒေါ်ညိုက အလုပ်လုပ်ရင် စေတနာပါတယ်။ စိတ်မြန်လက်မြန် ဖျတ်ဖျတ် လတ်လတ်ရှိတယ်။ ဒေါ်ညို့ အခန်းကဏ္ဍဟာ ကျယ်ဝန်းသ



လောက် ခင်ခင်အိရဲ့ အခန်းကဏ္ဍဟာ ငြိမ်သက်မှေးမှိန်လွန်း တယ်။ အရင်ကတည်းက အိမ်အလုပ်မှန်သမျှ မမမိကချည်း ဒိုင်ခံ လုပ်လာလို့ ခင်ခင်အိက ကလေးလိုနေခဲ့တာ အိမ်ထောင်ကျပြီး တော့လည်း ဒီ့ရင်းပဲ။

ခင်ခင်အိက သူကိုယ်တိုင် အထက်တန်းပြ ဆရာမ တစ် ယောက်ဖြစ်ပေမယ့် အိမ်မှာတော့ ဘာတစ်ခုမှ သူ့ဘာသာဆုံးဖြတ် တယ်လို့ မရှိဘူး။ တစ်ခုခုဆိုရင် မေမေ့ကိုမေးရဦးမယ်၊ ဦးရန်ကို မေးရဦးမယ်၊ ဒေါ်ညိုကို မေးရဦးမယ်နဲ့ နောက်တန်းကကို မတက်လာတော့ဘူး။ ကြာလာတော့ ခင်ခင်အိရဲ့ ဘဝဟာ မေမေ မရှိရင်၊ ဦးရန်မရှိရင်၊ ဒေါ်ညိုမရှိရင် မနေတတ်တော့ဘူး။ မပြည့် စုံတော့ဘူး။

အနေကြာလာတော့ ခင်ခင်အိရဲ့ အားနည်းချက်တွေကို သိပြီး ဒေါ်ညို့ခမျာ တူမဝမ်းကွဲပေမယ့် အရင်းအချာလို သံယော ဇဉ်ကြီးလာရတော့တာ။ တစ်နေရာရာများ သွားတော့မယ်ဆို သွား လမ်းလာလမ်းကို မဖြောင့်ဘူး။ ဒေါ်ညိုက ကျောက်မြောင်းမှာ နေရတာ လူတွေကို သံယောဇဉ်ကြီးပေမယ့် အိမ်ကိုတော့ သဘော မကျဘူး။ ကျောက်မြောင်းမှ မဟုတ်ပါဘူးလေ။ မြို့ထဲတိုက်ခန်း အားလုံးပါပဲ။ ကျဉ်းကျဉ်းမြောင်းမြောင်း ကလေးတွေရယ်၊ ခိုအိမ်ကလေးတွေ ကျနေတာပဲ။ အိမ်ကသာ ခိုအိမ်မဟုတ်ဘူး။ လူတွေကလည်း ခိုတွေလို တညည်းတည်းညည်းနေလိုက်ကြတာ မိုးလင်းက မိုးချုပ်။

ပူလိုက်တာ···မီးကလည်း မလာဘူး၊ မီးလာပေမယ့် ရေကမတက်ပြန်ဘူး၊ အမှိုက်ကားကလည်း မမှန်ဘူး။ မြောင်း

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

ပုပ်စော်ကလည်း နံလိုက်တာ။ ခိုအိမ်ညည်းချင်းတွေဟာ ကျဉ်းကျဉ်းမြောင်းမြောင်း အခန်းထဲကနေ လမ်းမတွေဆီ လျှံထွက်လာတယ်။ ဒါကြောင့် ဒီနေရာမှာ မွန်းကြပ်ငြီးငွေ့လာတဲ့အခါ ဒေါ်ညို အင်းစိန်ကို ပြန်ပြေးလွှေ့ရှိတယ်။ အင်းစိန်မှာက ယောက္ခမနဲ့သာ အချိုးမတည့်တာ၊ အခြား ယောက်ျားဘက်က ဆွေမျိုးတွေရှိသေးတယ်လေ။ ဦးရွှေလှ မရှိပေမယ့် ဒေါ်ညို့အပေါ် သံယောဇဉ်ရှိသူတွေပေါ့။

ဒေါ်ညို အထုပ်ကလေးပိုက်လို့ အင်းစိန်မှာ တစ်ပတ်ဆယ်ရက် နေမယ်စိတ်ကူးပြီး ရောက်သွားရင် ဟိုကလူတွေက ဝမ်းမြောက်ဝမ်းသာ ကြိုကြတယ်။ ခြံနဲ့ ဝင်းနဲ့ဆိုတော့ ဒေါ်ညိုစိတ်ကြိုက်အသက်ဝဝ ရှူရတာပေါ့။ ဒါပေမယ့် ခက်တာက တစ်ရက်က နှစ်ရက်ရလာရင် ဒေါ်ညိုမှာ ဖင်တကြွကြွဖြစ်လာတော့တယ်။

"ငါမရှိရင် မမမိ ပင်ပန်းနေမယ်ဟ၊ ခင်ခင်အိက ဘာမှလုပ်တာကိုင်တာ အချိုးကျမဟုတ်ဘူး၊ ခင်ခင်အိ ကျောင်းထမင်းချိုင့် မောင်ရန် ရုံးထမင်းချိုင့် ကိစ္စတွေ ပြေလည်ရဲ့လား မသိဘူး၊ ပြန်ဦးမှ ပြန်ဦးမှ"

ဖြစ်လာရော . . . ဒေါ်ညို အဲသလို အဖြစ်သည်းနေတာကို အင်းစိန်းအိမ်က လူတွေက သဘောမကျဘူး။ အင်းစိန်ရောက်ခိုက် စိတ်လွတ်ကိုယ်လွတ် နားနားနေနေ နေစေချင်တယ်။ ဒါပေမယ့် မရပါဘူး။ ဒေါ်ညို့စိတ်က ကျောက်မြောင်းအိမ်မှာ အရမ်းခိုင်သွားပြီ။ သူ့အာရုံထဲမှာ မမမိ၊ ခင်ခင်အိတို့သာ ဝဲလှည့်နေတော့တယ်။ ငါမရှိရင် မဖြစ်ဘူးဆိုတဲ့ နှောင်ထုံးဟာ မမမိတို့နဲ့ ဒေါ်ညိုအပြန်အလှန် ထုံးကြတဲ့ နှောင်ထုံးပါ။ အင်းစိန်အိမ်က



www.foreverspace.com.mm

အညှော်ကောင်းလို့ သုံးလေးငါးရက်ကြာသွားရင်တော့ ဒေါ်ညိုပူပင်တဲ့အတိုင်း ကျောက်မြောင်းအိမ်မှာ တစ်ခုခုဖြစ်နေပြီလေ။

"အညိုရယ် ညည်းမရှိတာနဲ့ ငါ့မှာ ထမင်းရေပူလောင်တဲ့ဆီ ရောက်ပါရော၊ သတိထားနေရက်နဲ့အေ . . . ထမင်းအိုးကလည်း မငှဲ့တာကြာပြီး မဟုတ်လား"

"မမမိကလည်း ဒုက္ခရှာလို့၊ ကျွန်မ မရှိတုန်း တစ်ရက်တစ်လေ ပလပ်ထိုးချက်လိုက် ပြီးရော"

"ငါတို့က အကြောင်းမဟုတ်ပါဘူးအေ၊ မောင်ရန်နိုင်မှာ ဆီးချို သွေးချိုနဲ့ မဟုတ်လား၊ ငှဲ့ထမင်းက အန္တရာယ်ကင်းပါတယ်"

အဲသလို တစ်ခုမဟုတ်တစ်ခု ပြဿနာကြုံလို့ ဒေါ်ညိုအသွားမဖြောင့်တာလည်း ပါတာပေါ့။ ဒေါ်ညိုမို့မရှိရင် ခင်ခင်အိကလည်း အိုးနင်းခွက်နင်း ကျောင်းကိုဟင်းမပါဘဲ ထမင်းချည်းပဲထည့်သွားရတာနဲ့၊ ကိုရန်နိုင်မှာ ထမင်းဗူးမပါဘဲ ရုံးတက်ရတာနဲ့ အစီအစဉ်မကျမှုတွေ တန်းစီစောင့်ကြိုနေတော့တာပဲ။

ဒါကြောင့် ဒီအိမ်မှာ ဒေါ်ညိုမရှိရင် မဖြစ်ဘူး။ ဒေါ်ညို့ကို မပျော်ပျော်အောင် ထားရမယ်ဆိုတာ တစ်အိမ်သားလုံး သဘောပေါက်ကြတယ်။ ကြာတော့လည်း အခန်းကလေးကျဉ်းတာ ဒေါ်ညို့အတွက် ဘာမှအနှောင့်အယှက် မဖြစ်တော့ဘူး။ အနေကြာလာတော့ နေသားကျသွားပြီကိုး။ ခင်ခင်အိယောက်ျား ကိုရန်နိုင်က ဒေါ်ညို့အတွက် ဒရင်းဘက်ကလေးတစ်ခု ဝယ်ပေးတယ်။ ညစဉ်ညတိုင်း ဒေါ်ညို ဝရန်တာကလေးမှာ ထွက်ထိုင်တာ။ ထိုင်တာက ပက်လက်ကုလားထိုင်နဲ့ ဆိုတော့ ကြာရင်ခါးနာမှာ စိုးရတယ် မဟုတ်လား။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဒရင်းဘတ်ကလေးရလာတဲ့နေ့ကစပြီး ဒေါ်ညို ဝရန်တာကလေးကို ပိုပြီးစွဲလမ်းလာတယ်။ တိုက်ခန်းက ဘေးပြတင်းပေါက်လည်း မရှိတော့ဘူးဆိုတော့ လေကဘယ်ကမှဝင်ဖို့ မရှိဘူး။ ဝရန်တာကလေးသာ ပကတိအားကိုးရာ။ မိုးလာတဲ့နေ့ဆို လမ်းမီးတိုင်က မာကျူရီ မီးအလင်းရောင်ဟာ ဝရန်တာကလေးကို လွှမ်းခြုံလို့၊ မီးပျက်တဲ့ညဆိုရင်တော့ လရောင်အားကိုးနဲ့ပေါ့။ ညဉ့်နက်လာတာနဲ့အမျှ အလင်းဖျော့ လရောင်ဟာ အမှောင်ခွင်းပြီး ဝရန်တာလေးဆီချဉ်းကပ် လာနေကျ။ အဲဒီအချိန်ဆို လေပြေကလေးကလည်း သာသာဖြေဖြေနော့လို့၊ ခြင်တွေ လျော့ပါးလာတဲ့အတွက် ဒေါ်ညိုတရေးတမော အိပ်မယ်ဆိုလည်း အိပ်နိုင်တာပေါ့။

ဒေါ်ညို ဝရန်တာကလေးကို စွဲလမ်းတာ အဲဒီအကြောင်းအချက်တွေအပြင် အခြားလူမသိ သူမသိအကြောင်းတွေလည်း ရှိသေးတယ်။ ဒေါ်ညိုရဲ့ အဓိက ချို့ယွင်းချက်က မိန်းမပီပီ ပတ်ဝန်းကျင်ကို စပ်စုတာရယ်၊ အလုပ်အကိုင်ရယ်လို့ မယ်မယ်ရရမရှိတော့ သူများအကြောင်းတွေကို အာရုံထဲ လိုလိုချင်ချင်ထည့်ထားတာရယ်၊ ဒီအကြောင်းတရားတွေက ဒေါ်ညိုဝရန်တာကလေးမှာ ညစဉ်နေဖြစ်အောင် တိုက်တွန်းတဲ့အားတွေပဲလို့ ပြောရင်ရမယ်ထင်တယ်။

အခုနောက်ပိုင်း အိမ်ပေါ်မှာ ဒေါ်ညို အာရုံအတော်နောက်လာတယ်။ မမမိဆုံးတော့ အားကိုးရာ မြင့်မိုရ်တောင်ကြီးပြိုပြီဆိုပြီး အားငယ်တာကတစ်ဖက်၊ ခင်ခင်အိ တစ်ယောက်ကလေးဆန်ပြီး အမေအပေါ် စွဲလမ်းမှုတွေကို ဖျောင်းဖျလို့မရတာကတစ်ဖက် နောက်ဆက်တွဲ ခင်ခင်အိ ကိုယ်စိတ်ကျန်းမာရေး



အတော်ကလေး ယောက်ယက်ခတ်လာတော့ စိတ်ကုဆရာဝန်ဆီပြေးရ၊ နှလုံးအထူးကုဆီပြေးရနဲ့ ဒေါ်ညိုလည်း အတော်ကလေးနွမ်းသွားတယ်ဆိုပါတော့။

ဒီသုံးနှစ်အတွင်း ခင်ခင်အိမှာ ဆံပင်တထွေးကြီးကို ဖြတ်ပစ်လိုက်ရလို့ ခေါင်းတုံးနဲ့ ဖြစ်သွားတဲ့အထဲမှာ ဟိုတလောက ရေချိုးခန်းမှာ ချော်လဲလို့ ပေါင်ဆစ်ပြုတ်သွားပါရောလား။ ဆေးရုံမှာ အတော်ကြာကြာ ကုလိုက်ရတာ ငွေနိုင်လို့ တော်သေးတာပေါ့။ အခု ဆေးရုံကဆင်းပြီး ကုတင်ပေါ်မှာ ပက်လက်။ ခင်ခင်အိ ဆေးရုံးတက်တဲ့ ကာလနဲ့ အိမ်မှာပြုစုရတဲ့ ကာလတွေဟာ ဒေါ်ညိုကို အဘွားအိုပေါက်စလေးဖြစ်အောင် အိုစာသွားစေတယ်။ ဒါပေမယ့် ဒါဟာ ဒေါ်ညိုမလွဲမသွေလက်ခံရမယ့် အနေအထားလေ။ သာတုန်းကစံပြီး နာမှထွက်သွားလို့ဖြစ်မလား။ ထွက်သွားစရာလည်း သေချာတွေးကြည့်တော့ မယ်မယ်ရရရှိတာ မဟုတ်ဘူး။ အင်းစိန်က ယောင်းမဝမ်းကွဲတွေက သူ့ကိုတစ်သက်လုံး လက်ခံနိုင်တာမှ မဟုတ်တာ။ ဒီတော့ ဒီအိမ်ကလွဲပြီး ဘယ်မှစိတ်ကူးဖို့ မရှိဘူး။ နောက်တစ်ချက်က ခင်ခင်အိကို ကျန်းမာစေချင်တယ်။ ခင်ခင်အိ ကျန်းမာမှ၊ အသက်ရှည်မှ သူလည်း ဒီအိမ်မှာ သက်ဆိုးရှည်မယ်။ ခင်ခင်အိ မရှိတော့ရင် ကိုရန်နိုင်က ဒေါ်ညိုထက်ငယ်တယ်ဆိုပေမယ့် သွေးမတော် သားမစပ် တစ်အိမ်တည်းနေလို့ မဖြစ်တော့ဘူး။ ဒါဆို ဒေါ်ညိုဘယ်ကိုသွားမလဲ။

ဒါတွေစဉ်းစားလိုက်ရင် ဒေါ်ညိုစိတ်ညစ်တယ်။ ဒါ့ကြောင့် မစဉ်းစားဘူး၊ ကိုယ့်အကြောင်းမစဉ်းစားဘူး။ သူများအကြောင်းစဉ်းစားတာပဲကောင်းတယ်။ ဟော . . . ပြောရင်းဆိုရင်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



အိမ်ရှေ့တစ်အိမ်ကျော်က ကားဆိုက်လိုက်သံက ဒေါ်ညိုကို ခေါင်းထောင်သွားစေတယ်။ ဒီကားသံ ညစဉ်ကြားနေကျကားသံ။ ပတ်ပလစ်ကာ အနီကလေး။ နာရီကိုပြေးမကြည့်နဲ့ ညဉ့် (၁) နာရီနဲ့ (၂)နာရီကြား မလွဲစေရဘူး။ ဒီကားဆိုက်နေကျ ဒေါ်ညို အလွတ်ရနေပြီ။

ဆင်းလာပါပြီ။ ကားပေါ်က အောက်ပိုင်းပေါင်ရင်းလောက် စကတ်တိုတိုကလေးနဲ့ အပေါ်က ဘာအသားမှန်းမသိပြောင်ပြောင်လက်လက် လည်ဟိုက်၊ ချိုင်းပေါ်ပုံစံနဲ့ တစ်ယောက်၊ အခုခေတ်အခေါ် သရီးကွာတားဆိုလား၊ ဟိုမဟုတ် ဒီမဟုတ် ဘောင်းဘီကျပ်ညှပ်နဲ့ အပေါ်ကအင်္ကျီကို တွဲဝတ်ထားတဲ့ တစ်ယောက်၊ အမယ်…အိမ်ပေါ်တက်စရာရှိ တက်တာမဟုတ်ဘူး။ ရယ်သံတွေက ခိုးခိုးခစ်ခစ် နှုတ်ဆက်သံတွေ စီစီညံညံ၊ ကားထဲမှာလည်း ဆက်ရက်မတွေ မနည်းမနော။

သူတို့က ကာရာအိုကေမယ်တွေတဲ့။ သီချင်းဆိုတယ်ဆိုလား။ ညနေစောင်းဆို ဘယ်မှာ စုရပ်လုပ်ပြီး ဘယ်လို ထွက်သွားကြမှန်းတောင် မသိဘူး။ ညစဉ် မြူးလို့၊ ရွှင်လို့ ဒီအချိန် ပြန်လာပြီးအိပ်တော့ ဘယ်အချိန် ထမှာတုန်း။ ဒီမိန်းမတွေ ဈေးသွားထမင်းချက်စားတာ တစ်ခါမှမတွေ့ရဘူး။ အိမ်ရှေ့တစ်အိမ်ကျော်က လေးလွှာမှာ ငှားနေကြတာမို့ သူတို့တက်တာဆင်းတာ ဒေါ်ညို့မှာ မမြင်ချင်အဆုံး။ မွန်းမလွဲ တလွဲကလေးမှ ထလာကြပါလိမ့်မယ်။ ဆံပင်တွေက ဖို့ရိုးဖားရားနဲ့ မလုမ်းမကမ်းက စားသောက်ဆိုင်တန်းဆီသွားပြီး အထုပ်ဆွဲပြန်လာကြ၊ တက်သွားကြ၊ ညနေစောင်းတော့ တစ်ခါပျောက်သွားလိုက်၊ ညဉ့်နက်တော့ ကားဆိုက်သံနဲ့



အတူ ပြန်ပေါ်လာလိုက်၊ အပူအပင်မဲ့ဘဝတွေကိုကြည့်ပြီး ဒေါ်ညို့မှာသာ အပူတွေ တထွေးကြီးနဲ့။

ဟော . . . တွေးရင်းတောရင်း နောက်ကားတစ်စီး ဆိုက်ပါပေါ့။ ဒီကား နံနက် (၃) နာရီ မထိုးတထိုးလေး ဆိုက်လေ့ရှိတယ်။ ပုံစံတွေက ထူးမခြားနားပါပဲ။ အဲဒီအထဲမှာ အသက်သိပ်မငယ်တော့တဲ့ ကာလာစုံမမတစ်ယောက် ပါလေ့ရှိတယ်။ ရင်မောက်မောက်၊ တင်ကောက်ကောက် အရွယ်နဲ့မမျှ ဝတ်စားထားတာက မျက်စေ့မှုးစရာ။ ဖိနပ်အမြင့်ကြီးတွေစီးပြီး လျှောက်လေ့ရှိလို့ ရှေ့ဖောင်းနောက်ဖောင်း အလိုတော် … မဖောင်းသင့်တဲ့နေရာဖောင်းနေတာတော့ ဒေါ်ညိုအမုန်းဆုံးပါပဲ။ ထဘီမဟုတ် စကတ်မဟုတ်တွေက ဘယ်လိုချုပ်ထားမှန်းမသိ။ ဝတ်သူမရှက် မြင်သူရှက်ပါဘိ။ ဒေါ်ညို အမြင်ကတ်ကတ်နဲ့ နာမည်ပေးထားတဲ့ အဲဒီ "အစ် တစ်မ" က ယောကျ်ားနဲ့တဲ့။ သူ့ယောကျ်ားကလည်း ဘာဆိုလား၊ ညာဆိုလား၊ ဈေးသွားရင်း ကြားလာတာ။ ဟုတ်မှာ…ဟုတ်မှာ၊ ဟုတ်ရင်ကျော် ပုတ်ရင်ပေါ်ဆို မဟုတ်လား။

လမ်းထဲကို အဲဒီကားနှစ်စီးဆိုက်ရင် ဒေါ်ညို ခေါင်းထောင်မကြည့်ဘဲ မနေနိုင်ဘူး။ သူတို့တစ်တွေ ဘာတွေဝတ်စားထားတယ်၊ ဆံပင်ပုံစံ ဘယ်လို၊ မျက်နှာခြယ်တာက ဘယ်နှယ့်၊ ဘာစကားတွေ အပြန်အလှန်ပြောကြ၊ အချိန်းအချက်လုပ်ကြတာတွေကို အရမ်းစိတ်ဝင်စားနေမိတယ်။ လမ်းထဲမှာ အဲဒီလိုမျိုးဟာတွေ ဒီနှစ်ဘက်မှာ များများလာတယ်။ အိမ်ခန်းတွေကိုလည်း အပိုင်ဝယ်တာမဟုတ်။ ခြောက်လစာချုပ်၊ တစ်နှစ်စာချုပ်နဲ့ ငှားနေပြီး၊ တော်ကြာပျောက်သွားလိုက်၊ နောက်တစ်သုတ် ဝင်လာလိုက်၊ လူတွေ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

သားပြောင်းသွားတယ်၊ ဒီဇိုင်းတွေက မပြောင်းလဲဘူး။ ဒီလိုမိဘအုပ်ထိန်းသူမပါဘဲ၊ ကိုယ့်ဝမ်းကိုယ်ကြောင်းလာတဲ့ မိန်းကလေးတွေလမ်းထဲမှာ များများလာတယ်။

ဒါတွေဟာ ဒေါ်ညိုဝရန်တာလေးမှာ ထွက်ထိုင်လို့ သိရတဲ့အကြောင်းတွေပါ။ ပထမတော့ ပူအိုက်လို့ အပျင်းပြေထိုင်ရင်း အမြင်အာရုံ၊ အကြားအာရုံတွေက ညစဉ်ဖြစ်ပျက်စီးမျောနေတဲ့ အကြောင်းတရားတွေနဲ့ ခလုတ်တိုက်မိတာပါ။ ဒါတင်မကသေးဘူး၊ အခြားသူတွေ မသိနိုင်တဲ့ ညဇာတ်လမ်းတွေကို ဒေါ်ညိုအဖို့ မမြင်ချင်၊ မတွေ့ချင်ဆုံးပေါ့။

ဘုရား . . . ဘုရား လူကောင်းလား၊ လူဆိုးလား။ ကိုယ်နဲ့မဆိုင်တဲ့ သူများကိုယ်ရေးကိုယ်တာတွေနဲ့ ယိုးမယ်ဖွဲ့ထားတဲ့ အတွေးတွေဟာ ဒေါ်ညို့ကို ရက်အတော်များများနှိပ်စက်လိုက်သေးတယ်။ အဲဒီတုန်းကများ ဒေါ်ညို့မှာလေ တစ်ယောက်ယောက်ကိုဖွင့်ပြီး ပြောပြချင်လိုက်တာ။ ဘယ်သူ့ကိုပြောရမလဲ၊ ခင်ခင်အိကိုလား။ သူ့အာရုံနဲ့ သူတောင် အတော်နောက်နေလို့ ဆေးကုနေရသူတစ်ယောက်ကို ဒါတွေ သွားပြောလို့ ဘယ်ဖြစ်ပါ့မလဲ။

ဒါ့ကြောင့် ဈေးသွားတဲ့အခါ ဈေးသွား၊ ဈေးပြန်ဆုံလေ့ရှိတဲ့ လမ်းထဲက မျက်နှာသိတွေကို စကားစကြည့်တော့လည်း ဘယ်သူမှ လက်သင့်မခံကြဘူး။ ဒေါ်ညို လူတွေကို နှုတ်ဆက်ပုံက ကြည့်ဦးလေ...

"ဟဲ့ . . . ဘယ်လိုလဲ ယိုင်ထိုး . . . ယိုင်ထိုးနဲ့ ဘာတွေဝယ်လာလဲ"



ဒေါ်ညိုနှုတ်ဆက်ပုံကို ဈေးပြန်အမျိုးသမီးက အတော်တင်းသွားတယ်။ တကယ်ဆို ဘယ်သူရေ၊ ဘယ်ဝါရေ နေကောင်းရဲ့လား၊ ဘာ ညာ သုတိမင်္ဂလာစကားတွေနဲ့ နှုတ်ဆက်ရမှာလေ။ အခုတော့ တစ်ဖက်သားလျှောက်လာတာကို ဒေါ်ညိုက မှိုချိုးမှုစ်ချိုး ဆီးပြောလိုက်ပုံက ယိုင်ထိုး ယိုင်ထိုးနဲ့တဲ့။

တကယ်ယိုင်ထိုးနေတာက သူလေ။ နဂိုပိန်တဲ့ ဒေါ်ညိုဟာ အခုတလော ခင်ခင်အိကို ပြုစုနေရတာနဲ့မို့ ပိုပြီးပိန်လိုက်လာတယ်။ ဈေးကို အသွားအပြန်များ လျှောက်လိုက်ပြီးပြီဆိုရင် ရင်ဘတ်ဖားဖိုလိုမောက်ပြီး အသက်ရှူရတာ ပင်ပန်းလိုက်တာ။ ပိန်တာတောင် ငေါင်းစင်းစင်းနဲ့ ဒေါ်ညိုလမ်းလျှောက်နေပုံက အရှေ့ကို ကိုင်းကိုင်းထိုးထိုးကြီး ဖြစ်နေတာလေ။ အဲဒီလို ဖြစ်နေသူက ပြောင်းပြန်၊ သူများကို ပါးရွဲ့နားရွဲ့ပြောလိုက်တော့ ဘယ်သူခံချင်ပါ့မလဲ။ နောက် ရန်ကုန်က လူတွေက ဘာတွေဝယ်လာလဲလို့ စပ်စုတာ မကြိုက်ကြဘူး။ တစ်ရက် တစ်ရက် ဈေးမှာဘာတွေဝယ်နိုင်ကြမို့လဲ။ ငါးသေးငါးမွှားနဲ့ အသီးအရွက်တွေချည်း လှည့်ပတ်ဝယ်နေရတာ။ ကြက်သား၊ ဝက်သားစားနိုင်တဲ့ လူတန်းစားက အနည်းအကျဉ်းရယ်။ ဒီလူ၊ ဒီဖောက်သည်တွေလည်း ဝယ်နေကျလူမှစိတ်ပါ၊ လက်ပါခေါ်တော့တာ။ အများစုကတော့ ဈေးကို သုတ်သုတ်သွား၊ ရှိတာသင့်တာကလေး ကိုယ့်ဝင်ငွေဝယ်နိုင်အားနဲ့ ချင့်ချိန်လို့ သုတ်သုတ်ကလေးဝယ်ပြီးပြန်၊ ဒါပဲမဟုတ်လား။ ဘယ်သူ့ဘယ်သူမှလည်း ဘာတွေဝယ်လာလဲ၊ ဘာလဲ၊ စပ်စုမေးမြန်းကြဖို့ အချိန်မရဘူး။ အိမ်ရောက်ရင် ဇယ်ဆက်သလို ချက်ပြုတ်၊ လုပ်ငန်းခွင်ဝင်ကြရဦးမှာလေ။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ဒေါ်ညိုက အားနေတဲ့ လူဆိုတော့ သူများတကာ အားသလား၊ မအားဘူးလား၊ ကိုယ့်စကားနားထောင်ချင်လား၊ နားမထောင်ချင်ဘူးလားမသိ ပြောချင်နေတော့တာ။ နှုတ်ဆက်လိုက်တော့လည်း သူများနားထဲ လျှောခနဲ ဝင်သွားတဲ့ အသုံးအနှုန်းမျိုး မဟုတ်လေတော့ ဟိုတစ်ဖက်သားက သူမေးတာကိုတောင် ပြန်မဖြေတော့ဘဲ မေးဆတ်ပြုံးပြရုံ ပြုံးပြပြီး စကားစမခံ ထွက်သွားလေတော့ ဒေါ်ညို့ခမျာ ဟပ်ကော့ကြီး ကျန်ခဲ့တာပေါ့။ ဒါတောင် ဇွဲမလျှော့သေးဘူး။ နောက်တစ်ယောက်၊ ဒေါ်ညိုတို့အောက်ထပ်က မိန်းမနဲ့ဆုံတော့ သေသေချာချာ လက်ဖမ်းဆွဲပြီး ....

"ဘယ်လိုလဲ...အခုတလော ညည်းယောကျ်ားလည်း မမြင်ပါလား"

"မမြင်ဆို ခရီးထွက်နေတာလေ ဒေါ်ညိုရဲ့၊ သူ့အလုပ်က နယ်တကာလှည့်ပြီး သွားရတဲ့အလုပ်ဆိုတော့"

"နယ်သွားတယ်၊ နယ်သွားတယ်နဲ့ အိမ်နံပါတ် ( ) မြေညီထပ်က ဆရာဝန်မယောကျ်ားလို စမောလေး နောက်ပါသွားဦးမယ်၊ သတိလည်းထားဦး"

အဲဒီမြေညီထပ်ကဇာတ်လမ်းကို တစ်ရပ်ကွက်လုံးကသိနေတော့ သူ့ယောကျ်ားနဲ့ နှိုင်းပြောရပါ့မလားဆိုပြီး အမျိုးသမီးအတော်ကလေး ကျွဲမြီးတိုသွားတယ်။ ဒေါ်ညိုကိုင်ထားတဲ့ လက်ကို ဆတ်ခနဲရုတ်ပြီး ဆောင့်အောင့်ထွက်သွားလိုက်တာ ဒေါ်ညို့ခမျာ တကယ်ပြောချင်တဲ့ ကန်ထရိုက်တာအလုပ်သမား တတိယလွှာကို ခုန်ကူးတဲ့ဇာတ်လမ်းကို ပြောတဲ့ဆီမရောက်ဘဲ ကြောင်အကျန်ရစ်တော့တယ်။



ဒီလိုနဲ့ပဲ ဒေါ်ညိုဟာ သိထားသမျှတွေ ဘယ်သူ့မှ ရင်မဖွင့်ရဘဲ သူ့ရင်ထဲမှာ အုံဖွဲ့ကြီးထွားနေတော့တယ်။

ဒီဘက်နှစ်တွေမှာ ရာသီဥတုက ပိုပိုပူလာလိုက်တာ ရန်ကုန်မှာ ဆောင်းပျောက်နေသလိုပါပဲ၊ မိုးရွာတဲ့ ရက်တွေက လွဲရင် အပူခါတ်က ပိုလွန်ကဲ နေလေ့ရှိတယ်။ ဆောင်းဝင်ရင်လည်း ချမ်းလှတယ်သိပ်မရှိဘူး။ အခုနောက်ပိုင်း ဆောင်းတွင်းမှာ နှင်းတွေ တွေ့ချင်ရင် ပယ်ရီစကုတ်နဲ့ ရှာရမလို ဖြစ်နေတယ်။ နွေဆိုတော့ ဘာပြောကောင်းမလဲ၊ ဖျတ်ဖျတ်လူးပေါ့။

ဒါ့ကြောင့်မို့ ဝရန်တာလေးမှာ ထိုင်လေ့ရှိတဲ့ ဒေါ်ညို ထိုင်ရုံတင်မဟုတ်၊ ညလုံးပေါက်အိပ်တဲ့ဆီကို ရောက်ရတော့တယ်။ အိပ်တယ်ဆိုတာကလည်း စောစောကပြောသလို ကြက်အိပ်၊ ကြက်နိုးပါပဲ။ ချွတ်ခနဲဆို ဒေါ်ညိုက နိုးနေပြီကိုး။ ဒါ့ကြောင့် ရပ်ကွက်ထဲက ဘယ်အိမ်ရှေ့၊ ဘယ်အချိန်၊ ဘာကားဆိုက်တယ်ဆိုတာ ဒေါ်ညိုအစအဆုံး သိနေတော့တာပေါ့။

ကြာတော့လည်း အဲဒီကားဆိုက်သံတွေ အပြန်အလှန်နှုတ်ဆက်သံတွေ၊ ပြုံးပြုံးပြက်ပြက်အဝတ်အစားတွေ၊ လှုပ်လီလှုပ်လဲ့လမ်းလျှောက်ဟန်တွေ ဒေါ်ညို့အတွက် ရိုးလာတယ်။ ညစဉ်ကိစ္စဆိုတော့ မဆန်းတော့သလို ဖြစ်လာတာပေါ့။ အခုတလော ဒေါ်ညိုအာရုံထဲမှာ စွန်းထင်းနေတဲ့ အကြောင်းအရာတစ်ခုက ပြီးခဲ့တဲ့သင်္ကြန်နဲ့ စပ်ဆိုင်နေတော့တယ်။

ဒီလိုလေ . . . နှစ်စဉ် သင်္ကြန်ရက်တိုင်း ရွှေတိဂုံဘုရားကြီးရဲ့ ဥပုသ်ဇရပ်မှာ ဥပုသ်ရက်ရှည် သွားစောင့်လေ့ရှိတာ မမမိ အသက်ရှင်စဉ် ကတည်းကပါ။ ဟိုးတုန်းကတော့ မမမိက

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



လည်း ကျန်းမာ၊ ခင်ခင်အိကလည်း ပျိုပျိုရွယ်ရွယ်၊ ဒေါ်ညိုလည်း ဖျတ်ဖျတ်လတ်လတ်။ အကြိုမတိုင်ခင်တစ်ရက်ကတည်းက ဟင်း ချက်စရာ အခြောက်အခြားတွေ လှူဖွယ်ဝတ္ထုတွေဝယ်ခြမ်းပြီး အိမ်မှာ ကိုရန်နိုင်တစ်ယောက် အစောင့်ထားလို့ နှစ်စဉ်ဥပုသ် စောင့်သွားနေကျ။

ဒီနှစ်တော့ ခင်ခင်အိမမာလို့ မသွားတော့ဘူး။ စိတ်လျှော့ ထားတာ။ ကိုရန်နိုင်က မညီသွားဖြစ်အောင်သွားပါ။ ခင်ခင်အိကို ကျွန်တော်ကြည့်မယ် အာမခံတာနဲ့ သွားဖို့ပြင်ဆင်နေတုန်း အိမ် ရှေ့တိုက် တတိယလွှာက ကြည်ပြာဆိုတဲ့ ကလေးမ လိုက်ချင်တယ် ဖြစ်ပါရော။ အဲဒီကလေးမငယ်ငယ်က ခင်ခင်အိဆီမှာ ကျူရှင် လာတက်ဖူးတော့ ဒေါ်ညိုတို့နဲ့ မစိမ်းလှဘူး။ ဝါဝင်ဝါထွက်ဆို ကြည်ပြာက သူ့ဆရာမ ခင်ခင်အိကို လာကန်တော့တဲ့အခါ ဒေါ်ညို့အတွက်လည်း အဝတ်စတစ်စပါနေကျ။ ဒေါ်ညို့ကိုလည်း ကြီးကြီးညို…ကြီးကြီးညိုနဲ့ ခင်ပုံရပါရဲ့။

အဲဒီကလေးကြည်ပြာက ဥပုဉ်ရက်ရှည်စောင့်တဲ့ဆီလိုက် ချင်တယ်ဆိုတော့ ကောင်းတာလုပ်တာပဲ။ ဒေါ်ညိုဘယ်တားပါ့မလဲ။ တရားရိပ်သာကို ခေါ်လာတာပေါ့။ တရားရိပ်သာဆိုပေမယ့် တကယ့်ရိပ်သာကြီး မဟုတ်ဘူး။ ရွှေတိဂုံဘုရားနားက ဘုန်းကြီး ကျောင်းဇရပ်တွေမှာ စတည်းချပြီး ဥပုသ်ရက်ရှည် စောင့်ကြတာ ပေါ့။ မနက်အစောကြီး ဘုရားပေါ်တက် ဆွမ်းတော်ကပ်၊ မနက် (၈)နာရီလောက်ဆို ဥပုသ်သီလယူ၊ နေ့လယ်စာ ချက်ပြုတ်စား သောက်၊ မွန်းလွဲတရားနာ၊ ညနေစောင်းကနေ ည(၈)နာရီအထိ တရားထိုင်၊ ဒါလောက်ပါပဲ။ တကယ့် တရားစခန်းကြီးမှာလို



အချိန်ဇယားအတိအကျနဲ့ ထိုင်ရတာမျိုးတော့ မဟုတ်ဘူးပေါ့။ သက်သောင့်သက်သာ အရွယ်မရွေး ဥပုသ်သတင်း ဆောက်တည် နိုင်တဲ့နေရာပါ။

ဟိုရောက်ပြီး တစ်ရက် … နှစ်ရက်တော့ တစ် ယောက်ဇာတိ တစ်ယောက်ပေါ်ပြီ။ ကြည်ပြာနဲ့ ဒေါ်ညိုအဆင် မပြေဖြစ်ကြတော့တယ်။ ဒါကလည်း ကြည်ပြာရဲ့ ကလေးဆန်မှုနဲ့ အနေအထိုင်မတက်မှုတွေနဲ့ ဆိုင်မယ်ထင်တယ်။ ကြည်ပြာ ဝတ်လေ့ရှိတဲ့ စကတ်ထဘီဆိုတာကြီးတွေကို ဒေါ်ညိုသဘော မတွေ့ ဘူး။ အခုခေတ်မှာ ကလေးမတွေ ထဘီစစ်စစ်မဝတ်ကြတော့ဘူး လားလို့ ဒေါ်ညိုတွေးနေမိတယ်။ ဖြိုးခနဲ၊ ဖျတ်ခနဲ အထိုင်အထ တွေမှာ လင်းခနဲ လက်ခနဲပေါ်သွားတဲ့ မလုံမလဲမှုတွေကို ဒေါ်ညို သဘောမတွေ့ဘူး။

လူကြားထဲ ဟိုလိုမနေနဲ့၊ ဒီလိုမထိုင်နဲ့၊ ပြောဖန်များတော့ ကြည်ပြာမှာ မျက်နှာမသာမယာ ဖြစ်လာတော့တယ်။ ဒါတောင် ကြည်ပြာ့အမေက ဆရာမနော်။ ဆရာမသမီးကလည်း သူ့အမေ မဆုံးမထားဘူးလား မသိဘူး။ ထောင့်ကိုမကျိုးဘူးလို့ ဒေါ်ညိုတစ် ယောက်တည်း မြည်တွန်တောက်တီးနေမိတယ်။ ဒီလို အခါကြီး ရက်ကြီးဆို ဘုန်းကြီးကျောင်းမှာ ကပ္ပိယကျောင်းသားလေးတွေ ပေါပါဘိ။ ကျောင်းသားဆိုတော့ စည်းကမ်းကို သိပ်ပြီးလေးစားကြ တာမဟုတ်ဘူး။ ကောင်မလေးကြည်ပြာကို ကွက်ကြည့် ကွက် ကြည့်နဲ့ပေါ့။ ဒီကြားထဲက ကြည်ပြာက အနေမတတ်၊ အထိုင် မတတ်၊ မျက်လုံးကမငြိမ်ဆိုတော့ ဒေါ်ညိုမှာ ကိုယ့်တူမသားချင်းလို ပေါင်တွင်းကြောလိမ်ဆွဲရလည်းခက်၊ တိုးတိုးကြိတ်ကြိတ် မာန်မဲ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ရတာတွေကတော့ ထပ်ခါတလဲလဲပေါ့။

ကြည်ပြာကလည်း ဘာမဟုတ်တာကို ပုံကြီးချဲ့ပြီး ဒေါ်ညို မာန်မဲနေတာကို စိတ်ညစ်လာတယ်။ ကုသိုလ်လာရှာတာ ရှာလို့မရဘဲဖြစ်လာတယ်။ သူဘာမှလုပ်တာမဟုတ်ဘဲ ဒေါ်ညိုက ဆီလိုအပေါက်ရှာ အပြစ်တင်နေတယ်လို့ ကြည်ပြာဘက်က ထင်လာတယ်။ ဒီလို တစ်ယောက်နဲ့တစ်ယောက် အမြင်စောင်းလာတော့ ဒေါ်ညို့ရှေ့မှာ ကြည်ပြာ အနေကြံ့လာတာပေါ့။ ဒီတော့ ဒေါ်ညိုနဲ့တွဲနေရာက၊ နေ့ရက်တွေကြာလာတော့ တခြားဥပုသ်သည်တွေနဲ့ပါ မိတ်ဆွေဖြစ်ပြီး စကားလက်ဆုံပြောတာတို့၊ ဘာတို့ဖြစ်လာတော့တာပေါ့။

ဒီဥပုသ်ဇရပ်ကို မမမိရှိစဉ်ကတည်းက နှစ်စဉ်လာနေကျဆိုတော့ အခြားအဖွဲ့တော်တော်များများနဲ့ နှစ်ပေါင်းများစွာ ဆုံစည်းနေကျ။ ဆုံဖန်များလို့ အတွင်းသိ၊ အစင်းသိတွေလိုတောင် ပြောလို့တောင် ရမယ်ထင်တယ်။ ရွှေလက်ကောက်တွေ တံတောင်ဆစ်လောက်ဝတ်ပြီး တိုက်အကြောင်း၊ ကားအကြောင်း၊ နိုင်ငံခြားကသားပို့ပေးတဲ့ ဒေါ်လာတွေအကြောင်းပြောပြီး သာလိကာ ဥပုသ်သည် လာလုပ်နေသူတွေကို ဒေါ်ညိုက အထင်မကြီးဘူး။ အဲဒီလူတွေကလည်း ဒေါ်ညိုကို မမမိ၊ ခင်ခင်အိတို့ရဲ့ အစေအပါးတစ်ယောက်အဖြစ်သာ သတ်မှတ်ပြီး အထင်မကြီးဘူး။

ကြည်ပြာက ငယ်လည်းငယ်၊ ရုပ်ရည်ကလည်း သနားကမားနဲ့ ဥပုသ်သည်ထဲမှာ အသက်အငယ်ဆုံးဆိုတော့ လူချစ်လူခင်များတယ်။ ဟိုလူက မုန့်ခေါ်ကျွေး၊ ဒီလူကစကားခေါ်ပြောနဲ့ ဒေါ်ညိုနဲ့ဘာတော်လဲ၊ ဘယ်လိုပါလာတာလဲ၊ စသည်ဖြင့် စပ်စု



www.foreverspace.com.mm

ကြတယ်။ ဒေါ်ညိုကလည်း ဒီလူတွေနဲ့ ကြည်ပြာ စကားလက်ဆုံကျနေတာ ခင်မင်သွားမှာ မလိုလားဘူး။ အရင်ကတည်းက မကြည်တဲ့ အခံကလေးက ရှိနေတော့ ဒေါ်ညို့ဒေါသတွေ ကြည်ပြာအပေါ် ပုံကျလာတော့တာပေါ့။

သူတို့နှစ်ယောက်ဟာ ဥပုသ်ရက်ရှည် (၇) ရက်အတွင်း တစ်အိုးတည်းစားပြီး၊ တစ်ခြင်ထောင်တည်းအိပ်ပြီး ဆန့်ကျင်ဘက်အတွေးကိုယ်စီနဲ့ ရန်သူဖြစ်လာကြတယ်။ ဘာမှရေရေရာရာ ပြောစရာမရှိဘဲ စိတ်တိုင်းမကျမှုတွေနဲ့ သိုင်းဝိုင်းရုံဖွဲ့လို့ တစ်ယောက်နဲ့တစ်ယောက် အခဲကြီးခဲဖို့ စောင့်နေကြတယ်။ ဒေါ်ညိုကတော့ အိမ်ပြန်ရောက်မှ ဒင်းအမေကို တိုင်လိုက်ဦးမယ်လို့ ကြုံးဝါးပြီး ကောင်မလေးရဲ့ ချို့ယွင်းချက်တွေကို တစ်ခုပြီးတစ်ခု ကောက်သင်းကောက်နေတော့တယ်။

ဒီလိုနဲ့ ဥပုသ်ထွက်တဲ့ရက်ကို ရောက်လာတဲ့အခါ ခုနစ်ရစ်တစ်ပတ် သံယောဇဉ်နဲ့ ကြည်ပြာဟာ တခြားလူတွေနဲ့ မခွဲနိုင်မခွာရက်ဖြစ်နေတော့တယ်။ အဲ့ဒီထဲမှာ တိုင်းမင်းကြီးကတော်ဘွားဘွားအုံးနဲ့ သူ့သမီး ဒေါ်မြမြမီတို့ သားအမိက အဆိုးဆုံးပေါ့။ ကြည်ပြာကလည်း သူတို့ကို မြေးမလေး၊ သမီးလေးလို ချစ်ခင်နှောင်တွယ်ပြီး မခွဲနိုင် မခွာရက်ဖြစ်နေတော့တယ်။ ဥပုသ်စခန်းရောက်မှ ကြည်ပြာ မိတ်ဆွေတိုးခဲ့သလို ဒေါ်ညိုလို အရင်ခင်မင်ရင်းစွဲရှိတဲ့ မိတ်ဆွေအပေါ်မှာတော့ မကြေလည်မှုတွေနဲ့စိုတဲ့လက်ခြောက်တဲ့ဆီ ရောက်တော့တယ်။

အိမ်ကိုရောက်ပြီး နောက်တစ်နေ့ ကြည်ပြာအမေ ဆရာမနဲ့ ဒေါ်ညိုတို့ဈေးသွားရင်း လမ်းမှာဆုံတော့ အတော်ပါပဲ။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ဒေါ်ညိုတစ်ယောက် အောင့်အီးထားတာတွေ ကြည်ပြာ ချို့ယွင်းချက်တွေ ရေပက်မဝင်အောင် တိုင်ပြောတဲ့အခါ ကြည်ပြာ့အမေက ပြုံးပြုံးပါပဲ။

"ကြီးကြီးညိုကို ယုံပြီးအပ်လိုက်တာ။ ကလေးမလိမ်မာရင် ကြီးကြီးညို ဆုံးမပေါ့၊ ရပါတယ်။ ကျွန်မတို့က စိတ်မဆိုးတတ်ပါဘူး"

ကြည်ပြာ့အမေက ဒေါ်ညိုတိုင်တန်းမှုတွေကို မျက်နှာပေးကောင်းကောင်းနဲ့ တုံ့ပြန်တော့ ဒေါ်ညိုပေါက်ကွဲသင့်သလောက် ပေါက်ကွဲလို့ မဖြစ်တော့ဘူးပေါ့။ ဒါမျိုးက ကိုယ်ပြောနေတာကို တစ်ဘက်သားက မခံချင်ဖြစ်မှ အရှိန်တက်ပြီး ပြောလို့ကောင်းတာလေ။ အဲဒီနေ့က ပြောချင်သမျှကို စုံတကာစေ့ မပြောလိုက်ရလို့ အီလည်လည်ကြီး ဖြစ်ကျန်ရစ်ခဲ့တဲ့ ဒေါ်ညိုရဲ့မျက်နှာဟာ သနားစရာလည်းကောင်း၊ ရယ်စရာလည်း ကောင်းနေတော့တယ်။

အခုဆိုရင် ညတိုင်းပဲ ဒေါ်ညိုဟာ ဝရန်တာကလေးကနေ ကြည်ပြာတို့အိမ်ကို လှမ်းကြည့်ပြီး မရှိတော့တဲ့၊ လက်လွှတ်လိုက်ရတဲ့ အခွင့်အရေးတွေကိုတွေးပြီး နှမြောနေမိတယ်။ ကြည်ပြာတို့အိမ်က တစ်ခုခုလုပ်စားတိုင်း အိမ်ကို မပျက်ရောက်လာလေ့ရှိတဲ့ စားစရာတွေ၊ အခါကြီးရက်ကြီး ကန်တော့ပစ္စည်းတွေ ဘာတစ်ခုမှ ရောက်မလာတော့ဘူး။ ကြည်ပြာအမေက ဟန်မပျက်ခေါ်ပြောပေမယ့် ကြည်ပြာကတော့ မတော်တဆုံတာတောင် မျက်နှာလွှဲသွားလေ့ရှိတဲ့ လိပ်ခဲတည်းလည်း ဆက်ဆံရေးတွေသာ ဒေါ်ညိုမှာ မလိုချင့်လိုချင် လက်ခံနေရတော့တယ်။

အခုဆို ဒေါ်ညိုကို ဈေးသွားဈေးပြန်ရင်တောင် စကား



www.foreverspace.com.mm

ပြော နှုတ်ဆက်မယ့်သူ မရှိတော့ဘူး။ ဒေါ်ညိုက ဝမ်းတွင်းအခံမကောင်းတော့ နှုတ်ထွက်စကားလည်း မကြည်ဘူး။ အသုံးအနှုန်းမလှပတော့ ကြားသူနားထဲ လျောလျောရှုရှုမဖြစ်ဘူး။ အိမ်ရှင်မအတော်များများ ဘာရယ်ကြီးကြီး ကျယ်ကျယ်မဟုတ်ဘဲ ဒေါ်ညို့ဆိုရှောင်ကြတယ်။

ဒေါ်ညိုကတော့ သူ့ချို့ယွင်းချက် သူမသိဘူး။ အိမ်ထဲမှာနေပြီး တစ်ရပ်ကွက်လုံးက အ,မနှာပ ကိစ္စတွေကိုသိချင်၊ စပ်စုချင်နေတော့တယ်။ သူ့အရွယ်နဲ့တန်တဲ့ ဒါန၊ သီလ၊ ဘာဝနာမှုတွေမှာ မမွေ့လျော်ဘဲ၊ သူတစ်ပါးရဲ့ ကောင်းဆိုးဖြစ်ပျက်သံသရာထဲမှာ မျောပါဖို့ ဝရန်တာ ညတွေထဲ သူ့ရဲ့စိတ်အာရုံကို ပစ်ချထားခဲ့တာ ကာလအတော်ကြာခဲ့ပြီ။

နောက်တစ်ချက်က တစ်နေ့တာကာလပတ်လုံး အိပ်ရာထဲ လဲနေတဲ့ လူမမာနားမှာ မနေချင်တော့လောက်အောင် ငြီးငွေ့လာမှုကလည်း ဒေါ်ညို့အတွက် ဝရန်တာကလေးမှာ နေပျော်ရာ အနေအထား တစ်ရပ်ဖြစ်ခဲ့တယ်။ ညဆိုရင်တော့ လူမမာတာဝန်ကို ခင်ခင်အိယောကျာ်း မောင်ရန်နိုင်ကတစ်လှည့် တာဝန်ယူတာဆိုတော့ ဝရန်တာကလေးမှာ ဒေါ်ညို့အတွက် စိတ်လွတ်ကိုယ်လွတ် နားနေနိုင်တာပေါ့။

တီဗွီပြီးတဲ့အချိန်ကစလို့ ဝရန်တာကလေးရဲ့ ဒရင်းဘတ်ပေါ်မှာ ထိုင်ပြီး၊ သူ့အရှေ့ကမြင်နေရတဲ့ ကန်ထရိုက်တိုက်ခန်းတွေရဲ့ တစ်လွှာစီ၊ တစ်ခန်းစီအကြောင်း စဉ်းစားဝေဖန်ရတာ ညစဉ်အလုပ်ပါပဲ။ ဘယ်အိမ်ရှေ့ ဘယ်ကားဆိုက်ပြီး၊ ဘယ်လိုလူတွေ ဝင်ထွက်တတ်ဆင်းတယ် ဆိုတာကအစ သိချင်စောနဲ့

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

နှိးတစ်ဝက် အိပ်ပျက်ညတွေ များလာခဲ့ပြီ။

ဒီညလည်း ဒရင်းဘတ်ပေါ်မှာ မှေးခနဲဖြစ်သွားတုန်း လမ်းထဲကို ကားတစ်စီးထိုးဝင်လာသံကြောင့် ဒေါ်ညိုဖြတ်ခနဲ နိုးသွားတော့တယ်။ အိမ်ရှေ့တစ်အိမ်ကျော်မှာ ဆိုက်နေကျ ပတ်ပလေကာ အနီလေးထင်ပါရဲ့။ ဒေါ်ညိုခါတိုင်းလို စပ်စုဖို့ ခေါင်းထောင်လိုက်ချိန်မှာ ခေါင်းထောင်မရတဲ့အပြင် ညာဘက်တစ်ခြမ်းလုံး လေးလံပြီး လှုပ်မရ၊ ရှားမရနဲ့၊ ရင်ဘတ်ထဲမှာလည်း အမည်မဖော်နိုင်တဲ့ မချိမဆန့်ဝေဒနာတွေ ပြိုဆင်းလာလိုက်တာ … ဟင် … ဘယ်လိုပါလိမ့် … ဘုရား … ဘုရား။

လေတိုက်ထဲ ညတိုင်းထွက်အိပ်ရင်း သူနေမကောင်းဖြစ်သွားတာလား။ နေမကောင်းဖြစ်ရင် ထ,လို့တော့ ရနိုင်ရမယ်လေ။ အခု ဘယ်လိုကြောင့် ထ,လို့မရတာလဲ။ သူချက်ချင်း မမမိကို သတိရသွားတယ်။ မမမိဆုံးတော့ လေဖြတ်ပြီးဆုံးတာလေ။ မဆုံးခင် (၅)ရက်အလို တစ်ရေးနိုးကြီး လေတစ်ခြမ်း ဖြတ်သွားတာ။ လှုပ်မရ၊ ရှားမရနဲ့ နောက်ဆုံး အသက်ပါ,ပါသွားပါရောလား။ မဖြစ်ဘူး၊ မမမိလိုဖြစ်လို့ မဖြစ်ဘူး။

ဒေါ်ညို နောက်တစ်ကြိမ်ထဖို့ ကြိုးစားလိုက်တယ်။ မရတဲ့အပြင် ရင်ထဲက လှိုက်မောမှုတွေပါပိုလာတယ်။ ဒါဆိုရင် တစ်ယောက်ယောက်ကို ခေါ်မှထင်ရဲ့။ သူပါးစပ်ကိုဟပြီး အစွမ်းကုန် အသံထွက်ဖို့ ကြိုးစားလိုက်တယ်။

*"ဟင် ဟင် အိ ရေ . . . ဟင် ဟင် အိ"*

အလို … သူ့လျှာတွေလုံးပြီး စကားမပီတော့ပါလား။ ဒါဆိုရင် သူ့ခေါ်သံကြားဖို့ သိပ်မျှော်လင့်လို့ မဖြစ်ဘူးပေါ့။ ဒေါ်ညို



ကသူ့အာရုံထဲ စွဲလမ်းရာ ခင်ခင်အိနှာမည်ကို ခေါ်တာပေမယ့် ခင်ခင်အိ ကြားရင်တောင် ထလာနိုင်မှာ မဟုတ်ဘူး။ ဒါဆိုရင် မောင်ရန်ကရော …

*" မောင် ရန် ရေ "*

မထူးပါဘူး၊ အော်ရလွန်းလို့ အားသာကုန်တယ်၊ အသံက ထွက်သင့်သလောက် ထွက်မလာဘူး။ ဒေါ်ညိုအားမလျှော့ဘဲ အစွမ်းကုန်လှုပ်ရှားလိုက်တော့ ဒရင်းဘတ်ရော၊ လူရော တစောင်းလဲကျသံ ဒုံးခနဲ အတော်ကျယ်ကျယ်မြည်ဟီးသွားတယ်။

ကားပေါ်ကဆင်းပြီး အိမ်ပေါ်ကိုတက်တော့မယ့်ဆဲဆဲ ရှေ့တစ်အိမ်ကျော်က ကာရာအိုကေမယ်တွေက ဒေါ်ညို့အဖြစ်ကိုမြင်တော့ ပထမထပ်ဝရန်တာမှာ အဘွားကြီးတစ်ယောက် အအိပ်ဆော့ပြီး ဒရင်းဘတ်ပေါ်က ပြုတ်ကျတယ်အထင်နဲ့ ကြည့်ကောင်းကောင်းနဲ့ကြည့်ပြီး ရယ်ပွဲဖွဲ့နေကြလေရဲ့။ သူတို့တစ်တွေဟာ မြို့ပြရဲ့ထုံးစံ သူတစ်ပါးအကြောင်းကို ကြာရှည်စိတ်မဝင်စားဘဲ တစ်ညတာ မောပန်းနွမ်းနယ်လာသမျှ အနားယူဖို့ အိပ်ခန်းတွေဆီတက်သွားကြတဲ့အခါ ကန်ထရိုက်တိုက်တွေနဲ့ သိုင်းဝိုင်းရံခထားတဲ့ လမ်းကလေးက အရင်ညတွေတုန်းကလိုပဲ ပကတိအတိုင်း တိတ်ဆိတ်ငြိမ်သက်နေပါတော့တယ်။

မိချမ်းဝေ

၂၀၀၄ ဇန်နဝါရီ၊ လူမှုဖူလုံရေး ရွှေရတု မဂ္ဂဇင်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

ရှောင်းရန်မဟုတ်ပါ

www.foreverspace.com.mm

ရှောင်းရန်မဟုတ်ပါ

နှလုံးသားနဲ့ ထိရှခံစားလွယ်သူတိုင်းမှာ ရှောင်းရန်မဟုတ်သော ပန်းချီကားတစ်ချပ်စီ ရှိကြမယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါ။ ကျွန်မပိုင် ပန်းချီကားလေးရဲ့ ဖြစ်တည်မှု အကြောင်းအရာကတော့ ပင်လယ်ကမ်းစပ်မြို့ကလေးရဲ့ မထင်မရှားရပ်ကွက်ကလေးအတွင်းမှာ သန္ဓေတည်ခဲ့တယ်ဆိုတာ အလွန်သေချာလွန်းလှပါသည်။

ကျွန်မမြို့ကလေးဆီရောက်တော့ ပြန်လည်ဆုံတွေ့ချင်သော မိတ်ဟောင်းဆွေဟောင်းစာရင်းထဲတွင် ချင်းမိုင်လည်း ပါဝင်လေသည်။ ကျွန်မက လူငယ်(ကလေး) တွေကို တလေးတစားဆက်ဆံတတ်သူဖြစ်ရာ "ချင်းမိုင်"ကို မလောက်လေးမလောက်စားအရွယ်လို့ သဘောမထားပါ။ လွန်ခဲ့သည့်နှစ်တွေတုန်းကပင် အရေးထားဆက်ဆံခဲ့ဖူးသည်။

တကယ်တော့ ချင်းမိုင်သည် ကျွန်မအိမ်သို့ မီးသွေးနှင့်ထင်းခေါင်းပို့သည့် ကလေးမလေးပင်ဖြစ်သည်။ ထင်းခေါင်းဆိုသည်က မီးသွေးဖုတ်ရန် သစ်တုံးများ မီးသွေးဖိုထဲထည့်သွင်းပြီး မီးသွေးအဖြစ် ပြောင်းလဲစဉ် ကြွင်းကျန်ရစ်သော အပိုင်းဖြစ်သည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ယင်းသည် မီးဆိုက်ရန် လွယ်ကူပြီး မီးမွေးရာ၌လည်း အသုံးပြုသည်။

အိမ်မှာ မီးသေါးကုန်နေလျှင် ကျွန်မက မီးသွေးဖောင်းရှင်ဒေါ်မေညွန့်ကို ကျောင်းမှကလေးတစ်ယောက်နှင့် အကြောင်းကြားလိုက်ရသည်။ ညနေဆိုလျှင်တော့ ချင်းမိုင်က မီးသွေးအိတ်ကြီးမနိုင့်တနိုင်ရွက်၊ ချင်းမိုင် ညီမ ချိုမိုင်က ထင်းခေါင်းတောင်းကြီးမနိုင့်တနိုင်ရွက်ကာ ယိုင်ထိုးယိုင်ထိုးနှင့် ရောက်လာတော့သည်။

ကျွန်မက သူတို့ကို ပို့ခငွေကြေးပေးလိမ့်မယူ။ ထို့ကြောင့်ဆန်၊ မုန့်ပဲသရေစာနှင့် ကလေးအင်္ကျီဟောင်းတို့ကို ပေးရလေ့ရှိသည်။ ချင်းမိုင်က မောင်နှမထဲမှာ အကြီးဆုံးဖြစ်၍ သူ့အောက်က မောင်ညီလေးတွေ အရွယ်စုံဆိုဒ်စုံရှိသည်။ ချင်းမိုင်အိမ်ကိုရောက်လျှင် တော်ရုံနှင့်မပြန်လိုဘဲ အိမ်မှာအလှပြထားသောအရုပ်များကိုငေးသည်။ ကျွန်မကလေးတွေရဲ့ ဓာတ်ပုံတွေကို ငေးသည်။ ယုတ်စွအဆုံး ကျွန်မကျောင်းသွားလျှင် ခေါင်းမှာတပ်ဆင်လေ့ရှိသော ကလစ်လှလှ ဆံညှပ်ပုံဆန်းဖဲပွင့်ရောင်စုံတို့ကို ငေးသည်။

ချင်းမိုင်က ဒုတိယတန်းနှင့်ကျောင်းထွက်ထားသူမို့ စာကိုရေးတတ်ဖတ်တတ်ရုံ၊ တွေ့ရာမြင်ရာကို စာလုံးပေါင်းဖတ်နေသည်မှာတော့ သနားစရာပင်ကောင်းသေးတော့၏။

"ချင်းမိုင် စာသင်ချင်လား၊ စာသင်ချင်ရင် အားတဲ့အချိန်လာ၊ ဆရာမ စာသင်ပေးမယ်"

ကျွန်မက ဖိတ်ခေါ်ပေမယ့် ချင်းမိုင် ရောက်မလာခဲ့ ချင်းမိုင်မှာ စာသင်နိုင်လောက်သည့် အချိန်အားမရှိ။ ချင်းမိုင် အဖေက



မီးသွေးဖောင်းထဲမှာ ထင်းချောင်းစီ၊ ဖောင်းပိတ်၊ ဖောင်းမီးထိုးယောက်ျားနှင့်တန်သည့် အလုပ်လုပ်၊ ချင်းမိုင်အမေက ဖောင်းဖွင့်လျှင် မီးသွေးတုံးများ သယ်ထုတ်၊ ထုခွဲ၊ အိတ်သွတ်၊ ချင်းမိုင်တို့မောင်နှမတွေက ကားပေါ်အရောက်ရွက်ပို့၊ ကားနှင့်မီးသွေအိတ်တွေကိုအော်ဒါမှာရာ အိမ်နှင့်လက်ဖက်ရည်ဆိုင်များသို့ ပို့ခြင်းဖြစ်သည်။

မီးသွေးဖောင်းများသည် တောင်နံ့ရံကိုဖောက်၍ ပြုလုပ်ထားသည်ဖြစ်ရာ တောင်နံ့ရံပတ်လမ်းပေါ်တွင် တဲကုပ်ကြီးများမိုး၍ အလုပ်လုပ်ကြလေ့ရှိသည်။ ထိုတောင်နံ့ရံပေါ်တွင် မီးသွေးဖောင်းအလုံး အစိတ်ခန့်ရှိမည် ခန့်မှန်းရ၏။ ချင်းမိုင်တို့ မိသားစုကတော့ ဖောင်းတွေနှင့် မလှမ်းမကမ်းမှာ တဲထိုးပြီးနေသည်။ ဤမြို့မှာ မီးသွေးကိုလောင်စာအဖြစ် အဓိကထား အသုံးပြုသည့်မြို့ဖြစ်သဖြင့် ကျွန်မနှင့်ချင်းမိုင် ဆက်ဆံရေးသည် အစဉ်အမြဲထိစပ်နေသည်။ ကျွန်မက မီးသွေးကုန်ပြီ ထင်းခေါင်းကုန်ပြီဟုသာအကြောင်းကြားလိုက်သည်နှင့် ချင်းမိုင်တို့ညီအစ်မ အချိန်မရွေးရောက်လာလေ့ရှိသည်။

ကြာတော့လည်း သူတို့ညီအစ်မအပေါ် ကျွန်မ သံယောဇဉ် တွယ်လာသည်။ စားသောက်စရာရှိလျှင် ချန်ထားတာမျိုး၊ တကူးတကခေါ်ကျွေးတာမျိုး ဖြစ်လာသည်။ တစ်ခါတော့ နွေကျောင်းပိတ်ရက် ကျွန်မအိမ်မှာ သိုးမွေးထိုးသင်တန်းဖွင့်သည်နှင့် ချင်းမိုင်လည်း သင်ချင်သည်ဖြစ်ပါရော။

သင်တန်းသူတွေက အလယ်တန်းကျောင်းသူမှ တက္ကသိုလ်ကျောင်းသူအထိပါသည်ဆိုတော့ သူ့အရွယ် အပျိုမပေါက်တပေါက်ကလေးတွေ အားကြိုးမာန်တက် ထိုးနေသည်ကို တွေ့မြင်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရသည်ဖြစ်ရာ ချင်းမိုင် စိတ်ပါလာသည်ထင်၏။ အလုပ်မအားသည့်ကြားကပင် ပြေးလာသည့် ချင်းမိုင်ကို ကျွန်မက အပ်စိုက်ချည်စိုက်သင်ပေးရသည်။

သင်ပေးရသည်ဆိုမှ ချင်းမိုင် ဉာဏ်ရည်ဉာဏ်သွေးကို သိရတော့သည်။ ချင်းမိုင်ကား ဒုံးဝေးလှပါ၏။ ချည်ခင်ကို လက်သန်းကြားမှ ပတ်ကာ လက်ညှိုးနှင့်လက်မ ဖိကိုင်လျက် တစ်ချောင်းထိုးအပ်ဖြင့် ထိုးကလော်ရသည့်အမှုကို ချင်းမိုင်တစ်ယောက် ချွေးပေါက်ပေါက်ကျအောင် ရုန်းရရှာသည်။

သူတစ်ပါး ပေါ့ပါး လွယ်ကူသော အလုပ်ကိုချင်းမိုင်ခမျာ တစ်ရက်လည်းမဖြစ်၊ နှစ်ရက်လည်းမဟန်၊ သုံး…လေးရက်။ ဖွတ်မြီးတတ်ပြန်တော့ တိုင်ထူရန်ခက်ခဲပြန်သည်။ တိုင်ထူတတ်ပြန်တော့…။ နောက်ဆုံး အလွယ်ကူဆုံးအကွက်ကလေးကိုပင် သင်၍မတတ်နိုင်ဘဲ ပြေးလေတော့ရာ ကျွန်မ၏ သိုးမွေးထိုးသင်တန်းတွင် ထိုအကွက်သည် ချင်းမိုင်ပြေးကွက်ဟု အမည်တွင်သွားတော့၏။

နောက်ပိုင်း ချင်းမိုင်တစ်ယောက် သိုးမွေးထိုးရာ မရောက်လာခဲ့ပေမယ့် အိမ်ကိုတော့ မီးသွေးပို့မပျက်ခဲ့။ ချင်းမိုင် လက်တွေက သိုးမွေးထိုး သာမဖြစ်တာ ထင်းခေါင်းတွေ စိတ်ခွဲရာမှာတော့ လက်ပေါက်စိတ်လှ၏။ ထင်းခေါင်းကို ပေါက်ဆိန်ဖြင့် ပေါက်ကာ တစ်ခါသုံး အချောင်းငယ်ကလေးတွေ ဖွခွဲထားသည်မှာ စိတ်ရှည်လက်ရှည် လက်ဝင်လှပါဘိ။

သည်လိုနှင့် ကျွန်မနှင့် ချင်းမိုင်မိသားစုတို့ သံယောဇဉ် ချည်မျှင် ရှည်ခဲ့ကြပါသည်။



ဆယ်ပေသာသာ အကျယ်အဝန်းရှိသော မီးသွေးဖောင်းနံဘေးရှိ ချင်းမိုင်တို့အိမ်ကလေးအတွင်းမှာ သူတို့မိသားစုတွေနှင့် ဒွေးရောယှက်တင် အိပ်ဖြစ်ခဲ့ရသည့် ညကလေးတစ်ညကတော့ ကျွန်မဘဝအတွက် မမေ့ရက်နိုင်သော ညကလေးပါပဲ။

ရပ်ကွက်ကလေးကို လောင်ကျွမ်းသောမီးသည် နာရီပေါင်းများစွာ ကြာသည့်တိုင် မငြိမ်းနိုင်သေး။ မီးလောင်သည့်အတွေ့အကြုံမရှိတာရော၊ လောင်မည်မထင်တာပါ ပေါင်းကာ တကယ်လောင်တော့ ကျွန်မတို့မှာ ဘာပစ္စည်းမှ မယ်မယ်ရရ မရလိုက်၊ ရသမျှဖြင့် ဘယ်သွား၍ ဘာလုပ်ရမှန်းမသိခင်၊ ချင်းမိုင်လာခေါ်၍ ချောင်းတစ်ဖက်ကမ်း ဖောင်းတန်းဘေးမှ အိမ်ကလေးဆီပါခဲ့ရသည်။

"ဆရာမရယ် ဘယ်မှမသွားပါနဲ့ ဒီမှာပဲနေပါ။ ကျွန်မတို့နဲ့ မရှိအတူ ရှိအတူပေါ့"

ချင်းမိုင်အမေ ဒေါ်ပေါစိန်ခေါ်လို့ အိမ်လိုက်ခဲ့ရပေမယ့် ရှေ့ရေးကို ကျွန်မ မဆုံးဖြတ်ရသေး။ ညအိပ်တော့ ကြယ်မြင်လမြင် အိမ်ခေါင်မိုးပေါက်တွေကို ငေးကြည့်ရင်း ထိုတစ်ညက အခြားလူတွေအိပ်မောကျနေပေမယ့် ကျွန်မမှာ အိပ်မပျော်နိုင်ခဲ့။

ရုတ်ချည်းပြောင်းလဲသွားသော ဘဝပေးအခြေအနေကို ပြန်ပြောင်းတွေးကြည့်နေမိသည်။ ယခင်က ပိုင်ဆိုင်မှုတွေ ယခု မပိုင်ဆိုင်တော့။ ယခင်က ကြွယ်ဝချမ်းသာမှုတွေ ယခု ဆုံးရှုံးမှုပျောက်ကွယ်ကုန်ပြီ။ ဟိုတုန်းက ကျွန်မတို့ မိသားစုက စားနိုင်သောက်နိုင်၊ ကျွန်မတို့ ပိုလျှံကျွေးမွေးသမျှ ချင်းမိုင်တို့က လက်ဝေခံ၊ ဆန်ကအစ အဝတ်အစားအဆုံး ကျွန်မတို့ပေးမှစား၊ ဆင်မှဝတ်ရသည့်သူတွေ၊

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ယခုတော့ တစ်ခဏချင်း တစ်မုဟုတ်ချင်း ကျွန်မနှင့် ချင်းမိုင်တို့ ဘဝတူ ဖြစ်သွားပြီ။ ချင်းမိုင်တို့မိသားစုမှာ ဘာမှမရှိသလို ကျွန်မတို့မိသားစုမှာလည်း ဘာမှမရှိတော့။

သည်လိုအချိန်မှာ ကျွန်မကို ယခင်ကလိုပဲ ချစ်ခင်လေးစားစွာ နေရာပေးဆက်ဆံသော အရိုးခံ မိသားစုအပေါ် ကျွန်မ မလေးစားဘဲ မနေနိုင်။ သူတို့၏ ရိုးသားဖြူစင်မှုကို ကမ္ဘည်းမထိုးဘဲ မနေနိုင်။ မိုးလင်းသည်နှင့် နီကြန့်ကြန့် ဆန့်ကြမ်းထမင်းနှင့် ငါးငယ်သီ မီးကင်အသင့်ပြင်ကာ နံနက်စာ စီစဉ်ထားသော စေတနာကို အသိအမှတ် မပြုဘဲမနေနိုင်။ တစ်လုတ်စားဖူးသော ကျေးဇူးကို ဆပ်နေသည့် ချင်းမိုင်တို့ မိသားစုသည် စာပင်ကောင်းစွာတတ်ကြသူများမဟုတ်။

မိမိတို့အတွက် ဝန်ထုတ်ဝန်ပိုးမဖြစ်စေဖို့ ကျွန်မတို့ မိသားစု စက်ဝင်းရပ်သို့ ပြောင်းသည့်နေ့က သူတို့အားလုံး စိတ်မကောင်းကြ။ မီးလောင်တုန်းက တစ်ပိုင်တစ်နိုင်သယ်ခဲ့သော ပစ္စည်းကလေးတွေ စက်ဝင်းအိမ်ရွှေ့တော့ ချင်းမိုင်လည်းပါလာသည်။ နေရာသစ်မှာ ပစ္စည်းတွေ လိုက်ပြီးကူညီသယ်ပိုး နေရာချပေးသည်။ ညရေးညတာအဖော်လိုသည့်အခါ လာအိပ်ပေးသည်။

မြို့ကို မီးလောင်စဉ် မီးသွေးဖောင်းတွေ မပါဘဲ ကျန်ရစ်သဖြင့် ချင်းမိုင်တို့ အလုပ်မပျက် စားဝတ်နေရေး ပုံမှန်လည်ပတ်နေ၏။ သည်နှစ်တွေအတွင်း ချင်းမိုင်ရော ချိုမိုင်ပါ အနည်းငယ်ထွားကျိုင်းလာကြသည်။ သူတို့ရှင်မီးအင်္ကျီကလေးတွေ ကျပ်ကျပ်တိုကလေးတွေ ဖြစ်လာသည်။ ရင်ကွဲကျောကွဲ အပေါ်အင်္ကျီကလေးတွေကလည်း ဖွံ့ထွားလာသော အသားစိုင်တွေကို မဖုံးနိုင်



မဖိနိုင်ဖြစ်လာသည်။ သည်တော့ မနေနိုင်သည့် ကျွန်မမှာ အုံပါသည့် ဘော်ဘီကလေးတွေ၊ ချုပ်ပြီးသားအင်္ကျီကလေးတွေ ဝယ်ပေးရပြန်သည်။

သည်လိုနှင့် ရာသီစက်ဝန်းသည် ပြောင်းလဲလည်ပတ်နေတော့သည်။ ကံကြမ္မာရဲ့ အလှည့်အပြောင်းအရ ကျွန်မ ရန်ကုန်သို့ အလုပ် ပြောင်းရွှေ့ရတော့မည်ဆိုတော့ ချင်းမိုင်မှာ လိုက်မည်တကဲကဲဖြစ်လာသည်။ ကျွန်မကလည်း ဘုရင့်နောင်ဖောင်ဖျက်ပြောင်းရတော့သည်ဆိုတော့ ဟိုမှာ အလုပ်အကိုင် နေရေး၊ ထိုင်ရေး ဘယ်လိုမှန်း မသိခင် လူပိုအခေါ်ချင်သေး။

တကယ်တော့ ကျွန်မတို့မိသားစုအတွက် အိမ်ဖော်တစ်ယောက်မလိုအပ်လှပါ။ ချင်းမိုင်ကို အိမ်ဖော်လို သဘောမထားသွေးသားရင်းချာလို မွေးရမည်ဖြစ်၏။ ထိုအတွက် လူတစ်ယောက်၏ တာဝန်ဆိုသည့် ဝန်ထုပ်ဝန်ပိုးကို အစိုးရဝန်ထမ်းလစာနှင့် စဉ်းစားနေရသည်။ သည်လိုနှင့် ပြောင်းသာပြောင်းလာခဲ့သည် ရန်ကုန်သို့ ချင်းမိုင်ပါမလာခဲ့။

နောက်တော့လည်း တွေ့ကြုံဆုံကွဲ ဖြစ်မြဲလမ်းအတိုင်း ကျွန်မတို့ တစ်ကမ္ဘာစီခြားသွားကြသည်။ ရောက်ရှိနေသော နေရာမှ ရှေ့သို့သာ တစ်စိုက်မတ်မတ် တိုးနေရသည်ဖြစ်ရာ ကျွန်မ အာရုံထဲ ချင်းမိုင်သည် တဖြည်းဖြည်း မှုံဝါးဝေသီလာသည်။ မမေ့ပျောက်နိုင်ဖွယ် စွန်းထင်းသွားသော မီးလောင်ပြင် အရိပ်မည်းကြီးကို အမှတ်ရမှသာ ချင်းမိုင်တို့မိသားစု ပုံရိပ်တွေ ပြန်ပေါ်လာရသည်။ ဒါသည်လည်း ပေါ်ချည်မြုပ်ချည်။

အကြောင်းရေစက် ပေါင်းဖက်တွေ့ဆုံခြင်း ကံတရားသည်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်မ မြို့ကလေးမှာ ပြောင်းရွှေ့လာသော်လည်း မြို့ကလေးနှင့် ကင်းကွာသွားခြင်းမရှိ မိုင်ပေါင်းများစွာအဝေးမှ ပြန်လည်ရောက်ရှိရန် အကြောင်းဖန်လာသည်။ ကျွန်မလည်း ပြောင်းမည့်သာ ပြောင်းလာရသည် ထိုကမ်းရိုးတန်း မြို့ကလေး၏ ရေအိုးနံ့၊ ငါးပုစွန်နံ့၊ မြို့သူမြို့တို့၏ ရင်းနှီးဖော်ရွေမှု၊ ပွင့်လင်းစွာပြောဆိုတတ်မှုတို့ပအပေါ် စွဲလန်းငြိတွယ်နေခဲ့ပြီး မြို့ကြီးပြကြီးရောက်ပြန်သော်လည်း မြို့ကလေးကို အောက်မေ့တပ်မက် လွမ်းလက်စ မပြေနိုင်။

မြင်းချည်တိုင်ဟုခေါ်သော သိမ်တော်ကြီးစေတီ ကုန်းတော်ပေါ်မှ အဝေးမြင်ကွင်း ပထော်ပထက် တောင်ညီနောင်နှင့် ပင်လယ်ပြင်ကို မျှော်ငေးကြည့်ရသည့်အရသာ၊ အနီးအနားသန္တာကျွန်းမှာ အုန်းစိမ်းရေချိုချိုသောက်၊ ပင်လယ်ရေကူးခတ်ရသည့်အရသာ၊ ပုစွန်စိမ်းကော၊ ရေခူသုပ်၊ ကတ်ကြေးကိုက်စသော ဒေသစာတွေကို မက်မက်မောမော စားသောက်ရသောအရသာ၊ မြို့ကလေးနှင့် ပတ်သက်၍ ထိုတပ်မက်မှု ချင်ခြင်းတွေ မဖြတ်နိုင်သဖြင့် မြို့ကလေးသို့ ပြန်သွားခွင့်ကြုံသည့်အခါ လိုလိုချင်ချင် လိုက်ပါလာရသည်။ မြို့ကိုရောက်တော့ ပြန်လည်ဆုံတွေ့ချင်သော မိတ်ဟောင်းဆွေဟောင်းတွေထဲတွင် ချင်းမိုင်လည်းပါသည်။

သည်လေးငါးနှစ်အတွင်း ချင်းမိုင်တစ်ယောက် ဘာတွေများ ပြောင်းလဲနေမလဲ။ ကျွန်မနေခဲ့ဖူးသည့် ရပ်ကွက်ကလေးကို ဖြတ်၍ ချောင်းကမ်းနဖူးဆီရောက်တော့ အခြားအရာများ မပြောင်းလဲသော်လည်း တောင်စောင်းမှာ မီးသွေးဖောင်းတွေ မရှိတော့သည့် မြင်ကွင်းက ရင်ထဲမှာ ဟင်းလင်းပွင့်သွားသလို ခံစား



လိုက်ရသည်။ ဖောင်းတွေကို ကျေးလက်တောရွာနှင့် ကျွန်းရွာတွေဆီ ပြောင်းရွှေ့ဖွင့်လှစ်စေသည်ဟုသိရ၏။ မီးသွေးဖောင်း အစိတ်သုံးဆယ်ခန့် ထိုတောင်စောင်းကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်းပြုနေသည့် ရပ်ကွက်ကလေးရဲ့ ကျန်းမာရေးကရော၊ ကျွန်မ ချင်းမိုင်တို့ မိသားစုအတွက် အကြီးအကျယ် စိတ်ပူသွားသည်။

ချောင်းကလေးတောင် ကောင်းနေပြီပါလား။ တစ်ချိန်က ထင်းလှေတွေ ချောင်းကလေးကိုအားပြုကာ ဖောင်းခြေရင်းအထိ ဒုတ်ဒုတ် ထိုဝင်လာလျက် အလုပ်သမားတွေ ထင်းထမ်း ထင်းစီ မြင်ကွင်းကို မျက်စေ့ထဲ မြင်ယောင်လာသည်။ ရေတက်ရေကျ ချောင်းကလေးသည် တောင်ကမ်းပါးယံတွင် ဖောင်းတွေမရှိတော့သဖြင့် မြေတွေပြိုကျတာရော အမှိုက်သရိုက်တွေ စည်းကမ်းမရှိ စွန့်ပစ်ခြင်းကပါ ရောထွေးလျက် ရေမတက် ရေမကျနိုင်ဘဲ ချောင်းကောကလေး ဖြစ်နေပေပြီ။ ချောင်းကို ဖြတ်ကူးနေသည့် ပေါင်းကူးကလေးကတော့ ယခင်အတိုင်း ငြိမ်သက်ခြင်း တည်းသံပေး ကျွိအိ…ကျွိအိ…မြည်ဆဲ။

ပေါင်းကူးလေးအလွန် ချင်းမိုင်တို့ အိမ်နေရာမှာ ယခင်လို အိမ်ခြေတွေ ပြွတ်သိပ်မနေတော့။ ဘယ်ဟာ ချင်းမိုင်တို့ အိမ်ဆိုသည်ကိုပင် မမှတ်မိနိုင်။ ကျွန်မ ချင်းမိုင်တို့ အဖေနာမည် အပြေးအလွှားစဉ်းစားနေမိသည်။ ချင်းမိုင်တို့ အမေကတော့ ဒေါ်ပေါစိန် ဒါကိုအခြေခံပြီး မေးမှပါပဲ။

"အလို ဆရာမပါလား။ အမိဝေး (အမေရေ) ဆရာမ လာတယ်"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



သပ်သပ်ရပ်ရပ် ဝါးအိမ်ကလေးထဲက အသံတစ်သံ ပေါ်ထွက်လာပြီး ကျွန်မရှေ့ကို မြင့်မြင့်သွယ်သွယ် အမျိုးသမီးတစ်ယောက် ဖြန်းခနဲ ရောက်ချလာသည်။ ကျွန်မ မျက်စေ့ကို ကျွန်မ မယုံနိုင်။

"ချင်းမိုင်လေ ဆရာမရဲ့ မမှတ်မိဘူးလား၊ ဒါ ချင်းမိုင်အိမ်ပါ ဆရာမရဲ့၊ အခု ချင်းမိုင် အိမ်ထောင်ကျနေပြီ"

ချင်းမိုင်က ထွက်လာပြီး ဖိုးဖိုးဇတ်ဇတ်ခေါ်လို့သာ ပါလာရ။ ကျွန်မ အိပ်မက်ထဲ လမ်းလျှောက်နေရသလိုပါပဲ။ ကျွန်မရှေ့မှာ မြင်နေရသည့် ချင်းမိုင်သည် အရင်ကလို ချေးအလိမ်းလိမ်း၊ နှပ်အရွဲရွဲနှင့် ညစ်ထပ်ထပ် ချင်းမိုင်မဟုတ်တော့။ အရွယ်ရောက်ပြီး တသွေးတမွေး တင့်တယ်လာသည့် ချင်းမိုင်ကို ကျွန်မငေးကြည့်နေမိသည်။ သည်နှစ်တွေအတွင်း ဆံပင်တွေလည်း ရှည်လာလိုက်တာမှ တစ်ထွေးကြီး။ မျက်လုံးစိုစို အသားလတ်လတ် ဝင်းဖန့်ရှည်သွယ်သည့် အရပ်အမောင်းတွေက ချင်းမိုင် အရွယ်ရောက်ပြီဆိုတာကို ပြနေသည်။ အင်းလေ အရွယ်ရောက်လို့ပဲ ချင်းမိုင် အိမ်ထောင်တောင်ကျနေမင့်ဟာ။

"အမေတို့က အခု စက်ဝင်းရပ်ကွက်ထဲမှာ ပြောင်းနေကြပြီ ဆရာမရဲ့၊ မီးလောင်ပြီး ဆရာမသွားနေဖူးတဲ့ ရပ်ကွက်လေ။ အဖေလည်းဆုံး ဖောင်းတွေကလည်း ဖျက်မိန့်ကျလာတော့ ကြံရာမရဖြစ်ပြီး ဟိုမှာ အိမ်ဆိုက်ကလေးဖွင့်ပြီး ရောင်းဝယ် စားသောက်နေကြတယ်။ ဆရာမ ပြောင်းသွားတော့ ကျွန်မ ပထက်ကမ်းက အအေးခန်းစက်ရုံမှာ ပုစွန် ပါကင်ထုတ်တဲ့အလုပ် သွားလုပ်လိုက်သေးတယ်။ အဲဒီမှာ အအေးခန်းဆီ ငါးလာသွင်းတဲ့ ကိုနိုင်နဲ့ တွေ့



တာပါ။ အခု ချိုမိုင်နဲ့ သူ့အောက် အငယ်တစ်ယောက် ပုစွန်ပါကင်မှာလုပ်ဆဲပါ။ နို့ညာနဲ့အငယ်ဆုံးတော့ အမေနဲ့အတူ ဈေးကူရောင်းနေပါတယ်။ ဆရာမလာလည်တာ ဝမ်းသာလိုက်တာ။ ထမင်းစားပြီးမှ ပြန်နော်၊ ချင်းမိုင် သွက်သွက်ကလေး စီစဉ်လိုက်မယ်။ ဒီနေ့ ရှပ်ခရုတွေလာရောင်းလို့ ရထားတာရှိတယ်။ တင်းဟောခြောက်တွေဖုတ်ပြီး ဆီဆမ်းမယ်။ ချဉ်ပေါင်ရွက် ဟင်းချိုကလေး ချက်၊ ငါးဘောင်းချေး စင်းကောထိုးပြီး ပင်လယ်စာတွေနဲ့ ဆရာမ ထမင်းမြိန်ဦးမယ်"

ချင်းမိုင် မီးဖိုထဲဝင်သွားတော့ ကျွန်မ တစ်ယောက်တည်း ကျန်သည့်အခါ အိမ်ကလေးကို လှည့်ပတ်ကြည့်မိသည်။ အိမ်ကလေးက ဝါးကြမ်းခင်းပေမယ့် ပွတ်တိုက်ထားသဖြင့် ပယင်းရောင်ထကာ အေးမြမှုပေးနေသည်။ မများလှသည့် အိမ်ထောင်ပစ္စည်းတချို့ သပ်သပ်ရပ်ရပ် စီစီရီရီ။ သည်လိုတော့ ချင်းမိုင် တစ်ယောက် အိမ်ရှင်မကောင်း ပီသပေသားဟု တွေးနေဆဲ အိမ်ထဲသို့ လူရွယ်လူလတ်တစ်ယောက် ဝင်လာသည်။ အသားညိုညိုထောင်ထောင်မောင်းမောင်း ချိုင်းပြတ်စွပ်ကျယ်ဝတ်ထားသဖြင့် နေရောင်အောက်တွင် ချွေးတို့ဖြင့် စိုလက်နေသဖြင့် လက်မောင်းသားတွေ မြင်နေရလေသည်။

"ဟော ကိုနိုင်တောင် ပြန်လာပြီ၊ အတော်ပဲ၊ ဒါက ချင်းမိုင်ရဲ့ မေမေ ဆရာမ။ ရန်ကုန်က အခုပဲ ရောက်လာတာ။ ဒါက ချင်းမိုင်ရဲ့ ယောကျ်ား ကိုအောင်နိုင်တဲ့"

ကျွန်မ နည်းနည်းအံ့သြသွားသည်။ ချင်းမိုင်က သူ့ယောကျ်ားလုပ်သူနှင့် မိတ်ဆက်ပေးသည့်နေရာမှာ ကျွန်မကို

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ချင်းမိုင်ရဲ့မေမေဆရာမလို့ သုံးနှုန်းလိုက်ပုံကလေးက ထူးဆန်းနေလို့ပါ။

နှစ်များစွာ ခွဲခွာပြီး ရုတ်တရက် ပြန်လည်တွေ့ရလို့ ချင်းမိုင် အမြူးကြီး မြူးနေတာလည်းပါသည်။ ကျွန်မ ကောင်လေးကို အကဲခတ်ကြည့်နှင့် ကြည့်သည့်အခါ ထိုသူငယ်က ရိုရိုကျိုးကျိုးပါပဲ။

“မင်းက ဘာအလုပ်နဲ့ အသက်မွေးတာလဲကွဲ့”

“ကျွန်တော် ငါးလှေ လိုက်ပါတယ် ဆရာမ”

ငါးလှေဆိုတော့ ကျွန်မ တောတော် စိတ်ဝင်စားသွားသည်။ ကျွန်မရေးနေသည့် ပင်လယ်တံငါကိစ္စတွေနှင့် သက်ဆိုင်နေသည် မဟုတ်ပါလား။

“ဘယ်လို ငါးလှေ အမျိုးအစားလိုက်သလဲ ပြောပါဦး”

“ဝါးလတ် ကမ်းနီးပါပဲ၊ ဒီကနေ လှေနဲ့သုံးနာရီခရီး၊ မလိကျွန်းနားက ကျောက်ဒွေးတို့ အညင်းဖို အညင်းမတို့နားပေါ့”

“မင်းတို့ လုပ်ငန်းစဉ်ကလေး ပြောပါဦး”

“ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့လှေမှာ အလုပ်သမား ဆယ့်ရှစ်ယောက်ပါတယ်။ ပွဲနင်းတစ်ယောက်၊ ရေရှူးတစ်ယောက်ပါမယ်၊ ငါးထိနိုင်မယ့် နေရာရောက်ရင် ပိုက်ကိုစချမယ်။ ပိုက်တစ်ခါချထားရင်တော့ လေးနာရီလောက် ကြာပါတယ်။ ဒါကို တစ်ရူးလို့ခေါ်ပါတယ်။ ထိတဲ့ငါးတွေက ငါးဘီးစင်း၊ ငါးရွှေ၊ ငါးပါးနီ၊ ငါးမုတ်ဖြူ၊ ငါးမုတ်မည်းတွေပါပဲ။ ရတဲ့ငါးတွေကို ပင်လယ်ရေနဲ့ဆေးပြီး ပလတ်စတစ်ပုံးကြီးတွေထဲ ရေခဲတစ်ထပ် ငါးတစ်ထပ်ထည့်ရပါတယ်။ လှေပေါ်မှာ ဒီလိုပုံးပြာမျိုး အလုံးတစ်ရာကနေ သုံးရာအထိ ပါလေ့ရှိတယ်။



“ဒီလို လှေတစ်ခေါက်ထွက်သွားရင် ပင်လယ်ထဲမှာ ဘယ်နှစ်ရက်ကြာလဲ”

“၁၀ ရက် လက်စွမ်းကုန်ပါပဲ။ ငါးတန်ချိန်ပြည့်ရင် ကဲ့လှေနဲ့ထည့်ပြီး ထိုင်းမှာလည်းရောင်းတယ်။ ဒါမှမဟုတ် ဒီကို ပြန်သယ်ပြီး ငါးလေလံဈေးမှာလည်း ရောင်းပါတယ်။ ထွက်စဦးမှာ ငါးသေးငါးမွှားယူလေ့မရှိပါဘူး။ အပြန် ငါးတန်ချိန်လိုတဲ့အခါ ဒါမှမဟုတ် ကဲ့လှေမှာ ငါးရောင်းလိုက်လို့ လှေဝန်ပေါ့သွားတဲ့အခါ ငါးသေးငါးမွှားတွေယူပြီး ငါးမှုန့်စက်ရုံမှာ ပြန်သွင်းပါတယ်”

“ဒီလို ငါးသေးငါးမွှားတွေဖမ်းတော့ ငါးမျိုးမတုန်းကုန်ဘူးလားကွဲ့”

“တရွတ်ဆွဲပိုက်နဲ့ဖမ်းမှ စိုးရိမ်ရတာပါ။ ဝိုင်းချပ် ဖမ်းရင်တော့ ပြဿနာမရှိပါဘူး”

“မင်းတို့ကို အလုပ်သမားလစာကရော ဘယ်လိုပေးလဲ”

“ပွဲနင်းကိုတော့ ပါဆင့်နဲ့ပေးပါတယ်။ ကျွမ်းကျင်တဲ့ပွဲနင်းဆို ငါးပါဆင့်ပါ။ ရေရှူးကတော့ လေးသောင်း၊ လှေသားက နှစ်သောင်းစီ ပေးပါတယ်”

“ဘယ်လိုလဲ စုမိဆောင်းမိရှိရဲ့လား”

“ဒီလိုပါပဲ ဆရာမရယ်၊ ဒီမြို့က စရိတ်စကကြီးလွန်းတော့ ရရစားစားပါပဲ”

ကောင်လေးက ရည်ရည်မွန်မွန် သွက်သွက်လက်လက်ကလေး။ ချင်းမိုင် ကံကောင်းတယ်ဆိုရမှာပေါ့။

“ကျွန်တော်က ဒီအလုပ်ကို အခိုက်အတန့် လုပ်တာပါ။ အခြေအနေပေးတာနဲ့ သဘောင်းပိုက်ချတဲ့ဆီ လိုက်မလို့ပါ”

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"အခုအလုပ်နဲ့ သဘောင်းပိုက်ချတာ ဘာကွာလို့လဲဆိုပါဦး"

"ကွာတယ် ဆရာမ၊ သဘောင်းပိုက်မှာ ကျွဲရင်၊ ဇလုံး၊ ကဖြုန်းငါးကြီးတွေ မိနိုင်တယ်။ ဒီကောင်တွေက တစ်ကီလို သုံးထောင်ကျော်ဈေးလောက်ရတာ၊ နောက်ပြီး ဇလုံးဗိုက်ထဲက ငါးဖောင်းဆံ ကောင်းကောင်းလည်း ရနိုင်တယ်။ ငါးဖောင်းဆံဆိုတာ ဆရာမတို့အထက်က ငါးစည်ပေါင်းကိုခေါ်တာပါ။ ဒါကိုလည်း ဈေးကောင်းပေးပြီးဝယ်တယ်။ ဒီကြားထဲ ငါးမုတ်ဖြူ၊ ငါးမုတ်မည်း၊ ငါးမုတ်ကုလားလည်း ဒီပိုက်ထဲ ဝင်နိုင်သေးတယ်။ ကျွဲရင်ဈေးကောင်းသလို ငါးမုတ်ကုလားကလည်း ဈေးကောင်းတယ်။ ငါးမုတ်ကတော့ ဟိုတယ်စံကိုက် ၆၅ ကျပ်သားရရင် ဈေးကောင်းအရဆုံး။ ဒီထက်ကြီးသွားလို့ ဟိုတယ်ပန်းကန်နဲ့ စံမကိုက်ရင် ဈေးမရတော့ပြန်ဘူး။ တစ်ကီလို ခြောက်ထောင်ကျော်ရှိတယ်"

"ဒါဆိုရင် ဒီအလုပ်က ဈေးကွက်အနေအထားအရ အသာစီးရ ထားတာပေါ့"

"ဒီလိုလည်း ပုံသေတွက်လို့မရဘူး ဆရာမ၊ ပင်လယ်အလုပ်က အမှန်မရှိပါဘူး။ ရာသီအလိုက်ကိုက်ရာ လှည့်ပြောင်းလုပ်ရတာမျိုးပါ။ ငါးတွေရဲ့ စားကျက်အနေအထားနဲ့လည်း ဆိုင်တယ်။ စားကျက်ရွှေ့သွားတာမျိုး၊ ပတ်ဝန်းကျင်အနေအထားပြောင်းလဲသွားတာမျိုး၊ အခြေအနေတစ်မျိုး ပြောင်းသွားတတ်ပါတယ်။ လှေသားတွေဘက်ကလည်း သဘာဝအန္တရာယ်ကိုထားဦး တော်ရုံကျန်းမာကြံ့ခိုင်မှုမျိုးနဲ့ မဖြစ်ဘူး။ ဘယ်လောက် သန်မာတောင့်တင်းနေပါစေ ပယ်လယ်ထဲရောက်ရင် တစ်မျိုးမဟုတ်



တစ်မျိုး ဖောက်ကြတော့တာပါပဲ။ ဗိုက်အောင့်တဲ့လူ၊ ဆီးပူတဲ့လူ အမျိုးမျိုးပါပဲ၊ ပွဲနင်းကတာဝန်ယူပြီး ဆေးဝါးအပြည့်အစုံ သယ်သွားရတယ်။ ရေအလုပ်ကို စွန့်စားပြီး မလုပ်ချင်လို့ ကုန်းပေါ်မှာ လုပ်စားရအောင်လည်း မြို့အနေအထားက ဆရာမမြင်တဲ့အတိုင်း မြို့ကတစ်နှစ်တစ်ကြိမ်လောက် မီးလောင်နေတာ။ မီးသွေးဖောင်းတွေလည်း ကျွန်းရွာတွေဆီ ရွှေ့လို့ခွင်ပျောက်ကုန်ပြီ။ ကျွန်တော်တို့ ပင်လယ်ပဲ အားကိုးရတော့မှာပဲ"

"ကျွန်တော် အရက်မသောက်ဘူး၊ ဖဲမရိုက်ဘူး၊ ကျန်တဲ့ အနိဋ္ဌာ ကောင်တို့ ဘာတို့ မထိုးဘူး။ ရှာလို့ရတာ ချင်းမိုင်ကို အကုန်အပ်တယ်။ အခုဆိုရင် ကျွန်တော်တို့နှစ်ယောက်တည်း မဟုတ်တော့ဘူး မကြာခင် လူဦးရေတိုးလာတော့မှာ ဆိုတော့ ..."

ကောင်လေးက စကားကိုပြောမပြီးမှ ရှက်ရွံ့အားနာစွာ ရပ်ဆိုင်းသွားတော့ ကျွန်မ သတိမပြုမိသော ချင်းမိုင်ကိုယ်ဝန်ကိစ္စပါတစ်ပါတည်း သိသွားရတော့သည်။ အို ဟုတ်ပါရဲ့။ စူပုံ့ပုံ့ဖြစ်စပြုနေသည့် ချင်းမိုင်ဗိုက်ကလေးကို ကျွန်မ လှမ်းကြည့်တော့ ..."

"ဟယ် ကိုနိုင်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ ဆရာမကို ရှက်စရာ"

ချင်းမိုင် မျက်နှာရဲရဲကလေးကိုကြည့်ပြီး မကြာမီ မိခင်လောင်းတစ်ဦးဖြစ်တော့မည့် မိန်းကလေးအတွက် ကျွန်မ တစ်စုံတစ်ရာဖြည့်ဆည်းပေးလိုသည့်ဆန္ဒတွေ တဖွားဖွား ပေါ်ပေါက်လာသည်။

ထိုနေ့က ဝါးအိမ်ကလေးအတွင်းမှ ပင်လယ်စာတို့ဖြင့်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။





www.foreverspace.com.mm

တန်ဆာဆင်ထားသော ထမင်းဝိုင်းကလေး၏ ရင်းနှီးချင်ခင် မြိန်ယှက်မှုကတော့ စာဖွဲ့ပြနိုင်တော့မည် မဟုတ်ချေ။ ခင်ရောဆွေမျိုး မြိန်ရာဟင်းကောင်းသရုပ်ကို ပေါ်လွင်လှသည့် ချစ်ခြင်းသင်္ကေတ အမှတ်တံဆိပ်သည် နှလုံးအိမ်မှာ အကြိမ်ကြိမ် ခတ်နှိပ်ပြီးသား ဖြစ်နေတော့သည်။

ပြန်ခါနီး ကျွန်မ ချင်းမိုင်လက်ကလေးကိုဆွဲကာ သူ့အတွက်ရည်စူးပြီး ဝယ်လာသည့် မိန်းမပတ် စီဒီဖင်နာရီကလေးကို ပတ်ပေးလိုက်တော့ ချင်းမိုင် အပျော်ကြီးပျော်သွားသည့် မျက်နှာကလေးမှာ ကျွန်မတစ်သက် မမေ့ရက်နိုင်။ သူ့ယောက်ျားသူ့အပေါ်အနိုင်မယူ ဗိုလ်မကျအောင် ကျွန်မကိုကာဗာယူ မိတ်ဆက်ပေးလိုက်သည်နှင့်အညီ ကျွန်မဆီက တုံ့ပြန်မေတ္တာ ပစ္စည်းလက်ဆောင်အပြင် သူ့အပေါ် သမီးတစ်ယောက်အဖြစ် အသိအမှတ်ပြုရာလည်း ပေါ်လွင်သွားသည်ဖြစ်ရာ အကျေနပ်ကြီး ကျေနပ်နေတော့သည်။

"ဆရာမ ရန်ကုန်မပြန်ခင် မြို့ထဲကဘဏ်မှာ ချင်းမိုင်နာမည်နဲ့ ငွေစုစာအုပ်ကလေးလုပ်ပေးခဲ့မယ်။ ဒီစာအုပ်ထဲက ငွေကတော့ ချင်းမိုင်ဗိုက်ထဲက ကလေးမွေးဖို့အတွက် စရိတ်ပါ။ ချင်းမိုင်အတွက် မင်္ဂလာလက်ဖွဲ့လည်း ဟုတ်ပါတယ်။ ဆရာမ သမီးရဲ့ မင်္ဂလာပွဲကို ကိုယ်တိုင်မတက်ရောက်နိုင်ခဲ့အတွက် အခုမှ ချီးမြှင့်ရတာပါ"

သူတို့နှစ်ယောက် ကျွန်မကို ထိုင်ကန်တော့ကြတော့ ကျွန်မရင်ထဲမှာ ဖော်ပြရန်ခက်ခဲသော ကျေနပ်ကြည်နူးခြင်းတွေ ပြည့်လျှံနေခဲ့သည်။



"ဘဝဆိုတာ လှေတစ်စင်းနဲ့တင်စားပြီးပြောရရင် အဲဒီလှေရဲ့ခိုင်မာတောင့်တင်းမှု၊ မုန်တိုင်းလေပြင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်မှု၊ လိုရာခရီးနှင်နိုင်မှုတို့ဟာ ပဲ့နင်းမှာ တာဝန်အရှိဆုံးပေါ့။ ပဲ့နင်းဟာ လှေရဲ့ပဲ့ကိုင်ရှင်ပါ။ ပဲ့နင်းရဲ့ ကာယစွမ်းအား ဉာဏစွမ်းအားသာလျှင် လှေတစ်စင်းရဲ့ ဦးတည်ရာ ပန်းတိုင်ကို ပို့ဆောင်ညွှန်ပြနိုင်လိမ့်မယ်။ ကာလကြာညောင်းလာတာနဲ့အမျှ လှေဟာ ရွက်တိုင်ကျိုးလာမယ်။ ကန့်ပြင်းဆွေးလာမယ်။ စပ်ကြောင်း အက်လာမယ်ဆိုရင် ဒါတွေကို ပြုပြင်ဖာထေးဒေါက်တင်ဖို့လည်း ပဲ့နင်းမှာ တာဝန်ရှိသေးတယ်။ ကြမ်းတမ်းတဲ့ ခရီးရှည်ကြီးမှာ စည်းစနစ်ကျပြီး မှန်ကန်တဲ့ ဦးဆောင်မှုတွေနဲ့ ဘဝလှေပိုင်ရှင် ပဲ့နင်းသခင်တွေဖြစ်ကြပါစေလို့ ဆရာမဆုတောင်းပေးခဲ့ပါတယ်"

ကျွန်မ မြို့ထဲဘက်အပြန် ပေါင်းကူးလေးအထိ သူတို့လိုက်ပို့ကြတော့ ညနေဆည်းဆာရီအောက်မှာ ကောနေသည့် ချောင်းကလေးရယ်…

ချစ်ငုံဖူးစ ကြင်စဦးဇနီးမောင်နှံကလေးရယ်…

"လွမ်းမောဖွယ်သီကာရီ"…ပန်းချီကားတစ်ချပ်သည် ကျွန်မနှလုံးသားနံရံမှာ ကမ္ဘည်းတင် ချိတ်ဆွဲပြီးသား ဖြစ်နေပါတော့သည်။

မိချမ်းဝေ

၂၀၀၃ ဒီဇင်ဘာ၊ ဧကရီ မဂ္ဂဇင်း။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

ဝင်ကစွပ်မေမေ

www.foreverspace.com.mm

ဝင်ကစွပ်မေမေ

ကျွန်မ လူတွေကို နားမလည်တော့ဘူး။ မိန်းမတွေရဲ့ အချစ်ဆိုတာတွေပေါ့။ အထူးသဖြင့် မူမူဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အချစ်ကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူး။ ချစ်ချင်တော့လည်း သူတို့၊ ပစ်ချင်တော့လည်းသူတို့။ ချစ်ချင်တုန်းက ကိုကိုဇော်မှာ ကျောင်းတောင်မပြီးသေးဘူး။ ကိုကို့ကို မူမူက ခိုးပါတယ်ဆိုတာမျိုး ပြောစမှတ်ဖြစ်အောင် လုပ်ခဲ့ကြတာ မမေ့သေးဘူး။ ကိုကိုဇော်က ငယ်ကတည်းက ခပ်အေးအေး ခပ်နုံနုံရယ်။

ကြီးကြီးခင်ကမွေးတဲ့ သားနှစ်ယောက် သမီးတစ်ယောက်မှာ ကိုကိုဇော်က အကြီးဖြစ်ပြီး နေ့ကွေးလေးဆေးသလောက် အငယ်ကိုကိုကျော်နဲ့ မီမီမွန်က သွက်လက်ချက်ခြာလှတယ်။ သွက်ဆို ပညာရေးရော လူမှုရေးရော ကြီးလာတော့ စီးပွားရေးဈေးကွက်မှာပါ ဖျပ်ခနဲဖျပ်ခနဲ သွက်သွက်လက်လက် လှုပ်ရှားနေကြတာပါ။ ဒါကြောင့် ကြီးကြီးခင်က သူ့သားကြီးကို စိတ်မချဘူး။ ကျောင်းတစ်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဝင်ငွေစံပျက်နဲ့ မိန်းမခိုးသွားတဲ့သားကို ကျောင်းပြီးအောင် ဆက်ထားရတာ။ ကျောင်းပြီးတော့ သူ့အပေါင်းအသင်းတွေအားနဲ့ အလုပ်တစ်ခု မြန်မြန်ရှာပေးရတာတွေဟာ အမေတစ်ယောက်ရဲ့ မေတ္တာတွေ ပြည့်ပြည့်ဝဝအပြင် အပိုဆောင်းပေးနေတာလို့ပဲ ကျွန်မမြင်တယ်။

ကျွန်မ ဒီအိမ်မှာ နေလာတာနှစ်တွေကြာပြီ။ ဘဘကြီး ပင်စင်မယူခင်ကတည်းကဆိုတော့ ဆယ်နှစ်ကျော်ပြီပေါ့။ ဘဘကြီးအရာရှိအရာခံ ဖြစ်စဉ်က ကျွန်မယောကျ်ားက ဒီအိမ်မှာ ဒရိုင်ဘာလေ၊ ကားဂိုဒေါင်နဲ့တွဲတဲ့ အိမ်ကလေးမှာ ကျွန်မတို့လင်မယားနှစ်ယောက်နေလာရင်း အဲဒီအိမ်ကလေးမှာ သမီးကလေးသော်တာကိုမွေးခဲ့တာပါ။ ကျွန်မက စောစောပိုင်းတုန်းက ကားဂိုဒေါင်အိမ်ကလေးထဲမှာပဲနေပြီး မလှမ်းမကမ်းယိုစုံ လုပ်ငန်းကအိတ်သွတ် အိတ်ပိတ် အလုပ်တွေ အိမ်မှာယူလုပ်ပါတယ်။

သမီးလေး ငါးနှစ်အရွယ် ကျောင်းနေစအရွယ်မှာပဲ ကားအက်ဆီးဒင့်နဲ့ ကျွန်မ ယောကျ်ားဆုံးသွားတော့ ကျွန်မတို့ သားအမိလည်း အိမ်မကြီးပေါ်ကို အလိုအလျောက် ရောက်ရတော့တာပဲ။ ဘဘကြီးက ခိုးကိုးရာမဲ့ သားအမိနှစ်ယောက်ကို အပြီးမွေးစားလိုက်တဲ့သဘောပါ။ ကြီးကြီးခင်ကလည်း နဂိုစိတ်ရင်းကောင်းတာမို့ ကျွန်မတို့သားအမိ အိမ်ကြီးပေါ်ရောက်လာတဲ့ ကိစ္စကို ကန့်ကွက်စရာမရှိခဲ့ပါဘူး။ အသက်ကြီးလာလို့ အထိုင်အထ လေးပင်လာတဲ့ ကြီးကြီးခင်အဖို့ ကျွန်မလို လူတစ်ယောက် အိမ်ပေါ်ရောက်လာတာ တစ်အားပဲ မဟုတ်လား။

ကျွန်မကလည်း ကိုယ့်ကျေးဇူးရှင်တွေမို့ အလုပ်တွေကို



မညီမကပ်ဘဲ စေတနာထားပြီးလုပ်တယ်။ ဒီအရိပ်ဟာ ကျွန်မတို့သားအမိ တစ်သက်လုံး ခိုရမယ့်အရိပ်ဆိုတာ နားလည်ပါတယ်။ ကျွန်မ ဒီအိမ်ကြီးပေါ် ရောက်ပြီးမှ ကိုကိုဇော် မိန်းမခိုးတယ်။ ကြီးကြီးခင်တို့က ပြန်သိမ်းတယ်။ ကျောင်းပြန်ထားတယ်။ ပြီးတော့ ကိုကိုဇော်အလုပ်ရပြီး လင်မယားနှစ်ယောက် မုဒုံကိုပြောင်းသွားကြတယ်။

ကိုကိုဇော်ခိုးလိုက်တဲ့ မိန်းမ မူမူသွင်ဆိုတာက အရပ်နိမ့်နိမ့် အသားဖြူဖြူ ရုပ်ရည်အချောစားကြီး မဟုတ်ပေမယ့် ကြည့်ပျော်ရှုပျော် အနေအထားမျိုးမို့၊ အရပ်ရှည်ရှည် အသားလတ်လတ် ကိုကိုဇော်နဲ့ သိပ်အကွာဟကြီးမဟုတ်ပါဘူး။ ကြီးကြီးခင်ရော ဘဘကြီးပါ နဂိုစိတ်ထားဖြူစင်သူတွေမို့ မလိုချင့်လိုချင် ရလိုက်တဲ့ ချွေးမလေးအပေါ် ကောင်းသည်ဆိုးသည် တစ်ခွန်းမှ မပြောရှာပါဘူး။ ကိုယ့်သားကိုယ် နှမြောတယ်ဆိုတဲ့ အရိပ်အယောင်တောင် မပြကြဘူး။

ဒါပေမယ့်…အပြင်မှာ စီးပွားထွက်လုပ်ရင်း ကိုယ်ပိုင်တိုက်ခန်းနဲ့ ကားထည်လဲစီးနေတဲ့ ကိုကိုကျော်က မူမူ့ကို အရောမဝင်လှဘူး။ သူ့အစ်ကိုရဲ့ ရွေးချယ်မှုကို ဖွင့်ထုတ်မဝေဖန်ပေမယ့် ကွယ်ရာမှာ နှာခေါင်းရှုံ့လေ့ရှိတဲ့ လူစားပါ။ ဘာကို အလိုမကျတာလဲ။ မူမူရဲ့ ရုပ်ရည်ကိုလား၊ ပညာအရည်အချင်း နည်းပါးနေခြင်းကိုလား ကျွန်မဘာကိုမှ အကဲမရလှဘူး။ ခပ်ကင်းကင်း ခပ်ကွာကွာနေတာတော့ အမှန်ပဲ။

အငယ်ဆုံးသမီး မီမီမွန်ကတော့ ဒီအိမ်မှာ ပညာအတော်ဆုံး အင်ဂျင်နီယာမကြီး။ အခုခေတ်လို ဆောက်လုပ်ရေးတွေ အလုပ်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဖြစ်တဲ့ခေတ်မှာ မီမီမွန်ဟာ အလုပ်လည်းရ။ ငွေလည်းဝင်တဲ့ အိမ်ကိုရှေ့ဆောင်နေသူတစ်ဦး ဖြစ်ခဲ့တယ်။ အဲဒီ မီမီမွန်ကလည်း မှုမှုအပေါ်မှန်တန်းပါပဲ။ မိန်းမချင်းဆိုတော့ သိတယ် မဟုတ်လား။ ယောင်းမဆိုတဲ့ အမြင်လေးကလည်းရှိတော့ ဒွေးရောယှက်တင် မနေဘူး။ မီမီမွန်နဲ့ မှုမှုယှဉ်လိုက်ရင် ရုပ်ရည်အရရော ပညာအရည် အချင်းအရပါ ကွာချင်းတိုင်းကွာနေတာတော့ အမှန်ပါပဲ။

ဘာပဲဖြစ်ဖြစ် ဘဘကြီးနဲ့ ကြီးကြီးခင်ဟာ သမာသမက် ကျစွာ အုပ်ချုပ်ခဲ့တဲ့အတွက် ပြဿနာကြီးငယ် မပေါ်ပေါက်ခဲ့ဘူး။

နောက်တစ်ချက် မှုမှုဟာ ဒီအိမ်မှာ ဧည့်သွားဧည့်လာ နေတာများတာလည်း ပါမှာပါ။ ကိုကိုဇော်အလုပ်ရတော့ ယောကျ်ားအလုပ်ရှိရာ လိုက်နေတော့ သူ့အဖို့ မြင့်တာတွေ နိမ့်တာတွေ သိမ်ငယ်တာတွေ သိပ်မရှိတော့ဘူးပေါ့။ ကျွန်မက လား…အင်း…ကျွန်မကတော့ ကိုကိုဇော်မျက်နှာ၊ ကြီးကြီး ခင်တို့မျက်နှာနဲ့ သိပ်ရှိရှိကျိုးကျိုးကြီး မဟုတ်တောင် လေးလေး စားစား ဆက်ဆံရတာပေါ့။ ကျွန်မခိုတဲ့အရိပ်မှာ သူဟာ ပင်စည် ကြီး မဟုတ်ပေမယ့် အကိုင်းအခက်ဖြစ်တယ်ဆိုတာကိုတော့ ကျွန်မ လက်ခံပါတယ်။

သူတို့လင်မယား မုဒ်ပြောင်းပြီး မကြာဘူး။ သားဦးလေး ဖိုးလျှန်ကို မွေးပါရော၊ သားဦးလေးက အဖေရော အမေပါ နှစ် ယောက်ပေါင်းရုပ်နဲ့ ချောလိုက်တာမှ၊ မြင်တဲ့သူတွေက ဒီကလေး ဘယ်သူ့ကလေးလဲ၊ ဘယ်သူက မွေးတာလဲစသည်ဖြင့် ထုတ်ဖော် မေးကြရတဲ့အထိပါပဲ။ ဖိုးလျှန်လေး တောက်တီးတောက်တက် ပြေး တဲ့အရွယ်ရောက်လာတော့ သူတို့ခဏလာလည်ရင်း ကလေးကို



အပြီးထားသွားကြတော့တယ်။ ဒီက အဘိုးအဘွားတွေ မြေးဦးဆိုပြီး သည်းတာတုန်တာလည်း ပါတာပေါ့။ ကလေးဆိုတာ လက်သာ ရာကြိုက်စမြဲကိုး။

ကျွန်မကလည်း ဖိုးလျှန်ကလေးကိုချစ်တယ်။ သူ့ကရိကထကို ခံချင်တယ်။ ကျွန်မ သမီးသော်တာက လက်လွှတ်နေပြီလေ။ ခြောက်တန်းကျောင်းသူကြီးတောင် ဖြစ်နေမင့်ဟာ။ ဒီတော့ ဖိုးလျှန် ကို ကျွေးမွေးသုတ်သင်ထိန်းကျောင်းဖို့ ကျွန်မ အဆင်သင့် ဖြစ်နေ တော့တာပေါ့။ တကယ်ဆို ဒီအရွယ်ကလေးက ထိန်းရအခက်ဆုံးပါ။ ကျွေးမွေးတာရော၊ သုတ်သင်တာရော၊ ထိန်းကျောင်းတာရော၊ စေ့စေ့တွေးရင် တကယ်မလွယ်တဲ့ အလုပ်၊ ဒီအိမ်မှာ ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ်လတ်လတ်ဆိုလို့ ကျွန်မတစ်ယောက်ပဲရှိတာမို့ ကျွန်မပဲ ထဘီတိုတိုဝတ်ပြီး ဖိုးလျှန်နဲ့ လုံးရတော့တာပေါ့။

ဖိုးလျှန်ကလည်း ကျွန်မကို 'ခေးယု…ခေးယု' နဲ့ ဖွဲ့နေတော့တာပဲ။ ဒီလိုပါ။ ကျွန်မနာမည်က အေးနုတဲ့။ ကြီးကြီးခင်နဲ့ ဘဘကြီးကလွဲရင် ကျန်သူတွေ မအေးနုခေါ်ကြတာပါ။ ဖိုးလျှန် စကားတတ်လာတော့ ကျွန်မနာမည် အလိုလို ခေးယုဖြစ်သွား ပါရော

'ခေးယု…မံမံ' ဆိုရင် သူ ထမင်းစားချင်တယ်ပြောတာ
'ခေးယု…ပုံပုံအိပ်' ဆိုရင် သူ အိပ်ချင်တယ်ပြောတာ
'ခေးယု…လူးလူးလုပ်' ဆိုရင် သူ ရေချိုးချင်တယ် ပြောတာ

ကျွန်မလည်း ဖိုးလျှန်ရဲ့ခေးယု ခေါ်သံကြားမှာ အရည်ပျော် နေတော့တာပေါ့။ ကျွန်မတောင်သည်လောက်ဆို အဘိုးအဘွား

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဉယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

၆၄



ဦးလေး အခေါ်တွေ ဘယ်လိုနေမလဲ။ အိမ်ခွဲနေတဲ့ လူပျိုကြီးကိုကို ကျော်လာရင် မုန့်ပဲသွားရေစာ၊ ကစားစရာတစ်ခုခုပါမြဲ၊ မီမီမွန် အလုပ်ကပြန်လာရင်တော့ ကလေးကို ချီပိုးနမ်းရှုံ့ပြီးမှ သူ့မှာ အဝတ်အစားလဲ အနားယူနိုင်တော့တယ်။

ဒီလိုနဲ့ ဖိုးဂျွန်လေး မူကြိုတက်ဖို့ အချိန်ရောက်လာတယ်။ ကျွန်မလေ ကလေးကို သနားလိုက်တာ။ ကလေးက မူကြိုမနေချင်လှဘူး။ ကျောင်းထားတဲ့အရွယ်ရောက်မှ ကျောင်းတန်းအပ်လိုက်ပြီးရော၊ အဲဒါမရဘူးတဲ့။ တစ်အိမ်လုံးက တစ်ဖက်၊ ကျွန်မက တစ်ဖက်ပေါ့။ မူကြိုကားပေါ် ငိုပြီးပါသွားတဲ့ ဖိုးဂျွန်လေးကို ငေးကြည့်ပြီး ကျွန်မ ရင်ဘတ်တွေ နာကျင်လိုက်တာ။ ဘယ်လိုပြောရမှန်းတောင်မသိဘူး။ ကျွန်မသမီး သော်တာတုန်းက ဘာမူကြိုမှ မထားပေါင်၊ အသက်ပြည့်တော့ ကျောင်းအပ်လိုက်တာ စာလည်း လိုက်နိုင်သားပဲ၊ တစ်နှစ်တစ်တန်းအောင်လို့။ 'ခု များတော့ ခေးယုလာပါ ခေးယု လာပါ' အော်ပြီးပါသွားတဲ့ ဖိုးဂျွန်လေးရဲ့ အသံကို ကျွန်မ မခံစားနိုင်ဘူး။ အဲဒီမူကြိုမှာ ဒီအရွယ်ကလေးကို ဘာတွေသင်ပေးမှာမို့လဲ။ အိမ်မှာပဲ တစ်အိမ်လုံးစာတွေ ဒီလောက် တတ်ထားကြတာ သင်ပေးပါတော့လားဆိုတော့ မီမီမွန်က 'ဩော် မအေးနှနှယ်၊ မတူဘူးလေ၊ မူကြိုထားတယ်ဆိုတာ စာတစ်ခုတည်း မဟုတ်ဘူး။ ဉာဏ်စွမ်းအားတစ်ခုတည်း မဟုတ်ဘူး။ ကာယစွမ်းအား၊ ပေါင်းသင်းဆက်ဆံရေး၊ ဖြတ်ထိုးဉာဏ်၊ တီထွင်ကြံဆမှု ကလေးတစ်ယောက်ရဲ့ အရည်အသွေးကို ဒီအရွယ်ကတည်းက ပွတ်တိုက်မွေးမြူရမှာလေ။ အနည်းဆုံး အများနဲ့ စုပေါင်းနေထိုင်တဲ့ အလေ့အကျင့်ရလာရင် ကျောင်းအပ်တဲ့အခါ အခက်အခဲမရှိတော့



ဘူးပေါ့။

သူတို့ပြောနေတာတွေ သိပ်သဘာမကျလှပေမယ့် ဘယ်တတ်နိုင်ပါ့မလဲနော်။ သူတို့က ကိုယ့်ထက်မျက်စိကြီး နားကြီးတွေပဲဟာ၊ ညနေမူကြိုကားဆိုက်လို့ ကလေးပြန်ရောက်လာရင်တော့ ကလေးက ကျွန်မရင်ခွင်ထဲက မထွက်တော့ဘူး။ ခေးယုမှာ အလုပ်တွေရှိသေးတယ်ကလေးရဲ့ဆို ဟင့်အင်းပဲ။ ဒီလိုနဲ့ ဖိုးဂျွန်လေး မူကြိုမှာ နေသားကျလာတယ်။ တီဗွီမှာ ချစ်စရာအရွယ် ကလေးငယ်ကဏ္ဍမှာ ဖိုးဂျွန်တို့ရဲ့ တာမွေမူကြိုက ဝင်ပြိုင်တော့မှ အလကား ကလေးကို ဒုက္ခပေးကြတယ်ဆိုတဲ့ ကျွန်မစိတ်ထဲက အစွဲကျွတ်သွားတော့တယ်။ တီဗွီရှေ့မှာလေ ကျွန်မမှာ လက်ခုတ်တွေတီးလိုက်ရတာအမော၊ တီဗွီဖန်သားပြင်ပေါ်မှာ ပန်းချီလေးတွေဆွဲနေတာ၊ ဘောလုံးလေးတွေ ကောက်နေတာ အင်္ဂလိပ်စာလုံး ကတ်ပြားလေးတွေထောင်နေတာ ကျွန်မသားလေး ဖိုးဂျွန်တဲ့လား။ သွက်လက်လိုက်၊ ချက်ခြာလိုက်တာ သူကလေးလှုပ်သလောက် ကျွန်မမှာ လိုက်ပြီး စိတ်လှုပ်ရှားလိုက်ရတာလေ။ အရွယ်နဲ့မမျှ တက်နေတော်နေတဲ့ ကလေးကိုကြည့်ပြီး မူကြိုထားရခြင်း အကျိုးတွေကို ကျွန်မ လက်ခံတတ်လာတယ်။

ဒီလိုနဲ့ ဖိုးဂျွန်လေး ကျောင်းအပ်တဲ့နှစ်မှာ သူတို့ လင်မယား တစ်ခေါက်ပြန်လာကြတယ်။ ဟော့တော်…မူမူလက်ထဲမှာ သုံးလအရွယ် ကလေးပေါက်စလေးတစ်ယောက်နဲ့ ဘုရားရေ ဘယ်အချိန်ကများ မွေးလိုက်ပါလိမ့်။ ကိုကိုဇော်နယ် ဒီကိစ္စ စာတောင်ရေးဖော်မရဘူး။ ကြီးကြီးခင်ကတော့ ဗျစ်တောက်ဗျစ်တောက်နဲ့ သူ့သားကို ဆူနေတယ်။ ဖိုးဂျွန်က ကျွန်မပေါင်ပေါ်ကနေ သူ့အမေ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဉယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကို ခပ်စိမ်းစိမ်းကြည့်နေတယ်။ ဟိုကလေးပေါက်စကိုလည်း သူ့မှာ ထူးဆန်းပြီး

‘သား အဲဒါ သားရဲ့ မေမေလေ မေမေမူလို့ ခေါ်လိုက်’

ကျွန်မက ဖိုးဂျွန်လေးကို တိုက်တွန်းပေမယ့် ကလေးက ခေါင်းကိုရမ်းပြီး ကျွန်မထဘီစကို ကျစ်ကျစ်ပါအောင် ဆွဲထားလိုက်တာ သူ့အမေ စိတ်မကောင်းဖြစ်မှာစိုးပြီး

‘သားက ရုတ်တရက် စိမ်းနေသေးလို့ပါ။ အနေကြာသွားရင် ခင်သွားလိမ့်မယ်’

မူမူကတော့ သားသူ့အပေါ် မခင်မမင်ဖြစ်နေတာ သိပ်ပြီး နက်နက်နဲနဲ ခံစားရပုံမပေါ်ဘူး။ အငယ်လေးက ငယ်သေးတော့ အာရုံက အငယ်ပေါ် စုပြုံနေတာလည်းပါမှာပေါ့။ မကြာပါဘူး။ တစ်ပတ်လောက်နေတော့ သားဟာ သူ့အဖေကိုကိုဇော်နဲ့ အဖွဲ့ကျသွားတော့တယ်။ ဒီအရွယ်က အဖေခင်တဲ့အရွယ်လေ၊ အဖေနဲ့ လမ်းလျှောက်၊ အဖေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်၊ အဖေနဲ့ ဟက်ပီး ဝေါလ်သွားဆိုတော့ အဖေစွဲသွားတာပေါ့။ ကျွန်မ မနာလိုမရှိပါဘူး။ ဒီလိုပဲ ဖြစ်ရမယ်လေ။

ဒီမှာ နှစ်လနေပြီး ပြန်ကြမယ်လုပ်တော့ ကိုကိုဇော်က ရာထူးတိုးနဲ့ ပြောင်းရမှာတဲ့။ အော်ဒါထွက်တော့ မြစ်ကြီးနားကို ဆိုလား၊ အဲဒီမှာ အငယ်မလေးအတွက် အားလုံး သည်းသည်းလှုပ်လာကြပြန်တယ်။ မြစ်ကြီးနားက ရာသီဥတုပြင်းတယ်၊ ကလေး သေးသေးလေးနဲ့ မဖြစ်ဘူး။ အငယ်လေးဖူးဖူးကိုပါထားခဲ့၊ အဘိုး အဘွားက ဖြစ်ပါရော။

ထားခဲ့ဆို ဘယ်သူရှိမလဲ ဒီက မိအေးနုပေါ့နော်။ ကျွန်မ



သမီးကလည်း ဆယ်တန်းတောင်အောင်ထားပြီဆိုတော့ အိမ်မှာ ပြန်ကူနိုင်နေပြီ။ ဆယ်တန်းအောင်တဲ့အထိ ကျောင်းထားပေးတဲ့ ကျေးဇူးတွေကလည်း ဆပ်လို့ကုန်ပါဦးမလား။ အခုဆို သမီးက အဝေးသင်တစ်ဖက်နဲ့ အိမ်မှုကိစ္စတွေ လုပ်ကူနေပြီ။ ဒီကြားထဲ မီမီမွန် ဆရာဝန်တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး အိမ်ခွဲဆင်းသွားတယ်။ တစ်ခါတလေမှ ကားလေးနဲ့ ရောက်လာတတ်တယ်။ အိမ်မှာလူတစ်ယောက်လျော့သွားပြီး ကလေးပေါက်စကလေး တစ်ယောက်တိုးလာတယ်။ ဒါပဲကွာတာပါ။

ကျွန်မကလည်း ကလေးဆိုလာခဲ့ ဟင့်အင်းမရှိဘူး။ ကိုကိုဇော်က မွေးမွေး၊ မီမီမွန်ကမွေးမွေး၊ ဒီအိမ်မှာ လာထားရင် အားလုံးကျွန်မကလေးပေါ့။ ကျွန်မ ဒုတိယအကြိမ် ထဘီကိုတိုတိုပြင် ဝတ်လိုက်မိတယ်။

ဖိုးဂျွန်တုန်းက အခါလည်ကျော်မှ ဒီအိမ်ကို ရောက်လာတာပါ။ အခု ဖူးဖူးလေးက လေးလထဲမှာဆိုတော့ ပိုအလုပ်ရှုပ်တာပေါ့။ နို့ဘူးကိစ္စ ပိုလာတာလေ။ ကလေးက နို့ဘူးတိုက်တော့မယ်ဆို နို့မှုန့်အမျိုးအစားကောင်းမှ၊ ဘူးတွေခွက်တွေ ပြုတ်ပြီးသားဖြစ်မှ ရေကျက်အေးတွေ အမြဲအဆင်သင့်ဖြစ်မှ၊ အဲဒီ ကရိကထတွေ ပိုလာတယ်။ ပြီးတော့ မိန်းကလေးဖြစ်လို့လား၊ ဒါမှမဟုတ် နို့ဘူး တိုက်လို့လား မသိဘူး။ သမီးလေးက ဖိုးဂျွန်လိုမဟုတ် နည်းနည်း ချူချာတယ်။ သွားငုတ်တုတ် လူငုတ်တုတ်ဖြစ်တော့ ကလေးရဲ့ ရုပ်ရည်ပီပြင်လာတဲ့အခါ သူလည်း ဖိုးဂျွန်လို မိန်းမချောလေးဆိုတော တွေ့လာရတယ်။ မကြာခဏ ဝမ်းသွား၊ ဖျားနာလို့ ဆေးခန်းပို့ရ၊ နေ့မအိပ်ညမအိပ် ပုခက်လွှဲရတဲ့ ဒုက္ခတွေပိုလာပေမယ့် ကျွန်မ

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ဖိုးဂျွန်ထက် မလျော့တဲ့ မေတ္တာနဲ့ ဖူးဖူးလေးကို ချစ်ပါတယ်။

အစပထမ ခပ်စိမ်းစိမ်းဖြစ်နေတဲ့ ဖိုးဂျွန်လေးဟာလည်း အနေကြာလာတော့ သွေးက စကားပြောလာတယ်ထင်ရဲ့၊ ညီမလေး ညီမလေးနဲ့ ဖြစ်လာတော့တာပါပဲ။ ဖူးဖူးလေး စကားတတ်တော့လည်း ခေးယုမှ ခေးယုပဲလေ။ ဖိုးဂျွန်တုန်းက ညအိပ်ရင် သူ့ဘိုးဘိုးကြီးဘွားဘွားကြီးတို့နဲ့ အိပ်တယ်။ အရွယ်ကလေးလည်း သိတတ်နေတော့ ညရေးညတာ ကိစ္စသိပ်မရှိလို့ အဆင်ပြေလှတယ်။ ဖူးဖူးလေးက သိပ်ငယ်တော့ လူကြီးတွေနဲ့ မသင့်ဘူးဆိုပြီး ကျွန်မပဲ ခေါ်သိပ်ရတာပေါ့။ ငယ်ကတည်းက ပုခက်နဲ့ အိပ်ကျင့်လုပ်ထားတော့ ကလေးဟာ ပုခက်မဟုတ်ရင် မအိပ်တော့ဘူး။ ဒီတော့ ကျွန်မမှာ ဘူးဖျော်လိုက် ပုခက်လွှဲလိုက်နဲ့ မိုးစင်စင်လင်းရတော့တာပါ။ ကျွန်မနို့ကို မတိုက်ရုံတမယ် မွေးလာရတာဆိုတော့ ဖူးဖူးဟာလည်း တစ်အိမ်လုံးရဲ့ အသည်းကျော် ကျွန်မရဲ့ အသည်းကျော် ဖြစ်လာရတာပါပဲ။

'ခေးယု တုံတုံလွဲ' ဆိုရင် သူအိပ်ဖို့ ပုခက်လွှဲခိုင်းတာ

'ခေးယု လယ်လယ်သွား' ဆိုရင် သူ့ကို အပြင်ခေါ်ထုတ်ခိုင်းတာ…

'ခေးယု ခါးခါးလိမ်း' ဆိုရင် သူ့ကို သနပ်ခါးလှလှလိမ်းခိုင်းတာ…

ကလေးနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း စရိုက်ချင်း မတူဘူး၊ ယောကျ်ားလေးက ယောကျ်ားစရိုက်ပြ၊ မိန်းကလေးက မိန်းကလေး စရိုက်ပြပြီး ကျွန်မမှာ ပညာတွေ တစ်မျိုးပြီးတစ်မျိုး ရနေတော့တာပဲ။



ဖူးဖူးလေးက ချူချာပေမယ့် တခဏလေးကြီးပြင်း လာတယ်လို့ထင်ရတယ်။ ဖိုးဂျွန်ငယ်ငယ်က တတ်ပါတယ် ထင်ထားတာ သူ့ကျတော့ လက်ဖျားခါနေရပါရော၊ ဖိုးဂျွန်တုန်းက သေနတ်တွေ စက်ရုပ်တွေနဲ့ ကစားသလောက်၊ ဖူးဖူးအလှည့်မှာ မိန်းကလေးပီပီ အိုးပုတ်နဲ့ ကစားတော့တာပေါ့။ ကျွန်မ မီးဖိုထဲ အလုပ်ရှုတ်တဲ့ အနားမှာ ထမင်းအိုး ဟင်းအိုးတမ်း ကစားနေတဲ့ သမီးလေးကို အလိုလိုက်ပြီး ကျွန်မလည်း ကလေးပြန်ဖြစ်လို့။

'ခေးယု စား စား' ဆိုရင် စားတဲ့ဟန်လုပ်ပြရ၊

'ခေးယု သောက် သောက်' ဆိုရင် သောက်တဲ့ဟန်လုပ်ပြရ၊

သူ့အရုပ်မလေးကို ပုခက်ထဲထည့်ပြီး ကျွန်မသူ့ကို ဆိုသိပ်နေကျ သီချင်းကလေးနဲ့ ကလေးလွှဲ သိပ်ကစားနေတဲ့ ဟန်ကလေးကိုတော့ ကျွန်မချစ်လို့ မဆုံးဘူး။ မိန်းကလေးဆိုတာ မိခင်ဇာတိက ငယ်ငယ်ကတည်းက ပြတာနော်။ တစ်ခါတလေများ ကျွန်မသမီး သော်တာက စကားနောထိုးလေသေးရဲ့။

'မေမေတို့များ သမီးငယ်ငယ်က ဒီလောက်တောင် ချစ်ခဲ့ရဲ့လား မသိဘူး။ သူ့ဝမ်းမှာ သားသမီးတွေကျတော့'

အင်း … ဟုတ်လည်းဟုတ်ပါရဲ့။ သမီးငယ်ငယ်က စီးပွားရေးကလည်း မပြေလည်၊ ငွေလည်းတစ်ဖက်ရှာရဆိုတော့ ဒီလောက်မှ ဂရုစိုက်မိရဲ့လား မသိဘူး။ အခုတော့ စားဖို့ နေထိုင်ဖို့ မပူပင်ရတဲ့ ဘဝမှာ ဒီအလုပ်တွေကို ဖိဖိစီးစီး လုပ်နိုင်တော့ အာရုံတွေ ပိုကျတာနေမှာပါ။

'ဒီလို မပြောပါနဲ့ သမီးရယ်၊ အမေဆိုတာ ကိုယ့်သားသမီးကို မချစ်တဲ့အမေ မရှိဘူး။ သမီးကို ဝမ်းနဲ့လွယ်ပြီး မွေးထားရတာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

မချစ် ရှိမလား။ ဒါလေးတွေကို ပို့ရတာက ဘိုးဘိုးကြီးတို့ ဘွားဘွားကြီးတို့ ကျေးဇူးဆပ်နေတာလေ။ ဒီအရိပ်ဟာ မေမေနဲ့သမီး အတွက်အေးမြတယ်၊ လုံခြုံတယ်။ ဒီအရိပ်ခိုခွင့်မရရင် တွေးတောင်မတွေးဝံ့ဘူး။ ဝတ္တရား ကျေပွန်ရာကနေ မေတ္တာစေတနာက အလိုလိုပေါက်ဖွားလာတာလေ။ ဒီကလေးတွေလည်း သမီးရဲ့ မောင်လေး ညီမလေးတွေပဲပေါ့'

သမီးက ပြောမယ့်သာ ပြောတာပါ။ ဒီကလေးတွေကို သူ့မှာချစ်လိုက်တာတုန်လို့။ အမေကို နှဲ့ဆိုးဆိုးပြီး သွေးတိုးစမ်းချင်တာနေမှာပါ။ သူ့အမေ ပင်ပန်းနေတာကိုလည်း မရှုစိမ့်တာလည်း ပါမှာပေါ့။ သမီးက သိတတ်တဲ့ အရွယ်ရောက်လာတော့ အမေရဲ့ အခန်းကဏ္ဍနဲ့ လုပ်ရပ်အပေါ် နားလည်စပြုလာတယ် ထင်ပါရဲ့။ ဒါပေမယ့် သမီးဟာ ကျွန်မရဲ့ အလုပ်တွေကိုတော့ ထင်သလောက် မကူညီနိုင်ဘူး။ သူလည်း သူ့ရဲ့ ကွန်ပျူတာသင်တန်းတွေနဲ့ အလုပ်ရှုပ်နေပြန်ပါရော။

ဒီလိုနဲ့ ဖူးဖူးလေး မူကြိုနေတဲ့အရွယ် ရောက်လာတယ်။ ကျွန်မလည်း ရှေ့ကအတွေ့အကြုံအရ ရင်ဘတ်နာကျင်ဖို့ အဆင်သင့်ပြင်ထားရတာပေါ့။ ဖိုးဂျွန်တုန်းက ကျွန်မအကြီးအကျယ် ခံထားရပြီးပြီလေ။ ဟော့တော် မူကြိုကျောင်းသွားမယ်ဆိုတဲ့ နေ့က ဖူးဖူးက မငိုဘူးရှင်။ မူကြိုဝတ်စုံကို သူ့မှာ သဘောတွေကျလို့ သနပ်ခါးညီညီကလေးပေါ်မှာ သစ်ရွက်ပုံ ပါးကွက်ကလေး ကွက်ပေးလိုက်တော့ မှန်ထဲမှာ သူ့မျက်နှာသူကြည့်ပြီး လက်ခုပ်လက်ဝါးတွေတီးလို့။ ကျောင်းကားပေါ်တင်ပေးလိုက်တော့ ပျော်ပျော်ရွှင်ရွှင်ကြည်ကြည်သာသာပဲ 'ဒေးယု တာ့တာ' တဲ့။ သြော် ကျွန်မမှာ



www.foreverspace.com.mm

အံ့သြပြီး ငေးကျန်ခဲ့တယ်။ နာကျင်ဖို့ အဆင်သင့်ပြင်ထားတဲ့ ရင်ဘတ်လည်း အလကား ဖြစ်သွားတော့တာပေါ့။

ဖူးဖူးလေးဟာ မူကြိုမှာလည်း တတ်မြန်လိုက်တာ။ တစ်ခဏချင်းပါပဲ။ ကဗျာတွေ စာတွေရလာလိုက်တာ။ သူက ကျောင်းကပြန်လာရင် ဆရာမ လုပ်ရတာအမော။ ကျွန်မက သူ့တပည့်ပေါ့။ သူကလိုက်ဆိုလို့ တိုင်ပေးတဲ့ ကဗျာတွေ ကျွန်မက လိုက်ဆိုရတယ်။ ပြီးရင် 'ဒေးယုက တော်လိုက်တာကွယ်၊ တော်တဲ့ ကလေးကို ဆရာမ ပိုချစ်မယ်' ဆိုပြီး သူ့ကျောင်းက ဆရာမတွေ လေသံဖမ်းပြီး ကျွန်မကို ပြောသေးတာ။ တီဗွီမှာလာသမျှ ကြော်ငြာသီချင်းတွေလည်း အလွတ်ရ၊ ကျောင်းကသင်သမျှ အဆိုအကတွေမှာလည်း စည်းဝါးကျကျ၊ မကြာခင် သူ့အစ်ကိုတုန်းကလိုပဲ ချစ်စရာအရွယ် ကလေးငယ်ကဏ္ဍမှာ ဖူးဖူးလေးရဲ့ အစွမ်းအစကို တွေ့ကြရပြန်တယ်။

ဒီနှစ်တွေမှာ ဖိုးဂျွန်ကို ကျောင်းကြိုပို့ရတဲ့ တာဝန်ပါပိုလာတော့တယ်။ အတန်းကြီးလာတာနဲ့အမျှ ကျူရှင်တွေ ရှုပ်လာသလောက် ကျွန်မမှာ မနားရတော့ဘူး။ ကျွန်မလည်း အသက်ကလေးရလာတော့ အရင်ကလို မဟုတ်တော့ဘူး။ လှုပ်ရှားရတာများရင် မောလာတယ်။ အသက်လေးဆယ် သီသီစွန်းလာပြီးကတည်းက သရိုးသရီဖြစ်ချင်လာတယ်။ အိမ်မှာက ဘဘကြီးနဲ့ ကြီးကြီးခင်က အသက်တွေပိုကြီးလာ၊ ပိုချူချာလာတော့ သန်သန်မာမာ ပြေးပြေးလွှားလွှား ကျွန်မတစ်ယောက်ပဲရှိတာ။ ကျွန်မလဲလို့ မဖြစ်ဘူးဆိုပြီး စိတ်ကိုတင်းထား ကျန်းမာအောင်ကြိုးစားထားရတာလေ။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကံကောင်းချင်တော့ ဖူးဖူးလေးကို ကျောင်းအပ်မယ့် နှစ်မှာပဲ ကိုကိုဇော်တို့ မြစ်ကြီးနားက ပြန်ရောက်လာတယ်။ တော်ပါသေးရဲ့ ဘာကလေးပေါက်စကလေးမှ မပါလာလို့။ ဒီရောက်မှ အလုပ်ကိုအပြီးထွက်ပြီး ပြန်လာကြတာသိရတယ်။ အဲဒါ ဘဘကြီးနဲ့ ကြီးကြီးခင်တို့ရဲ့ အစီအစဉ်တဲ့။ ကိုကိုဇော်ကို နိုင်ငံခြားကို လွှတ်မလို့တဲ့လေ။ မကြာပါဘူး။ ကိုကိုဇော် စက်ဘပူကို ထွက်သွားတော့တယ်။ ကျွန်မမှာတော့ ကြီးပွားတာတွေ ဘာတွေ သိပ်နားမလည်ဘူး။ အစိုးရအလုပ်ကိုထွက်လိုက်တာ နှမြောမဆုံးဘူး။ သုံးလလောက်အကြာ ဟိုက ငွေတွေပို့မှ ဟုတ်သားပါလားလို့ တွက်မိတော့တယ်။

ကိုကိုဇော် နိုင်ငံခြားထွက်တော့ မူမူက အိမ်မှာပဲ ကျန်ခဲ့ရတာပေါ့။ ကျွန်မမှာတော့ သူလာရင် ကလေးတွေကိစ္စ လက်လွှတ်ပြီလို့ ယူဆပြီး တစ်ဖက်ကလည်း စိတ်လက်ပေါ့ပါးနေတော့တာ၊ တကယ်တမ်းကျတော့ ဖိုးဂျွန်ကျောင်းပို့ ကျောင်းကြိုအပြင် သူ့မှာ တာဝန်သိပ်မရှိလှဘူး။ အငယ်မလေးကလည်း ရုတ်တရက် သူ့အမေကို လက်မခံဘူး။ ကျွန်မမှ ကျွန်မပါပဲ။ မမြင်တာ မတွေ့တာကြာတော့ ကလေးက အမေဆိုတာ ခင်တွယ်ရမှန်းမသိသလို ကျွန်မကိုပဲ ကပ်တွယ်နေတော့တာပဲ။ ကျွန်မနဲ့အိပ်၊ ကျွန်မနဲ့စား၊ ကျွန်မနဲ့သား၊ ဖူးဖူးလေး ဒီလိုဖြစ်နေတာကို ကျွန်မမှာ သူ့အမေကို မျက်နှာပူမိသေးတယ်။ တော်ကြာနေ ကြက်တူရွေးက တော်တော်မယ်တော်ကကဲကဲ ထင်သွားမှာလည်း စိုးရတယ်မဟုတ်လား။ ကျွန်မက အတုပဲလေ အစစ်မှမဟုတ်တာ၊ ကိုယ့်နေရာ ကိုယ်သိရမှာပေါ့။



ဒီလိုနဲ့ တဖြည်းဖြည်းယဉ်ပါးပြီး ခြောက်လလောက်ကြာတဲ့အခါ အခြေအနေက ကျွန်မတွေးပူထားသလို မဟုတ်ဘဲ အမေနဲ့ သမီး အသားကျလာတာ တွေ့ရတယ်။ ကျွန်မက တဖြည်းဖြည်း နောက်ဆုတ်ပြီး ကလေးရဲ့ ပြုဖွယ်ကိစ္စတွေ မူမူ့ကိုလွှဲပေးလို့ အမေနဲ့ သမီးရင်းနှီးအောင် ဖန်တီးပေးခဲ့တာ ဖန်တီးရကျိုးနပ်တယ်ဆိုရမှာပေါ့။ ဖိုးဂျွန်ကတော့ သိတတ်နေပြီ။ ဒါဟာ သူ့ကိုမွေးတဲ့ အမေဆိုတာလက်ခံတတ်တဲ့ အရွယ်ရောက်နေပြီ။ အငယ်လေးက လက်မခံငြင်းဆန်မှာကို စိတ်ပူတာလေ။ ဒီလို သူ့အမေနဲ့သူ့သား သမီး ရင်းနှီးပျော်ရွှင်နေတော့ မြင်ရသူ ကျွန်မတို့မှာ ဘာလိုသေးလဲနော် ဆိုဖွယ်ရာ မရှိပေါ့။

ဒါပေမယ့် အနေကြာလာတာနဲ့အမျှ မူမူ့အကျင့်စရိုက်တွေက မျက်မှောင်ကြုတ်စရာတွေ ဖြစ်နေခဲ့တယ်။ အနီးကပ်နေကြည့်တော့ သူဟာ ကလေးတွေအပေါ် စိတ်မရှည်သည်းမခံတဲ့ အမေဆိုတာ တွေ့လာရတယ်။ ဒီအရွယ်ကလေးတွေဟာ ဘာမှ ချေးကလူ သေးကလူ ရှိတော့တာမဟုတ်ဘူး။ ဒီကာလတွေကို ကျွန်မဒုက္ခခံ ဖြတ်သန်းပေးပြီးပြီလေ။ အပရိကပင်ပန်းတာလောက်တော့ အမေတစ်ယောက်အနေနဲ့ လုပ်ပေးရမှာပေါ့။ ကလေးတွေ အနှံ့အတာကို မခံဘဲ အော်သံ၊ ငေါက်သံတွေ ဆူညံနေတဲ့ ရက်တွေဟာ အိမ်ထဲမှာ များများလာတယ်။

အိမ်ဦးခန်းနေတဲ့ ဘဘကြီးတောင် မနေနိုင်ဘဲ 'မူမူ ကလေးတွေကို ဘာမဟုတ်ဘဲ မငေါက်ငန်းပါနဲ့ စိတ်ရှည်မှပေါ့၊ ဒီအရွယ်ရောက်အောင် ဒီအိမ်က လူတွေမွေးလာပြီးပြီ စိတ်ထားတတ်မှ မြတ်တယ်ကွဲ့' လို့ ဝင်ပြောရတဲ့အထိ ဖြစ်လာတယ်။ သူက

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဒီအိမ်မှာ ကလေးတွေ ကိစ္စကလွဲရင် ချက်ရေးပြုတ်ရေးလည်း ပါစရာမလိုပါဘူး။ တစ်သက်လုံး ကျွန်မပဲ ဈေးသွား၊ ကျွန်မပဲ ချက်ပြုတ်လာတာ၊ ကျွန်မလက်ရာမှာ တစ်အိမ်လုံး ခံတွင်းတွေ့ အသားကျနေပြီ။ ဒီတော့ သူက ကလေးတွေ ကျောင်းသွားပြီဆို လမ်းထွက်တော့တာပဲ။ သူဘာတွေလုပ်နေမှန်းမသိဘူး။

ဒီအိမ်မှာ ဘယ်သူမှ ဒီအလုပ်တွေ မလုပ်ဘူး။ လုပ်တာကို လည်း အားမပေးဘူး။ ဒါကြောင့် ကြီးကြီးခင်က ပြောတန် သလောက်ပြောပါရဲ့။ မူမူက ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ပြန်မပြော နားမထောင် လမ်းထွက်မြဲ၊ အဲဒါတွေနောက်လိုက်မြဲ၊ ဒီလိုနဲ့ ကိုကိုဇော်နိုင်ငံခြားထွက်ပြီး တစ်နှစ်ခွဲလောက်အကြာ ဖိုးဂျွန်ကို "ရှင်ပြု၊ ဖူးဖူးလေးကို သီလရှင်ဝတ်မယ်ဆိုပြီး အလှူကြီးအတန်းကြီး လုပ်ကြပါရော။ မောင်ရင်လောင်း မယ်သီလလောင်းတွေကို ရွှေတိဂုံဘုရားပို့တဲ့နေ့က ပျော်လိုက်တာလေ၊ ကျွန်မမှာ မျက်ရည် တောင်ဝဲတယ်။

ကျွန်မရင်နဲ့ မလွယ်ရရုံတမယ် မွေးခဲ့ရတဲ့ ကလေးတွေရဲ့ ရင်သန်းကြီးပြင်းမှုတွေကို အမေတစ်ယောက်ရဲ့ ရင်ဘတ်နဲ့ ကျွန်မ ပီတိဖြစ်နေတာလေ။ အဝေးရောက် ကိုကိုဇော်ကိုလည်း တစ်အိမ် သားလုံး သတိရနေကြတယ်။ ဖိုးဂျွန်ကို ဆံချတော့ အဖေဝေးနေတဲ့ ကလေးရဲ့ ဆံချပိတ်ဖြူကို အဘွားနဲ့အမေကကိုင်လို့၊ မကြာခင် ဖိုးဂျွန်က သင်္ကန်းဝတ်၊ ဖူးဖူးလေးက သီလရှင် ကိုယ်ရုံတွေဝတ် လိုက်တော့ ကျွန်မမှာလေ ဝမ်းနည်းဝမ်းသာကြီး။ တကယ်ဆို ဖူးဖူး လေးက ဒီအဝတ်မျိုးဝတ်ပြီး သီလရှင်ကျောင်းမှာ ကျန်ရစ်ခဲ့ဖို့ အ လွန်ငယ်သေးတဲ့ အရွယ်လေ။ ဒါပေမယ့် အဲဒီဘုန်းကြီးကျောင်းက



ဘဘကြီးနဲ့ တကာအရင်း ဆရာရင်းတွေဆိုတော့ ဘဘကြီးနဲ့ ကြီးကြီးခင်ပါ ဥပုသ်ရက်ရှည်စောင့်ပြီး နေခဲ့ကြမှာဆိုတော့ တော်ပါ သေးရဲ့။ ကျွန်မ စိတ်နည်းနည်း အေးသွားတယ်။

အိမ်ကိုရောက်တော့ နောက်တစ်နေ့ ဘုန်းကြီးကျောင်း ဆွမ်းချိုင့်အတွက် ကျွန်မဈေးကိုပြေး၊ မီးဖိုမှာ မီးခိုးတစ်လုံးလုံး ချက်ပြုတ်နေတုန်း ဗြုန်းဆိုအိမ်ရှေ့မှာ ကိုကိုကျော်ကား ထိုးဆိုက်သံ ကြားလိုက်တယ်။ ကျွန်မ ဧည့်ခန်းကို ထွက်လာတော့ မူမူရယ်လေ၊ အထုပ်အပိုးတွေနဲ့ တစ်နေရာသွားဖို့ ပြင်ဆင်ထားတဲ့ ပုံစံကြီးနဲ့ တွေ့လိုက်ရတယ်။ အနားမှာ ကိုကိုကျော်က မျက်နှာကြီးနီလို့ တစ်ခါမှအရောမဝင်ဘူးတဲ့ မရီးဖြစ်သူကို စကားတွေ ပြောနေလိုက် တာ။

"မမူ စဉ်းစားပါဦး၊ ဒီလိုအချိန်ကြီးမှာ ဒီလိုလုပ်သွားဖို့ ကောင်းမကောင်းဆိုတာ ဖေဖေမေမေတို့ မျက်နှာထောက်ပါဦး၊ ကိုကိုဇော် မျက်နှာထောက်ပါဦး၊ ကလေးတွေကို ငဲ့ပါဦး"

ဘာတွေလဲ ကျွန်မနားမလည်ဘူး။ မူမူကလည်း တစ်ခုခု ကို ဆုံးဖြတ်ပြီးသားလို ဘယ်လိုဖြစ်ဖြစ် မပြင်ဘူးဆိုတဲ့ မျက်နှာပေးနဲ့ ကိုကိုကျော်က စိတ်ဆတ်သူပီပီ နံရံကို လက်သီးနဲ့နှစ်ချက်ဆင့်ထိုး လိုက်တာ ကျွန်မတောင်လန့်သွားတယ်။

"တောက်! အတော်ပြောရလက်ပေါက်ကပ်ပါလား။ မလုပ် ခင်စဉ်းစား၊ လုပ်ပြီးမှတော့ ပြင်လို့မရတော့ဘူး ဆင်းပြီးပြန်တက်ဖို့ မစဉ်းစားနဲ့ ဆောရီးပဲ"

ကိုကိုကျော် တောင်းပန်နေတာလား၊ ဟန့်တားနေတာ လား၊ မူမူကတော့ သူလုပ်မယ့်အလုပ်ကို အေးအေးဆေးဆေးပဲ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ဆက်လုပ်သွားတယ်၊ အထုပ်အပိုးတွေ သယ်ချပြီး အငှားကား ထွက်သွားမှ

"မအေးနဲ့ ဘာကြည့်နေတာလဲ၊ ဘုန်းကြီးကျောင်းမှာ မေမေတို့ကို အကြောင်းသွားကြား၊ မေမေတို့ ချွေးမ နောက်ယောက်ျားနောက် လိုက်သွားပြီလို့"

"မြတ်စွာဘုရား . . ."

ကျွန်မ ဒူးနှစ်လုံး တဆတ်ဆတ်တုန်ပြီး ဘုန်းကြီးကျောင်း ရောက်သွားတယ်။ အကျိုးအကြောင်းပြောပြတော့ ဘဘကြီးနဲ့ ကြီးကြီးခင်ရော ဆရာလေးမစိတ္တညာဏီလေးပါ အပြီးပြန်ခေါ်လာကြတယ်။ ကိုရင် အရှင်ကိတ္တိလေးကိုတော့ လောလောဆယ်ဖွင့်မပြောသေးဘူးဆိုပြီး ထားခဲ့တာပေါ့။ အိမ်ရောက်တော့ မစိတ္တညာဏီလေးကို လူဝတ်လဲပေးပြီး ကျွန်မ တင်းတင်းဖက်ထားမိတယ်။

ကိုကိုကျော်က ဒေါသထွက်ဖောင်းဖောင်းထလို့။

"သူ အခုလိုက်သွားတဲ့ လူက ဗေဒင်ဆရာယောင်ယောင်၊ ဘိုးတော်ယောင်ယောင်လူ။ အသက်လေးဆယ့်ရှစ်နှစ်လောက်ရှိပြီ။ လူငယ်လည်း မဟုတ်ဘူး။ ဘာမက်ပြီးလိုက်တယ်မသိ၊ ကလေးတွေမျက်နှာမှမထောက်၊ ဒီလူက ကျွန်တော်နေတဲ့ ရပ်ကွက်မှာ စတည်းလာချဖူးလို့ သိနေတာ၊ စားနေကျကြောင်ပါး၊ သူ့ကို မြဲမြဲပေါင်းမယ်ထင်နေသလားမသိ။

စဉ်းစားကြည့်လေ ယောက်ျားနောက် တိတ်တိတ်လိုက်တာတောင်မဟုတ်။ တားနေတဲ့ကြားက ဖြောင်ဆင်းသွားတဲ့ မူမူ့သတ္တိကို ကျွန်မ အံ့သြလို့ မဆုံးဘူး။ ကလေးက နားလည်နေပြီ။ သူ့အမေမကောင်းတာလုပ်သွားတာ သိနေပြီ။ မေမူ့ကို ခေါ်ပေး



မေမူ့ကိုခေါ်ပေးနဲ့ ငိုတဲ့အသံဟာ ကျွန်မအသည်းနှလုံးတွေ စပ်ခါးလှတယ်။ နောက်သုံးရက်ကြာ လူဝတ်လဲပြီး ဖိုးဂျွန်ပြန်ရောက်လာတော့ ပိုဆိုးတာပေါ့။ သူက အားလုံးကို သဘောပေါက်နိုင်တဲ့ အရွယ်လေ။ အခန်းထဲ ဟိုဟာကန် ဒီဟာခွဲလုပ်လို့ လိုက်ဆွဲရတာ အမောပါပဲ။

တော်ကြပါတော့၊ ဒီအကြောင်းတွေ ဘယ်သူမှ မပြောကြပါနဲ့တော့ ကလေးတွေကို သနားလှတယ်ဆိုပြီး ကျွန်မကပဲ မေတ္တာရပ်ခံလို့ အားလုံးကို ပိတ်ပင်လိုက်ရတယ်။ ရက်ကြာလာတော့ ဖိုးဂျွန်က ပုံမှန်ဖြစ်ပြီး ကျောင်းကိုတက်မြဲတိုင်း တက်နိုင်ပေမယ့် ဖူးဖူးလေးကတော့ ညနေတိုင်းဆို အစာမစားဘဲ ခွေခွေနေတာ သိပ်ကောင်းတဲ့ လက္ခဏာတော့ မဟုတ်ဘူး။ တစ်နေ့တော့ ...

"ဖူးဖူးဇော်သွင် အိမ်ကလူကြီးတစ်ယောက် လိုက်လာပါ။ ကလေးကျောင်းမှာ အတော်နေမကောင်းလို့"

ကျွန်မကျောင်းကို အပြေးအလွှား လိုက်သွားတော့ ကလေးက ဗိုက်ထဲအောင့်တယ် အောင့်တယ်အော်နေပြီ။ အောင့်တော့မှာပေါ့ အစာမစားဘဲ လွမ်းနာကျနေတာကိုး။ အိမ်ရောက်တော့ ကြီးကြီးခင်ဖုန်းဆက်ထားလို့ မီမီမွန်လည်း ရောက်နေပေမယ့် သူ့ခင်ပွန်းဆရာဝန်က တာဝန့် နယ်ထွက်နေသတဲ့။ တိုက်ဆိုင်ပုံများ ပြောပါတယ်။

"ဒီလက္ခဏာမျိုးက အစာအိမ် နာတာလား၊ အူအတက်ပေါက်တာလား၊ တစ်ခုခုပဲ။ ဆေးရုံတင်တာ အကောင်းဆုံး၊ မအေးနဲ့ ဘာငိုင်နေတာလဲ၊ လိုအပ်တဲ့ပစ္စည်းတွေထည့်တော့ ဆေးရုံသွားကြရအောင်"

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မီမီမွန် ဆုံးဖြတ်ညွှန်ကြားသံက ကျွန်မရဲ့ စိုးရိမ်စိတ်ကို အထွတ်အထိပ်ဆီ တွန်းပို့သလို ခံစားလိုက်ရတယ်။ အမေကို လွမ်းနာကျနေတဲ့ ကလေးတစ်ယောက်ရဲ့ ဝေဒနာကို ကျွန်မဘယ်ကြည့်ရက်ပါ့မလဲ။ ကလေးဟာ ဒီနှစ်ရက် သုံးရက်အတွင်း ဖြူဖျော့သွားလိုက်တာ ပိုးဟပ်ဖြူကလေး တစ်ကောင်လို သနားစရာကောင်းလွန်းလှတယ်။ ထားနိုင်သူက ထားခဲ့ရက်ပေမယ့် ကျန်ရစ်သူတွေရဲ့ လွန့်လူးဗျာပါကို မြင်စေချင်စမ်းပါရဲ့။ အဘိုးနဲ့အဘွားကလည်း မြေးအနှစ်ကလေးတွေအတွက် သောကတွေ ပိုနေလိုက်ကြတာ၊ မှုမှုမွေသွားတဲ့မီး တစ်အိမ်လုံး အလျှံငြီးငြီး တောက်လောင်လို့၊ ဒီကြောင်းတွေ ကိုကိုဖော်မသိသေးဘူး၊ ဘယ်လိုအကြောင်းကြားမလဲ၊ သိသွားရင် ဘာတွေဖြစ်လာနိုင်မလဲ။

အို … လူကြီးတွေကို ထည့်တွက်မနေတော့ဘူး။ လူကြီးတွေက လူကြီးတရား စီရင်ကြလိမ့်မယ်။ ကလေးပဲ အရေးကြီးတာပါ။ ဒီကလေးဟာ ကျွန်မမွေးလို့ လူဖြစ်လာရတဲ့ ကလေး၊ ဖဝါးလက်နှစ်လုံး၊ ပခုံး လက်နှစ်သစ်လေးလအရွယ်ကတည်းက အအိပ်ပျက်၊ အစားပျက်ခံ မွေးလာရတဲ့ကလေး၊ အမေအသုံးမကျလို့တော့ အသက်မဆုံးစေရဘူး။ အမေဆိုတာ ကိုယ့်သားသမီးကို မချစ်တဲ့ အမေမရှိဘူးဆိုတဲ့ ကျွန်မရဲ့ လက်သုံးစကားအတွက်တော့ မှုမှုတို့လို မိန်းမတွေဆီမှာ အလျော်အစား တောင်းရတော့မယ် ထင်ပါရဲ့။

ကျွန်မကို လှမ်းကြည့်နေတဲ့ ဖျော့တော့အားငယ် ယုန်သူငယ် မျက်လုံးအစုံကို ကြည့်ပြီး 'မေမှုမရှိပေမယ့် ခေးယုရှိပါသေးတယ် သမီးလေးရယ်၊ ခေးယု အသက်ရှင်နေသရွေ့ သမီးလေးရေတိမ်မနစ်စေရဘူး။ ဆေးရုံသွားဖို့ ကိုကိုကျော် ကားရောက်လာတယ်



ဆိုရင်ပဲ မိခင်ငတ်နေသူလေးအတွက် မေတ္တာဓာတ်တွေ နှစ်ဆတိုးပျော်ဝင်နေတဲ့လက်နဲ့ သမီးလေးကို ပွေ့ချီဖို့ ကျွန်မလေ တတိယအကြိမ်ထဘီကို တိုတိုပြင်ဝတ်လိုက်မိပါတော့တယ်။

မိချမ်းဝေ

၂၀၀၄ မတ်လ၊ ဗြူတီ မဂ္ဂဇင်း။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm

# လွင့်မျောလွမ်းရိပ်

www.foreverspace.com.mm

## လွင့်မျောလွမ်းရိပ်

မိမိကိုယ်မိမိ မညှာတာစတမ်း ဝန်ခံရလျှင် ကျွန်မသည် အလွန် အလွမ်းသန်သူတစ်ယောက်ဟု ဆိုရမည်။ လောကဇာတ်ခုံ လွမ်းစရာ အဖုံဖုံထဲတွင်တော့ အမေ့ရွာသည် ကျွန်မအတွက် လွမ်းစရာအလွန်ကောင်းနေသည်။ ဘာတွေများ ထူးထူးခြားခြားရှိလို့ လွမ်းနေရတာလဲ မေးလာလျှင်တော့ ကျွန်မမှာ ဖြေစရာ အဆင်သင့်မရှိပါ။

စင်စစ် အမေ့ရွာသည် သာမန်သူလိုငါလို ရွာတစ်ရွာမျှသာဖြစ်၍ လွမ်းပန်းလွမ်းပွင့် လွမ်းပင်ဆင့်နေမိသည့် ကျွန်မပင် လွန်နေသည်လားမသိ။ ကျွန်မ ငယ်စဉ်နှလုံးသားနုနုထဲ ထိရှတိုးဝင်လာသည့် အမေ့ရွာခရီးစဉ်ကလေးကိုတော့ ကျွန်မတစ်သက် မေ့နိုင်တော့မည် မဟုတ်ပေ။

အမေ့ရွာအကြောင်း ပြောတော့မည်ဆိုလျှင် အမေ့ အကြောင်းကိုတော့ နည်းနည်းကလေးပြောမှ ဖြစ်ဦးမည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်မတို့ ငယ်စဉ်က အမေ့ပုံစံခွက်ထဲမှာ ကြီးပြင်းခဲ့ရသည်။ အမေသည် ကျောင်းအုပ်ဆရာမကြီးပီပီ ကျွန်မတို့ကို သားသမီးလို မဆက်ဆံ။ သူ့တပည့်တွေလိုပင် ဆက်ဆံ၏။ အမေ့အသံကား စူးရှကျယ်လောင်၍ သြဇာတတ်ပါလှ၏။ အမေစာသင်နေလျှင် အတော်ဝေးဝေးမှ ကြားနိုင်သည်။ အမေ့အကြည့် စူးစူးကြီးများကတော့ ရင်ဘတ်များစွာကို ထိုးဖောက်လုမတတ် တောက်ပြောင်နေတတ်သည်။ အမေ့ရှေ့မှာ တစ်စုံတစ်ရာကို လိမ်ညာဖုံးကွယ်ဖို့ကြိုးစားသူသည် အမေ့အကြည့်စူးစူးကြီးကြောင့် မလုံမလဲနှင့် ဖြောင့်ချက်ပေးပြီးသား ဖြစ်သွားတတ်သည်။

ထိုအမေနှင့် ကြီးပြင်းလာရသော ကျွန်မတို့သည် ခေါက်ရိုးကျနေသော အဝတ်ဟောင်းတစ်စလို အသားသေနေပေမယ့် ကျွန်မတို့၏ စိတ်ခေတ်များမှာတော့ မွန်းကြပ်ပိတ်လှောင်မှုတွေနှင့် အစဉ်အမြဲ နင့်နဲ လေးပင်တော့သည်။ သောကဘိုးတံဖြင့် ပွတ်ဆွဲခြင်းခံရသော ကျွန်မ၏ ငယ်ဘဝသည် သီးကင်းနုနုကို လက်သည်းဆိတ်ခံထားရသည်နှင့် တူလှ၏။ အမေသည် သူ့ရွာသို့ နှစ်စဉ် ရွာပြန်ဖြစ်တော့သည်။

ဟော…သည်နှစ်လည်း အမေရွာပြန်မည်တဲ့။ စာမေးပွဲကြီးပြီးသည်နှင့် အမေရွာပြန်ရန် ပြင်ဆင်သောအခါ ကျွန်မတို့ ညီအစ်မမှာ ငိုက်မြည်းနေသော ထိကရုန်းရွက်ကလေးတွေ နေရောင်ခြည်ကြောင့် လန်းထလာသလို ရွှင်လန်းတက်ကြွလာကြသည်။ မတက်ကြွဘဲ ခံနိုင်ရိုးလား။ အမေက သူ့ရွာပြန်တော့မည်ဆိုမှ ကျွန်မတို့ကို အဝတ်အစားသစ် ချုပ်ပေးလေ့ရှိသည်ကိုး။ နောက်တစ်ချက်က နွေကျောင်းပိတ်ရက်မှာ နောင်နှစ်တက်ရမည့်



အတန်းသစ်အတွက် စာကြိုသင်ခြင်း၊ ခြံထဲမှာကျနေသော အုန်းလက်များကို တံမြက်စည်းဖြစ်အောင် လှီးသင်ခြင်း၊ သိုးမွေးထိုးခြင်း၊ လက်ချုပ်သင်ခြင်း၊ မိန်းကလေးတို့ တတ်အပ်သည့် ကိစ္စများကို အမေ့ကိုကြောက်၍ စိတ်မပါဘဲ လုပ်ရသည်နှင့်စာလျှင် အမေ့ရွာသို့ အလည်အပတ်သွားရသည်က အနေချောင်ဦးမည် မဟုတ်ပါလား။

"ကိုယ့်အိမ်လာရင် အစားနဲ့ ခြောက်ရတယ်၊ သူများအိမ်သွားတော့ အဝတ်နဲ့ ခြောက်ရတယ်"

အမေဆိုလိုသည်မှာ ကိုယ့်အိမ်လာသည့် ဧည့်သည်ကို အစားကောင်းကောင်းကျွေး၊ ကိုယ်က သူများအိမ်သွားတော့ လှလှပပ ဝတ်စားသွားဆိုသည့် အဓိပ္ပာယ်ပင်။ ဇာတိရွာသို့ ပြန်ခါနီးဆိုလျှင် အမေ ဤသို့သဘောတွေ အရမ်းကောင်းကာ ပျော့ပြောင်းနေတတ်သည်။ သို့နှင့် အမေသည် သူ့လက်လှည့်စက်ကလေးနှင့် ကျွန်မတို့အတွက် ဂါဝန်ကလေးတွေ တရျောင်းရျောင်း ချုပ်နေတော့သည်။

လက်လှည့်စက်ဆိုသည်မှာ ထိုခေတ်ကပင် မည်သူ့ထံမှာမှ မမြင်ဘူးတော့သော အလွန်ရှားပါးသည့် ပစ္စည်းအဖြစ် အမေ့မှာရှိနေသည်။ ခြေနင်းခုံမပါသော ထိုလက်လှည့်စက်ကလေးကို အမေက ခုံဝိုင်းကလေးပေါ်မှာတင်ပြီး ချုပ်ပါသည်။ ထိုင်၍ ချုပ်ရသော စက်ကလေးကို လက်တစ်ဖက်က ဘီးတံလက်ကိုင်ကိုကိုင်ပြီး လှည့်၊ ကျန်လက်တစ်ဖက်က ချုပ်ကြောင်းကို ဖြည်းဖြည်းတွန်း၊ လက်နှစ်ဖက်မှာ တာဝန်ကိုယ်စီ ခွဲလုပ်ရသဖြင့် ခြေနင်းစက်ထက် ခက်ပါသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



အမေ စက်ချုပ်ပြီဆိုလျှင် မကြာခဏခေါ်ပြီး ဝတ်ခိုင်းလေ့ရှိသည်။ ဝတ်ကြည့်၊ မတော်သေးလျှင် ပြန်ပြုပြင်၊ ကျယ်နေလျှင် ကျဉ်း၊ တိုနေလျှင်ဆက်နှင့် ထိုလက်လှည့်စက်ကလေးထဲမှ ကျွန်မတို့အတွက် လေထီးပုံ ဂါဝန်ကလေးတွေ တစ်ထည်ပြီး တစ်ထည် ထွက်လာသည်။

အမေ့ ဇာတိရွာမှာ မော်လမြိုင်နှင့် ဘားအံကြားမှ သံလွင်မြစ်ပေါ် မေးတင်ထားသည့် ထုံးအိုင်ရွာပင် ဖြစ်တော့သည်။ ထိုခေတ်က ထုံးအိုင်ရွာသို့သွားလိုလျှင် ကျွန်မတို့နေသော မြို့မှ မုတ္တမသို့ ကား သို့မဟုတ် မီးရထားစီး၊ မုတ္တမရောက်လျှင်ဘားအံ၊ ရွှေဂွန်းဘက်တက်သည့် သင်္ဘောကို စောင့်စီး၊ ခရီးက တစ်နေကုန် ခရီးဖြစ်သဖြင့် သယ်သွားရသည့် ပစ္စည်းကလည်းစုံလှ၏။ ဟိုမှာလေးငါးဆယ်ရက်နေလျှင် ဝတ်ဖို့ အဝတ်အစားအိတ်၊ အမေ့အမျိုးတွေကို ဝေငှရန် ကျွန်မတို့ ဒေသထွက် စားသောက်ဖွယ်ရာတချို့၊ လမ်းမှာ စားသောက်ရန် ရေဘူး၊ ထမင်းချိုင့် စုံစီနဖာ စုံလှ၏။

ထိုစဉ်က မုတ္တမသို့ စီးရမည့် ရထား နံနက်ငါးနာရီ ဖြစ်သဖြင့် ဝေလီဝေလင်း အချိန်ကြီး ဘူတာဆင်းကြရသည်။ ရထားစီးခရီးကတော့ ကျွန်မတို့အတွက် ဘာမှမဆန်း၊ သည်ခရီးကို အကြိမ်ကြိမ်သွားဖူးသဖြင့် လမ်းဘေးဝဲယာရှုခင်းတွေက ကျွန်မတို့ကိုမဆွဲဆောင်နိုင်တော့။ အလင်းရောက်လာသော်လည်း အစောကြီးလာရသဖြင့် ကျွန်မတို့ ငိုက်မြည်းပျင်းတွဲ့စွာ လိုက်ပါလာကြသည်။

မုတ္တမရောက်တော့ နေအတော်မြင့်နေပြီ။ မုတ္တမဆိပ်ကမ်းရေဘောင်ပေါ်မှာပါလာသည့် ပလတ်စတစ်စကြီးကြီးကို ခင်းလို့ အထုပ်အပိုးတွေ စုပုံလိုက်ကြသည်။ မျက်နှာချင်းဆိုင်



သံလွင်တစ်ဖက်ကမ်းမှာတော့ မော်လမြိုင်မြို့ကြီးက မှိုင်းညို့ညို့။ ညိုစို့စို့ မြစ်ပေါ်က လေကို မနှစ်သက်ပေမယ့် စက်တပ်လှေ၊ ရွက်တပ်လှေ၊ လက်ခတ်လှေ ကလေးတွေ ကြဲပက်ထားသော သံလွင်ကိုတော့ ကျွန်မ စွဲမက်နေမိပြန်သည်။

အမေသည် ရေဘောင်ပေါ်မှာ သင်္ဘောစောင့်ရင်း စိတ်လိုလက်ရရှိသည့်အခါ ငယ်ဘဝကို တမ်းတမ်းတတပြောပြတတ်လေသည်။

"ဂျပန် အဆုတ်၊ အင်္ဂလိပ်အဝင် ရွာမှာ အုပ်ချုပ်ရေး ပျက်ပြားတုန်းကပေါ့၊ သမီးတို့ အဘိုးနဲ့ ရန်ကြွေးရန်စ ရှိသူတစ်စုဟာ ညကြီးမင်းကြီး အမေတို့ အိမ်ပေါ်တက်လာပြီး သတ်ဖို့ပြင်တော့ ခြေတံရှည် အိမ့်မြင့်ကြီးပေါ်က အသက်စွန့်ပြီး ခုန်ချကြတာ"

အမေ ထိုအကြောင်းပြောလျှင် ကျွန်မတို့ အသက်ရဲရဲမရှူဝံ့တော့ သတ်မည့်သူကလည်း အိမ်ရှေ့ပေါက်ကလာနေ၊ အိမ်နောက်လှေခါး မရှိသည့် အပေါက်က အမေတို့ ခုန်ချနေပုံကို မျက်စိထဲမြင်လာသည်။

"အမေ့မှာ လေခြေပွတ်တိုင် လည်သွားပါရော၊ အသည်းခိုက်အောင် နာနေပေမယ့် မပြေးရင်လည်းမဖြစ်၊ ဖင်တရွတ်တွန်းဆွဲပြီး ဟိုအပြင် လယ်ကွင်းတွေဘက် ထွက်ရတယ်။ အဘနဲ့ မောင်နှမတွေကိုတော့ ဘေးလွတ်ရာ အထက်ရွာဘက်ပြေးခိုင်းရတယ်"

"ဟင် အမေက လယ်ကွင်းထဲ ကျန်ခဲ့ရောလား"

"မကျန်ပါဘူး သမီးရဲ့၊ ဒီလိုပဲ ဖင်တွန်းဖင်တွန်းနဲ့ ဆွေမျိုးအိမ်ဆီတော့ ရောက်အောင် ရွှေ့သွားရတာပေါ့။ အမေသွားရတဲ့ လမ်းက မျက်လုံးကြီး လင်ကွင်းလောက်ရှိတယ်ဆိုတဲ့ တစ္ဆေခြောက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



တဲ့လမ်းပေါ့။ တကယ်တမ်း အသက်ဘေးနီးလာတော့ ဘယ်ကလာ တစ္ဆေကို ကြောက်နိုင်တော့မှာလဲ၊ ဒီလမ်းပဲရွေးရတော့တာပေါ့"

"အဲဒီလူတွေက အမေတို့ကို မတွေ့သွားဘူး မဟုတ်လား၊ အမေတို့ လွတ်သွားတာပေါ့"

ညီမက သူအသိချင်ဆုံး အချက်ကိုမေးလိုက်သည်။

"အေး ... အဲဒီအခါက လွတ်ပေမယ့် တစ်ခါမှာတော့ ..."

အမေ့အသံသည် တိမ်ဝင်သွားပြီးအမေ့မျက်နှာမှာ ဆွေးမြည့်ရိပ်တွေ ယှက်သန်းလာသည်။ အတိတ်တစ္ဆေသည် ယခုမှ အမေ့ကို တကယ်ခြောက်ပြီ ထင်ပါရဲ့။

"အမေတို့မှာ အစ်ကိုတစ်ယောက် ရှိတယ်၊ ခပ်ဆိုးဆိုး ခပ်တေတေပါပဲ၊ နာမည်က ဦးပန်းကြည်တဲ့၊ တစ်နေ့တော့ ရန်ငြိုးရှိတဲ့ လူနှစ်ယောက်က အချိန်သပ်ပြီး အိမ်ပေါ်က ခေါ်ချသွားတာလေ၊ အစ်ကိုကလည်း တစ်ချက်ကလေး သတိလစ်ပြီး လိုက်သွားမိတာ၊ ဘုန်းကြီးကျောင်း အလွန်ချောင်းစပ်လည်း ရောက်ရောသေနတ်နဲ့ပစ်သတ်တာ သမီးတို့ ဘကြီးကလည်း ဖွဲတော့အတော်ကြီးတယ်၊ ရေထဲမှာ ကူးရှာသေးရဲ့၊ ဆရာတော်ဘုရား၊ ကယ်တော်မူပါ ကယ်တော်မူပါလို့လည်း အော်သတဲ့၊ နောက်ဆုံးတော့ ဆုံးရှာတာပါပဲ"

အမေသည်လို ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလို့ဝလျှင် ထိုရေဘောင်ပေါ်မှာပင် လေကလေး တဖြူးဖြူးနှင့် ထမင်းစားကြလေသည်။ ချိုင့်ထဲတွင် ပါလာသော ချဉ်ပေါင်ကြော်၊ ငါးခြောက်ကြော်၊ ပဲကုလားသီးစုံဟင်းတို့နှင့် ထမင်းမြိန်လှ၏။ ထမင်းစားပြီး



သဘော်သတင်း နားစွင့်တော့ ထုံးအိုင်ဘက်တက်မည့် သဘော်က တစ်စင်းတည်းတဲ့။

မုတ္တမမှာနောက်ထပ် ကားတွေ ရထားတွေဆိုက်လာတော့ ရေဘောင်ပေါ်မှာ လူတွေများသည်ထက်များလာသည်။ ကျွန်မတို့ ညီအစ်မတွေမှာ အထုပ်အပိုးပစ္စည်းတွေ အတိုအလျှိုလူတွေလက်ထဲ မပါအောင် အတော်သတိထားနေရသည်။ တော်တော်ကြာတော့ သမိန်ဗရမ်း နှစ်ထပ်သဘော်ဆိုက်လေသည်။

"တက် ... တက် ... သမီးတို့ အပေါ်ရောက်အောင် သာတက်"

အမေ နှိုးဆော်သဖြင့် ကျွန်မတို့ ညီအစ်မ အထုပ်အပိုးကိုယ်စီဖြင့် လူအုပ်ကြားထဲ တိုးဝင်လိုက်သည်။ လူတွေ လူတွေများလိုက်သည်မှာ ရှေ့တိုးနေမှန်း နောက်ဆုတ်နေမှန်းပင် မသိတော့။

"ရေဘောင်နဲ့ သဘော်အကူးမှာ ချော်ကျမယ် သတိထားဦး"

အမေ့အသံ အပြေးအလွှား လိုက်လာပေမယ့် အမေကတော့ လူအုပ်ကြားထဲအတော်ဝေးဝေးမှာ ပြတ်ကျန်ခဲ့သည်။ လူလှိုင်း တဝေါဝေါထဲမှာ အမေ့ခေါင်းကလေး မပေါ်တပေါ်။ တိုး...တိုး ရှေ့ကိုရောက်ဖို့ အရေးကြီးတယ်။ တိုးသာတိုး၊ သဘော်ကလည်း တစ်စင်းတည်းဆိုတော့ မဖြစ်‚ဖြစ်သည့်နည်းနှင့် သဘော်ပေါ်ပါသွားမှဖြစ်မည်။

ဟော ... သဘော်ပေါ်ရောက်တော့ ရပ်ဖို့ပင် နေရာမရှိ။ အောက်ထပ်မှာ ကုန်နှင့်လူအပြည့်။ အပေါ်ထပ်မှာလည်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မော်လမြိုင်ကမ်းက ပါလာသူတွေအပြည်။ အောက်ထပ်မှာ ရပ်ဖို့ နေရာပင် မရှိတော့။ အပေါ်ထပ်တက်သည့် လှေကားပေါ်သို့ ခဲရာ ခဲဆစ် တက်ရ၏။ လှေကားမှာလည်း လူတွေတိုးညှပ်နေဆဲ။

"သမီးတို့ရေ ပြန်ဆင်းခဲ့ ပြန်ဆင်းခဲ့၊ သင်္ဘော နောက် တစ်စင်း ရှိသေးတယ်တဲ့"

အမေ့အသံ ကျယ်ကျယ်ကြီးက လူအုပ်ကြီးကိုဖြတ်ပြီး ကျွန်မနားထဲဝင်လာသည်။ ဟင်း ဘယ်လိုပါလိမ့်။ စောစောက အမေပဲ သင်္ဘောမရှိတော့ဘူး၊ ရအောင်တက်ဆို၊ အခု ဘယ်လိုက ဘယ်လို သင်္ဘောရှိရပြန်တာလဲ စိတ်ညစ်ပါရဲ့။

"မရတော့ဘူး အမေ၊ သမီးတို့ ဆင်းလို့ မရတော့ဘူး၊ အမေတက်လာပါ"

"မတက်ဘူး၊ မတက်ဘူး ဆင်းခဲ့ သမီးရေ ဆင်းခဲ့၊ သင်္ဘောက ရေပေါ်မှာ လက်နှစ်လုံးပဲ ပေါ်တော့တာ၊ နောက်သင်္ဘောမှ လိုက်ရအောင် ဆင်းခဲ့"

"ဟင့်အင်း ဆင်းလို့ မရတော့ဘူး၊ အမေတက်လာပါ"

"အမေ့စကား နားထောင်၊ သင်္ဘောသိပ်နင့်နေပြီ၊ ဒုက္ခ ရောက်ကုန်မယ်၊ သမီးတို့ ဆင်းလာ"

အမေနှင့် ကျွန်မတို့ ဆင်းရန် တက်ရန် ဝိရောဓိ ကွဲနေ ချိန်မှာ သမိန်ဗရမ်းသင်္ဘောသည် ရေဘောင်မှာ ခွာလေသည်။

"အောင်မလေး၊ ကျွန်မ သမီးတွေပါသွားပြီ၊ လုပ်ကြပါဦး"

အမေကား အာခေါင်ကိုခြစ်၍ အော်နေလေပြီ။ ဆူဆူ ညံညံ ရုတ်ရုတ်သဲသဲ လူအုပ်ကြီးလည်း အမေ့အသံကြောင့် ရှဲခနဲ ငြိမ်ကျသွားသည်။ သင်္ဘောမာလိန်မှူးသည်ပင် သင်္ဘောကောင်း



ကား စက်သံပေးခွာနေပြီဖြစ်သော သင်္ဘောကို ရေဘောင်နှင့် ပြန်ကပ်ပေး၏။ အမေကား တက်မလာ၊ ကျွန်မတို့ကိုသာ တွင်တွင် ခေါ်ချနေ၏။

"အဒေါ်ကြီး တက်လေ"

"မတက်ဘူး၊ မတက်ဘူး၊ ကျွန်မ သမီးတွေကို ချပေး"

"ကဲဟော့၊ ကလေးမတွေ ဆင်းမလား"

သည်လို ချီတုံချတုံ မေးမြန်းဖြေကြားနေစဉ်မှာပင် သင်္ဘောသည် ဒုတိယအကြိမ် ရေဘောင်မှ ခွာလေသည်။ သည် တစ်ခါတော့ သင်္ဘောသည် ပြန်ကပ်ဖို့ စိတ်မကူး အရှိန်နှင့်ထွက် လေတော့သည်။

"အမေရေ အမေ၊ အီးဟီးဟီး"

ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံး ပြိုင်တူ အော်ငိုလိုက် ကြသည်။ သင်္ဘောတစ်စင်းလုံးမှ ခရီးသည်တွေလည်း ဇာတ်ဝင် ခန်းတစ်ခန်းကို ကြည့်နေရသလို အားလုံး ဝိုင်းကြည့်နေကြသည်။

သွားပြီ။ အမေကျန်ခဲ့တာ သေချာသွားပြီ။ ကျွန်မက အကြီးဆိုတော့ အရင်ဆုံးအပူလုံးက ရင်ဝကို တက်ဆောင့်သည်။ ပိုက်ဆံ...ပိုက်ဆံ...ဘယ်မှာလဲ ပိုက်ဆံ။ ခရီးသွားလျှင် အမေသာ ပိုက်ဆံကိုင်နေကျဆိုတော့ ကျွန်မတို့မှာ ပိုက်ဆံတစ်ပြား မှမပါ။ ဘာနှင့် သင်္ဘောလက်မှတ်ဝယ်မည်နည်း။ အချိန်ကျ လက် မှတ်လာစစ်တော့ လက်မှတ်မပြနိုင်လျှင် အရှက်ကွဲဦးမည်။ စော စောက အမေဆင်းခိုင်းတုန်း ဆင်းလိုက်ရင် အကောင်းသား။ အခု မှတော့ မျက်ရည်တွေကို ခပ်ကြမ်းကြမ်းပွတ်သုတ်ပြီး ဘေးဘီကို ကြည့်လိုက်တော့ စောစောကထက်များသော မျက်လုံးတွေ ကျွန်မ

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



တို့ကို ကြည့်နေကြသည်။ ရှက်ဖို့ကောင်းလိုက်တာ။ မြေလျှိုးမိုးပျံ ချင်စိတ်တွေ ပေါ်လာသည်။

"ဟဲ့…နင်တို့က မသန်းစိန် သမီးတွေ မဟုတ်လား"

"ဟုတ်…ဟုတ်ကဲ့"

ညီအစ်မနှစ်ယောက်စလုံး အားတက်သရော အသံပြိုင် တူထွက်သွားကြသည်။ နှစ်လိုဖွယ်မျက်နှာနှင့် မိန်းမဝဝကြီး တစ်ယောက်။ သည်အချိန်တွင် ကျွန်မတို့မျက်လုံးများ မျှော်လင့်ချက်ဖြင့် အရောင်လက်နေကြပေမည်။

"နင်တို့ အမေကို ငါသိတယ်၊ စိတ်မပူနဲ့၊ နင်တို့အတွက် လက်မှတ်ခ ငါခံပေးမယ်"

ဟူး … တော်ပါသေးရဲ့။

ဝမ်း နင့်နေသော သမိန်ဗရမ်းသည် မဆန့်မပြဲဝန်တင် လှည်းကို သယ်ဆောင်ရသော မြင်းကပ်ကြီးကဲ့သို့ ဖင့်နွဲ့လေးပင်စွာ ရုန်းထွက် ရွေ့လျားနေရသည်။ ဝန်နှင့်အားတိမ်းစောင်း လွဲချော် သွားသည်နှင့် အချိန်မရွေး ကိစ္စများသွားနိုင်သော အနေအထား တွင် ကျွန်မတို့မှာ ချောက်ကမ်းပါးထိပ်တွင် လမ်းလျှောက်ရသည့် ရင်ဖို့မှုမျိုးဖြင့် လိုက်ပါလာကြသည်။

အမေသည် သူ့ဇာတိ ဇစ်မြစ်ကို အလွန်အလေးထားသူ ဖြစ်သော်လည်း ဘာကြောင့်မှန်းမသိ ကျွန်မတို့ ညီအစ်တွေကို မွန်စကား သင်ကြားပေးခြင်း မရှိပေ။ အိမ်မှာ မောင်နှမလေး ယောက်ရှိသည့်အနက် ဘားအံမှာမွေးသော အစ်ကိုကြီးတစ် ယောက်သာ မွန်စကားကို ဖြစ်ဖြစ်မြောက်မြောက် ပြောဆိုနိုင်ပေ သည်။ အဓိကမှာတော့ အိမ်မှာနေရင်း လေ့ကျင့်ပြောကြားခြင်း



မရှိသဖြင့် ထိုဘာသာစကားနှင့် တဖြည်းဖြည်း ဝေးကွာလာခြင်း ဖြစ်တန်ရာသည်။

လုပ်ငန်းခွင်တွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း၊ မြန်မာစကားကိုသာ စွဲစွဲမြဲမြဲပြောဆိုလေ့ရှိသော အမေ့ကို မွန် အမျိုးသမီးတစ်ယောက်အဖြစ် မည်သူမှမသိထားကြပေ။ မွန်သံ ဝဲခြင်းမရှိ။ အမေသည် မြန်မာစကား ပြောဆိုနေလျှင် တကယ်ပီ ဘိ မြန်မာအမျိုးသမီး တစ်ယောက်ပင်။ တစ်နှစ်ပတ်လုံး ဘယ်လိုပဲ နေနေ အမေသည် ထုံးအိုင်ရွာဆိပ်ကမ်းသို့ သင်္ဘောကပ်သည်နှင့် မြန်မာစကားတစ်လုံးမှ ပြောဆိုခြင်း မရှိတော့ပေ။ ဆိပ်ကမ်း တွင်လာကြိုနေသော သူ့ဆွေမျိုး မောင်နှမတွေကို စတင်နှုတ်ဆက် သည်မှ ရွာမှာနေစဉ် တစ်လျှောက်လုံး မွန်စကားကိုသာ ပြောဆို သုံးစွဲလေသည်။

ကျွန်မတို့ ညီအစ်မတွေမှာလည်း ရွာရောက်သည်မှစ၍ သီးခြား ကမ္ဘာထဲရောက်သွားသည်နှင့် တူလှ၏။ ကျွန်မတို့နှင့် ကျွမ်း ဝင်မှုမရှိသော ဘာသာစကားပတ်ဝန်းကျင်တွင် နေထိုင်ရသည် မှာ ကသိကအောက် နိုင်လှ၏။ အမေတို့ ဆွေမျိုးမောင်နှမတွေမှာ အိမ်ပြည့်လှမတတ်။ စကားတွေပြောပြီး ရယ်လိုက်ကြသည်မှာ လည်း အုန်းအုန်းညံ့ညံ့။ ကျွန်မတို့မှာ ဘာသာစကား အခက်အခဲ ကြောင့် သူများရယ်လို့ မရယ်နိုင်၊ သူများရယ်ပြီးမှ ရယ်ရသည်။ ဒါတောင် ဘာသာပြန်ပေးသူရှိဦးမှ။

ထိုနေ့က ကျွန်မတို့ သင်္ဘောလည်းထွက်ရော ရေဘောင် ပေါ်တွင် အမေတစ်ယောက်တည်း ငိုကျန်ရစ်ခဲ့သည်ကို ကမ်းနား ကုန်ထမ်း အလုပ်သမားများက ဝိုင်းဝန်းချော့မော့ ဖြောင်းဖျကြ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



သတဲ့။ နောက်သင်္ဘောဆိုက်တော့ အမေလည်း ထိုသင်္ဘောဖြင့် ပါလာရာ သင်္ဘောဝန်ထမ်းတွေက…

"အဒေါ်ကြီး စိတ်မပူနဲ့၊ အဒေါ်ကြီးသမီးတွေ ပါသွားတဲ့ သင်္ဘောတွေ့လား၊ ကျွန်တော်တို့က အမြန်သင်္ဘော၊ ရှေ့သင်္ဘောကို မီလာပြီ၊ ဘာမှမဖြစ်ဘူးစိတ်ချ" လို့ ပြောကြသတဲ့။

ထိုနေ့က အမေ ငိုခဲ့ရသလောက် အမေ့ဆွေမျိုးတွေရယ် လိုက်ကြသည်မှာ ပတ်ထုတ်လို့ပင်မနိုင်။ အမေက သူကိုယ်တိုင် ရေကူးတတ်ပေမယ့် ရေမကူးတတ်သော သမီးတွေကို စိတ်ပူတာ လည်းပါသည်။ ရေဆိုလို့ ကျွန်မတို့ ဤရွာသို့ နှစ်စဉ်လာရောက် လိုခြင်းအကြောင်း အချက်ထဲတွင် မြစ်ရေ ဆင်းကူးလိုခြင်း အချက် တစ်ခုလည်း အပါအဝင်ဖြစ်သည်။ အမှန်မှာ မြစ်ရေဆင်းကူး ခြင်းမဟုတ်။ မြစ်ရေဆင်းစိမ်ခြင်းဖြစ်သည်။ အမေက ကျွန်မတို့ကို သံလွင်၏ မမြင်ရသော စွမ်းအင်တစ်မျိုးနှင့် ထိတွေ့စေချင်သည်။ သံလွင်၏ လွတ်လပ်ကျယ်ပြောမှုမှာ ကူးခတ်ပျော်ရွှင်စေချင်သည်။

သို့ပေမယ့် ကျွန်တို့က မြစ်ချောင်းမရှိသည့် အရပ်က လာကြသည်ဖြစ်ရာ မြစ်ရေဆင်းချိုးတော့မည်ဆိုပါက ကြောက် လည်းကြောက်၊ ချိုးလည်းချိုးချင် ဖြစ်လေ့ရှိသည်။ မြစ်ဆိပ်သို့ ဆင်းသည့်အခါ ရေခွက်ကိုယ်စီနှင့် မြစ်ရေထဲ ဒူးဆစ်မြုပ်အောင် ဆင်းပြီး၊ ထိုနေရာမှာပင် ရေခွက်နှင့် ခပ်ချိုးနေတတ်သည်။ ဒေသ ခံတို့ကား ကျွန်မတို့ ရေချိုးပုံကိုကြည့်၍ ရယ်ပွဲဖွဲ့ကြကုန်၏။ ဘောတံတားပေါ်မှ ဒိုင်ဗင်ထိုးချနေသော ကလေးအုပ်စုနှင့် ဆုံလျှင် မြစ်ဆိပ်သည် ဝုန်းဒိုင်းဆူနေတော့သည်။ တစ်ခါတစ်ရံ ယူပီ သင်္ဘောတစ်စင်းစင်း ဖြတ်သန်းခုတ်မောင်းသွားလျှင်တော့



သံလွင်သည် ဘောင်ဘင်မြောက်အောင် လှုပ်ခတ်လျက် ရေ ကြောက်သူတို့ကို ကျီစယ်ခြိမ်းခြောက်နေတော့သည်။

ကျွန်မတို့ချိုးသည့် ရေချိုးဆိပ်ကလည်း အစဉ်အလာနှင့် တစ်နှစ်တစ်ခါ လူစားသည်တဲ့။ ပြီးတော့ ဧည့်သည်မှ စားသည်တဲ့။ မြစ်ကမ်းနဖူးကိုလည်း ကြည့်ပါဦး ဝါးတစ်ရိုက်ကျော်ကျော်ကလေး လွန်သည်နှင့် လူနှစ်ရပ်စာခန့် ကမ်းပါးက အောက်ကိုနိမ့်ဆင်း သွားသည်။ ဒေသခံတွေက ဘယ်နေရာမှာ ချောက်ရှိသည်ကို သိနိုင် ပေမယ့် ဧည့်သည်တွေက အမှတ်တမဲ့ထွက်သွားရင်း ချောင်းထဲကျ ရေနစ်သေဆုံးနိုင်သည်။ မည်သို့ပင်ဖြစ်စေ ရွာရောက်လျှင် ကျွန်မ တို့ ညီစို့စို့ သံလွင်ရေကို မက်မက်မောမော ဆင်းစိမ်လေ့ရှိသည်။ အစ်ကိုဝမ်းကွဲတွေက တွင်းရေခပ်ချိုးပေးတာတောင်မရ။ ရေသာ မကူးတတ်သည်၊ မကူးရဲသည် ရေဆင်းစိမ်ဖို့တော့ ကောင်းကောင်း လုံ့လရှိခဲ့ကြသည်။

ရွာရောက်ပြီး ကျွန်မကို မဖြစ်မနေ ပြုလုပ်လေ့ရှိသော အလုပ်တစ်ခုမှာ အမေ့အဖေ ကျွန်မတို့ အဘိုး၏ အရိုးအုတ်ဂူကို သန့်ရှင်းရေး သွားလုပ်ကြခြင်းပင်။ အဘိုးဂူရှိရာ သင်္ချိုင်းသည် အိမ်နှင့်သိပ်မဝေး။ ဘုန်းကြီးကျောင်းကို ကျော်လွန်သည်နှင့် သင်္ချိုင်းစပ်သို့ ရောက်နေပြီ။ ထုံးအိုင်အထက်ရွာနှင့် အောက်ရွာ ကိုတော့ ထိုသင်္ချိုင်းကပင် ပိုင်းခြားထားပေးသည်။

ကျွန်မတို့သည် ခပ်မတ်မတ် ကမ်းပါးထိပ်မှ ပြေးဆင်းကာ မြစ်ရေကြည်ကို ရေပုံးကလေးတွေနှင့် သယ်တင်ကြသည်။ ဂူဝန်း ကျင်မှ မြက်ဖုတ်ခြုံတောတွေ ရှင်းသူကရှင်း၊ ဂူပေါ်က ရေညှိတွေကို ဆေးကြောသူက ဆေးကြော၊ စူးရှရှ မျက်ဝန်းအစုံနှင့် ဝဖိုက်ဖိုက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ခနွာကိုယ်ရှိသော အဘိုးလှမောင်သည် ပဲကြီးဟင်းသောက်လျှင် နှုတ်ခမ်းမွေးပေါ် ပဲကြီးဖတ်တွေ ကပ်နေတတ်သည်ကို အမှတ်ရ နေမိသည်။ အဘိုးဆုံးသည့်နှစ်က ကျွန်မ ဒုတိယတန်းထင်ပါရဲ့။ အတော်ငယ်သေးသည်။

အဘိုးဂူကို သန့်ရှင်းပြီးသည့်အခါ အမေပြောပြဖူးသည့် ဘကြီး ဦးပန်းကြည် အသတ်ခံရသည့် သချိုင်းမြေစွန်းမှ သံလွင်ကို စီးမိုးကြည့်မိသည်။ ဒီကိုခေါ်လာ၊ ဒီနားမှာ သေနတ်နှင့်ပစ်၊ ဒီလို ခုန်ချ၊ ဆရာတော်ဘုရား ကယ်တော်မူပါ၊ တစ်ခါက အရောင် ပြောင်းဆေးဆိုးခြင်းခံရသော သံလွင်သည် ဘကြီးရဲ့ ဝိညာဉ်ပုခက် ကို ခပ်သွက်သွက်လွှဲနေပေလိမ့်မည်။

သချိုင်းမှအပြန် အဘိုးကွယ်လွန်သည့် ဘုန်းတော်ကြီး ကျောင်းသို့ဝင်၍ ဆရာတော်ကို ဝတ်ဖြည့်သည်။ ဆရာတော်နှင့် အမေ မွန်ဘာသာ စကားဖြင့် မေးဖြေပြောဆိုနေကြသည်။ မိသားစု အကြောင်း ဖြစ်မည်ထင်သည်။ အပြန်မှာ ရွာလယ်လမ်းအတိုင်း လျှောက်လာရင်း ဆယ်စုနှစ်များစွာကို ဖြတ်ကျော်လာပြီဖြစ်သော ရွာကလေးသည် ဘားအံ-မော်လမြိုင်သွား သံလွင်မြစ်ကမ်း ပေါ်တွင်ရှိနေပြီး၊ ယနေ့အထိ ကတ္တရာလမ်းမဖြစ်သေးသည့် အဖြစ် ကို သတိပြုမိသည်။ အိမ်တိုင်းမှာတော့ နွားတင်းကုပ်ကိုယ်စီနှင့် မို့ ရွာထဲမှာ ကောက်ရိုးနံ့ နွားချေးနံ့ သင်းပျံ့လှ၏။

♣



မနက်ဖြန် ဦးကြီးက မြေနုကျွန်းထဲကို ပို့မယ်တဲ့။

ကျွန်မတို့ ပျော်သွားကြသည်။ မြေနုကျွန်းဆီကို ကျွန်မတို့ မရောက်ဘူးသေး။ စကားနည်းသော အမွေ့ညီမယောကျ်ား ကျွန်မ တို့ ဦးကြီးသည် တစ်ခါတစ်လေမှာလာသော သူ့တူမတွေကို အတွေ့ အကြုံ အသစ်အဆန်း ကြုံစေချင်ဟန်တူသည်။ မြေနုကျွန်းကိုတော့ ဦးကြီးနှင့် ဒေါ်ကြီးဦးတစ်ယောက်၊ ပဲ့တစ်ယောက်လှော်သော လှေ ကြီးဖြင့်သွားရသည်။ လှေမစီးဘူးသော ကျွန်မတို့ ညီအစ်မက လှေစီး အရသာကို ပျော်တထိတ်ထိတ်နှင့်။

"ငြိမ်ငြိမ်ထိုင်၊ လှေနံနှစ်ဖက်ကို မြဲမြဲကိုင်ထား၊ ဘာမှ မဖြစ်ဘူး"

ထွက်စက ရင်ခုန်စိုးထိတ်သလောက် ခရီးအတန်ပေါက် တော့ လှေငြိမ်ငြိမ်ပေါ်တွင် သံလွင်၏ လွတ်လပ်လှှင့်မျှောစည်ပင်မှု ရသကို ခံစားရသည်။ လေနုအေးကလေးက ပြေးပြေးဖျန်းဖျန်း၊ နေခြည်ထွေးက နွေးနွေးလန်းလန်း၊ ယုက်သန်းဖြာကျလာသည့် အလင်းဓာတ်သည် ရေပြင်ရေသားကို ငွေကမ္ဘလာလို ဖိတ်ဖိတ် လက်အောင် ယက်ငင်မို့ဆောင်သည်။ ဇင်ယော်ငှက်တွေက ဟို သည်ပျံ့ဝဲ ခရီးသွားဧည့်ကြိုပို့သလိုလို။ သည်နေ့ သံလွင်သင်ဖျူးခင်း သည့်နေ့ပါလား။

လှေကလေးက သံလွင်ကို အလျားလိုက် စုန်ဆင်းကာ ကျွန်းတန်းရှည်ကြီးတွေကို ဖြတ်ကျော်လာသည်။ ကမ်းပါးယံတို့သည် မြင့်မားမတ်စောက်၊ ရေတွန်းဖြို တိုက်စားထားသဖြင့် ပေါင်မုန့် အပုံကြီးတွေလို ပုံကြွနေသော ဒဏ်ရာရကမ်းပါးသည် ကျွန်းတန်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စာကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရှည်ကြီးတွေကို အနားသတ်ထားပေးသည်။ နွေဦးရောက်ပြီမို့ သောင်ကတုံးမို့မို့တွေကို ကျွေ့ရှောင်နေရသည်။ အနည်ကျ သဲနုံးမြေတွေကတော့ သံလွင်၏ ကျန်းမာရေးကို ထိပါးနေသယောင်။

မြေနုကျွန်းပေါ်ရောက်တော့ ပထမဦးဆုံး သဲပြင်မွမွက နူးညံ့ထွေးအိစွာ ကြိုဆိုနှုတ်ဆက်၏။ ပါလာသည့် ပစ္စည်းတွေ ဒေါ်ကြီးတို့ ယာတဲမှာချပြီးသည်နှင့် ကျွန်မတို့ ညီအစ်မ လွတ်လပ်မြူးရွှင်စွာ ပြောင်းခင်းထဲ ဖြတ်ပြေးကြ၏။ ခရမ်းခင်းထဲ ဖြတ်ပြေးကြ၏။ ဆီးသီးပင်တွေအောက်ရောက်တော့ နီနီလှလှ ဆီးသီးတွေကို သဲတောထဲမှာမှ ကောက်၍ ရေမဆေးဘဲ စားကြ၏။ အချိုဓာတ်သည် လည်ချောင်းထဲသို့ တိုးဆင်းခုန်ချသွားလေသည်။ သဘာဝပေါင်းမိုးကြီးအောက်က ဟင်းလင်းပြင် တပြန့်တပြောမြင်ကွင်းကျယ်ကြီးကိုမြင်တော့ ကျွန်မတို့နှစ်ယောက် မတိုင်ပင်ထားရဘဲ ပြိုင်တူအောက်လိုက်ကြတယ်။

ဟေး ...

ကျွန်မတို့ အော်သံကြားသဖြင့် မည်းမည်းလှုပ်လှုပ်တစ်ခု သုတ်ခနဲ ထပျံသွားကြသည်။ စာကလေးတွေထင်ပ။ ငွေနားကွပ် တိမ်ဇာကွက်တွေ မြေနုကျွန်းပေါ်မှာ တလှုပ်လှုပ်ရွေ့လျားနေသည်။ ထွန်းပပ နေခြည်အလင်းအောက်တွင် လေသည်သွက်သွက်နှင်နှင် ဝေ့ဝိုက်ကျီစယ်နေသည်။ လေနှင့်အတူ ရနံ့တစ်မျိုးပါလာသည်။ ဘာနံ့ပါလိမ့်။ ကျွန်မတို့သည် မျက်တောင်များကို မှေးစင်း၍ လက်နှစ်ဖက် ဆန့်တန်းကာ ရင်ကိုဖွင့်လျက် အသက်ကို ပြင်းပြင်းရှူသွင်းလိုက်ကြသည်။ အို ဒါဟာ ကျေးလက်ရနံ့၊ ကျေးလက်ရသ၊ ကျေးလက်မြင်ကွင်း၊ ဘယ်မှာမှ မရနိုင်သော အနုရသ



စောင်းကြိုးသည် ကျွန်မတို့ နှလုံးအိမ်ကို သာသာတိုးတိုး ပုတ်ခတ်နှိုးနေသည်။

"လေဝါးရုံလေက တိုး
လေကလေးက သဝေထိုး
ချိုးချိုး ချွတ်ချွတ် ချိုးချိုး ချွတ်ချွတ်
လေဝါးရုံ လေကညင်း
ဝါးရွက်ဆိုတဲ့ တေးသီချင်း
သီချင်းမပီတေးမပီး လေသံတရှီရှီ"

ဟော...ညီမလေးတောင် ပျော်လွန်းလို့ သူရသည့် ကဗျာတွေ အော်ဆိုနေပါပြီကော။ သူ့ဝါဝန်ကလေးလေမှာ တဖျတ်ဖျတ်လွင့်နေပုံက စင်ဒရဲလားမင်းသမီးကလေးလိုလို။ တကယ်တော့ မြေနုကျွန်းတွေမှာ ဝါးရုံပင်မရှိ။ လေငင်ရာ ယိမ်းထိုးနေသော ပြောင်းလက်တံရှည်ပင်များသာရှိသည်။ ကျွန်မကို ဒေါ်ကြီးတို့က ပြောင်းဖူးတွေ ချိုးပြီး ချက်ချင်းမီးဖုတ်ကျွေးတော့ ချိုလိုက်သည့်ဖြစ်ခြင်း။ ဒါတောင် ပြောင်းရာသီကုန်ချိန်မို့တဲ့။

ဦးကြီးက ယာစောင့်တဲစတိုခန်းကို ဖွင့်လိုက်တော့ အထဲမှာ ဖရဲသီးတွေ တောင်ပုံရာပုံ။ ကျွန်မတို့ ညီအစ်မတွေ လောဘတကြီး ပြေးပွေ့လိုက်ကြသည်။

"ဒါတွေအားလုံး ရွာပြန်သယ်သွားကြမယ်။ သမီးတို့ပြန်တော့လည်း ယူသွားလို့ရအောင်။ အခုစားချင်ရင် ဓွန်းဖင်ကလေးနဲ့ ဖောက်၊ အနီကြိုက်လား၊ အဝါကြိုက်လား"

ဓွန်းဖင်နှင့် လှည့်လိုက်၍ ထွက်လာသော အချွန်တုံးကလေးကို မြည်းကြည့်၍ ကောင်းမှ ရဲမှ ချိုမှဆိုသည့် အလုံးမှ

စာကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စာကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စာကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရှေးစားကြသည်။

“တော်ပြီ၊ တော်ပြီ အစားစုံလို့ ဗိုက်နာကုန်ဦးမယ်။ နောက်ထပ် စားစရာတွေ ကျန်သေးတယ်”

မီးခိုးတအူအူကြားမှ ဒေါ်ကြီးထွက်လာလျက် ကျွန်မတို့ညီအစ်မကို ဆန်ကာခုံးကလေး တစ်ယောက်တစ်ခုပေးကာ

“ဟိုးမှာမြင်ရတဲ့ ဘူးညွန့်၊ ဖရုံညွန့်၊ ပဲသီးတောင့်တွေ ရသလောက်ခူးခဲ့၊ သမီးတို့ကို ကိုင်းဟင်းချက်ကျွေးမယ်”

“ကိုင်းဟင်း”

ကျွန်မတို့ အစွမ်းကုန် စိတ်ဝင်စားသွားကြသည်။ ကိုင်းဟင်းဆိုတာ ဘယ်လိုအရာပါလိမ့်။ ဘူးညွန့်၊ ဖရုံညွန့်တွေက စိမ်းစိမ်းလန်းလန်း၊ ပဲတောင့်ရှည်တွေက စိုစိုလတ်လတ်၊ ရုံးပတီသီးတွေက နုနုထွားထွား၊ ခရမ်းသီးတွေက ညို့မှောင်မှောင်၊ မကြာခင် ကျွန်းစပ်နားမှာ မြှုံးထောင်ထားသည့် ငါးရံ့ခေါင်းတို မီးဖုတ်နှင့် ဘူးညွန့်၊ ဖရုံညွန့်၊ ရုံးပတီသီး၊ ခရမ်းသီးတို့ ပေါင်းစပ်ပါဝင်သော ကိုင်းဟင်းတစ်ခွက် ပူပူနွေးနွေး မီးဖိုပေါ်က ကျလာသည်။ မြည်းစမ်းကြည့်တော့ ချဉ်ပြုံးပြုံး။

“ဟင်းထဲမှာ ဘာခတ်ထားသေးလဲ ဒေါ်ကြီး”

“ဆီးသီးလေ၊ ဆီးသီးမှည့်ကို မကြေတကြေလေး ဖျော်ပြီး၊ အချဉ်အုပ်သလို အုပ်ထားတာပေါ့”

ထိုနေ့က ကိုင်းဟင်း၊ ပြောင်းဖူးစေ့ကြော်၊ ငါးပိ တို့စရာအရွက် စုံစုံလင်လင်ဖြင့် စားခဲ့ရသည့် မြေနုကျွန်းပေါ်က ထမင်းတစ်နပ်ကို ကျွန်မတို့ တစ်သက်လုံး မေ့နိုင်တော့မည် မဟုတ်ပေ။

စားသောက်ပြီးတော့ ကျွန်မတို့ ညီအစ်မတွေ ဗိုက်လေးပြီး



ငိုက်မြည်းရန်ကြံဆဲ ဦးကြီးနှင့်ဒေါ်ကြီးမှာ တဲပေါ်တွင် မရှိကြတော့။ ဟိုဟိုသည်သည် ပြေးကြည့်သည့်အခါ အတော်ဝေးဝေးမှ ဆေးရွက်ကြီးခင်းမှာ အလုပ်သွားလုပ်နေကြသည်။ ဦးကြီးရော ဒေါ်ကြီးပါ ကိုင်းအလုပ်သမားဝတ်စုံ သစ်ခေါက်ဆိုး အင်္ကျီ၊ လုံချည်နှင့် ပုဆိုးဟောင်းကိုယ်စီ ခေါင်းမှာပေါင်းထားကြသည်။ ဆေးရွက်ကြီးဈေးတွေ ဘယ်လောက်ပဲ ဈေးကောင်းကောင်း ပင်ပန်းလှသော တောင်သူအလုပ်တွေ လုပ်နေတာမြင်ရတော့ ကျွန်မ စိတ်မကောင်းပေ။ မောင်နှမတွေအထဲမှာ ‘အမေနဲ့ အောက်က မောင်အငယ်ဆုံးတစ်ယောက်ပဲ အဘိုးက စာသင်ပေးတယ်၊ ကျန်တာ အကုန်ကိုင်းထဲ ဆင်းခိုင်းတာ’ အမေ ပြောပြဖူးသည့် စကားသံသည် အဝေးဆီမှ ပျံ့လွင့်လာသည်။ အမေကတော့ မြို့မှာ ကျောင်းအုပ်ဆရာမကြီးဘဝနှင့် မပင်မပန်းနေရချိန်တွင် အမေ့မောင်နှမတွေက လယ်ယာကိုင်းလုပ်ဘဝဖြင့် ပင်ပန်းတကြီး ဝမ်းစာရှာနေရသည်။

“မျှင်းနေကြပြီလားဟေ့၊ ညနေစောင်းရင် မြေနုကျွန်းစပ်မှာ ရေသွားကူးကြတာပေါ့”

“ဟင့်အင်း မကူးရဲပါဘူး၊ ရွာမှာတောင် သမီးတို့က သံလွင်မြစ် ရေဆင်းစိမ်တာပါ”

“ကြည့်ပါဦးလေ၊ ရွာနဲ့မတူပါဘူး၊ တော်တော်ကြာမှ ရေထဲက မတက်ဘဲ ဖြစ်နေဦးမယ်”

ဦးကြီးစကားက သွေးထွက်အောင် မှန်လေသည်။ နေလုံးကြီးက တောတန်းကလေးအစပ်မှာ မေးတင်ချိန် မြေနုကျွန်းနှင့် နောက်ထပ်ပေါ်နေသော သောင်ကျွန်းကလေးတို့အကြား ရေသား

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရေပြင်က ကြည်ကြည်လင်လင် ရွာဆိပ်မှာလို ကမူလည်းမရှိ။ ချောက်လည်းမရှိ။ အောက်မှာသဲပြင်နုနုကို အတိုင်းသား မြင်နေရသည်။ မြစ်ပြင်ကျယ်ကြီးမှာ မဟုတ်သဖြင့် ရေနစ်မှာ မပူရတဲ့ ကြိုက်သလောက် ကူးကြစမ်း။

ကြိုက်သလောက် ကူးဆိုလို့ ကျွန်မတို့မှ ရေမှမကူးတတ်တာ။ အရင်းတော့ အရှုံးမခံနိုင်ဘူး။ သဲပြင်ပေါ် လက်ထောက်လို့ ခြေထောက်တွေကို အားကုန်ယက်ကာ လက်ကို လွှတ်လိုက်တော့ ကိုယ်က ရွေ့သွားလိုက်၊ ရေတိမ်မှာ မြုပ်သွားလိုက်နှင့် ဆံပင်တွေလည်း ရွှဲကုန်တော့သည်။ အေးလို့အေးမှန်းပင်မသိ။ သံလွင်သည် ကျွန်မတို့ကို ချစ်စနိုးကျီစယ်နေလေသည်။

"ဒီမှာကြည့်...ဒီမှာကြည့်"

ဒေါ်ကြီးက ထမီအောက်နားစကို လက်နှစ်နှင့် ကိုင်ကာ ဘယ်လိုလုပ်လိုက်သည်မသိ။ ထမီကြီးက ပူဖောင်းကြီးလို ဖောင်းကားလာသည်။ ရှေ့နောက်ဖောင်းထနေသော ထမီပူဖောင်းကြီးကို စီးပြနေသည့် ဒေါ်ကြီးကိုကြည့်ကာ ညီမက သဘောကျမဆုံး။

"ဂတ်...ဂတ်...ဂတ်...ဂတ်"

ညီမက မတတ်၊ တတတ်နှင့် လိုက်လုပ်ပြီး ပါးစပ်က ဘဲလိုအော်သေး၏။ တကယ်ပင် ဘဲကလေး ရေကူးနေသည်နှင့် တူလှ၏။

အပြန်မှာတော့ ကိုင်းမှထွက်သမျှ ဟင်းသီးဟင်းရွက်တွေကို လှေပေါ်တင်လျက် အပြန်ခရီးမှာတော့ ဆည်းဆာညို့ မှိန်တိမ်တွေငြိမ်သက်နေလေသည်။



"လှိုင်းကလေးတွေ ဖွေးကာဖွေးကာ ပြာသောကောင်းကင်အောက်မှာ ချစ်စရာဆည်းဆာ"

သည်တစ်ခါတော့ ကျွန်မကိုယ်တိုင်သဘာဝရဲ့ စေ့ဆော်ချက်ကြောင့် သီချင်းကလေး တအေးအေးဆိုပြီး လိုက်ပါလာသည်။ ဦးကြီးရဲ့ ခပ်တက် ခတ်သံက ကျွန်မအတွက် စည်းချက်၊ လှေဦးမှ လွင့်စင်ထွက်လာသော ရေမှုန်ရေစက်တွေက ကျွန်မမျက်နှာဆီ ဖြန်းပက်။ အိပ်တန်းဖြတ် ငှက်တွေကတော့ ကသုတ်ကရက် ကျွန်းရိပ်သည် ညိုမည်းမဲ့မဲ့ နှုတ်ဆက်နေလေသည်။

♣

ကျွန်မတို့ ပြန်ရတော့မည်။ သမိန်ဗရမ်းသင်္ဘောသည် ဘူဘော်သံပေး၍ ရေဘောင်မှ ခွာလေပြီ။ သင်္ဘောလက်ရမ်းကို တင်းတင်းဆုပ်ထားသော ကျွန်မ၏ လက်များတုန်ယင်နေလျက် ကျွန်မ၏ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ မျက်ရည်ဝေ့သီနေသော မျက်လုံးအစုံကြောင့် ရေဘောင်ပေါ်မှ ဦးကြီး ဒေါ်ကြီးနှင့် တစ်ဝမ်းကွဲ မောင်နှမများ၏ မြင်ကွင်းက ဝေဝါးနေသည်။ ရေဘောင်မှခွာနေသော သင်္ဘောသည် တိုးချည် ဆုတ်ချည်နှင့် ရေကြောင်းနှင့် အလိုက်သင့် အနေအထားသို့ စောင်းလှည့်နေသည်။ အမြင်အာရုံထဲတွင် ထုံးအိုင်ရွာတန်းရှည်ကြီးက မှုန်းစောင်းဖြစ်လိုက်၊ မှုန်းမတ်ဖြစ်လိုက်၊ မှုန်းလှဲဖြစ်လိုက်။ ဘာကြောင့်မှန်းမသိ ဤရွာသို့လာပြီး ပြန်မည်ဆိုသည့်အခါတိုင်း ထိုကြာခြေမဆည်နိုင်သည့် ဆို့နှင့်ကြေကွဲမှုကို အကြိမ်ကြိမ်ခံစားရသည်။ ဆွေမျိုး

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မောင်နှမတွေကိုလား၊ နွားချေးနံ့၊ ကောက်ရိုးနံ့၊ သင်းပျံ့လှသည့် ရွာကလေးကိုလား။ မြေနုကျွန်းကိုလား၊ ပြောင်းခင်း၊ ဆေးခင်း၊ သီးနှံခင်းတွေကိုလား။ သည်ထက်မကသော စေးထန်းနှောင်ဖွဲ့မှု မျိုးဖြင့် ထုံးအိုင်သည် ကျွန်မကို ဆွဲဆောင်ညို့မြူလေသည်။ ထို မမြင်ရသော အနှောင်အဖွဲ့ကို ကျွန်မ ထိသိမြင်တွေ့လိုလှသည်။

အိမ်ပြန်ရောက်လျှင်တော့ အမေ့ရဲ့ တင်းကြပ်သော စည်းကမ်း၊ လေးလံသော ကျောင်းသင်ခန်းစာတွေနှင့် နပန်းလုံးပေးဦးမည်။ ဥခွံဟောင်းအတွင်းမှ သံချေးတက် လိုက်သံပေါက်နေသော ပုံစံခွက်ထဲ ကျဉ်းကျဉ်းမွန်းမွန်းနှစ်နေရဦးမည်။

နောက်တစ်ခေါက် အမေက ရွာကလေးဆီ လာပါဦးမည်လား။ သိပ်မရေရာ။ မျက်ရည်စက်တချို့ သဘော်သံဘောင် လက်ရန်းပေါ် လွင့်စင်ကျသွားသည်။

သမိန်ဗရမ်းသည် ဒုတိယအကြိမ် 'ဥဘော' သံပေးလေပြီ။

'သံလွင်က မော့ကြည့်
လှိုင်းယက်တို့ မြူးလွင်
ကယုကယင် ငှက်ကလေးတွေ လည်ချင်းယှက်
ကသုတ်ကရက် လက်စသိမ်းသွားတဲ့ အပျော်
ဖော်ကွာဝေး တံငါလှေကလေးကို လက်ပြ
တိမ်တိုက်ရဲ့ အစမှာ ခိုစီး
ငိုက်မျှည်းနေတဲ့ သောင်ထွတ်ကို နမ်းမွှေ့
ဘာသာဝေ့လှေ ဆည်းလည်း မြည်သံအောက်က
ချစ်စရာ ရွာကလေးရေ



ဒီရေ ဖွဲ့ချွေထားတဲ့ မြစ်ဆိပ်ပေါ်မှာ
သိင်္ဂါရတေးတွေ သီဆိုနေပေဦးတော့
ကံကြမ္မာတံခါးကိုတော့
ယုံစားလို့ မခေါက်ဝံ့ပါဘူးကွယ်
တစ်ကွေ့ တစ်ထောက် ပြန်ရောက်ဖို့ဆိုတာ
မရေရာမှု သီးကင်းတွေပဲ မဟုတ်လား
ဖြုတ်ခနဲ မကြွေကျလိုက်ပါနဲ့
လတ်ဆတ်သော ချိုမြိန်သော
စေးပိုင်နွေးထွေးမှုကလေးကိုတော့
တဆိတ်လောက် သိမ်းဆည်းထားပါဦးနော်
ကလေးတစ်ယောက်ရဲ့ နိုးတစ်ဝက် အိမ်မက်ထဲက
လွမ်းမောမော ဆွတ်ကြင်ကြင်
နှလုံးသွေးအလျဉ် မအေးခဲခင်အချိန်အထိပေါ့'

မိချမ်းဝေ
၂၀၀၃ ဒီဇင်ဘာ၊ မြရည်သီတာ မဂ္ဂဇင်း။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

တိမ်ညွန့်နူးတဲ့ ကြယ်မှုုံးရွှေစင်

www.foreverspace.com.mm

တိမ်ညွန့်နူးတဲ့ ကြယ်မှုုံးရွှေစင်

အခုချိန်ဆို ဇင်းကျိုက်တောင်ဟာ နှင်းခမောက်ကို ဆောင်းထားပြီပေါ့ ဆရာရယ်။

ဇာလွှာငွေပါး နှင်းသားမြူခြယ်တဲ့ရပ်ဝန်းမှာ မြင့်မား စွင့်စွင့် အခြေမြင့်လှတဲ့ စေတီတော်ကြီးကို မမြင်သာ့မြင်သာ ဖူး တွေ့လိုက်ရတဲ့ အနေအထားက အလွမ်းလက်တို့ မျက်ရည်စို့ လောက်ပါရဲ့။

စိမ်းရိပ်ညိုမောင် သည်မြိုင်ခြေတန်း သည်စခန်းမှာ ဆရာ့ ကို မွေးဖွားသန့်စင်ခဲ့သည့်တဲ့လား။ သည်တောင်ခြေမြိုင် တကြော မှာ ဆော့ကစားမြူးရွှင် ဆရာ့ငယ်ဘဝဖြစ်စဉ် မှန်ကူကွက်တွေ တဖျတ်ဖျတ်လက်လို့။ အို ... တနော့နော့ သွဲ့ငင်လာတဲ့ လေနု အေးထဲမှာတော့ ဆရာရဲ့ အနုပညာမှော်ဝင်ပိုးတွေ သိပ်သည်း လွှင့်ပျံ့လို့ပါလား။

ကျွန်မစိတ်တွေ အရမ်းကို လှုပ်ရှားနေပြီး ဆရာရယ်။ ဆရာ့ဇာတိမြေမှာ ခြေစုံရပ်ပြီး ဆရာ့နှလုံးသွေးလက်တံနဲ့ ပုတ်နှိုး

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ရှင်သန်ရာဒေသမှာ ဟောပြောမှုတာဝန်တစ်ရပ်ကို ထမ်းဆောင်ဖို့ ကျွန်မရောက်ရှိခဲ့ပါပြီ။ ဇင်းကျိုက်ရွာဆိုတာ မွန်ပြည်နယ်ထဲက ရှေးဟောင်းမွန်ရွာကြီးတစ်ရွာဖြစ်ပြီး ဇာတိအစဉ်အလာကြီးမားစွာ နှီးထရှင်သန်နေဆဲ ဒေသတစ်ခုပါ။ ကြံ့ခိုင်မာကြောခိုင်ကျည်လှတဲ့ ဇင်းကျိုက်တောင်ခြေရင်းမှာ ပြေပြစ်ညီလွင်တဲ့ တပြန့်တပြော လယ်ကွင်းပြင်စိမ်းမြမြကို ထွေးပွေ့လို့ ဓလေ့ဘာသာ သာသနာ ထွန်းပြောင်ခဲ့ရာနေရာ။ ဒေသခံတွေရဲ့ စာပေနှီးကြားမှုကလည်း အံ့သြလေးစားလောက်ဖွယ် နှစ်စဉ်ကျင်းပမြဲ ဟောပြောမှု အစီအစဉ်တွေနဲ့ မျိုးဆက်သစ်တွေဆီ စာပေအနုရသအမွေကို ကမ်းဝေနေဆဲ။ ဟော…သည်နှစ်မှာတော့ ဆရာတပည့် အလှည့်ကျပါပေါ့။

ကုန်ဆုံးလွန်မြောက်သွားတဲ့ အတိတ်ဆိုတာကို ကောက်ငင်သိမ်းဆည်းလို့ရမယ်ဆိုရင်တော့ အချိန်ကာလတွေကို ချုံ့ပိုင်းပြီး ဟောဒီပစ္စုပ္ပန်ဆီ တနင့်တပိုးသယ်ဆောင်ချင်ပါရဲ့ ဆရာ။

တကယ်တော့ ဆရာနဲ့ကျွန်မတွေ့ဆုံမှုကလေးက သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ် မဟုတ်ခဲ့ဘူးဆိုတာကိုတော့ ကျွန်မ နက်နက်နဲနဲ ခံယူထားပါတယ်။ ကာလရထား နောက်ပြန်သွားကြည့်တဲ့အခါ အတွေ့အကြုံ အသစ်အဆန်းကြားမှာ ဆယ်ကျော်သစ်တစ်ယောက်ရဲ့ ညိုးညံ့မြည်ဟီးနေတဲ့ ရင်ခုန်သံစီးရီး အသစ်ကို ဆရာကြားနိုင်ကောင်းမှာပါ။

အဲဒီနေ့ဟာ မွန်ပြည်နယ် ဆယ်မြို့နယ်ရှိတဲ့ မြို့တွေကို ဆရာတို့ကိုယ်တိုင်ဆင်းပြီး မင်းသမီးရွေးချယ်တဲ့နေ့လေ။ တစ်မြို့နယ် သုံးယောက် ဆယ်မြို့နယ် အယောက်သုံးဆယ်။ မွန်ယဉ်ကျေးမှု အဖွဲ့ဝင်တောကို ဆရာတို့စိတ်ကြိုက် ကွင်းဆင်းလေ့လာစိစစ်



ရွေးချယ်တဲ့နေ့ဟာ မနူးမနပ် စိမ်းဆတ်ဆတ် ကောင်မလေးရဲ့ စိတ်လှုပ်ရှားဖွယ်အကောင်းဆုံးနေ့ဆိုတာ ဆရာတို့အနေနဲ့ ဘယ်သိနိုင်ပါ့မလဲနော်။

ဆရာတို့…။ ဟုတ်တယ် အဲဒီနေ့က ဆရာတစ်ယောက်ထဲမှ မဟုတ်တာ။ ဆရာတို့အဖွဲ့လို့ပြောရင် ပိုမှန်မယ်ထင်ပါရဲ့။ မွန်တီးလုံး အခွေထည့်ထားတဲ့ကက်ဆက်ကို သယ်ပိုးပြီး အခန်းထဲဝင်လာတဲ့ မြင်ကွင်းက ဘာမှအဆန်းတကျယ်မဟုတ်လှဘဲ ကျွန်မလက်တွေအေးစက် တုန်ယင်နေခဲ့တယ်။ ကိုယ့်ရင်ခုန်သံ ကိုယ်ပြန်ခြောက်ခြားပြီး သစ်ရွက်လှုပ်တာတောင် ရယ်တတ်တဲ့ အရွယ်မှာ ကိုယ့်အရှက် ဂုဏ်သိက္ခာအတွက် ကျွန်မ မရယ်နိုင်ခဲ့ဘူး ဆရာရယ်။

အနုပညာဆိုတာ နကန်းတစ်လုံးမှမသိတဲ့ ကျွန်မ စည်းနဲ့ဝါးကို ဝေးကွာစိမ်းဆက်လွန်းတဲ့ ကျွန်မဟာ ဟောဒီ အနုသုခုမ အရိပ်စွန်းကလေးမှာ ဘယ်လိုအကြောင်းကြောင့် ရပ်ကြည့်နားခိုခွင့်ရခဲ့ပါသလဲ။ ရပ်ကွက်ထဲမှာ လှမျိုးဖြူစာရင်းတွေ ကောက်လိုက်တော့ ရိုးသားစွာ နာမည်စာရင်းပေးလိုက်မိတဲ့ မေမေကိုပဲ အပြစ်ဖွဲ့ရမလား။ အနုပညာဓာတ်ခံနည်းတဲ့ မိမိကိုယ်ကိုပဲ အပြစ်တင်မောင်းမဲရမလား။ ဇဝေဇဝါအတွေးနဲ့ ဆရာတို့ သတ်မှတ်တဲ့ အဆို၊ အက၊ အပြုံး သုံးမျိုးဘယ်အမျိုးနဲ့ အကျုံးဝင်မှန်းမသိတဲ့ အတွေ့အကြုံသစ်မှာ စိတ်ပျက်အားငယ်ခဲ့ရတယ်။ ဖြစ်နိုင်ရင် လူရွေးပွဲခန်းမထဲမှာ ပြေးထွက်သွားချင်ပါရဲ့။

တစ်ယောက်ချင်းအဆိုကို စမ်းသပ်မယ်ဆိုတော့ အိုးတိုက်ပန်းကန်ဆေးရင်းအော်ဆိုခဲ့ဖူးတဲ့ သီချင်းအပိုင်းအစတွေကို အပြေး

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



အလွှား စိတ်ကူးကြည့်ရတာအမောပါပဲ။ သီချင်းတစ်ပုဒ်လုံးကို အစအဆုံး မရဘူးလောက်အောင်ကို ဆရာတပည့် တော်တာနော်။ အဲဒီနေ့က ဆရာတို့အဖွဲ့ရှေ့မှာ ကျွန်မဆိုမိတဲ့ သီချင်းက တိုတို ကလေးပါ။ မြင်မြင့်ခင်ရဲ့ 'နှောင်းအင်းလေး' တဲ့။

ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးနရီ ဘယ်လိုမှ မပီမညီတဲ့ ကျွန်မရဲ့ အကကိုတော့ ဖွင့်ဟထုတ်ဖော်ပြီး မပြောပါရစေနဲ့တော့ ဆရာရယ်။ မိန်းကလေးတစ်ယောက်ရဲ့ ဘယ်လိုအပြုံးကလေး ကများ ပရိတ်သတ်ကို ယူကျုံးဆွဲနှောင်မှာလဲ။ အလှအပကို မခံမင် မပြုပြင်တတ်သေးတဲ့ အရွယ်မို့ ကျွန်မရဲ့ ရှက်ပုန်းသီးအလှက ရင့်ရော်ကြမ်းရှနေမှာ အမှန်ပါပဲ။

ဒါပေမယ့်လေ လူရွေးပွဲပြီးလို့ တစ်လနီးပါးခန့်အကြာ သက်ဆိုင်ရာစည်းတံဆိပ်တွေနဲ့ ရွေးချယ်ခံရခြင်း အကြောင်းကြား စာဟာ ကျွန်မရဲ့ အေးစက်စက်လက်ဖျားမှာ လှုပ်ရှားရမ်းခါလို့ ပေါ့။ ဘယ်လိုလဲ ဘာတွေဖြစ်ကုန်ပြီလဲ။ ကံဇာတ်ဆရာ လှည့်ဖျား လို့ မာယာများပြီထင်ရဲ့။ ကံကြမ္မာရဲ့ ပဥ္စလက်ညှို့ကြိုးအောက်မှာ ကျရာဇာတ်ရုပ်အဖြစ်နဲ့ ကျွန်မမှုန်ပြည်နယ်အက လှေကျင့်ရေး စခန်းကို ရောက်ခဲ့တယ်။

ဒါဟာ မတော်တဆ အမှတ်တမဲ့ တိုက်ဆိုင်မှုတစ်ရပ်တော့ မဟုတ်ခဲ့တာ အမှန်ပါဆရာရယ်။

(လှော်တာလျှိုင်မွဲ)ဆိုတဲ့ မှုန်တပင်တိုင်အကရဲ့ မူလအစ အထိုင်နဲ့ စတာမို့ ပွန်းရှလာတဲ့ ကိုယ်ဒူးကိုယ်သနားလာမိတာ မှား သလား အတွေးများ ဘောင်ဘင်ထခဲ့တဲ့ ရက်တွေဟာ မနည်းလှပါ ဘူး။ ခါးညောင်းကျောအောင့် ခြေသလုံးတောင့်လာတဲ့အခါ မညာ



မတော တွန်းထိုးမောင်းနှင် သင်ကြားခဲ့တဲ့ ဆရာ့အပေါ် ပြစ်မှား မိတာ အခါခါပေါ့။

'ဖွဲ့မရှိရင် ဘာမှမဖြစ်ဘူး။ ဖွဲ့ရှိမှအောင်မြင်မယ်'

'ဟော့ ... ဒီလိုသာ ပျော့တိပျော့ညံ့ဖြစ်နေကြမယ်ဆို ရင်...'

'ပြုံးစမ်းပါ...ပြုံးကြစမ်းပါ။ မှုန်အကရဲ့ အသက်ဟာ အပြုံးဆိုတာ ခဏခဏ ပြောနေရဦးမှာလား'

မာထန်ထန်ဆောင်ထားတဲ့ ဆရာ့မျက်နှာထား ဆရာ့မာန် မဲမှုတွေကြားမှာ ကျွန်မတို့ဟာ မတတ်မဖြစ် မှုန်တပင်တိုင်အကကို တတ်မြောက်ပြီးသား ဖြစ်သွားပါတော့တယ်။

'မျက်နှာကလေးကို မော့ထား၊ မျက်လုံးအကြည့်က ဒီကိုယူ' ဒူးကိုညွတ်ပြောင်း လက်ချောင်းကလေးတွေကော့ရရော ... အကျော့ကျော့ ငင်တော့မယ်ဟန်။

ခါးကိုနွဲ့ချ ခြေအကျ အနုတ်အသိမ်း သိမ်မွေ့ညင်သာ ပစေ တောင်ပံခတ်ဟန် ဝဲပျံတော့မလောက် ကိန္နရီတွေ ရေဆင်း သောက်သလို ဟသာဖိုဟသာမက ယုကယင် တုံ့တင်ချစ်ခွန်း သောင်ခြေစွန်းမှာ...

(သိုင်ဝိုပ်ထဝ်) ခေါ် ရွှေဟသာမင်းအက။ အိပ်မက်၊ ဆရာ ရဲ့ ဆယ်နှစ်တာအိပ်မက်။

မြတ်စွာဘုရား ရှစ်ဝါအရ သုဝဏ္ဏဘုံ သထုံသို့ ကြွချီ တော်မူလာစဉ် ဟသာဖိုမ နားနေတာကို မြင်တဲ့အခါ ရှင်အာနန္ဒာ အား အနာဂတ်ကာလတွင် ဤနေရာသည် ကြီးကျယ်သော ဟံသာ ဝတီ ရာဇဌာနီမင်းနေပြည်တော် ဖြစ်လာမည်ဟု ဗျာဒိတ်စကား

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။





မြွက်ကြားမှုကို အခြေခံ၍ ဖြစ်ပေါ်လာတဲ့ ရွှေဟင်္သာ မင်းအက။

ဆရာဟာ ဒီရွှေဟင်္သာမင်းအကနဲ့ တေးသွားကို ဆယ်နှစ်ဆယ်မိုး စိတ်ကူးထဲမှာ စီခြယ်သီကျူးနေခဲ့ရတယ်။ တကယ့် လက်တွေ့မှာ ငွေကြေးအင်အား မတတ်နိုင်လို့ လက်မှိုင်ချနေတုန်း ဗြုန်းဆိုဒီအဖွဲ့ကြီးရဲ့ ဖွဲ့စည်းပုံပြောင်းလဲသွားတာကြောင့် ဆရာ့အတွက် ရေကန်အသင့် ကြာအသင့် ဖြစ်သွားဟန်ထင်ရဲ့။ ကျွန်မတို့နှစ်မတိုင်မီအထိ ယဉ်ကျေးအမှုအဖွဲ့ဝင်တွေ ရွေးချယ်ရာမှာ တစ်မြို့နယ်မှ အယောက်သုံးဆယ်စီ ပေးလှေ့ရှိတဲ့အစဉ်အလာအရ သံဖြူဇရပ်မြို့နယ်ဆို သံဖြူဇရပ်က လှပျိုဖြူ အယောက်သုံးဆယ်နဲ့ ငွေကြေးပါ တာဝန်ယူ၊ အလားတူ မော်လမြိုင်မြို့နယ်ဆိုလည်း အတူတူပေါ့။ အဲဒီနှစ်ကတော့ မူပြောင်းပြီး တစ်မြို့နယ်သုံးယောက် ဆယ်မြို့နယ်အင်အားစုဆိုတော့ ငွေကြေးအင်အား တောင့်တင်းသွားပြီး ဆရာ့အတွက် စိတ်သွားတိုင်းကိုယ်ပါခဲ့ရတဲ့ အဖြစ်အပျက်တွေကိုတော့ ဆရာတို့လူကြီးတွေ ပြောစကားနဲ့ မှတ်မိသိရှိခဲ့ရတာတွေပါ။

အဲဒီအထဲအာ ကျွန်မတို့အတွက် စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံးနေ့တစ်နေ့ကတော့ မန္တလေးကမှာထားတဲ့ ဟင်္သာခေါင်းဆောင်တွေ၊ တောင်ပံတွေစည်းပုံတွေ ရောက်ရှိလာတဲ့နေ့ပါပဲ။ ကျွန်မတို့ရဲ့ အက၊ ကျွန်မတို့ရဲ့ အလှကို ပံ့ပိုးကူညီ တွန်းထိုးပို့ဆောင်မယ့် သည်အဆင်တန်ဆာတွေကို ပွတ်သပ်ကိုင်တွယ် ကြည့်ကြရင်း ကျွန်မတို့ မျက်ဝန်းတွေ တောက်ရှန်းကြည်ရွှင်ခဲ့ကြတယ်။ ကျွန်မတို့ စိတ်ဓာတ်တွေ လန်းဆန်းတက်ကြွလာကြတယ်။

"နေ့လည် နားနေချိန်မှာ အိပ်နေကြမယ့်အစား ကိုယ့်



အတွက်ပေးထားတဲ့ တောင်ပံနဲ့ ချိတ်ထဘီတွေမှာ ဘော်ကြယ်တွေ ထိုးကြဟေ့။ များများလှချင်သူတွေ ဘော်ကြယ်များများထည့်"

ခါတိုင်း နေ့လည်နေ့ခင်း နားနေချိန်တွေဟာ ပြည်ထောင်စုပွဲနီးလာတာနဲ့အမျှ တစတစပဲ့ကြွေရပါတော့တယ်။ ကျွန်မတို့ဟာ ငိုက်မြည်းနေတဲ့ မျက်လုံးတွေကို အားကုန်ဖွင့်လို့ ဘော်ကြယ်တွေ ထိုးသီရင်း လက်မှာအပ်စူးခဲ့ရတဲ့ရက်တွေဟာ အောင်းမေ့ဖွယ်နေ့ရက်တွေပါပဲ။

"မွန်ဆံထုံးဆိုတာ ဆံစုနှစ်စင်းဝင်အောင် ခွေရတယ်။ ထိပ်မှာချည်း စုပုံမနေရဘူး။ ဆံယဉ်ဆံအိတ် အကျလှဖို့လိုတယ်၊ ကဲ…မိတ်ကပ်ဆံထုံးမိနစ်လေးဆယ်နဲ့ အပြီးနော်"

"ကိုယ်က အဖွဲ့အစည်းနဲ့ လှုပ်ရှားသွားလာရမှာမို့ ကိုယ့်ဘက်က ဘာမဆိုအသင့်ဖြစ်အောင် လေ့ကျင့်ထားပါ။ ကိုယ်လှဖို့ ဘယ်သူ့ကို အားကိုးနေရဦးမှာလဲ။ ဟိုရောက်ရင် မိတ်ကပ်ဆရာ မရှိဘူး။ ဒီမှာ မိတ်ကပ်ဆရာသင်ကြားပို့ချတုန်း ကိုယ့်မျက်နှာကိုယ် ကျွမ်းကျွမ်းကျင်ကျင် လိမ်းခြယ်တတ်အောင် လေ့ကျင့်ကြ"

ရက်နီးလာတာနဲ့အမျှ ဆရာရဲ့မောင်းနှင်အားတွေ မြန်ဆန်သွက်လက်လာပါတယ်။ နားနေချိန်နည်းတာရယ်၊ အားအင်ကုန်ဆုံးမှုတွေ များလာတာရယ် ကျွန်မတို့ရဲ့ ခပ်ညှံ့ညှံ့စိတ်ဓာတ်တွေဟာ ဆရာ့ရဲ့ ဆူပူမာန်မဲ ထုဆစ်ပုံဖော်မှုအောက်မှာ အလူးအလဲပါပဲ ဆရာရယ်။

ဆရာနဲ့တွဲဖက် ဆရာနိုင်စံရှိန်ကလည်း ဆရာ့ပါရမီကို အထူးပဲ ဖြည့်ကူပါရဲ့။ အဲဒီနှစ်က ထောင်ထောင်မောင်းမောင်း အမျိုးသမီး အမျိုးသားရှစ်ယောက်ရွေးပြီး မွန်စစ်ချီတေး အက

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကိုသည်း ဆရာတို့ သင်ကြားခဲ့ကြသေးတယ်နော်။ ဒိုင်း၊ လုံ၊ ကာတွေနဲ့ ဝင့်ကြွားလှုပ်ရှားပြီး စိတ်ဓာတ်တက်ကြွဖွယ်ရာ အားမာန်ပါလှတဲ့ အဲဒီ မွန်စစ်ချီတေးအကကိုတော့ ကျွန်မတို့လို သေးညှက်သွယ်လျသူတွေ ပါဝင်ခွင့်မရဘဲ အငေးသား ရင်သပ်ရှုမော အားကျခဲ့ရတယ်။

အဲဒီမှာ ကျွန်မတို့ လက်လှမ်းမမီတဲ့ မွန်နှစ်ပါးသွား အကကို မျက်ဝါးထင်ထင် တွေ့မြင်လေ့လာခဲ့ရပါသေးတယ် ဆရာ။ ဒီအကဟာ ခက်ခဲနက်နဲသလို ကျေးလက်လည်း ဆန်လှပါတယ်။

သွာဒွက် (စမားဂွက်) ခေါ် နှစ်ပါးသွားအကဟာ ဘုရားမပွင့်မီ သုဝဏ္ဏဘူမိ သထုံခေတ်ဦးပိုင်းက စတင်လာတယ်လို့ အဆိုရှိတယ်။ နန်းတွင်းလာတဲ့အခါ နန်းတွင်းမြို့တွင်းမှ ကျေးလက်သို့ တဖြည်းဖြည်းရောက်လာတဲ့ အက၊ ကျေးတောသူ ကျေးတောသားတို့ စကားထာဝှက်ကြပုံ၊ ချစ်တင်းနှောကြပုံ၊ စကားနိုင်လုကြရင်း ပြက်လုံးထုတ်ကြပုံတွေကို အခုန်အပေါက်မပါ ငြိမ့်ငြောင်းလှတဲ့ တေးဂီတဖြင့် ကပြရတဲ့ အက၊ မယ့်ကို မောင်ကချစ်ရေးဆိုတဲ့အခါ မယ်ကယောကျ်ားမယူဘူး၊ သီလရှင်လုပ်တော့မယ်လို့ဖြေပုံ၊ မောင်ကဒီလိုဆိုရင် ဖိုးသူတော်လိုက်ပြီး လုပ်မယ်လို့ မြူးမြူးကြွကြွ သီဆိုကပြသွားပုံတွေက မေ့မရနိုင်အောင် နှလုံးသားပုံရိပ်မှာ စွဲထင်လွန်းလှတယ်။

ဒါတွေမြင်လာရတော့ ယဉ်ကျေးမှုရဲ့ လက်ဦးအစ မွန်တို့ဌာနကို လွမ်းဆွတ်ရသလို ဒီယဉ်ကျေးမှုတွေ မကွယ်ပျောက်အောင် ထိန်းသိမ်းဖို့ တာဝန်တွေ ကြီးမားကျယ်ပြန့်လှပါလားဆိုတဲ့ အမတေ အသိတရားက ဆရာ့တပည့်ရင်မှာ ကိန်းအောင်းလို့လာခဲ့တော့တယ်။

အဲဒီအဖွဲ့ကြီးရဲ့ လေ့ကျင့်ပျိုးထောင်ပေးမှု စွမ်းအားဟာ ကျွန်မတို့ ရှေ့ခရီးဘဝလမ်းမှာ လှေခါးထစ်သဖွယ် အသုံးတည့်အံ့



ဝင်လှတယ်လို့ပြောရင် ဆရာများ အံ့သြနေမလား။ ဆရာ သင်ကြားပေးလိုက်တဲ့ ကြိုတင်ပြင်ဆင်မှု အလေ့အထက ကျွန်မတို့လုပ်ငန်းခွင်ဝင်တဲ့အခါ အောင်မြင်မှုရဲ့ သော့ချက်တစ်ခုဖြစ်ခဲ့တာ ဘယ်လိုမှ ငြင်းပယ်လို့ မရပါဘူး။

မိမိကိုယ်ကို တာဝန်ယူတတ်မှု အလေ့အထကလည်း ကျွန်မတို့ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ အဓိကပေါင်းကူးတွေပါပဲ

အလုပ်ကို အချိန်နာရီနဲ့ ကန့်သတ်လုပ်ဆောင်နိုင်မှု စွမ်းအားတွေဟာ ကျွန်မရဲ့ ကျောင်းဆရာအလုပ်အတွက် ပန္နက်ချပေးလိုက်တဲ့ ပျိုးထောင်မှုတစ်ခုပါပဲ ဆရာ။

လူဆိုတာ မိမိရောက်ရှိနေတဲ့ အနေအထားမှာ အကောင်းဆုံး ပြုမူနေထိုင်ရမယ် မဟုတ်လား။ ဒါမှလောက တာဝန်ကျေပွန်မယ်လို့ ကျွန်မ ယူဆပါတယ်။ ကျောင်းသား၊ ဆရာ၊ မိဘ သုံးနားညီရပ်ဝန်းမှာ အချိုးညီညီဖြတ်သန်းခဲ့ရတဲ့ ကျွန်မရဲ့ ခြေလှမ်းတွေရဲ့ အဓိကမောင်းနှင်အားဟာ အဲဒီယဉ်ကျေးမှု အဖွဲ့ကြီးရဲ့ ဦးစီးဦးကိုင်ဆရာဆီက စီးသွန်ဖြာကျလာတယ်ဆိုတာ တခြားလူတော့ မသိပေမယ့် ကျွန်မအလေးအနက် ခံယူသိရှိနေခဲ့တယ်။

သည်လိုနဲ့ ဆရာ့တပည့်ဟာ ကျောက်တောင်ထက်ဆီ တဖြည်းဖြည်းတက်ခဲ့ပါပေါ့။ မှားယွင်းမှု လွဲချော်မှုတွေ ဒင်းကြမ်းပြည့်နေတဲ့ ချော်ရည်ပူ လမ်းကြောင်းကြီးပေါ်မှာ အခါခါလဲကျအခါခါပြန်ထရင်း ဆရာ့တပည့်ကျောက်တောင်ထိပ်ဆီ ရောက်ခဲ့ပါပြီ။

သည်အပေါ်မှာတော့ သန့်စင်ကြည်လင်ပြီး မွှေးမြတဲ့ လေပြည်ကလေးက အေးလှပါလား ဆရာရယ်။

♣

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ရိုးပြတ်တွေ လက်ရပ်ခေါ်နေတဲ့ လယ်ကွင်းပြင်မှာ ဆောင်းနှင်းမြူတွေဟာ လယ်စောင့်တဲတွေကို သိမ်းဝှက်ထားကြတယ်။

တငွေ့ငွေ့အူနေတဲ့ မီးခိုးငွေ့တွေကလည်း မြူနှင်းထုကို မဖြိုခွဲနိုင်ကြဘူး။

ဆရာ ရှင်သန်ကြီးပြင်းခဲ့ရာ နယ်မြေကို အုပ်မိုးထားတဲ့ မြင့်မားမတ်စောက် တောင်ကမ်းပါးယံပေါ်မှာတော့ ဆည်းဆာရီညချမ်းကို ခြောက်လှန့်နေတဲ့ တောမီးတောက်တွေ ဖျစ်ဖျစ် မြည်နေပါပေါ့။

ခပ်လှမ်းလှမ်းက ဇင်းကျိုက်တောင်၊ ကုလားမတောင်၊ ဇီးဖြူတောင်၊ မင်းဝံတောင်စတဲ့ တောင်ညွှန့်တောင်စွယ်တွေ ထွေးယူပွေ့ငင်ထားတဲ့ ညချမ်းကတော့ နှင်းဇာပါးကို မလုံ့တလုံ ခြုံလို့။

ပန်းပေါင်းစုံတွေနဲ့ လှပဝေဆာတင့်မောစွာ ဆယ်ယင်ထားတဲ့ စာပေဟောပြောပွဲ စင်မြင့်ကြီးက ထူးတင့်ကျံသရေနဲ့ ပြည့်စုံလှပါတယ်။ စာရေးသူတွေနဲ့ စာချစ်သူတို့ရဲ့ ဆုံတဲ့ပွဲ။ အနုပညာဝတ်မှုံ ကူးစက်ပေါင်းဆုံတဲ့ပွဲ။

ဟောပြောမှု မစတင်မီ မျိုးဆက်သစ်သို့ အမွေကမ်းဝေပွဲကလေးလည်း အားကျနှစ်လိုဖွယ် ကြုံတွေ့ခဲ့ရပါသေးတယ်။ မြို့နယ်စာပေနဲ့ စာနယ်ဇင်းမှဒေသခံ လူငယ်ကလေးတွေကို ကဗျာနဲ့ ဝတ္ထုတိုပြိုင်ပွဲတွေ ဖိတ်ခေါ်ခဲ့တယ်။ ဒီနေ့ညမှာ ပြောင်မြောက်စွာ သီကုံးဖွဲ့ဆိုနိုင်သူတွေကို ဆုပေးမယ့် အစီအစဉ်ကလေးမှာ ဆရာ့တပည့်ကိုယ်တိုင် ဆုတက်ပေးခဲ့ရသေးတယ်။ ဟောပြောမယ့် စာရေးဆရာတွေကတော့ ဆရာ့တပည့်အပြင် ဆရာမကြီး ဒေါ်ခင်ဆွေဦး၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊ ဆရာကြည်စိုးထွန်းတို့ ပါကြပါတယ်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး



သားထူးသားမြစ် ဖြစ်အပ်ရာသည်…တဲ့ ကျွန်မတို့ ငယ်စဉ်က သင်ကြားခဲ့ရတဲ့ ကဗျာကလေး။ ဒီနေ့ကျွန်မကို လူကြီးဖြစ်လာတဲ့ ကာလမှာ ဆရာပေးခဲ့တဲ့ အနုပညာအမွေကို ကျွန်မဆင့်ကမ်းပေးဝေနေပါပြီ။ မြင်စေချင်စမ်းပါရဲ့ ဆရာ။

အအေးဓာတ်တွေ လွှမ်းပတ်ကြည်စယ်နေတဲ့ ဝန်းကျင်မှာ ဆရာဝိညာဉ်ပျံဝဲနေမယ်ဆိုရင် ဆရာ့တပည့်ရဲ့ ဟောပြောမှု အသံနဲ့ဌာန်ကို ဆရာကြားမြင်သိရှိနေမှာပါ။ ကံကြမ္မာက ပစ်တင်လို့ ပင်လယ်ကမ်းစပ်ပေါ် ရောက်ရှိသွားပြီး အဲဒီက ကောက်ယူစုဆောင်းလာသမျှ အနုရသ အတွေ့အကြုံတွေကို ဟောပြောရင်း ဆရာသင်ပေးတဲ့ မွန်တပင်တိုင်သီချင်းကလေးနဲ့ ဆရာ့ရပ်ရွာကို ဂုဏ်ပြုသီဆိုမိပါသေးတယ်။

ကျွန်မရင်ထဲမှာတော့ မဖော်ပြနိုင်အောင် ဆရာ့ကို လွမ်းဆွတ်ချစ်ခင်ကြင်စိတ်တွေ ဖိတ်ဝေလျှံလို့။ သိင်္ဂါငှက်တစ်ကောင်ရဲ့ တောင်ပံတဖျတ်ဖျတ် ရိုက်ခတ်သံဟာ မာကျောခိုင်ကျည်တဲ့ ဇင်းကျိုက်တောင်နံရံဆီ ပဲ့တင်ထပ်နေချိန်၊ ကောင်းကင်ပြင်အနှံ့ ကြဲပြန့်ပေါ်ထွက်နေတဲ့ မိုးပေါက်ဇာပွင့် ကြယ်ရောင်ရင့်တွေကြားထဲ အလင်းလက်ဆုံး ကြယ်တစ်ပွင့်ကို ကျွန်မ မတွေ့တွေ့အောင်ရှာနေမိတော့တယ်။

♣

"ဆရာမရေ ဆရာမရဲ့ ဆရာနိုင်ရွှေပြည်က ဆရာမ ထင်သလို လူ့လောကကြီးထဲက မကွယ်ပျောက်သေးပါဘူး။ ဆရာနိုင်ရွှေပြည် အသက်ထင်ရှားရှိပါတယ်။"

"ဟင်…ဆရာ အသက်ထင်ရှားရှိသေးတယ် ဟုတ်လား"

နောက်တစ်နေ့ နံနက်အလင်းမှာ ဒေသခံတစ်ယောက်ရဲ့

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ပြောစကားကြောင့် အံ့သြဝမ်းမြောက်စိတ်တွေ တရိပ်ရိပ်ပြေးဆောင့်တက်လာတဲ့ ရင်ဘတ်အစုံဟာ ဖားဖိုတစ်ခုလို ဆူညံမြည်းဟီးလို့။

ဆရာ…ဆရာ…ကျွန်မရဲ့ ဆရာ အသက်ရှင်ရက်ရှိသေးတယ်ဆိုပါလား။

"ဆရာကြီးက ကုသိုလ်သိပ်ထူးတာဆရာမရဲ့၊ အခု အသက် ၉၆ နှစ်ရှိပြီ။ ကျန်းမာတယ်။ နား၊ မျက်စိကောင်းတယ်။ မှတ်ဉာဏ်တွေလည်း အားလုံးကောင်းသေးတယ်။ ဆရာမ တွေ့ချင်ရင် ကျွန်တော်လိုက်ပို့ပေးပါမယ်"

ကျွန်မဟာ မြေမထိခြေလှမ်းတွေနဲ့ ဆရာ့ဆီလျှောက်လှမ်းလာရင်း အနှစ်သုံးဆယ်နီးပါး ဝေးကွာသွားတဲ့ အနေအထားမှာ အိုပေမယ့်စွမ်းနေသေးတဲ့ ဆရာ့ပုံသဏ္ဍာန်ကို စိတ်မှန်းနဲ့တွေးနေမိတယ်ဆရာရယ်။

ရွာထဲဘက်ဆီသွားတဲ့ မြေနီလမ်းအချိုးအကွေ့ကလေးတစ်နေရာမှာတော့ ခြေတိုင်ရှည် ရှေးဟောင်းအိမ်ကြီးတစ်ဆောင်။

"ဆရာ မရှိဘူး ဘုန်းကြီးကျောင်းသွားတယ်"

အို…ဟုတ်ပါရဲ့။ ဒီနေ့ ဥပုသ်နေ့ပါလား။ ဒီအသက်အရွယ်နဲ့ ဆရာဘုန်းကြီးကျောင်းတောင် သွားနိုင်သေးတယ်ဆိုတော့…ဆရာ့ရဲ့ အတိတ်က၊ သီလပါရမီထူးကို ကျွန်မ ချီးကျူးဘဲ မနေနိုင်တော့ဘူး။

ကျွန်မတို့ဟာ မဝေးလှတဲ့ ဘုန်းကြီးကျောင်းထဲ လိုက်ခဲ့ကြပြန်တယ်။ ကျောင်းရှေ့ရောက်တော့ တရားပေးသံကြားနေရပြီ။ ကျွန်မတို့ကိုမြင်တော့ တရားပေးနေတဲ့ ဆရာတော်က ပေးလက်စတရားကိုရပ်တံ့ပြီး ကျောင်းပေါ်တက်လာဖို့ ဖိတ်ခေါ်ပါတော့တယ်။

"ဆရာကြီးနိုင်ရွှေပြည်ကို တွေ့ချင်လို့ ဧည့်သည်လိုက်ပို့တာပါဘုရား။ ညကဟောပြောပွဲမှာပြောတဲ့ ဆရာမပါ။" ကျွန်မ



ကိုလိုက်ပို့တဲ့ ဒေသခံအစ်ကိုကြီးက စကားပလ္လင်ခံလိုက်တဲ့အခါ ဆရာတော်ရော တရားနာပရိတ်သတ်ပါ နားလည်သဘောပေါက်သွားပါတော့တယ်။

တွေးထင်မထားတဲ့ ဝေခွဲမရအကြည့်တွေနဲ့ ကျွန်မဘက်ကိုလှည့်ကြည့်လိုက်တဲ့ ဆရာ့မျက်နှာမှာ အရေးကြောင်းတွေ ထူထပ်နေပေမယ့် မျက်လုံးအစုံဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်နီးပါးကာလလိုပဲ စူးရဲတောက်ပ နေဆဲပါလား။ တိကျပြတ်သားပြီး စကားကို တိုတိုပြတ်ပြတ်ပြောတတ်တဲ့ ဆရာ့နှုတ်ခမ်းတွေကလည်း ပိရိသေသပ်ဆဲ…။

"နင်က…နင်က…ဘာဖြစ်လို့ ဒီလောက်တောင် ဝနေရတာလဲဟင်"

အို…ဆရာ့ဆီက ပထမဦးဆုံးထွက်လာတဲ့ ကြားနေကျရင်းနှီးပွန်းတီးတဲ့လေသံ။ ကြည့်စမ်း … ဆရာ ကျွန်မကိုကောင်းကောင်း မှတ်မိနေပါလား။

ငယ်စဉ်ကလိုပဲ ဆရာရဲ့ ငေါက်ငမ်းဆူပူမှုကို ခံယူဖို့ ကျွန်မ ဆရာ့ခြေရင်းမှာ ဒူးကွေးညွတ်ကျသွားပါတော့တယ်။ ကျွန်မရဲ့ ဆံစနဖူးကတော့ ဆရာရဲ့ ခြေဖဝါးအစုံဆီ…။

မိချမ်းဝေ
၂၀၀၂ ဧပြီလ၊ ဂန္ဓဝင် မဂ္ဂဇင်း။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဉယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

တစ္ဆေခြောက်သူ

www.foreverspace.com.mm

## တစ္ဆေခြောက်သူ

လွှတ်လပ်ပေ့ါပါးတဲ့ ဝါဂွမ်းစကလေးဟာ လေမှာလွင့်မျော နေတယ်။ မြန်ဆန်တဲ့အဟုန်နဲ့ နက်မှောင်မှောင်တောင်တန်းတွေကို ဖြတ်သန်းနေတယ်။ အဝါရောင် လယ်ကွင်းပြင်တွေ၊ စိမ်းညို့ညို့ တောအုပ်တွေ၊ ခရီးသွားနေတဲ့ မြစ်ချောင်းတွေ၊ အစာရှာနေတဲ့ သိုးအုပ်တွေ၊ ဖုန်တထောင်းထောင်းထနေတဲ့ လှည်းလမ်းကြောင်းတွေ၊ ကုန်သယ်နေတဲ့ ကွန်တိန်နာကြီးတွေပေါ်က တရိပ်ရိပ်ဖြတ်ပြေး နေတယ်။

အချိန်က မနက်ဆည်းဆာလား ညဆည်းဆာလား ခွဲခြား မသိနိုင်တဲ့ အချိန်မျိုး၊ အလင်းရောင်ဟာ စူးတောက်တောက်ကြီး မနေ၊ နေလုံးဆီမျက်နှာချင်းဆိုင်ကြည့်နိုင်တဲ့ အလင်းအားမျိုး စိတ်ဓာတ်အဟုန်ဟာ အဲ့ဒီ အလင်းအားဘက်ဆီ ဦးတည်ပြီးသွား နေတယ်။ မြင်ကွင်းတွေက ထင်လည်းထင်ရှားတယ်၊ ပီလည်းပီသ တယ်။ လေယာဉ်ပေါ်က ဆီးကြည့်မြင်တွေနေရတဲ့ မြင်ကွင်းမျိုးကို ကိုယ်တိုင် ပျံသန်းမြင်တွေ့နေရတယ်။ ခက်တာက ကျွန်တော့်ခန္ဓာ ကိုယ်ဟာလေယာဉ်ပေါ်မှာ မဟုတ်တော့ဘူး။ လေယာဉ်ပေါ်မှာ ရှိနေ သလို အသိစိတ်က ပျံသန်းနေတာပါ။

ဒါဟာ အိမ်မက်တစ်ခုလား။ အိမ်မက်ဆိုရင် အတော်ရှည်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



လျှားတဲ့ အိမ်မက်ဖြစ်လိမ့်မယ်ထင်တယ်။ ပြီးလည်းမပြီးနိုင် ဆုံးပဲမဆုံးနိုင် ဟာ…ပြောရင်းဆိုရင်း ခြံကြီးဝင်းကျယ်ထဲက အဆောက်အအုံကြီးတစ်ခု-နှစ်ခု-သုံးခု။ ဟာ အများကြီး။ အဲဒီအထဲက အဆောက်အဦတစ်ခုထဲ ကျွန်တော် ဝင်သွားတယ်။ ပြီးတော့ အခန်းတစ်ခန်း၊ အခန်းထဲရောက်တော့ မြင်ရတဲ့ မြင်ကွင်းက ကျွန်တော့်ကို အံ့သြသွားစေတယ်။

လူတစ်ယောက်…ညာခြေထောက်၊ ရင်ဘတ်နှင့် ဦးခေါင်းတို့မှာပတ်တီးတွေ ပရပွနဲ့ လူနာတစ်ယောက်အခန်းတစ်ခုထဲက ခုတင်ပေါ်မှာ ပက်လက်အနေအထားနဲ့ တွေ့နေရတယ်။ အနီးကပ်ပြီး အသေအချာကြည့်လိုက်တော့ အလို…ဘုရားရေ အဲဒီလူနာဟာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေပါရောလား။ လူနာအနေအထားက ကျွန်တော့်ကို အတော်ကလေး တုန်လှုပ်ခြောက်ခြားစေတယ်။

ဘယ်လိုဖြစ်တာပါလိမ့်။ ကျွန်တော့်စိတ်ဟာ ကျွန်တော့်ကိုယ်ထဲမှာ ရှိရမှာလေ။ ဘယ်နှယ်ကြောင့် တကွဲတပြားစီ ဖြစ်နေရတာတုန်း။ ကျွန်တော့်စိတ်ဟာ ခန္ဓာကိုယ်ကို ထားရစ်ပြီး လျှောက်သွားနေတာလား။ ဒါဆိုရင် စောစောက မိုင်ထောင်ချီသွားခဲ့ရတဲ့ ခရီးတွေဟာ ခန္ဓာမပါ စိတ်နဲ့ချည်း သွားခဲ့ရတဲ့ ခရီးတွေပေါ့။ မဖြစ်ဘူး မဖြစ်ဘူး စိတ်နဲ့ခန္ဓာ တကွဲတပြားစီ မဖြစ်အပ်ဘူး။

ကျွန်တော် အလန့်ကြီး လန့်သွားပြီး ဒရောသောပါးနဲ့ခန္ဓာကိုယ်ထဲ ဝင်လိုက်တယ်။ အိုး … ဘယ်လိုဝေဒနာကြီးတွေပါလိမ့်။ ခေါင်းကလည်း တစစ်စစ်နဲ့ ထိုးကိုက်မူးဝေနေလိုက်တာ၊ ထလို့တောင်မနိုင်ဘူး။ လက်နှစ်ဖက်ကတော့ အကောင်း၊ ရင်ဘတ်ထဲကတော့ စူးပြီးအောင့်နေတယ်။ အသက်ရှူလိုက်တိုင်း နံရိုးကြားထဲက



ထိုးပြီးနာနေတာ၊ ပြီးတော့ ခြေထောက်၊ ကျွန်တော့် ညာခြေထောက်လှုပ်လို့မရတော့ဘူး။ လုပ်ကြပါဦး၊ ကျွန်တော့်ခြေထောက်ကျိုးပြီလားဗျာ။

"ဟော…ရှင် သတိရပြီလား၊ ဒီလိုရုတ်ခနဲမထနဲ့လေ၊ ရှင် ကားအက်ဆီးဒင့်ဖြစ်ပြီး မန္တလေးဆေးရုံမှာ သတိမေ့နေတာ သုံးရက်ရှိပြီ ခေါင်းလည်း နည်းနည်းထိထားတယ်၊ နံရိုးနှစ်ချောင်းကတော့ အက်သွားရုံ၊ ညာခြေထောက်ကတော့ ဟင်…ပြောရင်းဆိုရင်းနဲ့ ပြန်အိပ်သွားပြန်ပြီ။ အင်းလေ…ဒီအချိန် အိပ်ပျော်နေတာပဲ ကောင်းပါတယ်"

ကျွန်တော် မျက်ခွံတွေလေးလံပြီး အနားမှာရပ်နေတဲ့ ထဘီအနီဝတ်ဆရာမလေးရဲ့ စကားကိုတောင် ဆုံးအောင် နားမထောင်နိုင်တော့ဘူး။ နားမထောင်ပံ့တာလည်း ပါ,ပါတယ်။ တစ်ကိုယ်လုံးဒဏ်ရာတွေ ပရပွနဲ့ သေတွင်းနှုတ်ခမ်းဝရောက်နေတဲ့ ကိုယ့်အဖြစ်ကို ကိုယ့်ဘာသာ တွေးပြီးစိုးရိမ်ပူပန်မှုတွေ တရိပ်ရိပ်တက်လာတယ်။

ကျွန်တော် သေရတော့မှာလား။ ဖားကန့်ကနေ မန္တလေးကိုအဆင်း၊ ကျွန်တော်စီးလာတဲ့ကား မျက်နှာချင်းဆိုင်ကားကို အရှောင်၊ လမ်းဘေးထိုးဆင်းသွားတဲ့ သိမှုအာရုံဟာ တရေးရေး တရိပ်ရိပ် ပြန်ပေါ်လာတယ်။ ကားဘာဖြစ်သွားသေးလဲ။ ကားပေါ်ကလူတွေ သေဘေးကလွတ်ရဲ့လား။ ဘုရား…ဘုရား ကျွန်တော် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း စွန့်စားရှာဖွေထားတဲ့ ပစ္စည်းတွေရော ဘယ်ရောက်ကုန်ပြီလဲ။ ကားမှောက်ပြီဆိုမှ ဘယ်မှာအစရှာရပါ့မလဲနော်။

"အို…ပစ္စည်းသင်္ခါရ လူသင်္ခါရ လူမသေငွေမရှားပေါ့။

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ငွေပြန်ရှာနိုင်ဖို့ လူသေလို့ မဖြစ်သေးဘူး။ အခု ဒကာ်ရာတွေက ဘယ်လောက်အထိ ဆိုးဆိုးရွားရွားဖြစ်နေသလဲ ဘာပဲဖြစ်ဖြစ် ကျွန်တော်သေလို့မဖြစ်သေးဘူး။ အမေ ··· အမေ ··· တစ်သက်လုံး ပေပေတေတေ နေခဲ့သမျှ အမေ့ကို ကျေးဇူးဆပ်ချင်သေးတယ်။ ဖားကန့်မှာ ပင်ပင်ပန်းပန်းရှာထားသမျှ အမေ့ဆီ လူကြုံနဲ့ပို့၊ အခုတစ်ခေါက် မြိုးမြိုးမြတ်မြတ်ကလေး ရပေါက်တွေ့လာလို့ အမေ့ဆီလူကိုယ်တိုင် ပြန်လာပါမှ၊ "တောက် ··· ဆိုးလိုက်တဲ့ကံကြမ္မာနှယ်"

သေမင်းရယ်···တဆိတ်လောက် ကျေးဇူးပြုပြီး ကျွန်တော့်ကို မခေါ်ပါနဲ့ဦးဗျာ။ ကျွန်တော်မသေချင်သေးတဲ့ နောက်တစ်ခုက နှင်းဦးခိုင်နဲ့ ပတ်သက်နေတယ်။ နှင်းဦးခိုင်ဆိုတာ ကျွန်တော် ကျိတ်သဘောကျနေတဲ့ ကောင်မလေးပါ။ ကျွန်တော့်ထက် ရှစ်နှစ်လောက်ငယ်ပြီး မိဘတွေကလည်း ဆင်းရဲချို့ငဲ့ရှာတယ်။ အိမ်နီးနားချင်းတွေလည်းဖြစ်တော့ တစ်ယောက်နဲ့တစ်ယောက် အတွင်းသိအဆင်းသိတွေပေါ့။ ကျွန်တော်ဆွတ်ရင် အချိန်မရွေးညွတ်မယ့်မိန်းကလေးပါ။

ကျွန်တော်ဆိုတဲ့ ကောင်ကလည်း မိန်းကလေးတွေကို တင့်တောင်းတင့်တယ် မတောင်းနိုင်ဘဲ ဒုက္ခမပေးချင်ဘူး။ ဒါ့ကြောင့်အရွယ်တောင် တဆိတ်ဟိုင်းချင်နေပြီ။ ဟိုင်းကာမှဟိုင်းရော အိမ်ထောင်ရေးကိုတော့ ကသောင်းကနင်းမစချင်ဘူး။ ကျွန်တော်တခြားကိစ္စမှာ ပရမ်းပတာနေချင်နေမယ် ဒီကိစ္စကိုတော့ ဖြစ်ကတတ်ဆန်းမလုပ်ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဒီဘက်နှစ်ပိုင်းတွေမှာ စီးပွားရေးကိုဖြစ်တဲ့နည်းနဲ့ ကျိတ်ရှာတယ်။ စုစုဆောင်းဆောင်း



ကျစ်ကျစ်လျစ်လျစ် ကလေးနေတယ်။ ကျွန်တော်ရဲ့ ကိုယ်ကျင့်တရား၊ ကျွန်တော်ရှာတဲ့ငွေ ဒါတွေအားလုံး ကျွန်တော်ချစ်တဲ့ နှင်းဦးခိုင်အတွက်ပေါ့။ ဒီတစ်ခေါက် ပွပေါက်တိုးပြီး ဇာတိမြို့ကို အပြန် နှင်းဦးခိုင် မိဘဆီ ပြောလည်းပြော တောင်းလည်းတောင်းမယ်ကြံခါမှ···မဖြစ်ဘူး မဖြစ်ဘူး ကျွန်တော်သေလို့ မဖြစ်ဘူး။

"မအော်နဲ့လေ အနာတွေနာသလား၊ နာရင် အနာသက်သာအောင် ကျွန်မဆေးထိုးပေးမယ်။ ဒီလို မငြိမ်မသက် အော်လားဟစ်လားမလုပ်ပါနဲ့။ ဒါဆေးရုံရှင့် အိမ်မဟုတ်ဘူး၊ ဟော··· ပြောရင်းဆိုရင်း ဒေါက်တာလာပြီ။

ဆရာမကလည်းဗျာ နားငြီးလိုက်တာ နာရတဲ့အထဲမှာ အနားမှာလာပြီး ဘာတွေဗျစ်တော်ဗျစ်တောက် လုပ်နေတယ်မသိ။ ကျွန်တော် အော်လိုက်မိလို့လား၊ သိတောင်မသိဘူး။ ယောက်ျားပါဗျာ။ ဒီလောက်တော့ သတ္တိရှိပါတယ်။ ကျွန်တော် စိတ်မာတဲ့ကောင်ပါဗျာ။ ကျွန်တော် သေလို့မရသေးဘူးဆိုတာ ဆရာမ မသိပါဘူး။ ဟော···ဒေါက်တာလာပြီတဲ့၊ ကျွန်တော့်ကို ဘာများလုပ်ကြဦးမလို့ပါလိမ့်။

ကျွန်တော့်မျက်လုံးတွေက ကြည့်ပေမယ့် အမြင်မကြည်လင်လှဘူး။ ဝေတေတေ ဝါးတားတားနဲ့ ဆရာဝန်ကိုတောင် သဲသဲကွဲကွဲမမြင်ချင်ဘူး။ အလို···ဆရာဝန်က အမျိုးသမီးပါလား။ ဂျူတီကုတ်အဖြူကလေးနဲ့ ခုတင်ခြေရင်းက လူနာအခြေပြချပ်ပြားကိုကိုင်ပြီး ဆရာမနဲ့ ဘာတွေပြောနေမှန်းမသိဘူး။ တော်နေကြာတော့ ခုတင်ခေါင်းရင်းဘတ် ကျွန်တော့်အနားလာရပ်တယ်။

"ရှင် အတော်ကံကောင်းတယ်၊ ဒဏ်ရာတွေက သေ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



လောက်တဲ့ဒဏ်ရာ တစ်ခုမှမဟုတ်ဘူး။ အဲ…ညာဘက်ခြေထောက်တော့ သွင်သွင်ကျိုးသွားတယ်။ ဒါကလည်း အချိန်အတော်ကြာ ကုသမှုခံလိုက်ရင် ပျောက်သွားမှာပါ။ အားမငယ်ပါနဲ့၊ ရှင်အိမ်ကိုအကြောင်းကြားစေချင်ရင် အိမ်လိပ်စာတို့ ဖုန်းနံပါတ်တို့ ပြော၊ ကျွန်မတို့ ဆက်သွယ်ပေးမယ်"

ဟင်…အသံ၊ ဒီအသံ ဒီလေယူလေသိမ်းဟာ အညာမန္တလေးမြို့ရဲ့ လေယူလေသိမ်းမဟုတ်ဘူး။ ရန်ကုန်-မုတ္တမကားလမ်းပေါ် ကျွန်တော့်ဇာတိရပ်မြေက လေယူလေသိမ်းမျိုး၊ ဒီအသံဟာ ရန်ကုန်သံမဟုတ်ဘူး။ မော်လမြိုင်သံ မဟုတ်ဘူး။ သထုံသံ၊ လူမမြင်ရဘဲ အသံချည်းကြားနေရရင်တောင် သထုံမြို့နယ်က လူမှန်းသိစေရမယ့်အသံ။ ကျွန်တော့်မြို့က သိဟောင်းကျွမ်းဟောင်းများဖြစ်နေမလား။ အမြင်အာရုံတွေစုစည်းပြီး ဆရာဝန်မလေးရဲ့မျက်နှာကိုခပ်စူးစူးကလေး ကြည့်မိတယ်။ ဒီမျက်ခုံး။ ပြီးတော့နဖူးပြင်ပေါ်ဝဲကျနေတဲ့ ဆံနွယ်ခွေ။ ဘုရားရေ…ဘုရားသခင်ကယ်တော်မူပါ။ သူ…သူ…ကြည်ပြာလွင်…မှ ကြည်ပြာလွင်စစ်စစ်၊ မျက်လုံးဝိုင်းဝိုင်း နှုတ်ခမ်းစုစုကလေးနဲ့ ပျို့မျစ်နုနယ်ချစ်ခင်ဖွယ် ရှစ်တန်းကျောင်းသူအရွယ် ကြည်ပြာလွင်။ ကျွန်တော်တို့မြို့က အ.ထ.က (၂)ကျောင်းတော်ကြီး၊ ပြီးတော့ ပန်းကမ္ဘာစက်ဘီး၊ မမြင်ချင်ဘူးမတွေ့ချင်ဘူး။ ကမ္ဘာကြီးက ကျဉ်းမြောင်းလှပါလား။ ဘယ်လိုပင်ပြေးထွက်ရှောင်ပုန်းပေမယ့် နှစ်တွေရွှေ့ပြောင်း ခရီးရှည်ကြာညောင်းတာတောင် မရှောင်သာလမ်းမြောင်ကြားထဲ မင်းနဲ့ငါတွေ့ကြပြီ ကြည်ပြာလွင်ရေ။

တော်ပါသေးရဲ့ သူက ကျွန်တော့်ကို မမှတ်မိရှာဘူး။ ကျွန်



တော့် ရုပ်ရည်အနေအထားကလည်း မှတ်မိနိုင်လောက် အနေအထားမဟုတ်ဘူး။ ဒီဘက်နှစ်တွေမှာ ကြမ်းတမ်းခက်ရှတဲ့ ဝမ်းစာရှာဖွေမှုတွေကြောင့် ကျွန်တော့်ငယ်ရုပ်ပျောက်ပြီး ရင့်ရော်မှုတွေ အစားထိုးဝင်ရောက်လာမှုတွေက ကြည်ပြာလွင်သာမဟုတ်၊ မည်သည့် သိဟောင်းကျွမ်းဟောင်းမှ မှတ်မိနိုင်ဖွယ်မမြင်။

ကျွန်တော်ဟာ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့သလို ကြည်ပြာလွင်ကို ရင်ဆိုင်ဖို့ ရင်လေးစွာ မျက်လုံးကိုစုံမှိတ်ပြီး လက်ရှိအနေအထားက ကျောခိုင်းထွက်ပြေးဖို့ ကြံစည်လိုက်မိတယ်။ ကျွန်တော့်စိတ်တွေဟာ ပေါ့ပါးလျှင်မြန်တဲ့ အဟုန်နဲ့ ဇာတိမြို့ကလေးဆီနောက်ပြန်ပြေးသွားနေလိုက်တာ၊ စောစောကခရီးနှင်ခဲ့တဲ့အတိုင်း ကဆုန်စိုင်းရင်းပေါ့။

ကျွန်တော်တို့မြို့က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှာ (၈)တန်း တန်းခွဲလေးခုရှိတဲ့အနက် ကျွန်တော်ဆိုတဲ့ ဘိုဘိုမင်းဟန် မသိတဲ့သူမရှိဘူး။ ကျွန်တော်က လူပုံညှက်ညှက်၊ အသားဖြူဖြူ၊ ဟိုစပ်စပ်ဒီစပ်စပ် အစအနောက် သန်သန်မို့ ကောင်မလေးတွေ အမုန်းပွား အမြင်ကတ်တဲ့အထဲမှာ ရှေ့တန်းကအပါအဝင်ပေါ့။ ကျွန်တော့်ဝါသနာက သူတစ်ပါးကို စနောက်ရတာ ပျော်တယ်။ မိန်းကလေးတွေရဲ့ နောက်ကျောကျစ်ဆံမြီးမှာ တိတ်တိတ်ကလေး စက္ကူအမြီးတပ်ပေးရတာမျိုး၊ ထမင်းဘူးထဲက ဟင်းတွေ ကာယကံရှင် မသိအောင်လဲထည့်ထားတာမျိုး၊ စကားများတဲ့ ကောင်မလေးတွေရဲ့ ခုံတွေမှာ စာကလေး၊ ခပ်ဝဝအစားပုပ်ပုပ်ကောင်မလေးဆို ဖက်တီးပုပ်၊ အသားဖြူဖြူ အရပ်ခပ်မြင့်မြင့်ဆို ဗျိုင်းရှည် ဒီလိုနာမည်ပြောင်တွေရေးပေးရတာမျိုး

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဝါသနာပါတယ်။

အတန်းထဲမှာက ရှေ့ဆုံးတန်းမှာ ထိုင်လေ့ရှိတဲ့ ကြည်ပြာလွင်၊ ညိုညိုစမ်း၊ အိသက်စိုးတို့က စာကြိုးစားတဲ့ ကျိတ်ကုတ်တွေ။ သူတို့ဟာ စာကြိုးစားသလောက် သူတို့ရဲ့စာတွေ၊ သချ်ာတွေ၊ လေ့ကျင့်ခန်းစာအုပ်တွေကို သူတစ်ပါးကိုပြလေ့မရှိဘူး။ တစ်ခါတလေမအားလို့ သချ်ာအိမ်စာမပြီးလာတဲ့နေ့မျိုးဆို အဖြေတွေ ကူးချဖို့ စာအုပ်သွားငှားရင် ဘယ်တော့မှပေးလေ့မရှိဘူး။ ကိုယ်လိုချင် ကိုယ်ကြိုးစားဆိုတဲ့အထဲက စာကလေးတို့၊ ဖက်တီးဘုတ်တို့က မဆိုးဘူး၊ သဘောကောင်းတယ်၊ စာကလေးက အတန်းထဲမှာ စကားများတာကလွဲရင် ဖက်တီးဘုတ်ကလည်း ဘာမဟုတ်တာလေးကို စီစီလောင်လောင် ပြောတတ်တာကလွဲရင်ပေါ့။

တစ်နေ့တော့ သူတို့နှစ်ယာက်ကို စချင်နောက်ချင်တာနဲ့ သူတို့ရဲ့ အဖုံးပိတ်ခုံစောင်းထဲမှာ ဖားပျံတစ်ကောင်တိတ်တိတ်ကလေးထည့်ထားမိတယ်။ ကျောင်းတက်ခေါင်းလောင်းထိုး နိုင်ငံတော်သီချင်းဆို အတန်းပိုင်ဆရာမ နှုတ်ဆက်ပြီးတာနဲ့ သူတို့နေရာက စီခနဲ အသံထွက်လာပါတော့တယ်။ စာကလေးက ခုံစောင်းကိုအဖွင့်၊ ဖားပျံကခုန်အထွက်၊ စာကလေးလန့်ပြီး အော်လိုက်တဲ့အသံ၊ သင်ခန်းစာကို စတင်သင်ကြားဖို့ အရှိန်ယူနေတဲ့ ဆရာမအဖို့ အနှောင့်အယှက် အတော်ဖြစ်သွားဟန်တူတယ်။

ဖြစ်ချင်တော့ အတန်းပိုင်ဆရာမကိုယ်တိုင် ဖားပျံကို အသေအလဲကြောက်တယ်ဆိုပဲ။ ပြီးပါလေရော။ ခုံစောင်းထဲ ဖားပျံဘယ်သူထည့်လဲဆိုတာ ကြာကြာမစစ်လိုက်ရပဲ ပေါ်သွားပါလေရော၊ ပေတံနှစ်ချောင်းပူးနဲ့ ခြေသလုံးမှာ ပူအောင်အရိုက်ခံရပြီး



တဲ့အပြင် စာသင်ချိန် လေးဆယ့်ငါးမိနစ်လုံး ခုံပေါ်တက် မတ်တပ်ရပ်ဒဏ်ပေးခြင်း ခံရပါတော့တယ်။

ပထမတော့ ကျွန်တော် အတော်ကလေး ရှက်သွားတယ်။ ဖားပျံပဲဘာဖြစ်လဲ။ ဒီလောက်တောင် ပုံကြီးချဲ့စရာမလိုပါဘူး။ ခင်လို့စတာ မခင်ရင်မစဘူးဆိုတာ စာကလေးမ သိဖို့ကောင်းပါတယ်။ တော်ပြီ…သင်းတို့ မိန်းကလေးတွေကို အရောမဝင်တာပဲကောင်းပါတယ်။ ကျွန်တော်က အသားဖြူတော့ ရှက်ရင်မျက်နှာနီတတ်တယ်။ လေးဆယ့်ငါးမိနစ်လုံး ခုံပေါ်တက် မတ်တပ်ရပ်လိုက်ရလို့ နည်းနည်းရှက်သွားတာရယ်၊ အရိုက်ခံရလို့ ခြေသလုံးမှာ စပ်ဖျဉ်းဖျဉ်းဖြစ်တာရယ်က ဟိုနောက် ဒီပြောင်တဲ့အလုပ်တွေကို အရှိန်သတ်ပေးသလို ဖြစ်သွားခဲ့တယ်။

တစ်ရက်…နှစ်ရက်၊ တစ်ခုသော ညနေကျောင်းလွှတ်ချိန်၊ ကျောင်းသားအုပ်ကြီး ကျောင်းအနောက်ပေါက်ကနေ ဝေါခနဲသွန်ထွက်လာချိန်။ ကျောင်းအနောက်လမ်းဟာ အရှေ့လမ်းလိုညီညာပြန့်ပြူးမှုမရှိဘူး။ ကျောင်းသူကျောင်းသားတွေဟာ ကုန်းကြောင်းတချို့ စက်ဘီးနှင့်တစ်ဖုံ ဆိုက်ကားနဲ့တစ်သွယ် အိမ်ကိုပြန်ကြတယ်။

ကျွန်တော်လည်း ကျောင်းနောက်ပေါက်က တိုးထွက်လာရင်း ပန်းကမ္ဘာစက်ဘီးလေးအပေါ် တက်နေတဲ့ ကြည်ပြာလွင်ကို လှမ်းမြင်လိုက်တယ်။ စက်ဘီးရဲ့နောက်ကယ်ရီယာခုံမှာ လွယ်အိတ်ကိုချိတ် ထမင်းဘူးကို လက်ကကိုင်ရင်း နဖူးပေါ်ဝဲကျလာတဲ့ ဆံနွယ်ခွေကလေးတွေကို ဆတ်ခနဲရမ်းခါပြီး စက်ဘီးပေါ်တက်လိုက်တဲ့မြင်ကွင်း ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်သွားတယ်မသိ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရှက်ခြင်းပဲ ကြည်ပြာလွင်ကို စနောက်ချင်တဲ့ ချဉ်ခြင်းတွေ ပြည့်လျှံလာခဲ့တယ်။ လွန်ခဲ့တဲ့ရက်တွေက ဖားပျံကိစ္စပြီးလို့ အရှိန်သတ်အနည်ထိုင်နေတဲ့ စိတ်ကလေးရှုးခနဲ ခေါင်းထောင်ထလာတယ်။

ကျွန်တော် ဘီးလိမ့်စပြုနေတဲ့ ကြည်ပြာလွင်ရဲ့ ပန်းကန္တာ စက်ဘီးနောက်ကို အပြေးကလေးလိုက်ရင်း စက်ဘီးနောက်ခုံက အမွေးဖွားဖွား သူ့လွယ်အိတ်ကို လှမ်းဆွဲလိုက်တယ် မမီဘူး။

"ဘိုဘို…မလုပ်နဲ့ဟာ"

ကြည်ပြာလွင်က စက်ဘီးကိုအရှိန်ယူရင်း နောက်ကိုလှည့်ကြည့်ပြီးပြောတယ်၊ ကျွန်တော်က ဒုတိယအကြိမ် လွယ်အိတ်ကို လှမ်းဆွဲပြန်တယ်။ ဒီတစ်ခါတော့ မိသလိုလိုမမိသလိုလို။ မိပြီးမှ လွတ်ထွက်သွားသလိုလို။ နောက်တစ်ခါ အလှမ်းမှာ လွယ်အိတ်ပါသွားမှာ ကြောင့်ကြပြီး စိုးရိမ်တကြီး လှည့်ကြည့်လိုက်တဲ့ ကြည်ပြာလွင်ဟာ ရှေ့က ကျင်းချိုင့်ကို မရှောင်နိုင်ဘဲ လက်ကိုင်ရမ်းပြီးမြောင်းထဲထိုးကျသွားပါတော့တယ်။

"ဟာ…"

ကျွန်တော် မျက်လုံးတွေပြာသွားတယ်။ မြောင်းထဲမှာ ခွေခွေကလေး လဲကျနေတဲ့ ကြည်ပြာလွင်အနားကို လူတွေအုံနေခိုက် ကျွန်တော် အိမ်ကို အပြေးကလေးပြန်ခဲ့တယ်။ သူ…ကြည်ပြာလွင် ဘာဖြစ်သွားသေးလဲ သတိမေ့ရုံ၊ ခေါင်းကွဲရုံ ခြေလက်ကျိုးရုံလား၊ အသက်ဘေး စိုးရိမ်ရလား ကျွန်တော့်လုပ်ရပ် ကျွန်တော့်ပယောဂ ကျွန်တော့်စိတ် အာသာဖြေမှုတစ်ခုတည်းအတွက်နဲ့ လူတစ်ယောက် ဒုက္ခပင်လယ်ဝေသွားရတဲ့ အဖြစ်ဟာ ကျွန်တော်ရဲ့ နောက်ပြောင်ကျီစယ်ချင်စိတ်ကို အမြစ်ကနေ လှန်ချွတ်ပေးလိုက်



တယ်။

အဲဒီနှစ်က ရှစ်တန်းစာမေးပွဲကြီးကို ကျွန်တော်တို့အားလုံး ကိုယ့်ကျောင်းမှာမဖြေရဘဲ ဟိုဘက် အ.ထ.က (၁)မှာ သွားဖြေရတယ်။ ကြည်ပြာလွင်ဟာ ညာခြေထောက်ကျိုးသွားတဲ့အတွက် ကျောက်ပတ်တီးကိုင်ထားရလို့ စာမေးပွဲကို သီးသန့်အခန်းထဲမှာ ဆရာဝန်အစောင့်အရှောက်နဲ့ သီးသန့်ဖြေရတယ်။ စာမေးပွဲခန်းထဲကို ညာခြေမှာ ကျောက်ပတ်တီးကြီးတန်းလန်းနဲ့ ကြည်ပြာလွင်ကို ဝိုင်းဝန်းချီမ ပို့ဆောင်နေတဲ့ မြင်ကွင်းကို ကျွန်တော်ခပ်ဝေးဝေးကလှမ်းပြီး ကြည်ပြာလွင် မျက်လုံးတွေကို ရှောင်လွှဲနေမိတယ်။

နွေကျောင်းပိတ်ပြီး ကျောင်းပြန်ဖွင့်တော့ ကျွန်တော်တို့အားလုံးကိုးတန်းရောက်ပြီ။ ကျောင်းသူကျောင်းသားတွေဟာ ရှင်းသန့်သန့် နံနက်ခင်းမှာ ပွင့်အာလုလုပန်းကလေးတွေရဲ့ လန်းစင်မှုမျိုးနဲ့ စာသင်နှစ်သက်ကို ကြိုဆိုဖို့ ကျောင်းကိုရောက်လာကြတယ်။ အလယ်တန်းအောင်မြင်ပြီးစ အထက်တန်းကျောင်းသူကျောင်းသား အသစ်စက်စက်တွေဆိုတော့ ယောကျ်ားလေးတွေက ဘောင်းဘီကနေ လုံချည်ကို ပြောင်းဝတ်ကုန်ကြပြီး မိန်းကလေးတွေကလည်း စကတ်ကနေ ထဘီကို ပြောင်းဝတ်ကုန်ကြပြီ။

ကျောင်းဖွင့်စနေ့က စကတ်ကနေထဘီကို ပြောင်းလဲ ဝတ်ဆင်ပြီး ကျောင်းတက်လာတဲ့ ကြည်ပြာလွင်ရဲ့ ခြေသလုံးကို ကျွန်တော် မြင်ချင်တာတောင် မြင်ခွင့်မရှိတော့ဘူး။ သွင်သွင်ကျိုးပြီးမှ ပြန်ဆက်ထားတဲ့ ညာဘက်ခြေသလုံးရဲ့ ဆက်ထုံးနေရာကို မမြင်ရပေမယ့် ညာခြေနိမ့်သွားတဲ့အတွက် ဖိနပ်ကို တစ်ဖက်နိမ့် တစ်ဖက်မြင့် စီမံစီးထားရပြီး လမ်းသွားရင် မသိမသာ နိမ့်နိမ့်ဆာဆာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကလေးဖြစ်နေတဲ့မြင်ကွင်းက ကျွန်တော့်ရင်ကို အရှိန်ပြင်းပြင်းနဲ့ ရိုက်ခတ်နေတော့တယ်။ ကြည်ပြာလွင် ပန်းကမ္ဘာစက်ဘီး မစီးတော့ဘူး။ လမ်းလျှောက်ရင် ဘေးက အဖော်ကလေးတစ်ယောက်နဲ့ ဖြည်းဖြည်းကလေး ကျောင်းသွားကျောင်းပြန်လျှောက်နေတဲ့ အနေအထားဟာ ကျွန်တော့်အတွက် မကြည့်ချင့်မြင်လျှက်သား ဖြစ်နေတော့တယ်။ ကျောင်းဖွင့်ပြီး တစ်လမကြာခင် ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်ပေးတဲ့အနေနဲ့ ဇာတိမြို့ကိုစွန့်ခွာပြီး ကြီးတော်တွေရှိရာ မော်လမြိုင်မှာ ကျောင်းသွားတက် ဖြစ်တော့တယ်။ ကျွန်တော့် ရင်ဘတ်ထဲနာကျင်ခံခက်ဆုံးက ကြည်ပြာလွင် ကျွန်တော့်အပေါ် အပြစ်ဖို့ စကားတစ်လုံးတစ်ပါဒမျှ မပြောခြင်းပါပဲ။ ကျွန်တော့်ကြောင့် သူ့ခန္ဓာကိုယ် ချို့ယွင်းသွား သူ့အလှပျက်ပြယ်သွားတာ သေရာပါ အမာရွတ်ကြီးအတွက် ဘာတစ်ခုမှ အပြစ်မဆိုတာခံရအခက်ဆုံးပါပဲ။ ကြည်ပြာလွင်က မပြောသလို ကြည်ပြာလွင် အစ်မတွေ၊ မိဘတွေကလည်း မပြောဘူး။ ကျွန်တော် ကြည်ပြာလွင် အစ်ကိုတစ်ယောက်ယောက်ရဲ့ လက်သီးနဲ့ မထိုက်တန်ဘူးလား သူတို့ဘက်က ငြိမ်သက်လေ ကျွန်တော့်ဘက်က အစွမ်းကုန်လှုပ်ရှားရုန်းကြွလေပါပဲ။ ကျွန်တော်ဟာ ဒီနေရာမှာ ရှိမနေအပ်တော့ဘူး။ ဒါကြောင့် မော်လမြိုင်ကို ထွက်သွားမိတယ်။ အမေချစ်သား အမေနဲ့ မခွဲနိုင်တဲ့ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်ဒဏ်ကို ချမှတ်လိုက်တော့တယ်။

ဒီလိုနဲ့ သုံးနှစ်လေးနှစ်ဆိုတာ ကုန်လွယ်လိုက်တာ။ ကျွန်တော် မော်လမြိုင်မှာ ဆယ်တန်းတစ်နှစ်ကျသွားလိုက်တာနဲ့ အရောင်းအဝယ် လောကထဲပစ်ဝင်ပြီး မော်လမြိုင်နဲ့ ရန်ကုန်



ရောင်းကုန်တွေနဲ့ ကူးချီသန်းချီလုပ်တော့တာပဲ။ ကြီးတော်တွေက အရင်းအနှီးထုတ်ပေး ကျွန်တော်က ကိုယ်တိုင်လှုပ်ရှား ဒီတုန်းကဆို ဇာတိမြို့ကအမေ့ဆီ တစ်နှစ်တစ်ခေါက်တောင် မရောက်ဘူး။ ကျွန်တော်မြို့ကို မပြန်ချင်တာလည်း အကြောင်းရှိတယ်လေ။ ကိုယ့်အပြစ်နဲ့ကိုယ် လိပ်ပြာမလုံတဲ့အကြောင်းကိစ္စ ရှိနေတာကိုး။ အဲဒီလို အတိတ်ကို ကိုယ့်ဘာသာ ပြည်ဖုန်းကားချခါမှ တစ်နေ့မှာတော့ အလုပ်ကိစ္စနဲ့ ရထားပေါ်မှာ မဆုံချင်နေတဲ့ လူတွေနဲ့ ဆုံရပါရော။ ဘယ်သူတွေရှိရမှာလဲ စာကလေးနဲ့ ဖက်တီးဘုတ်လေ။ နှစ်တွေဒီလောက်ကြာတာတောင် သူတို့နှစ်ယောက် အတွဲမပျက်တာ အံ့ရောဗျာ။ သူတို့နှစ်ယောက် ဆယ်တန်းအောင်လို့ မော်လမြိုင်မှာ တက္ကသိုလ်လာတက်ကြတာတဲ့ ကျွန်တော့်ကို မြင်တော့ ဖက်တီးက ထုံးစံအတိုင်း အာပြဲကြီးနဲ့။

"ဟဲ့...နင် ဘိုဘို မဟုတ်လား၊ သေနာကျ မျောက်လောင်း နင့်ရုပ်က ခွေးချီသွားတာတောင်မှတ်မိတယ်။ နင်မြို့ကနေ ဘယ်ပျောက်သွားတာလဲ၊ အခု ဘာတွေလုပ်နေလဲ။"

"ဖြည်းဖြည်းမေးပါ ဖက်တီးရယ်၊ နင့်အဆံကိုလည်း လျှော့ပါဦး ငါအခု ON THE ROAD ပေါ့။ မော်လမြိုင်-ရန်ကုန်လမ်းကြောင်းပေါ်မှာ တစ်ခါတစ်ရံ မန္တလေးအထိတက်တယ်။ ဒါဆိုရင်သဘောပေါက်၊ နင်တို့က ဆယ်တန်းအောင်ကြတယ်ဆိုတော့ တက္ကသိုလ်ကျောင်းသူကြီးတွေပေါ့လေ ကောင်းပါတယ်။ ဒါနဲ့မြို့က တစ်ခြားသူငယ်ချင်းတွေ ဘယ်သူတွေအောင် ဘယ်သူတွေ ဘာဖြစ်ကုန်ကြပြီလဲ။"

"အင်း ... မအောင်တဲ့ တစ်ချို့လည်း ပြန်ဖြေ၊ တစ်ချို့

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

လည်း အပြင်ထွက်အလုပ်လုပ်ကုန်ကြပြီ၊ နေဦးဟဲ့ နင့်ကိုမြင်မှ သတိရတယ်။ ကြည်ပြာလွင်လေ…ကြည်ပြာလွင်…"

အဲဒီ ဖက်တီးဘုတ်ဟာလေ အလိုက်ကန်းဆိုးကိုမသိဘူး။ ကျွန်တော်မေ့ပျောက်ထားတဲ့ အကြောင်းကိုမှ အစဖော်ဖြစ်အောင် လာဖော်နေတယ်။ တော်ပါ ဒါတွေမကြားချင်ဘူး ပြောရအခက်။

"နင် တော်တော်ရက်စက်တယ် ဘိုဘို၊ နင့်လုပ်ရပ်ဟာ လူတစ်ယောက်ရဲ့ဘဝကို ဘယ်လောက်အထိ ထိခိုက်နစ်နာစေတယ်ဆိုတာ နင်တွေးမိရဲ့လား၊ ကြည်ပြာလွင်လေး သနားပါတယ်၊ အမေမွေးတုန်းကအကောင်း နင့်ပရောဂကြောင့် ခြေတစ်ဖက်မသိမသာနိမ့်သွားရတယ် ဒါတင်မက သူ့ဘဝတက်လမ်းကိုပါ အဟန့်အတား ဖြစ်တော့မလို့ ကံကောင်းလို့။"

"ငါလည်း ငါ့လုပ်ရပ်အတွက် စိတ်မကောင်းလွန်းလို့ မြို့ကထွက်လာပြီး တစ်မြို့တစ်ရွာမှာ ငါ့ကိုယ်ငါ ဒဏ်ခတ်ထားတာပါ။ ဒီကိစ္စအတွက် ဒီနေ့အထိ နောင်တရနေတယ်ဆိုရင် နင်တို့ယုံမလား"

ဖက်တီးဘုတ်က မယုံသေးဘူးဆိုတဲ့သဘောနဲ့ မျက်နှာလွှဲသွားပေမယ့် စာကလေးကတော့ လေအေးကလေးနဲ့…။

"ကြည်ပြာလွင် ဆယ်တန်း ပထမနှစ်ရှုံးသွားတယ်သိလား။ သူက ရှစ်တန်းတုန်းက ကျောက်ပတ်တီးကြီးနဲ့ ဖြေတာတောင် ဂုဏ်ထူး (၂) ဘာသာထွက်တာ ဆယ်တန်းအောင်တော့ ဆေးတက္ကသိုလ်ဝင်ခွင့်ရဖို့ မှန်းတာပေါ့၊ ကြိုးလည်းကြိုးစားတယ်။ အိမ်မှာက သူက အငယ်ဆုံးဆိုတော့ ဖူးဖူးမှုတ်ထားပြီး ဘာမှမခိုင်းဘဲ စာကြိုးစားခိုင်းတာလေ။ သူ့ရည်မှန်းချက်ကလည်း ဆရာဝန်ဆို



www.foreverspace.com.mm

တော့"

"ဘယ်လိုဖြစ်လို့ ရှုံးသွားရတာလဲ…"

"ရှုံးချင်လို့မဟုတ်ဘူးဟေ့ ရူပဗေဒအမှတ် နည်းမယ်ထင်တာနဲ့ ခြစ်ပစ်လိုက်တာ သူကအမှတ်ကိုတွက်ပြီးသား၊ တစ်ဘာသာနည်းသွားလို့ ဆေးဝင်ခွင့်မမှီရင် သူဘယ်သွားမည်လဲ၊ သွားဆရာဝန်၊ အင်ဂျင်နီယာ၊ သူဝါသနာမပါ၊ ဒီထက် ထပ်ဆင်းသွားလို့ ပညာရေးရဦးတော့ သူ့လို ကိုယ်နေဟန်ထားမျိုးနှင့် ဆရာမလုပ်လို့မဖြစ်၊ ဒီတော့ သူဟာဆေးအမှတ် မှီမှကိုဖြစ်မှာ ဒါကြောင့် ပထမနှစ်အရှုံးခံလိုက်တယ်။ နောင်နှစ်မှ နှစ်ဆကြိုးစားလိုက်တာခုတော့ အောင်သွားပြီ။ ဆေးကိုလည်း ဝင်ခွင့်ရသွားပြီ ကံကောင်းလို့ပေါ့ဟယ်"

"နိမ့်သွားတဲ့ ခြေတစ်ဖက်အတွက် သူ့ဘဝလမ်းကြောင်းကို သူမတိမ်းစောင်းအောင် အတော်ကလေး ကြိုးစားရရှာတယ်။ ငါတို့ဒါတွေမြင်လေ နင့်ကိုစိတ်ဆိုးလေပဲ၊ သူကတော့ နင့်အပေါ် အပြစ်ဖို့စကား တစ်ခွန်းမပြောဘူး။ သူတင်မဟုတ်ဘူးလေ၊ သူ့မိသားစုကပါ နင့်အပေါ် အပြစ်မမြင်ကြဘူး။ ငါတို့မှာတော့ ကြားထဲက အကုသိုလ်များလိုက်ရတာ။"

"တော်ပါတော့…တော်ကြပါတော့ ကြည်ပြာလွင်နဲ့ပတ်သက်ရင် ငါမခံစားနိုင်တော့လို့ပါ။ ငါ့ကိုယ်ငါဘယ်တော့မှခွင့်မလွှတ်ဘူး။ သူ့ကို မျက်နှာချင်းဆိုင်ဖို့လည်း မဝံ့ရဲဘူး။ ဒါကြောင့် ငါမြို့ကို မပြန်ဖြစ်တာ နှစ်တွေကြာလှပေါ့။ အခုဆို ကြည်ပြာလွင် အဲဒီမသန်တဲ့ ခြေတစ်ဖက်နဲ့ ဆရာဝန်ဖြစ်ဖို့ နှစ်တွေအကြာကြီးကြိုးစားရရှာမယ်။ ငါလေ…ငါ ညာခြေတစ်ဖက်ကျိုးမှ ဒီအပြစ်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

တွေ့ကျေမယ်ဆိုရင်…ငါခြေကျိုးပေးလို့ သူ့ခြေပြန်ကောင်းမယ်ဆိုရင် အလှော်အစား ပြန်ပေးချင်စမ်းပါဘိ…"

"ဟဲ့…မပြောကောင်း မဆိုကောင်း"

စာကလေးနှင့် ဖက်တီးဘုတ်တို့ သံပြိုင်အော်လိုက်တဲ့ အသံက လန့်စရာကောင်းလိုက်တာ။

"ဘာလဲ မယုံကြဘူးလား…မျက်လုံး မျက်လုံးခြင်း၊ ခြေထောက် ခြေထောက်ခြင်း ဒါဆိုရင် ကျေနပ်သင့်ပါပြီ။ နင်တို့ ငါ့ကို ဒီလိုမကြည့်ပါနဲ့။ သွားကြ…သွားကြပါတော့…"

"ဒီမှာ…ဒီမှာ…ကယောင်ကတန်း ဘာတွေ လျှောက်အော်နေပြန်ပြီလဲ။ ရှင်သတိကောင်းကောင်းရပြီ မဟုတ်လား။ စကားကို ကောင်းကောင်းပြောပါ။ ဒေါက်တာက ရှင့်လိပ်စာ မေးနေတယ်။ ရှင်ဘယ်မြို့ကလဲ။ ရှင့်အိမ်လိပ်စာလေ။ ဘယ်ကို ဆက်သွယ်ပေးရမလဲတဲ့"

ကျွန်တော်မျက်စိကိုစုံမှိတ်ပြီး ခေါင်းကိုခပ်လေးလေး ရမ်းခါလိုက်တယ်။ ကျွန်တော့်ဇာတိမြို့ကို ပြောလို့မဖြစ်ဘူး။ ကျွန်တော်ဟာ သထုံမြို့က ဘိုဘိုမင်းဟန်ဆိုတာ သူ ကြည်ပြာလွင် သိသွားလို့ မဖြစ်ဘူး။ ဒီအတိုင်း မမှတ်မိဘဲရှိပါစေတော့။ ကားအက်စီးဒင့်ကြောင့် သွင်သွင်ကျိုးနေတဲ့ ညာခြေထောက်ဟာ ကျွန်တော့်ကို အစွမ်းကုန် သရော်လှောင်ပြောင်လို့နေပါပြီ။

အလှော်အစား…တစ်ခါတုန်းက ဖက်တီးနှင့် စာကလေးရှေ့မှာ ကြည်ပြာလွင်အပေါ် ညာခြေထောက် အလှော်အစားပေးချင်နေတဲ့ ကျွန်တော်ဟာ အခုဆိုရင် သူ့ရှေ့ကနေ အငွေ့ပျံပျောက်ဆုံးချင်နေပြီ။ နုံပြည်စုပ်ရှိတဲ့အရုပ်ကို လင်းတတွေ



မလာဝံ့ဘူး။ အမှန်တရားဆိုတာ အကောင်ထုထည်ကြီးခြင်း၊ သေးခြင်းနဲ့ မဆိုင်ပါဘူး။ စောစောက ဘဝကိုခင်တွယ်ပြီး မသေချင်သေးတဲ့ စိတ်တွေဆန့်ကျင်ဘက်ဆီပြောင်းလဲလာပြီး ချက်ချင်းဘဲ လူ့လောကထဲက ဟောဒီ ဒေါက်တာကြည်ပြာလွင် ရှေ့က ပျောက်ကွယ်သွားချင်လှပြီ။

"ကျွန်တော် သေချင်တယ် … သေစမ်းပါရစေ … ကျွန်တော့်ကို ဆေးထိုးသတ်လိုက်ကြပါတော့"

"ဆရာမရေ…ပေးရှင့်က ဘယ်လိုဖြစ်တာပါလိမ့်၊ ခေါင်းက ဒဏ်ရာလည်း ဒီလောက်မဆိုးဘဲနဲ့ ဘယ်လိုဖြစ်လို့ စိတ်ဖောက်သွားရတာလဲ၊ သူ့ကိုဂရုတစိုက်စောင့်ကြည့်လိုက်ပါဦး။ ထူးခြားရင် ကျွန်မဆီ သတင်းပို့ပါ"

ကျွန်တော့် အခြေအနေအပေါ် စိတ်ပျက်လက်ပျက် မှတ်ချက် စကားပြောကြားပြီး ထွက်ခွာသွားတဲ့ ဒေါက်တာကြည်ပြာလွင်ရဲ့ ကျောပြင်နိမ့်နိမ့်စောင်းစောင်းကလေးကို လှမ်းကြည့်ပြီး ကျွန်တော့်ပါးပြင်ပေါ်က မျက်ရည်ကို ကျွန်တော် မသုတ်မိသေးဘူး။

မိချမ်းဝေ

၂၀၀၄ ဇန်နဝါရီ၊ လုံမလေးမဂ္ဂဇင်း

www.foreverspace.com.mm

# အချစ်နှင့် စက်ဘီးစီးခြင်း

www.foreverspace.com.mm

## အချစ်နှင့် စက်ဘီးစီးခြင်း

တကယ်တော့ ကိုကိုသည် စက်ဘီးကို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်သူတစ်ဦး မဟုတ်ခဲ့ပါ။ စက်ဘီးကို စီးတတ်သည်ဆိုရုံလေး စီးတတ်သူမျှသာဖြစ်သည်။

စက်ဘီးစီး ကျွမ်းကျင်သူသည် ကုန်းသို့ တက်တက်၊ ကုန်းမှ ဆင်းဆင်း လက်ကိုင်နှင့်ခြေနင်းအားကို အသုံးပြုကာ ပေါ့ပါးလွယ်ကူစွာ ထိန်းကျောင်းမောင်းနှင်သွားလာခြင်းဖြင့် လိုရာခရီး ရောက်နိုင်သည်။ ကိုကိုက ထိုကုန်းတက်ကုန်းဆင်းများမှာ ထင်သလောက် ကျွမ်းကျင်ခြင်းမရှိလှပါ။

ကျွန်မက စက်ဘီးကို လုံးဝ(လုံးဝ) စီးနင်းတတ်သူ တစ်ဦးမဟုတ်ခဲ့။ စက်ဘီးကိုယ်တိုင် စီးနင်းဖို့နေနေသာသာ အနောက်မှ လိုက်ခြင်းအတတ်ကိုပင် ပီပီပြင်ပြင် တတ်မြောက်သူမဟုတ်သဖြင့် ကိုကိုနှင့် ကျွန်မအကြား စက်ဘီးပြဿနာများစွာ ရှိနေ၏။ ကျွန်မကို စက်ဘီးပေါ် တင်နင်းတော့မည်ဆိုလျှင် အခြားသူများကဲ့သို့ ဘီးလိမ့်စပြုနေသော စက်ဘီးပေါ်သို့ ပြေးတက်ထိုင်ခြင်း မပြုနိုင်သော ကျွန်မကို ကိုကိုက စက်ဘီးပေါ် အရင်တက်စေပြီးမှ အားနှင့်နင်းထွက်ရ၏။ အနောက်ဝန်လေးနေပြီဖြစ်သော စက်ဘီးသည် အထွက်မှာပင် လက်ကိုင်ယမ်းပြီး ဟိုယိုင်သည်ထိုးနှင့်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ပြုံလဲနိုင်သည်။ မကြာခဏလည်း ပြုံလဲဘူးပါ၏။ သို့ပေမင့် ကျွန်မက လည်း ယနေ့အထိ စက်ဘီးနောက်မှ ပြေးမတက်တတ်။ ကိုကိုက လည်း လူပိုတင်နင်းသော အမှု၌ မကျွမ်းကျင်…။

သို့နှင့်ပင် ….။

◆ ◆ ◆

တောင်ပေါ်မြို့ကလေးသည် ကျွန်မနေခဲ့ဖူးသော ပင်လယ်ကမ်းစပ်မြို့လေးနှင့် အနံ့အသက်ခြင်း တူနိုင်မည်မဟုတ်ပေ။ ပင်လယ်ရေအီနံ့၊ ကမ်းစပ်ခနိုတောရွံ့မြေရနံ့၊ ငါးစို၊ ပုစွန်စိုရနံ့၊ ငါးခြောက်၊ ပုစွန်ခြောက်ရနံ့တို့ဖြင့် ထောင်းထဝေလည်နေသော ကမ်းရိုးတန်းမြို့ကလေးမှာ နှစ်ကာလရှည်ကြာစွာ ကျွန်မပျော်မော ခဲ့ဖူးသည်။ တံငါလုပ်သားများ၊ ထင်းခုတ်သမားများ၊ ပုလဲငုပ် ဒိုင်ဗာများ၊ မီးသွေးဖောင်းလုပ်သားကြီးများ၊ ကျွန်းတောင်၊ သောင်ကမ်း၏ အရိပ်အငွေ့များကြားတွင် ကျွန်မ၏ နုပျိုသစ်လွင်သော ကာလတို့ ပေါ့ပါးလျင်မြန်စွာ ဖြတ်သန်းခဲ့ကြပြီ။ ယခုမာယာများသော ကံကြမ္မာ၏ လှည့်ဖျားမှုကြောင့် ကျွန်မ တောင်ပေါ်မြို့ကလေးဆီ ရောက်ရှိခဲ့ပြန်ပါပြီ။

ပင်လယ်ရေမျက်နှာပြင် အထက်ပေသုံးထောင်ကျော် မြင့်သော တောင်ပေါ်မြို့ကလေးဆီမှ ကျွန်မတို့ တိမ်တွေကို နီးကပ်စွာမြင်နေရသည်။ ဇွန်လ မိုးဦးပေမယ့် မိုးရွာပြီးလျှင် လျော ကျကင်းစင်ကုန်သော ရေမြေအနေအထားက မြို့ကလေးကို စွတ်စိုထိုင်းမှိုင်းမှုမှ ကယ်တင်ဆယ်မထားလေသည်။ ရွာစဉ်ရွာခိုက် အုံ့အုံ့သည်းသည်း ဖြိုးဖြိုးညံညံရွာ၊ မိုးတိတ်သည်နှင့် သွေ့ခြောက် ရှင်းသန့် ထင်လင်းဝင်းပနေပြန်သည်။ မိုးရည်မိုးစက်တို့ သောက်



သုံးပြီး အားအင်ပြည့်ဝလာသည့် ပွင့်ဖတ်နုလွှာပန်းမာလာတို့ အဆုပ်လိုက်၊ အခိုင်လိုက် အလှခြင်းပြိုင်၊ ရနံ့ခြင်းလှိုင်နေကြပုံ ရင်သပ်ရှုမော အံ့သြကုန်နိုင်ဖွယ်ပင်။

မြို့ကလေးဆီရောက်တော့ နံနက်ခင်းလမ်းလျှောက်ဖို့ကို အားသွန်မိသည်။ ခြံတံခါးမှအထွက် အော်လံပန်းခြုံကြီး နှစ်ခြုံက မားမားရပ် နှုတ်ဆက်နေတော့ ပန်းအမည်ကို ဦးနောက်ခြောက် အောင်စဉ်းစားနေမိသည်။ လမ်းသွယ်ကလေးတစ်ခုပေါ်ရောက် တော့ နာမည်နှစ်မျိုးနဲ့ လမ်းကလေးက စိတ်ဝင်စားစရာ။ တင်ဦး လွင်လမ်းနဲ့ ၃၉ အိမ်လမ်းတဲ့။ တင်ဦးလွင်ဆိုတာ လူနာမည်ကို ကိုယ်စားပြုလေသလား။ ၃၉ အိမ်လမ်းဆိုသည်က အရှေ့ရှုးရှုး သို့ဆက်သွားလျှင် ပိုးစာခြံ အလုပ်သမားတွေနေသည့် အိမ် ၃၉လုံး ကို အစွဲပြုသည့်အမည်။ ထိုလမ်းကလေးပေါ်ကနေ မြေနီလမ်းတို ကလေးတစ်ခုပေါ်လျှောက်ပြီး ကုန်းမော့ပြေပြေကလေးအတိုင်း တက်သွားလျှင် တစ်မြို့လုံးက အိမ်တော်လမ်းဟုခေါ်သော ကတ္တရာလမ်းပေါ်ရောက်သွားတော့သည်။

အင်္ဂလိပ်တွေတည်ခဲ့သောမြို့၊ အင်္ဂလိပ်တွေ ရုံးစိုက်ရာမြို့ ဖြစ်တာမို့ အိမ်တော်ဆိုတာ ဖြစ်လာပြီး အိမ်တော်လမ်းဆိုတာ ပေါ်ပေါက်လာဟန်တူသည်။ အိမ်တော်လမ်းကလေးရဲ့ တစ်ဖက် တစ်ချက်မှာတော့ ချယ်ရီပင်တွေ၊ စိန်ပန်းပြာပင်တွေ၊ ထင်းရှူးပင် တွေ လွှမ်းမောဆွတ်ကြင်ဖွယ်မြင်ကွင်းက ဆီးကြိုလို့၊ တစ်ချိန် တစ်ခါက အိမ်တော်ဟောင်းတွေဟာလည်း သဇင်မြိုင်နဲ့ ချယ်ရီ မြိုင် ဧည့်ဂေဟာတွေအဖြစ် ပြောင်းလဲလို့။ မြိုင်နှစ်မြိုင်ကြားက ကြက်လျှာစွန်းလမ်းခွဲကလေးမှာ ပြေပြေကလေး ဆင်းသွားသည့် လမ်းက ခေမာလမ်းတဲ့။

ခေမာလမ်းကတော့ အကွေ့အကောက် အပြေအလျော

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



တွေများသည့်အတွက် တောင်ပေါ်မြို့ရောက် စာရေးဆရာ တစ်ယောက်က မာယာများတဲ့၊ ရင်ဖိုစရာကောင်းတဲ့လမ်းလို့ မှတ်ချက်ကမ္ဗည်းထိုးခဲ့ဖူးသည့် လမ်းကလေးပါ။ ဆင်ခြေလျှောလမ်းရှည်ကွေ့ကောက်ကလေးတွေရဲ့ အချိုးအကွေ့မှာ စက်ဘီးဆိုင်ကယ်တွေ ဟွန်းတီးရတဲ့လမ်းကလေးပါ။

မြေပြန့်မှာ ကပ်နေသည့် ထိကရုန်းပင်ကလေးတွေ၊ သမန်းမြက်ပင်တွေ၊ ဘဲစာခြောက် မြက်ပင်တွေပေါ်မှာ မိုးစက်ကြွင်းကျန်တွေတွဲလွဲခိုလို့။ ပန်းနုရောင်ပြေးနေတဲ့ နှင်းပန်းဖူးငုံ ကလေးတွေက နေခြည်ဖြန်းပက်မှုအောက်မှာ ထိုးထိုးထောင်ထောင် နံနက်ခင်း လမ်းလျှောက်သူတွေကို အားပေးနေကြတယ်။

ကျွန်မက မနေ့ကမှ "နှင်းသောက်မြိုင်" စတိုးဆိုင်လေးထဲက ဝယ်လာသည့် သိုးမွေးဦးထုပ် ဖြူဖြူကလေးကို ဆောင်းလို့။ ကိုကိုကတော့ မိုးကိုစိတ်မချတာရော၊ ခွေးမောင်းဖို့ပါ အသုံးပြုဖို့ တရုတ်နိုင်ငံလုပ် အစိမ်းရောင်ထီးကလေးကို တုတ်ကောက်လိုကိုင်လို့။ ကျွန်မကတော့ ငယ်ယောင်ဆောင်ထားပြီး ကိုကိုက အသက်နှင့်မမျှ ရင့်ကျက်ဟန်ပေါက်နေတာမို့ ကျွန်မတို့နှစ်ယောက်မှာ ရုပ်ဝတ္ထုအရ ကြည့်လျှင်ပင် ဝိရောဓိ ဆန်နေတော့သည်။

သို့ပေမင့် စာပေကိုချစ်မြတ်နိုးတာ၊ သဘာဝတရားကြီးကိုလင်းပွင့်စွာ မြင်တတ်သော၊ ဥဩတေးဆိုသံ၊ စမ်းရေစီးကျသံ၊ လေညင်းရဲ့ တီးတိုးရယ်သံ၊ ရှဲရှဲရှင်ရှင် သစ်ရွက်မြည်သံ၊ သဘာဝတရားကြီးနှင့် ရင်းနှီးပွင့်လင်းစွာ နေထိုင်လိုမှုမှာတော့ အတူတူပင်ဖြစ်သည်။ တကယ်တမ်း လမ်းလျှောက်ပြီဆိုတော့ ဟိုမှသည်မှ ဘွားခနဲပေါ်လာသည့် လမ်းသွယ် လမ်းမြောင်ကလေးတွေ ဖြာထွက်နေသလို အချို့လမ်းတက်လမ်းမွှားကလေးတွေပေါ်လာသည်။ အချို့



လမ်းကလေးတွေ လူတစ်ရပ်စာ ပင်ပုကလေးတွေ ဝန်းရံ။ အချို့လမ်းကလေးတွေ ပင်ယံမြင့်မြင့်ကိုင်း လက်ရွက်ရှင်တို့တွေပြား ယက်ငင်။ တစ်ခါတစ်ရံတော့ နေကြာရိုင်းပင်တွေ အပြိုင်းအရိုင်း။ တစ်ခါတစ်ရံတော့ ချယ်ရီပင်တွေ၊ မယ်ဇလီပင်တွေ အုပ်အုပ်ဆိုင်းဆိုင်း။

လျှောက်ရင်းလျှောက်ရင်း နှင်းဆီ၊ ဂန္ဓာမာ၊ သစ္စာပန်းပင်တွေ စိုက်ပျိုးရောင်းချဖြန့်ချိရာ ခြံကြီးနားရောက်တော့ ရောင်စုံပန်းခင်းကြီးဆီ တမေ့တမောငေးရီ။ ဟော လျှောက်လာရင်းမှာမှ တရွေ့ရွေ့နန္ဒာလမ်းမကြီးပေါ်ရောက်၊ အမျိုးသား ကန်တော်ကြီးဥယျာဉ်သွားရာလမ်းကဖြူးနေ၊ တောင်ဘက်ဆီမှ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီး၊ စတော်ဘယ်ရီသီးစတဲ့ သီးနှံတွေ ရောင်းချဖို့ စက်ဘီးကယ်ရီတွ ဖြတ်သန်းသွားကြ....။

"ငှက်ပျောသီးမှည့်ကလေးများ ပါသလား ကလေးတို့ရေ..."

ကိုကိုက စက်ဘီးဈေးသည်ကလေးတွေဆီ လှမ်းမေးလိုက်တော့ ကျွန်မစိတ်ထဲ ရယ်ချင်ပတ်ကျိဖြစ်သွားသည်။ ကိုကိုတောင် အညာသုံး၊ တောင်ပေါ်သုံးတွေ သုံးတတ်နေပြီပဲ။

ဖြောင့်ဖြူးသာယာလှသည့် နန္ဒာလမ်းသည် ကန်တော်ကြီးနှင့် နီးသည့်အခါ မသိမသာ မော့တက်သွားပြီး ခပ်ဝိုက်ဝိုက်ကွေ့သွားတော့သည်။ ကန်တော်နှင့် အနီးဆုံးသံဆန်ခါနားနေရောက်တော့ ကိုကိုရော ကျွန်မပါ အဆုပ်ထဲလေရှူသွင်း၊ ကိုယ်လက်လှုပ်ရှားမှုတွေပြုလုပ်၊ လာလမ်းအတိုင်း ပြန်အလှည့်မှာတော့ ချွေးကလေးစို့အောင်အပြေးတစ်ပိုင်းလျှောက်၊ တိမ်တွေကို ထိနမ်းနေတဲ့ စိမ်းရိပ်ညိုညိုသစ်ပင်ဖျားတွေကို နှုတ်ဆက်၊ ကန်တော်ကြီးထဲက ထုံးဖြူဖြူစေတီတော်ကို အဝေးမှ လှမ်းမျှော်ကြည်ညိုရင်း တောင်ပေါ်ရှုခင်းတွေရဲ့အလှထဲ နစ်မြောခဲ့တဲ့ နံနက်တွေ။ နူးညံ့သော

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ချစ်ခြင်းတွေ ရှက်လွင့်ခဲ့သည့် ခရီးစဉ်မှာတော့ ကိုကိုရော ကျွန်မပါ ကျေနပ်ကြည်နူး ပျော်ရွှင်မဆုံး။

သည်နေ့တော့ ကိုကိုက ထူးထူးခြားခြား အနက်ရောင် တရုတ်စက်ဘီးကလေးကို ထုတ်လာသည်။ လမ်းမလျှောက်ဘဲ စက်ဘီးနှင့် သွားကြမည်ဆိုသည့်သဘော။ စက်ဘီးမြင်တော့ ကျွန်မ လွမ်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော် တနင်္သာရီ ရိုးမတောကြီးကို သတိရသွားသည်။ ကိုကိုနှင့်ကျွန်မ ပထမဦးဆုံး ရိုးမတောကြီးထဲမှာ စက်ဘီးစီးခရီးကို စတင်ခဲ့ရသည့်အဖြစ်။

"စောစောစီးစီး ဘာစဉ်းစားနေတာလဲ၊ စက်ဘီးပေါ် တက်လေ"

ကိုကိုက စက်ဘီးပေါ်တက်နှင့်ကာ ခြေတစ်ချောင်းထောက်ပြီး ကျွန်မကို နှိုးဆော်လိုက်သည်။

"ဖြစ်ပါ့မလား၊ အရင်ကလို ပေါင်ကိုးဆယ်မဟုတ်တော့ဘူးနော်၊ ပေါင်တစ်ရာ့နှစ်ဆယ်ဖြစ်နေပြီ"

"ဖြစ်ပါတယ်၊ ပေါင်နည်းတာများတာ မဆိုင်ပါဘူး၊ စက်ဘီးရဲ့ တောင့်တင်းမှုနဲ့ နင်းသူရဲ့ကျွမ်းကျင်မှုနဲ့သာ ဆိုင်ပါတယ်"

"စက်ဘီးရဲ့ တောင့်တင်းမှုတော့မသိဘူး၊ နင်းသူရဲ့ ကျွမ်းကျင်မှုကိုတော့ အခုအချိန်ထိ မယုံဝံ့သေးဘူး"

ကျွန်မက ပြောပြောဆိုဆို စက်ဘီးနောက်ကယ်ရီယာပေါ် ခပ်သွက်သွက်တက်ထိုင်ကာ ခါးကိုမတ်မတ်ထား၊ လက်ကို ရှေ့ထိုင်ခုံအောက် မြဲမြဲဆုပ်ပြီးမှ....

"ရပြီ"

လို့ အချက်ပေးလိုက်တော့သည်။ စက်ဘီးထွက်စဦးတွင် လက်ကိုင်ဟိုသည်ရမ်းတော့ နှလုံးသွေးတွေ ဒိတ်ဒိတ်တိုးကာ ကျွန်



မစိုက်တွေ တနင်္သာရီရိုးမတောထဲ ပျံသန်းပြေးထွက်သွားတော့သည်။

သည်တုန်းက ကျွန်မနှင့်ကိုကိုက သမီးရည်းစား ဖြစ်ခါစ။ ကျွန်မကလည်း ကျောင်းဆရာမ ပေါက်စ။ သူက စိုက်ပျိုးရေးဌာန(ရော်ဘာ)တွင် အလုပ်ဝင်ခါစ၊ တစ်ခုသော သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် တနင်္သာရီမြို့ကလေးသို့ အလည်အပတ်သွားမည့်ခရီးစဉ်ကို ကိုကိုက ဦးဆောင်တော့သည်။ မိန်းမဖော်နှစ်ယောက်နှင့် တနင်္သာရီမြို့ကလေးသို့ ရေလမ်းခရီးမှ စက်လှေစီး၍ သွားကြရသည်။

တနင်္သာရီမြို့သည် တစ်ချိန်သောအခါက ဆိပ်ကမ်းမြို့ဖြစ်ခဲ့ဖူးပြီ အိန္ဒိယ ပါရှားကုန်သည်တို့ ဖြတ်သန်းရာ လမ်းကြောင်းပေါ်မှာ တည်ရှိသဖြင့် စည်ကားကောင်းစည်ကားခဲ့မည်ဖြစ်သော်လည်း ယခု တနင်္သာရီသည် သေ့ခြောက်ငြိမ်သက်လှသည်။ ကုန်သွယ်မှုလမ်းကြောင်းပြောင်းကာ မြိတ်သည် ဆိပ်ကမ်းမြို့ဖြစ်သွားကတည်းက သူ့ရဲ့ မူလထွက်ကုန် အကြော်ကရမက်၊ ကွမ်းသီး၊ ရော်ဘာ၊ သီဟိုဠ်စေ့တို့နှင့် အေးဆေးငြိမ်သက်သွားတော့သည်။ မြို့ကလေးက ငယ်သည်နှင့် လည်စရာပတ်စရာများများမရှိ၊ သည်တော့ ရွာနီးစပ် ခရီးကို စဉ်စားမိကြသည်။

တိုက်ဆိုင်စွာပင် တနင်္သာရီမြစ်တစ်ဖက်ကမ်းဆီက အတော်အတန်ဝေးဝေးဝင်ရသော 'သကျက်' ရွာမှ ကာလသားတွေ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြသည်။ ကျွန်မတို့ကို သူတို့ရွာလိုက်အောင်အပါ ခေါ်တော့သည်။ လိုက်ဆိုလည်း လိုက်ကြတာပေါ့။ တကယ်သွားမည်ဆိုတော့ ထိုသကျက်ရွာလမ်းသည် လှည်းလမ်းလည်းမဟုတ်၊ ကားလမ်းလည်းမဟုတ်၊ ကုန်းကြောင်းသွားလျှင်သွား၊ မသွားတတ်လျှင် စက်ဘီးနှင့်သာသွားရမည့် ခရီးတဲ့။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကျွန်မတော်တော်စိတ်ပျက်သွားသည်။ ကျွန်မမှ စက်ဘီးမစီးတတ်ပါဘဲ၊ သည်လိုဆိုတော့ တင်နှင်းမည့်သူတွေ အဆင်သင့်။

စက်ဘီးလေးစီး အဆင်သင့် ဖြစ်သော်လည်း ကျွန်မ လိုက်ပါစီးနှင်းသင့်ဆုံးသော စက်ဘီးမှာ ကိုကိုနှင်းသည့် စက်ဘီးပင်ဖြစ်ရပေမည်။ ကျွန်မ ကိုကို့ကိုထား၍ သူစိမ်းယောကျ်ားလေးနှင်းသည့် စက်ဘီးကယ်ရီယာနောက်လိုက်စီးလျှင် မသင့်တော်သလို ကိုကို့စက်ဘီးနောက်မှလည်း အခြားမိန်းကလေးတွေက လိုက်ပါမစီးလိုကြ။ သို့နှင့် ထိုမိန်းကလေးတွေက လာကြိုသူကိုမြင့်မောင်၊ ကိုထွန်းသန်း၊ ကိုလှအေးတို့ စက်ဘီးနောက်ခုံမှာ စီးကြ၊ ကျွန်မက ကိုကိုနှင်းမည့် စက်ဘီးမှာထိုင်လျှက် ခရီးထွက်ခဲ့ကြတော့သည်။

အခြားသူများ စက်ဘီးကယ်ရီယာ ခုံနောက်မှာပါလျက် ထွက်ခွာသွားကြသော်လည်း ကျွန်မမှာ ကိုကို့စက်ဘီးနောက်ခုံပေါ် မတက်ဖြစ်သေး။ တွန့်ဆုတ်တွေဝေနေ၏။

"မမ တက်လေ"

ကျွန်မတို့နယ်က ဆရာမကို 'မမ' ခေါ်လေ့ရှိသည့် နယ်ဖြစ်သဖြင့် ကိုကိုက ကျွန်မအလုပ်ကို ရည်ညွှန်း၍ မမ ခေါ်ခြင်းဖြစ်၏။

"ဟင့်အင်း ဘယ်လိုတက်မှာလဲ၊ ပြေးတက်ရမှာလား"

"အင်းပေါ့၊ စက်ဘီးနောက်ကိုတက်ဖို့ရာ ဒီနည်းပဲရှိတာ"

"ဒါဆိုရင် မဖြစ်ဘူး၊ မတက်ရဲဘူး"

"ရှေ့ဘားတန်းပေါ်ထိုင်ရင်ရော"

"ထိုင်ကြည့်မယ်လေ"

"အဲဒါက နင်းရတာမလွယ်လပ်ဘူး၊ ဒါပေမယ့် ဘယ်တတ်နိုင်ပါ့မလဲ၊ ရှေ့ကပဲ တင်ရတော့မှာပေါ့၊ ကဲတက်"



ကျွန်မက ခရီးဆောင်အိတ်ကို အနောက်ကယ်ရီယာမှာ တင်လို့ လူကတော့ ရှေ့ဘားတန်းပေါ်တက်ထိုင်လိုက်သည်။ ကိုကို စက်ဘီးစီးခြင်းအတတ်မှာ ကျွမ်းကျင်မှုမရှိရသည့်အထဲ ဘားတန်းမှာဝိတ်တင်ပြီးထွက်တော့ လက်ကိုင်က ဟိုရမ်းသည်ရမ်း၊ ကျွန်မအသည်းတွေအေးပြီး မျက်စိကို စုံမှိတ်ထားမိသည်။ လမ်းကလည်း လှမ်းလမ်းကြောင်းတောင်မဟုတ်၊ လူသွားရန်ဖောက်လုပ်ထားသည့် အဖြစ်လမ်းဆိုတော့ ဖုထစ်ကြမ်းရှလိုက်သည်မှာ စာဖွဲ့၍ပင် လောက်မည်မဟုတ်ချေ။ သွားပြီးတစ်ဖာလုံသာသာပင်မရောက်၊ ကျင်းချိုင့်မှာ ဘီးမြောက်ပြီး စက်ဘီးမှောက်တော့၏။ ကျောက်စရစ်မှာ မြေနီလမ်းဖြစ်၍ ဒူးနှစ်ဖက်လုံး ပွန်းပဲ့ကုန်ရုံမက လက်ဖဝါးနှစ်ဖက်ပါ သွေးကြည်ဥကုန်တော့၏။

"ဟင် မမ ဘယ်နားနာသွားလဲ"

ကိုကိုက ကျွန်မကို ပူပူပင်ပင် မေးလာတော့ ရှက်ရွံ့အားငယ်စိတ်ဖြင့် မျက်ရည်ဝဲကာ ခေါင်းကိုတွင်တွင်ခါယမ်းမိ၏။

"ရပါတယ် ဘာမှမဖြစ်ပါဘူး"

အသေအချာနားထောင်လျှင် ကျွန်မဖြေသံက တုန်ယင်နေသည်ကို ကြားရပေလိမ့်မည်။

"ရှေ့လူတွေနဲ့ ဝေးကျန်ရစ်ဦးမယ်၊ တက်တက်သွားကြစို့"

ကျွန်မ ဘားတန်းပေါ်ပြန်တက်ခရီးဆက်ခဲ့တော့ ဘယ်လောက်မှ မနင်းရသေး၊ ကုန်းအဆင်းမှာ လက်ကိုင်ရမ်းသွားလို့ ကျွန်မလန့်ပြီး ခုန်ချတော့ စက်ဘီးလည်း မထိန်းနိုင်ဘဲ မှောက်ပြန်သည်။ သည်တစ်ခါတော့ ကျွန်မနာရုံသာမက စက်ဘီးကယ်ရီယာမှာချိတ်ထားသော ကျွန်မရဲ့အသစ်စက်စက် ခရီးဆောင်အိတ်ကလေး မြေနီတောထဲ ကျဆင်းပေကျံကုန်တော့သည်။ ထိုအချိန်က ကျွန်မလစာ တစ်ရာ့ရှစ်ဆယ်ငါးကျပ်ထဲမှ စွန့်စွန့်စားစား

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဉယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ဝယ်ယူခဲ့သော ခြောက်ဆယ်ကျပ်တန် ခရီးဆောင်အိတ်ကလေးက ဖြူနုဖွေးဥနေသည်။ ယခု မြေနီတွေနှင့် မြင်မကောင်းတော့ဘူး။ ကျွန်မ ကိုယ့်အနာကိုမနာအား အိတ်ကလေးကို အပြေးအလွှားကောက်ကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတော့သည်။

ကိုကိုက စက်ဘီးကို နေသားတကျဖြစ်အောင် ပြန်ထောင်ပြီး ကျွန်မအနားလာရပ်တော့ သူ့အမေးကိုပင် မစောင့်၊ ကျွန်မ အီးခနဲ ငိုချလိုက်တော့၏။ ကျွန်မ အပြုအမူက မျှော်လင့်မထားသော အပြုအမူမို့ ကိုကို့မှာဘာလုပ်၍ ဘာကိုင်ရမှန်းပင်မသိ။

“ဟာ မမကလည်း ဒီလိုမငိုနဲ့လေ၊ ရှက်စရာကြီး”

“မရှက်ပါဘူး၊ ဘယ်သူ့ကိုရှက်ရဦးမှာလဲ၊ တောထဲမှာ သစ်ပင်တွေချည်းရှိတာ၊ ဒီမှာကြည့်ပါဦး၊ အခုမှဝယ်လာတဲ့အိတ်အသစ်ကလေး ရစရာကိုမရှိတော့ဘူး...”

“ဟင်...ဒါဆို အခုငိုနေတာ နာလို့မဟုတ်ဘူး၊ အိတ်အသစ်ကလေးပေကျံလို့ပေါ့ ဟုတ်လား”

သူ့အပြောက ကျွန်မစိတ်ကို ဆွပေးသည်နှင့်တူလှ၏။

“ဒူးတွေ၊ တံတောင်တွေ ပွန်းကုန်တာက အသားနာတယ်၊ အိတ်အသစ်ကလေး ပေကျံတာက အသည်းနာတယ်၊ တော်ပြီ... အဲဒီရွာကို မလိုက်တော့ဘူး၊ တနသ်ာရီပြန်မယ်”

“အို ဒီလိုလုပ်လို့ဖြစ်မလား၊ သဇင်ခိုင်တို့ လွင်လွင်သန်းတို့ ရှေ့မှာ သွားနှင့်ကုန်ပြီ၊ တို့ချည်းနောက်ကြောင်းပြန်လှည့်လို့ ဖြစ်မလား လာပါမမရယ်၊ ဒီတစ်ခါ သတိထားပြီးနင်းပါ့မယ်၊ မငိုပါနဲ့တော့နော်၊ တိတ်တိတ်...”

ကျွန်မက အချော့ကြိုက်သမား၊ အချော့ခံချင်သမားဆိုတော့ များများတောင်မချော့လိုက်ရ၊ စက်ဘီးပေါ်ပြန်ရောက်သွားပြန်သည်။ သည်တစ်ခါတော့ ကျွန်မကလည်းငြိမ်၊ လက်ကိုင်က



လည်းငြိမ်၊ လမ်းကလည်းပြေသည်နှင့် ခရီးတွင်နေပြန်သည်။ အားသွန်ခွန်စိုက်နင်းနေ၍ထင်သည်၊ ကိုကို့အသက်ရှူသံ ပြင်းပြင်းက ကျွန်မဂုတ်သားနွေးနွေးလေးအပေါ် ခုန်ဆင်းလာသည်။ သည်လိုဆိုတော့ ချစ်သူနှင့်စက်ဘီးအတူစီးရသည့် အရသာ တစ်မျိုးလေးခံစားရသည်မှာ ရင်ခုန်ကြည်နူးဖွယ်ကောင်းလှပါဘိ။ ကျွန်မကျောကုန်းအိအိကလေး တစ်ခုလုံးကိုကို့ရင်ခွင်ထဲမှာ။

အို...သည်ကမ္ဘာမှာ ကျွန်မလောက် ကံကောင်းသည့် မိန်းကလေးရှိပါဦးမှာလား။ ကျွန်မ ရှေ့လက်ကိုင်ကို တင်းတင်းဆုပ်ကာ မျက်လုံးကို မှေးစင်းလျက် ပီတိလေဟုန်စီးနေခိုက်... ဘယ်ဆီမှ ချည်တိုင်လွတ်လာသည် မသိသော နွားတစ်ကောင်က လူသွားလမ်းကို ဂမူးရှူးထိုးအဖြတ်၊ ကိုကိုကလည်း ထင်မှတ်မထားသော အန္တရာယ်ကိုမရှောင်နိုင်။ သည်တစ်ခါယိုင်လဲလို့အမှောက်မှာတော့ စက်ဘီးကားအပေါ်၊ လူကအောက်။ ပွန်းပဲ့ရုံတင်မဟုတ်တော့ ခြေသလုံးမှာ သွေးစိမ်းရှင်ရှင် မြင်လေတော့...

“အမေရေ”

ကျွန်မ အမေ့ကိုတ,ပြီးအော်ငိုလိုက်သံသည် ရိုးမတောလုံး ဟိန်းဟိန်းညံ သွားတော့သည်။ စိတ်ပျက်အားငယ်တာရော ကြောက်လန့်စိုးရိမ်တာပါ ရောပြွမ်းနေသော ခံစားမှုက မငိုဖို့ရာ ဘယ်လိုမှထိန်းချုပ်မနိုင်။ ကိုကိုက ကျွန်မကိုမတားနိုင်၊ မချော့နိုင်၊ လက်မှိုင်ချကာ ထိုင်ကြည့်နေတော့သည်။ မကြာမီ ရှေ့မှသွားနေသော စက်ဘီးသုံးစီး ပြန်လှည့်လာသည်ကို တွေ့ရသည်။ “အစ်မငိုသံကြားလို့ ကျွန်တော်တို့ ပြန်လှည့်လာတာ၊ ဘာဖြစ်လို့လဲ၊ ဘာကောင်နဲ့တွေ့လို့လဲ” သူတို့မေးသမျှ ကျွန်မ မဖြေနိုင်မီ ဒဏ်ရာ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ရွှေနှင့် ညစ်ပတ်ပေတူးနေသော ကျွန်မပုံစံကိုကြည့်၍ အဖြစ်အပျက်ကိုသဘောပေါက်ကုန်၏။ "အစ်ကိုကလည်း စက်ဘီးကို ကျွမ်းကျွမ်းကျင်ကျင် မစီးတတ်၊ အစ်မကလည်း စက်ဘီးပေါ်ထိုင်ကျင့်ကမရှိ၊ ဒါဆိုရင် ဒီလိုလုပ်၊ အစ်မ ကျွန်တော်တို့ထဲက တစ်ယောက်ယောက်ရဲ့ ဘီးနောက်မှာလိုက်စီး၊ ဒါဆို အဆင်ပြေမယ်"

"ဟင့်အင်း မစီးဘူး၊ အနောက်ကလည်းမစီးတတ်ဘူး၊ အရှေ့ကဆိုလည်း ဘယ်သူနဲ့မှမစီးနိုင်ဘူး၊ ပြန်မယ်၊ တနသ်ာရီပြန်မယ်"

"ပြန်လို့မဖြစ်ဘူး အစ်မရဲ့၊ ခရီးက အတော်ပေါက်လာပြီ၊ သကျက်ရွာနီးလာပြီ"

"နီးလာပြီ ဟုတ်လား၊ ဒါဆိုရင် လမ်းလျှောက်သွားမယ်"

"အစ်မဒဏ်ရာတွေနဲ့ ဖြစ်မလား၊ လမ်းလျှောက်ရင် အတော်ကို ဝေးဦးမှာ"

နောက်ဆုံးတော့ မျက်ရည်တွေကိုသုတ်၊ အနာတွေကို ဥပ္ဖလုပ်ကာ ကိုကိုစက်ဘီးဘားတန်းပေါ် ပြန်ရောက်ရပြန်သည်။ မိုးစုပ်စုပ်ချုပ် ရွာထဲရောက်တော့ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလိုဖြစ်ကာ ခြေထောက်တွေမှာ ထောက်လို့ပင်မရချင်တော့။ နောက်တစ်ရက် အပြန်ခရီးမှာတော့ ထိုလေးငါးမိုင်ခရီးကို စက်ဘီးမစီးချင်ဘူး၊ ကျွန်မ ဖွဲ့ခတ်သည်နှင့်အားလုံး ခြေလျင်လျှောက်ပြန်ကြရလေသည်။ တနသ်ာရီရိုးမ သကျက်ရွာခရီးကား တစ်သက်မမေ့နိုင်စရာပါပေ။

ကိုကိုနှင့်ကျွန်မ အိမ်ထောင်ကျတော့ လစာငွေထဲမှစုကာ 'ရာလေး' စက်ဘီးတစ်စီး ဝယ်ဖြစ်ကြလေသည်။ ရင်တွင်းဆန္ဒကို



မကွယ်မဝှက် ပြောရလျှင်တော့ ကျွန်မသည် ကိုကို့ကို ဟွန်ဒါဆိုင်ကယ် ကလေးတစ်စီးဝယ်စေချင်လှ၏။ ဟွန်ဒါတွေက သိပ်ဈေးမများလှ။ မြိတ်မှာ ထိုစဉ်က ကားတက္ကစီ၊ ဆိုင်ကယ်တက္ကစီ မပေါ်သေးသဖြင့် ဟွန်ဒါဆိုင်ကယ်ကလေးတစ်စီး ကိုယ်ပိုင်ရှိမှ သွားရေးလာရေးအဆင်ပြေမည်။

"ဟိုကောင်တွေကို ဆရာမခေါ်ချင်ဘူး၊ ဆိုင်ကယ်ဆို ဟိုကောင်တွေကို ဆရာခေါ်နေရဦးမယ်။ စက်ဘီးဆိုတော့ ဘယ်သူ့မျက်နှာကိုမှကြည့်စရာမလိုဘူး"

အိမ်ထောင်ကျတော့ ကိုကိုရဲ့ တိုပြတ်ပြတ် ဂျွတ်ဆတ်ဆတ်စိတ်ဓာတ်တွေပေါ်လာသည်။ ဟွန်ဒါဆိုင်ကယ်ပေါ်မှာ ကိုကို့နောက်ကျောပေါ် ခေါင်းတင်မှီနွဲ့ပြီး သွားလိုသည့် ကျွန်မစိတ်ကူးပူဖောင်းတွေ လွင့်စဉ်ကွဲကြေသွားတော့သည်။

ရာလေးဘီးက တောင့်လည်းတောင့်၊ ခိုင်လည်းခိုင်။ ကျွန်မအနောက်မှာထိုင်လိုက်တတ်အောင် လေ့ကျင့်ရတော့၏။ ရိုးမတောအတွေ့အကြုံအရ ရှေ့ဘားတန်းကို ကျွန်မ အကြောက်ကြီးကြောက်နေလေပြီ။ ဘယ်လိုကျင့်ကျင့် စက်ဘီးအထွက်မှာ ပြေးလိုက်ထိုင်နိုင်ဖို့ အောင်မြင်ခြင်းမရှိ။ ကျွန်မက နောက်ကယ်ရီယာခုံပေါ်တက်၊ ငြိမ်သက်အသားကျပြီဆိုမှ ကိုကိုက အားနှင့်ရုန်းထွက်။ သည်လိုပဲ ဟိုယိုသည်ထိုးနှင့် နောက်တော့ကျင့်သားရသွားတော့၏။

*"××× ဘီးကလေးကိုစီး အချစ်ကလေးကိုတင်ပြီး××× ခေါ်သွားရတာလေ×××အင်မတန်ပျော်×××"*

ထိုစဉ်က ခေတ်စားနေသည့် သီချင်းကလေးထဲကအတိုင်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



ကျွန်မနဲ့ကိုကို အင်မတန်ပျော်ခဲ့ကြသည်။ သည်ဘီးကလေးနှင့် ကိုကိုက ကျွန်မကျောင်းကိုပို့ ပြီးလျှင် ရုံးတက်။ ကျောင်းလွှတ်တော့ လာကြို၊ ဟိုနားသည်နား ကပ်ကြေးကိုက်သွားစားမလား ဘီးကလေးနှင့်။ သိမ်ကြီးတောင်မှာ ဘုရားဖူး၊ လေညင်းခံသွားမလား ဘီးကလေးနှင့်။ ဆလုံကုန်းမှာ ဆလုံတွေနှင့် စကားစမြည်သွားပြောမလား ဘီးကလေးနှင့် တစ်ပတ်တစ်ခါဈေးကြီးမှာ ဈေးဝယ်ထွက်မလား၊ ဘီးကလေးနှင့်။

"*xxxနောက်များဆို ကိုယ်တို့သမီးလေးပါခေါ်မယ်xxx ဘီးရှေ့မှာ ခုံတပ်ပြီးလိုက်စေမယ် xxx ဘီးကလေးနဲ့ မိသားစုလေးပေါ့ကွယ် xxx စိတ်ညစ်စရာချန်ထား xxx လောကကိုမေ့ထား xxx ဒီဘီးကလေးဟာလေ xxx အင်မတန်ပျော် xxx*"

သမီးဦးမွေးလာတော့ ဘားတန်းပေါ်မှာ သစ်သားခုံကလေးရိုက်လျက် သမီးကိုတင်၍ လျှောက်သွားသည့်အခါ ဘားတန်းကြောက် ရောဂါပြန်ထလာကာ စိတ်ပူပန်မှု ကြီးလာပြန်သည်။

"သမီး ခြေထောက်လေးတွေ စပုတ်တိုင်ကြား ဝင်ညှပ်မယ်နော်၊ သတိထားနင်းပါဦး"

"အဖေတစ်ယောက်လုံး နင်းမှာပါကွ၊ ဒီလောက်ကြီး ပူမနေပါနဲ့"

"အံမယ် ဖအေပေါ့ဆလို့ ကလေး ဒုက္ခရောက်ဖူးတဲ့ သာဓကတွေမှ အများကြီး၊ ဒါကြောင့် ဘုရားက ရှင်တို့ကို ဒုတိယနေရာမှာပဲထားတာ၊ သမီးတစ်စုံတစ်ခု ဖြစ်လို့ကတော့..."

သည်လိုပါပဲ၊ ကျွန်မနှင့်ကိုကိုက စက်ဘီးနှင့်ပတ်သက်လျှင် သည်လိုပင် တကျက်ကျက်။ တစ်ခါကလည်း ဈေးကြီးမှ



ဈေးဝယ်ပြီးအပြန် သမ္ဗုဒ္ဓတရုံတောင်ဘက်မှာ အားနှင့်နင်းအတက် ဘယ်လိုဖြစ်ပြီး ကျွန်မလျှောကျကျန်ရစ်သည်မသိ၊ ဝယ်လာသည့် ခရမ်းချဉ်သီး၊ ကြက်ဥတွေ ကွဲကြေပြန့်ကြဲကုန်တော့သည်။ ကျွန်မက ဝမ်းနည်းတာရော၊ နာမြော်တာရော ရောပြွမ်းသည့် စိတ်နှင့် ခရမ်းချဉ်သီးတွေကို လမ်းလယ်ခေါင်မှာ လိုက်ကောက်ပေမယ့် ကိုကိုက ရှက်တာတစ်ခုတည်းနှင့် ရပ်၍ပင်စောင့်မနေ၊ စက်ဘီးနင်းပြန်သွားနှင့်တော့၏။

ဘဝခရီးဖော်အဖြစ် ကောင်းတူဆိုးဖက် လက်တွဲပြီးမှတော့ သည်လောက်အဆင်မပြေမှု အဖုအထစ်ကလေးတွေကို နှစ်ယောက်ယှဉ်တွဲ ဖြေရှင်းသင့်ပါလျက်နှင့် ကိုယ့်အတ္တ ကိုယ်ထူထောင်ကာ ကိုယ်လွတ်ရုန်းသွားသော သူ့ကို ကျွန်မအတော်ကလေးနာကျည်းသွားမိသည်။ တစ်ရက်နှစ်ရက် သုံးလေးငါးရက် စိတ်မပြေနိုင်။ နောင်စိတ်ပြေ၍ စကားပြန်ပြောသော်လည်း စက်ဘီးကိုယောင်လို့ပင် မစီးမိတော့ပေ။

ယခုတော့ ထို 'ရာလေး' စက်ဘီးကလေးလည်း မရှိတော့။ ကမ်းရိုးတန်းမြို့ကလေးလည်း အတော်ဝေးဝေးမှာ ကျန်ခဲ့ပြီ။ ရန်ကုန်ရောက်တော့ စက်ဘီးလည်း မလို၊ ပြန်မဝယ်ဖြစ်၊ စက်ဘီးနှင့် ဝေးကွာခဲ့သည့်နှစ်တွေပင် မနည်းတော့။ အခုတောင်ပေါ်မြို့ကလေးဆီ အလည်လာပါမှ စက်ဘီးနှင့် ကြုံကြုံဖန်ဖန် ရေစက်ပြန်ဆုံရသည်။

"ဟော့ မမရေ၊ ဘယ်လိုလဲ အသံတိတ်လှပါလား"

"အသံတိတ်ဆို ရိုးမတောကြီးထဲစိတ်က ပြန်ရောက်သွားတာကိုး"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

"ဟားဟား ဟုတ်ပါရဲ့၊ အဲဒီတုန်းက အဖြစ်က အတော်ဆိုးတာနော်"

"အင်း တလောက ဖတ်ရတဲ့ စာရေးဆရာ ဆူးငှက်ရဲ့စက်ဘီးဝတ္ထုကလေးကတော့ စက်ဘီးစီးမကျွမ်းလို့ ချစ်သူနှစ်ဦးဝေးခဲ့ကြတယ်နော်၊ မမတို့အဖြစ်က စက်ဘီးစီးမကျွမ်းလို့ ပိုပြီးနီးစပ်ကျွမ်းဝင်ခဲ့ကြတာ၊ ပဥ္စလက်ဆန်တဲ့ ကံကြမ္မာကို ကျေးဇူးတင်ရတော့မယ်ထင်ပါရဲ့"

"လူမတန် ကံကိုမချပါနဲ့ မိန်းမရာ၊ စက်ဘီးနောက်ကစီးတယ်ဆိုတာ ဖျော့ဖျော့ကလေး နေရတယ်၊ ကုန်းအတက်ဆိုရှေ့ကိုကိုင်းပေး၊ လမ်းအကွေ့ဆို ကိုယ်ကလေးကို အလိုက်သင့်ကိုင်းလိုက်၊ ဒါဆို ဟောဟော ပြောရင်းဆိုရင်း...."

အကွေ့အကောက်များတဲ့ မိမာယာခေမာလမ်းထိပ်မှာ ဘဲလ်သံမပေးဘဲ ဘွားခနဲပေါ်လာသည့် သီးနှံတင်ဘီးတစ်စီးကို အရှောင်၊ အရှိန်လွန်ပြီး မြက်ခင်းထဲ ထိုးကျသွားတော့၏။ ယခင်အနှစ်နှစ်ဆယ်ကျော်က ထိတ်လန့်စိုးရွံ့မှုအစုအဝေးသို့ အပြေးအလွှားချဉ်းကပ်လာသည်။ ကျသည်မှာတော့ ကျွန်မက တခြား၊ ကိုကိုနှင့် စက်ဘီးကတခြား။

"ဘယ်များ နာသွားလဲဟင် မမ" ကိုကို့လေသံက ဟိုးရှေးမတော်ကြီးထဲကအတိုင်း စိုးရိမ်စိတ်များ ပြည့်အိုင်လျက် နူးညံ့ညင်သာနေပါသည်။

လန့်မည်သာ လန့်သည်၊ ကျွန်မ ဘယ်နားမှ မနာသွားပါ။ ကျသည့်နေရာလည်း ကြည့်ဦးလေ။ မြက်ခင်းစိမ်းစိုအပေါ် ဖူးတံပွင့်ငုံတို့ ဟိုသည် ဝင့်ချီပေါ်ထွက်နေသော ပန်းနုရောင် နှင်းပွင့်



www.foreverspace.com.mm

ကမ္ဘာလာကြီး။ ပန်းနုလွှာ ရွှေကော်ဇောပေါ်မှာ ကျွန်မ ဘယ်နားဆီနာလိမ့်မည်လဲ။

"နေဦး...နေဦး"

"မထနဲ့ဦး၊ စက်ဘီးချစ်သူတို့ရဲ့ ငွေရတုအထိမ်းအမှတ်ကလေးကိုတော့ မှတ်တမ်းတင်ထားလိုက်ပါရစေဦး"

ကိုကိုက ပါလာသည့် ကင်မရာဖြင့် ကျွန်မလဲကျနေသည့်ပုံကို ဓာတ်ပုံမှတ်တမ်းယူလေတော့ ဟိုယခင်နှစ်များစွာက ချစ်ခြင်းအလျဉ်တို့ တောင်ပံတဖျတ်ဖျတ်ခတ်ကာ တိုးတိတ်စွာ ပျံသန်းလာသည်ကို နွေးထွေးညှို့သက်သော နှလုံးသားဖြင့် ကြားသိလိုက်ရသည်။

ထိုနေ့က တည်းခိုနေထိုင်ရာ စိမ်းလန်းအေး အိမ်သို့ အရောက် တီဗွီဖန်သားပြင်မှာ တိုက်ဆိုင်စွာပင် စိုင်းထီးဆိုင်ရဲ့ "ဘီးကလေးကိုစီး" သီချင်းလာနေသည်။

အဆိုတော် စိုင်းထီးဆိုင်သည် ဂီတာကို တီးခတ်လျက် မျက်စိကို စုံမှိတ်ကာ Mood သွင်း၍ သီဆိုနေသည်။

"*×××မောတော့မောတာပေါ့၊ ဒါပေမယ့် မမောဘူး×××*"

ကျွန်မ ကိုကို့မျက်နှာကို လှမ်းကြည့်မိလေသည်။

အို ... ကိုကို့မျက်လုံးတွေက ရိုးမတောထဲမှာလို အချစ်ရည်တို့ဖြင့် ရွှန်းလက်ဝင်းစိုလို့ နေပါလား။ ။

မိချမ်းဝေ

၂၀၀၃ စက်တင်ဘာလ၊ ကလျာမဂ္ဂဇင်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

# လွမ်းမောဆွတ်ကြင်

www.foreverspace.com.mm

လွမ်းမောဆွတ်ကြင်

လောက လူ့ဘောင်အဖွဲ့အစည်းထဲတွင် မိဘနှင့်သားသမီး ချစ်ခြင်းမေတ္တာ၊ ညီအစ်ကိုမောင်နှမ ချစ်ခြင်းမေတ္တာ၊ ဆွေမျိုးသားချင်း ချစ်ခြင်းမေတ္တာ ထိုထိုသော လူသားအချင်းချင်း ချစ်ခြင်းမေတ္တာပြီးမှ လူနှင့်ခွေး၊ လူနှင့်ကြောင်၊ လူနှင့်နွား၊ လူနှင့်မျောက်၊ လူနှင့်ဝက်ဝံ စသည်ဖြင့်။ ကျွန်မသည် (သပ္ပံမောင်ဝ၏ 'အာမိတ်နှင့် လှေဖော်') သခင်နှင့်ခွေးတို့၏ ချစ်ခင်ပေါင်းဖွဲ့ ကူးလူးဆက်ဆံမှုကို အကြိမ်ကြိမ်ဖတ်ဖူးသော်လည်း ကျွန်မကိုယ်တိုင်မှ ခွေးတစ်ကောင်၏ ချစ်ခင်နှောင်ဖွဲ့မှုကို ခံယူရလိမ့်မည်ဟု မည်သည့်အခါကမှ ထင်မှတ်မထားမိချေ။

တကယ်တန်း ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ကျွန်မသည် "ခွေးကလေး နှောင်နီ" ၏ အချစ်၊ သံယောဇဉ်နှင့် သစ္စာတရားတို့ကို အလေးဂရုမပြုဘဲ မနေနိုင်တော့။ ဦးမညွှတ်ဘဲ မနေနိုင်တော့။

လေးစားပါတယ် နှောင်နီရယ်

♣

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

သည်အကြောင်းတွေ ပြောကြစို့ဆိုလျှင် ကျွန်မသည် ခွေးချစ်တတ်သူတစ်ယောက် မဟုတ်ကြောင်း ကြိုတင်အသိပေးထားပါရစေ။ ထိုသို့ ခွေးချစ်တတ်သူမဟုတ်သဖြင့် ခွေးတစ်ကောင်ကို ကောက်ယူမွေးမြူဖို့ဆိုသည်မှာ မည်သို့သောအခါမှ စိတ်ကူးတွေးတောမိခြင်းမရှိချေ။

တကယ်တော့ ခွေးကလေးနောင်နီ ကျွန်မတို့နှင့် ပတ်သက်ယှက်နွယ်လာခြင်းသည် ကျွန်မတို့နေထိုင်သော မြို့ကလေး မီးစွဲလောင်သည်နှင့် တစ်စိတ်တစ်ပိုင်း သက်ဆိုင်နေပေလိမ့်မည်။ မြို့ကလေးမီးလောင်တော့ ရပ်ကွက်ကြီးသုံးကွက်ပါသွားလေရာ ကျွန်မတို့ရပ်ကွက်လည်း အပါအဝင်ဖြစ်သည်။ မီးလောင်ပြင်သည် တော်ရုံနှင့်ရှန်းထမလာ၊ လူနေရပ်ကွက်အိမ်ခြေတို့ တော်ရုံနှင့် အစားထိုးတည်ဆောက်ခြင်း မပြုနိုင်ဘဲရှိနေရာ ကျွန်မတို့နေရေး ကိစ္စအကြပ်အတည်းများစွာ ကြုံရလေသည်။

ကာလအတန်ကြာမြင့်ပြီး မြို့ကလေးနလံထူလာတော့ ကျွန်မတို့ ယခင်နေသောရပ်ကွက်မှ အိမ်ရှင် အိမ်ပြန်မဆောက်နိုင်သေးသဖြင့် ကျွန်မတို့လည်း မူလနေရာမှာ နေခွင့်မသာတော့၊ အခြားရပ်ကွက်မှ ဆောက်လုပ်ငှားရမ်းသော အိမ်တွင်သာ ပတ်ဝန်းကျင်ကို သဘောမကျပေမယ့် ဖြစ်သလို စခန်းသွားနေထိုင်ရတော့သည်။

ပထမဦးဆုံး သတိပြုမိသည်မှာ ထိုရပ်ကွက်တွင် ခွေးလေခွေးလွင့်တွေ ပေါများနေခြင်းပင်။ ကျွန်မတို့ နေထိုင်ရာ အနီးအနားတွင်ပင် သုံးလေးကောင်မျှ လှည့်လည်ကျက်စားနေထိုင်သည်ကို တွေ့ရ၏။ ညနေ ထမင်းကျန်၊ ဟင်းကျန်စွန့်သည့်အချိန်ဆို အစာ



www.foreverspace.com.mm

လုသံ၊ မာန်ဖီသံ တဝုန်းဝုန်း ကိုက်သံတွေ ဆူညံနေတော့သည်။ သည်မှာပင် ကျွန်မ ခွေးကလေးတစ်ကောင်ကို သတိပြုမိသည်။ သူက အကောင်ကလည်းငယ်သည်နှင့်၊ ပုံသဏ္ဌာန်ကလည်း ရိုးပုံရိုးလက်နှင့် သူတစ်ပါးအနိုင်ကျင့်တာခံရပြီး အမြဲတန်း အစာရေစာမဝ ဖြစ်နေတော့သည်။

ထိုသို့ ကြီးနိုင်ငယ်ညှင်း အနိုင်ကျင့်မှုကို လက်ခံလေ့မရှိသော ကျွန်မသည် ညနေထမင်းကျန်စွန့်ချိန်တွင် အားလုံးမျှမျှတတ စားနိုင်ရန် တုတ်တစ်ချောင်းနှင့် ကြိမ်းမောင်းခြောက်လှန့်ရတော့သည်။ ဒီကောင်က ဒီခွက်မှာစားရင် ဟိုကောင်က ဟိုခွက်မှာစား၊ မလုနှင့် မကိုက်နှင့်၊ လုလျှင်ရိုက်မည်၊ ကိုက်လျှင်ငတ်မည်။ သည်လိုနှင့် ခွေးစာကြွေးချိန်တိုင်း ကျွန်မသည် ခွေးတွေကို တုတ်တစ်ချောင်းနှင့် စီရင်နေရာချနေသော ခွေးအမေကြီး ဖြစ်နေတော့သည်။

တစ်နေ့တော့ နံနက်ခင်း အိပ်ယာမှအထ အိမ်တံခါးဖွင့်လိုက်သည်တွင် အိမ်နှင့်မလှမ်းမကမ်းတွင် ခွေးတွေအတုံးအရုံးသေနေသည်ကိုတွေ့ရ၏။ အတော်လေးကြာတော့ ခွေးသေတွေလိုက်ကောက်သော မီးသတ်ရဲဘော်တို့ ရောက်လာသည်။

"ညက ကျွန်တော်တို့ခွေးတွေကို အဆိပ်လူးတဲ့ အမဲသားတုံးပစ်တာ တစ်ခြားခွေးတွေစားပြီး ဒီကောင်ကို လုံးဝကျွေးလို့မရဘူး။ သူက နမ်း နမ်းပြီးမစားဘူး။ အတော်လည်တဲ့ အကောင်"

မီးသတ်ရဲဘော်တွေ ပြောလည်းပြော ခွေးသေတွေယူပြီး ထွက်သွားတော့ မျက်လုံးကလေး ပေကလပ်နှင့်ကြည့်နေသော အရိုးခံမျက်နှာ ကလေးတစ်ခု။ "နေမယ်နော်" ဟု အသနားခံသယောင်။

"သနားပါတယ် မေမေရယ်။ ဒီခွေးကလေးတစ်ကောင်တည်း ကျန်ခဲ့တာ သမီးတို့ပဲ မွေးလိုက်ကြစို့။ သူတစ်ကိုယ်လုံးနီနေတာမို့ 'နောင်နီ' လို့ခေါ်ရအောင်။ နောင်နီ ... နောင်နီ ...

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



လာ…လာ…အို…အို…”

သမီးကြီးက ပြောပြောဆိုဆို မိတ်ဆွေဖွဲ့လိုက်တော့ အမြီးကလေးရမ်းလျှက် ပြေးလာကာ ကျွန်မတို့ အိမ်တံစက်မြိတ်အောက် နေရာယူလျက် သူ့အိမ်ဟု အပြီးတိုင်သတ်မှတ်လိုက်တော့၏။ “အင်း အိမ်မှာ ခွေးတစ်ကောင်ရှိတော့ လုံခြုံတာပေါ့။ မဆိုးပါဘူး ထမင်းကျန်ဟင်းကျန် နေ့တိုင်းပိုနေတော့ တကူးတကစီစဉ်ပေးရတာမှ မဟုတ်တာ၊ ကောင်းပါလေ့။

ကျွန်မစိတ်ထဲတွင် ထိုသို့ မှတ်ယူကာ၊ နောင်နီ ကျွန်မတို့ အိမ်မှာ အပြီးအပိုင်လာနေခြင်းအတွက် ကန့်ကွက်ခြင်းမရှိခဲ့ပါ။ နောင်နီကား ယခုမှ အနေှာင့်အယှက်ကင်းစွာနှင့် ကျွေးသမျှအစာကို တစ်ကောင်တည်း ဝဝလင်လင် စားရလေရာ မကြာမီ ဝဖီးလာလေသည်။ ထိုသည်နှင့်အမျှ ကျွန်မတို့ကိုလည်း သူ့သခင်များအဖြစ် မှတ်ယူကာ ဘယ်သွားသွား လိုက်လေတော့၏။ အနီးအနား သို့မဆိုထားနှင့် ဝေးဝေးလံလံရောက်၍ အခြားရပ်ကွက်မှခွေးများ လက်မခံဘဲ ဝိုင်းဟောင်ကိုက်လွှတ်မှ အိမ်သို့ ပြန်ပြေးလေသည်။ အိမ်နှင့် အတန်ဝေးလာပြီဖြစ်၍ ပြန်လမ်းကို မမှတ်မိဘူး ထင်သော်လည်း ကျွန်မတို့ ပြန်ရောက်တော့ သူကအိမ်ရှေ့မှ အခန့်သင့်ကြိုလေသည်။

ထိုသို့ ခွေးသည်အိမ်မှာ မစောင့်၊ သခင်သွားရာနောက်တကောက်ကောက်လိုက်နေသည့်အဖြစ်ကို ကျွန်မ မနှစ်သက်ပေ။ စိတ်အနှောင့်အယှက်ဖြစ်လှ၏။ သူလိုက်ပါနေသဖြင့် သွားရာလမ်းတစ်လျှောက်လုံး အခြားခွေးတွေ တစီစီဟောင်နေသည့် အမှုကိုလည်းစိတ်ညစ်လာသည်။ ထို့ကြောင့် ယခင်နေသော ရပ်ကွက်သို့ ပြန်ပြောင်းရန် အကြောင်းဖန်လာသောအခါ နောင်နီကို ထားခဲ့ရန် ကျွန်မဆုံးဖြတ်ရတော့သည်။



“နောင်နီက သိပ်ပါးတယ်နော်၊ လျှို့လျှို့ဝှက်ဝှက်လုပ်ကြ”

နောက်ပြောင်းသည့် အိမ်ကို နောင်နီလိုက်လာမှာစိုး၍ အိမ်ပြောင်းသည့်နေ့က ကျွန်မတို့ သတိကြီးစွာထားကြသည်။ သူ့အလစ်ချောင်း၍ သူမရှိချိန်အမြန်ပြောင်းပြေးကြ၏။ ကဲ … အေးရော၊ ဟိုဘက်ရပ်ကွက်ရောက်တော့ စိတ်အနှောင့်အယှက်ကင်းကင်း အေးအေးလူလူ နေရရော မဟုတ်လား။

“ဆရာမရယ်…နောင်နီ တစ်ကောင်ရယ်လေ၊ ဆရာမတို့ကိုရှာနေတာ ပြာနေတာပဲ။ လမ်းမကြီးပေါ် ပြေးတက်လိုက်၊ လူမရှိတဲ့အိမ်ကို ပြန်လာလိုက်၊ ပါးစပ်ကလည်း ဘာတွေမှန်းမသိတအိ…အိနဲ့ အော်နေလိုက်တာ သနားစရာ”

ဈေးသွားရင်း အရင်ရပ်ကွက်မှ အိမ်နီးချင်းတစ်ယောက်နှင့်တွေ့၍ နောင်နီဇာတ်ပါဒကို ကြားရတော့ ကျွန်မစိတ်မကောင်းပါ။ သခင်ပျောက်၍ ဗျာပါဆိုက်နေမည့် နောင်နီပုံသဏ္ဌာန်ကို ကျွန်မ မကြည့်ဘဲမြင်နေလေသည်။ လမ်းမပေါ် ပြေးတက်ပြီး တောင်ကြည့်မြောက်ကြည့်လုပ်လိုက် အိမ်ကိုပြန်လာပြီး တအိ … အိ … မြည်တမ်းလိုက်။

“ကျွန်မတို့လည်း ဆရာမလိုပဲ မနက်ရောညပါ ထမင်းသွားကျွေးပါတယ်။ ဒါပေမယ့် နောင်နီက ဆရာမ မဟုတ်လို့ မစားဘူး။ အခုဆို အတော်ပိန်နေပြီ”

ထိုအိမ်နီးနားချင်း၏ အဆုံးသတ်စကားက ကျွန်မ၏ နှလုံးအိမ်ကို ကိုင်ဆွဲလှုပ်လိုက်လေသည်။ နောင်နီအစာမစားဘူး ဆိုပါလား။ ဟုတ်နိုင်ပါ့မလား။ သူလည်းအသက်နဲ့ သတ္တဝါပဲ။ ကိုယ့်အသက်ကို ထိခိုက်အောင်တော့ အငတ်ခံနေမည် မဟုတ်၊ ထိုမိန်းမပိုတာပဲဖြစ်မည်။ ဖြတ်လက်စနှင့် သံယောဇဉ်ကိုဖြတ်မှ။ နောင်နီအကြောင်း ကျွန်မစိတ်ကူးထဲ ဝင်လာတိုင်း မောင်းထုတ်ပစ်နေမိ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

သည်။ အခုဆို ဘယ်လောက် လွတ်လပ်သွားသလဲ။ ကိုယ့်အနောက်က တကောက်ကောက် လိုက်နှောင့်ယှက်မည့်သူမရှိတော့ အနေအရှင်း၊ အသွားရှင်းသည်ပေါ့။ နောင်နီကို အမှတ်ရနေသည်ကိုတော့ ကျွန်မ မညာစတမ်း ဝန်ခံပါရစေ။

နောင်နီနှင့်ပတ်သက်၍ ကျွန်မနှလုံးသား လွန်ဆွဲပွဲကြီးကား ဒိုင်အဆုံးအဖြတ်ဖြင့် ပွဲရပ်အဆုံးသတ်ခြင်း ရောက်ရှိသွားသော ထိုတစ်နေ့သည် မကြာခင် အချိန်အတွင်း ရောက်ချလာလေသည်။

ကျွန်မတို့ အိမ်ပြောင်းပြီး မကြာခင် ခရီးထွက်နေသော သမီးတို့ ဖေဖေပြန်ရောက်လာလေသည်။ ခရီးရောက်မဆိုက်ပင်

"နောင်နီကို ဟိုအိမ်မှာ ချန်ထားခဲ့ပြီလား"

"အင်း … ချန်ထားခဲ့ပြီ။ ပါလာရင် ရှုတ်နေမှာစိုးလို့"

"သနားပါတယ်ကွာ…"

"ဟင့် သနားတယ်။ "ကို" ကခရီးထွက်နေတာများတော့ သူ့ကရိကထကို ခံရတာမဟုတ်ဘူး။ သွားလေရာနောက် တစ်ကောက်ကောက်လိုက်နေတာ စိတ်ညစ်လွန်းလို့ သံယောဇဉ်ဖြတ်လိုက်ပြီ"

"အေးလေ ဒါဆိုရင်လည်း ပြီးရော"

တကယ်တန်းကျတော့ ထိုမျှနှင့်မပြီးပါ။ ညနေ ရေချိုးချိန်တွင် ကျွန်မတို့ရပ်ကွက်ရေမလာသဖြင့် အရင်နေခဲ့သော ရပ်ကွက်မှ တွင်းရေအေးအေးချိုးပြီး ပြန်လာသည့် ကို့နောက်တွင်…

"မေဆူချင်လည်း ဆူတော့ကွယ်၊ အိမ်ဟောင်းရှေ့က ဖြတ်တော့ ကိုယ်မအောင့်နိုင်တော့ဘူး။ နောင်နီရယ်လေ အိမ်ဟောင်းရှေ့က သူထိုင်နေကျနေရာလေးမှာ ငုတ်တုတ်ကလေးထိုင်လို့ ကိုယ့်ကို အသနားခံတဲ့ မျက်လုံးတွေနဲ့ ကြည့်နေလိုက်တာ။



www.foreverspace.com.mm

ကိုယ်က "ဟေ့ကောင်…နောင်နီ" လို့လည်း နှုတ်ဆက်လိုက်ရော ပြေးလိုက်လာတာ အိမ်အရောက်ပဲ။ ကိုယ်တို့မရှိတော့ ပေမယ့် တစ်နေ့ပြန်လာနိုးနဲ့ အဲဒီနေရာက မရွေ့ပဲစောင့်နေတဲ့ နောင်နီရဲ့ သစ္စာတရားကို လေးစားသောအားဖြင့် လက်ခံလိုက်ပါကွယ်"

ဟင်!… ကျွန်မမျက်လုံးအိမ်ထဲမှာ မျက်ရည်တချို့ ကျဆင်းသွားသလား။ ဒါမှမဟုတ် … တင်းခံထားသော ကျွန်မအသည်းနှလုံးတွေ အရည်ပျော်သွားသည်လား။

ကျွန်မ လှမ်းကြည့်လိုက်တော့ "အမေတို့ သိပ်ရက်စက်တာဘဲ။ ကျွန်တော့်တစ်ကောင်ထဲ ပစ်ထားခဲ့တယ်နော်။ အမေတို့မရှိရင် ကျွန်တော်မနေတတ်ဘူး။ ဒီမှာပဲ နေပါရစေ အမေရယ်"လို့ ပြောနေသယောင်ထင်ရသော အရိုးခံမျက်နှာပေးကလေးနှင့် ငြိမ်သက်ရိုကျိုးစွာ ထိုင်နေသည့် နောင်နီ။

ကျွန်မသည် မီးဖိုထဲဝင်လာကာ ထမင်းဟင်းကျန်မည့်အချိန်ကိုမစောင့်ဘဲ ပန်းကန်ထဲထမင်းနှင့်ဟင်းကို ထည့်နယ်နေမိသည်။ ဟုတ်ပါရဲ့ ဒီရက်ပိုင်းအတွင်း နောင်နီအတော်ပိန်သွားပါလား။

♣

တစ်ကျော့ပြန် နောင်နီသည်ကား ယခင်ကထက် နှစ်ဆတိုးကာ ကျွန်မတို့ကို ခင်တွယ်လေသည်။ သွားလေရာနောက်တစ်ကောက်ကောက်လိုက်သော အမူသည်လည်း ယခင်ကထက် နှစ်ဆကဲလာ၏။ ကျွန်မနှင့်ကလေးတွေကို မျက်စေ့အောက်က အပျောက်မခံ၊ အိမ်ကထွက်မည် မကြံနှင့် နောင်နီသည် အိမ်ခါးပန်းတွင် ခေါင်းတင်ကာ ငုတ်တုတ်ငိုက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မြည်းနေရာကလိုက်တော့၏။

“နောင်နီငိုက်ပုံက ကြည့်ပါဦး ဖေဖေရဲ့။ ခွေးဘဲဟာ ငိုက်ရင်လည်း ခွေအိပ်လိုက်ပြီးရော၊ အခုဟာကသူ့ကို လူတွေ ဒဏ်ပေးထားတဲ့အတိုင်း ငုတ်တုတ်ကြီး” သမီးငယ်ပြောလည်း ပြောစရာပင်။ နောင်နီ အိမ်ခါးပန်းကို ခေါင်းတင်ငိုက်လိုက်သည်မှာ ခေါင်းကြီးဟိုဘက်လည်လိုက် သည်ဘက်လည်လိုက်နှင့် ရယ်စရာပင်ကောင်းသေးတော့၏။

နောင်နီ၏ ထပ်ချပ်မကွာလိုက်ပါလိုသော အမူကြောင့်ပင် ကျွန်မလူကြားထဲ အကြိမ်ကြိမ်အရှက်ရခဲ့ပြန်သည်။ ဟိုနားသည်နား ဈေးသွားတင်မဟုတ် ယခုဆို နောင်နီသည် ကျောင်းသွားလျှင်ပင် တကောက်ကောက်လိုက်နေပါချေပြီ။ ကျွန်မတို့ အိမ်နှင့်ကျောင်းသည် မဝေးလှသဖြင့် ကျွန်မအိမ်မှထွက်၊ ကျောင်းဝင်းထဲဝင်၊ ရုံးခန်းမှာ လက်မှတ်ဝင်ထိုးသည်အထိ တန်းတန်းမတ်မတ် လိုက်ပါလေ့ရှိသဖြင့်…“ဟယ်…ဒီမှာ ခွေးဝင်လာပြီ၊ ဟဲ့ … ဟဲ့ … ဟဲ့ ဘယ်သူ့ခွေးလဲ” “တောက်!ဒီခွေးက ရာရာစစ ရုံးခန်းထဲဝင်ရတယ်လို့”

“အဲဒါ…ဟိုဆရာမ ခွေးပေါ့၊ သူတို့က မိုးလင်းလာရင် လူရော ခွေးပါ ကျောင်းတက်ကြတာလေ”

ထိုသို့ ပတ်ဝန်းကျင်မှ မေးထိုးခေါင်းခါပြစ်တင်ကဲ့ရဲ့ခြင်း ခံရသည်မှာ အကြိမ်ကြိမ် သည်တော့ ကျောင်းသွားတော့မည်ဆိုလျှင် နောင်နီကို မျက်စေ့လှည့်ရသည်မှာ အလုပ်တစ်ခု။

“ကဲ…သမီးကြီးက ဟိုဘက်ခပ်လှမ်းလှမ်းဆီ မျှားပြီးခေါ်သွား ဒါမှမေနေနဲ့ ညီမလေး ကျောင်းထဲဖြောင့်ဖြောင့်ဝင်လို့



ရမှာ”

အိမ်မှအလျဉ်ထွက်သည့် သမီးကြီး နောက်သို့ နောင်နီ ယောင်မှား၍ လိုက်သွားစဉ် ကျွန်မမှာ ကျောင်းဝင်းထဲ အမြန်ဝင်၊ ရုံးခန်းမှာ လက်မှတ်ထိုး၊ တစ်နေရာရောက်တော့ ဆရာမတစ်ယောက်နှင့် ခေတ္တစကားရပ်ပြောနေစဉ် နောင်နီ ကျောင်းဝင်းထဲလိုက်ဝင်လာသည်ကို လှမ်းမြင်လိုက်ရသည်။

သူမမြင်အောင် တစ်နေရာမှ စောင့်ကြည့်နေရာ နောင်နီသည် ဦးစွာ ကျွန်မသွားလေ့ရှိသည့် ရုံးခန်းဆီသို့ ဝင်လေသည်။ ပြီးလျှင် ဟိုအဖြူအစိမ်းဝတ် ဆရာမအနားကပ်ခါ မျက်နှာကို မော့ကြည့်လိုက်၊ သည်အဖြူအစိမ်းဝတ် ဆရာမအနားကပ်ခါ မျက်နှာကိုမော့ကြည့်လိုက်နှင့် ကျွန်မကို အရှာကြီးရှာလေသည်။ ခွေးတို့ကြောင်တို့မည်သည် မိမိတို့သခင်ကို အနံ့ဖြင့် မှတ်သားသည်ဟု ကျွန်မကြားဖူးသည်။ ယခုမူ နောင်နီမှာ ကျွန်မကို အနံ့နှင့် တင်မဟုတ်။ အမြင်နှင့်ပါ ရှာဖွေနေပြီကော။ ဆရာမများရဲ့ မျက်နှာတစ်မျက်နှာပြီး တစ်မျက်နှာ။ ကျွန်မ နောင်နီကို သနားရမလား။ ဒေါသထွက်ရမလားပင် ဝေခွဲမတတ်တော့။

နောက်ဆုံး…ကျွန်မမတွေ့သည့် နောက်ဆုံး ကျွန်မ စာသင်မည့် အခန်းရှေ့ (ကျွန်မ မလွဲမသွေလာရမည့်နေရာ) မှာ ကျကျနန သွားထိုင်စောင့်နေတော့သည်။ လျော့မည့်လျော့ ကျွန်မပင် လက်လျှော့ကာ သည်လောက်ဖြစ်လှတာ လိုက်ချင်သလောက်သာ လိုက်ပေတော့ဟု လျစ်လျူရှုထားလိုက်တော့၏။ သည်လိုနှင့် နောင်နီနှင့်ပတ်သက်သော စိတ်လှုပ်ရှားဖွယ်ရာ နေ့တစ်နေ့သည် ကျွန်မတို့ထံ ထပ်မံရောက်ရှိလာပြန်သည်။

သည်တုန်းက အလယ်တန်း ကလေးတွေကို ကဗျာလွတ်အကသင်ရသည့် တာဝန်ကျနေစဉ်ဖြစ်သည်။ ညနေကျောင်းလွတ်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။





www.foreverspace.com.mm

လျှင် အခြားဆရာမများကဲ့သို့ မပြန်နိုင်သေးဘဲ ကဗျာလွတ်အကကို ကျောင်းရှိဟောလ်ခန်းထဲမှာ သင်ကြားလေ့ကျင့်ကြခြင်းဖြစ်သည်။ ထိုညနေက အလုပ်ထဲ အာရုံနစ်နေ၍ သင်တန်းသိမ်းတော့ နေ တောင်အတော်ညိုနေပြီ။ ဆောင်းတွင်းမို့နေဝင်စော အမှောင်ချဉ်း မြန်တာလည်းပါမည်။ အပြင်ဘက်တွင် မှောင်ရီပင်သမ်းစပြုနေရာ ဤအဆောင်ကလည်း တစ္ဆေခြောက်သည်ဟု သတင်းကြီးနေသဖြင့် ကျွန်မသည် ခပ်မြန်မြန်ပင် အလုပ်ကိုလက်စသိမ်း၍ ပြန်ရန် ကလေးတွေကို နှိုးဆော်ရတော့သည်။

ကလေးတွေရှေ့မှ ထွက်ကြတော့ ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ်လျှက် အခန်းတိုင်းအခန်းတိုင်း သော့ခလောက်ကိုယ်စီနှင့်တံခါးတွေ ပိတ်ပြီးနေပြီ။ ကျွန်မတို့ အကလေ့ကျင့်ရာဟောလ်ခန်းမှ အရှေ့ပေါက်ကိုပင် ဒရဝမ် အဘိုးကြီးပိတ်သွားပြီဖြစ်ရာ အနောက်တံခါးကို ကျွန်မကိုယ်တိုင်သော့ခတ်လျှက် အရှေ့ဘက်မှ ပတ်ပြီးထွက်လာလေသည်။ ထိုအချိန်တွင် မျှော်လင့်မထားသော အဖြစ်အပျက်နှင့် ရင်ဆိုင်တိုးလေသည်။

'ကျွိ' ဒရဝမ်ကြီး ပိတ်သွားသော အရှေ့ဘက်တံခါးရှေ့ မှအဖြတ် သော့ခတ်ထားသော သစ်သားတံခါးကြီးသည် တစ်စုံတစ်ယောက် ပြုမူလိုက်သည်အလား စေ့စေ့ပိတ်ထားရာမှ ကျွီသံပေး၍ ခပ်ဟဟ နောက်ဆုတ်သွားလေသည်။ ဟင်! ထိုတစ်စုံတစ်ယောက်သည် ဘယ်သူဖြစ်မလဲ၊ နောင်နီလား၊ ဗုဒ္ဓေါ နောင်နီအထဲမှာ ကျန်ခဲ့ပြီထင်ပါရဲ့။ ထိုအရှေ့သော့က ကျွန်မမှာ မရှိ။ အနောက်ပေါက်သို့လည်း ပြန်မလှည့်ချင်၊ ဖြစ်ချင်ရာဖြစ် ပစ်ထားရအောင်ကလည်း မနက်ဖြန်ဆို စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်၊ ထိုနှစ်ရက်စလုံး နောင်နီအထဲမှာ ပိတ်မိနေပါက အစာငတ်နေမည်။ ယုတ်စွအဆုံး ကျောင်းရဲ့အထွဋ်အမြတ်ထားရာ ဟောလ်ခန်းထဲ



ချေးတွေပါထားမှ အလိုလိုနေရင်းကျုံးနေရဦးမည့် အဖြစ်ကို စဉ်းစားမိကာ အတော်စိတ်ရှုပ်ထွေးသွား၏။

မဖြစ်ဘူး သည်အတိုင်းထားလို့တော့မဖြစ်၊ အခန်းတံခါးကို ပြန်ဖွင့်ပြီး နောင်နီကို ခေါ်ထုတ်မှ၊ ကျွန်မ အရှေ့ပေါက်သော့ကို ဒရဝမ်အဘိုးကြီးဆီမှာသွားတောင်း၊ ဟောလ်ခန်းဆီပြန်လာ တံခါးသော့ကိုဖွင့်ကာ 'နောင်နီ…လာ…လာ…နောင်နီ လာ…လာ'

ဟောလ်ခန်းထဲမှ ဘာသံမှမကြားရ၊ တိတ်ဆိတ်မြဲတိတ်ဆိတ်နေ၏။ ကျွန်မရှေ့တစ်လှမ်းတိုးကာ အလင်းရောင်နည်းနေပြီဖြစ်သော မှောင်ရီရီ အခန်းတွင်းသို့ ဒုတိယအကြိမ် အသံကမြှင့်လျှက်

'နောင်နီ…နောင်နီ…လာ…လာ'

ထိုအခါ ခွေးတစ်ကောင်၏ အဝေးမှပြေးလာနေသော ခြေသံ၊ ခြေသံက အခန်းတွင်းမှမဟုတ် ကျွန်မနောက်ကျောဘက် အဝေးတစ်နေရာဆီမှ။ ထိတ်လန့်တကြား လှည့်ကြည့်လိုက်တော့ နောင်နီသည် ကျွန်မ ခေါ်သံကြားသဖြင့် အဝေးကြီးမှပြေးထွက်လာနေသည်။ အလို…နောင်နီက အစောကြီးကတည်းက ကလေးတွေနှင့် အတူထွက်သွားတာပါလား။ ဒါဆိုရင် ဟောလ်အခန်းထဲက အရာက မည်သည့်အရာနည်း၊ ကျွန်မအခန်းတံခါးကို အလျင်အမြန်ပိတ်၍ ထိုနေရာမှ အမြန်ဆုံး ထွက်ခွာလာရတော့သည်။

အိမ်ရောက်တော့ ကြောက်စိတ်ကြောင့် နှလုံးခုန်သံ ဒုန်းဒုန်းညံနေပေမယ့် နောင်နီကတော့ ဘာမှမဖြစ်သလို ထိုင်နေကျနေရာမှာ အမြိန့်သားထိုင်နေလေ၏။ ထိုင်လျှင်လည်း လမ်းမဘက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



လှည့်မထိုင် အိမ်သားတွေ မျက်နှာမြင်ရအောင် အိမ်ထဲဘက်သို့ လှည့်ကာမမှိတ်သော မျက်စေ့ဖြင့် ကြည့်နေလေ့ရှိသည်။ ထိုစိတ်လှုပ်ရှားဖွယ်ရာလည်းကောင်း၊ ရယ်စရာလည်းကောင်းသော အဖြစ်အပျက်ကို နောင်နီခမျာမသိရှာသော်လည်း ကျွန်မအဖို့မူ မမေ့နိုင်အောင်ပင် ကဗ္ဗည်းမှတ်တမ်း တွင်ရစ်နေတော့သည်။

"နောင်နီ...'ညိုမီ'ကို ရန်မလုပ်ရဘူး။ ညိုမီကို ရန်လုပ်ကြည့် ဒီမှာတွေ့လား တုတ်"

အိမ်မှာကြွက်ရန် ကြောက်သဖြင့် ကြောင်လည်းမွေးထားသေးရာ ကြောင်မကြီးညိုမီကို သမီးတွေက နောင်နီထက်ပို၍ ချစ်ခင်အရေးပေးလေသည်။ ခွေးထုံးစံမှာ ကြောင်ကိုတွေ့လျှင် အသေလိုက်လေ့ရှိသော်လည်း ကျွန်မတို့တစ်အိမ်လုံး ညိုမီကို ချစ်ခင်ကြောင်းပြနေသဖြင့် နောင်နီသည် ညိုမီကို ကိုက်ဖို့မပြောနှင့် ဟောင်ပင်မဟောင်ရဲရှာပါ။ ထိုအခါ ညိုမီက တစ်ကြိုးတက်ခါ နောင်နီကို အစဉ်အနိုင်ကျင့်လေတော့၏။

သဘောကောင်း မနောကောင်း၊ ရိုးရိုးကြီး နောင်နီကို ညိုမီသည် ပါးကိုအခါခါကုပ်၍ ရန်လုပ်၏။ နောင်နီသည် သခင်မျက်နှာကြည့်၍ ညိုမီကို အခါခါသည်းခံရှာ၏။ ညိုမီတင်မဟုတ် ညိုမီမှမွေးသော 'တော်မီ' 'ဂျင်မီ' တို့ကိုလည်း သည်းခံရှာသည်။

တစ်နေ့တော့ နောင်မီ အစွဲအလမ်းကို ကျွန်မလက်ဖျားခါသွားဖူးသည်။ ရှေ့ကပြောခဲ့ပြီးသလို နောင်နီသည် သခင်ဘယ်သွားသွား အိမ်မှာမနေ တကောက်ကောက်လိုက်လေ့ရှိသည့် အဖြစ်ကို ကျွန်မ သဘောမကျပေမယ့် မနိုင်၍ လျစ်လျူရှုထားရသည်ဟု ...။ ယခု အဖြစ်မှာ ကျွန်မ ဘယ်မှမသွားပါ။ ကျောင်းပိတ်



ရက်ဖြစ်၍ လျှော်ရန်အဝတ်များစုကာ ခေါင်းရင်းမှ ရေချိုးရုံမှာ အဝတ်သွားလျှော်ခြင်းဖြစ်သည်။ နောင်မီသည် အိမ်ရှေ့မှာ ထိုင်နေရာမှ ကျွန်မရှိရာ ရေချိုးရုံရှေ့သို့ ရွှေ့ထိုင်လေသည်။

ကျွန်မစိတ်ထဲ တော်တော်ခံပြင်းသွား၏။ ခွေးတစ်ကောင်၏ ချစ်ခင်စွဲလန်းခြင်းကို ခံရသောလူတစ်ယောက်၏ ခံစားချက်သည် ချိုမြိန်ပီတိတို့ဖြင့် ရွှန်းအိမနေ။ သူ့အနေအထိုင်ကို မကြိုက်လို့ ရိုက်မည်ဆိုလည်း ရွယ်လိုက်သည်နှင့် မျက်စေ့ကလေးစုံမှိတ်ကာ ခေါင်းထိုးခံနေပြန်တော့ မရိုက်ရက်ပြန်။ သူနေပုံထိုင်ပုံက ခွေးနှင့်မတူ သစ္စာရှိငယ်ကျွန်ကြီးနှင့် တူလှ၏။

သူက ဟိုဟိုသည်သည် လမ်းလည်မထွက်တော့ ခွေးချင်းကိုက်သည်ဟူ၍ မရှိ၊ အိမ်ကိုလာသည့် ဧည့်သည်ကိုလည်းမဟောင်၊ ကိုက်ဖို့ဝေလာဝေး၊ တော်သလင်းလ၊ ခွေးကိစ္စကိုလည်း အမေ့မေ့အလျော့လျော့။

တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာအရ ကျွန်မအလုပ်တာဝန်နှင့် ရန်ကုန်ပြောင်းဖို့ ဖြစ်လာတော့ နောင်နီကို မထားခဲ့ချင်ဘဲ ထားခဲ့ရတော့သည်။ ကျွန်မတို့မရှိလျှင် ဟိုတစ်ခါကလို သခင်ပျောက် ရှာနေမှာ အစားအသောက်မစားမှာ နောင်နီ့ရင်ထဲက သံယောဇဉ်ကို မြင်နေရသဖြင့် ကျွန်မတို့ ရန်ကုန်ရောက်သည့်တိုင် အနေမဖြောင့်၊ မြိတ်နှင့်ရန်ကုန် ရေခြားမြေခြားမို့ နိုင်ငံခြားဝတ္ထုတွေထဲကလို သခင်ရှိရာ မိုင်ပေါင်းများစွာမှ လိုက်လံရှာဖွေရောက်ရှိလာသော ခွေးလိမ္မာတို့လို ရောက်လာလေမလားလို့ တိတ်တခိုးမျှော်လင့်မိတာ အခါခါ။

သမီးတို့ဖေဖေကတော့ အလုပ်ကိစ္စနှင့် တစ်လတစ်ခေါက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



နှစ်လတစ်ခေါက် မြိတ်သို့သွားနေသေးရာ သွားတိုင်းနောင်နီအတွက် ထန်းလျက်ခဲများ သယ်ဆောင်သွားလေ့ရှိသည်။ သူပြန်လာလျှင် နောင်နီအကြောင်း ဝိုင်းမေးကြသည်မှာ အမော။ နောင်နီ အပ်ထားခဲ့တဲ့ အိမ်မှာ ပျော်ပျော်ရွှင်ရွှင်ပါပဲတဲ့။ ကျွန်မ နောင်နီအတွက် စိတ်ချသွားသည်။ အင်းလေ…သည်လိုပဲ ဖြစ်ရမှာပေါ့။ နောင်နီလည်း ခွေးတစ်ကောင်ပဲမို့ သခင်အသစ်ဆီမှာ နေသားကျသည်မှာ သဘာဝကျပါသည်။

ကျွန်မတို့လည်း ဝန်းကျင်အသစ်မှာ နေသားကျဖို့ ရုန်းကန်ပြင်ဆင်ကြရသည်။ သည်လိုနှင့် ကာလရထားသည် အလျင်အမြန် ဖြတ်သန်းခုတ်မောင်းသွားသည်။ အချိန်ကြာလာသည်နှင့်အမျှ ကျွန်မတို့အားလုံး နောင်နီကို မေ့လျော့စပြုနေပြီ။ တစ်ခါတစ်ရံ စကားစပ်မိလို့ပြောရုံ၊ လမ်းမှာတစ်ကိုယ်လုံး အနီရောင်ရှိသည့် ခွေးပျိုတစ်ကောင်ကို မြင်လျှင် ငေးမောရပ်ကြည့်ရုံလောက် ကျွန်မအာရုံထဲ နောင်နီသည် ပါးလျှမ့်ဝါးလာသည်။

သည်အခါတွင်မှ…

"နှစ်တွေလည်းကြာပြီမို့ မေ…ခံနိုင်ရည်မရှိမှာစိုးလို့ ဖုံးကွယ်ထားတဲ့ အကြောင်းကလေးဖွင့်ပြောရဦးမယ်။ နောင်နီကလေး….ဆုံးသွားရှာပြီ"

"ဟင်…နောင်နီ ဆုံးပြီး ဟုတ်လား။ ဘယ်တုန်းကလဲ"

"မေတို့ ရန်ကုန်ပြောင်းခါစ သိပ်မကြာဘူး။ နှစ်လ၊ သုံးလအတွင်း လွမ်းနာကျပြီး ဆုံးသွားရှာတယ်"

"ဒီတုန်းက 'ကို' မြိတ်သွားနေတာ နောင်နီအတွက် ထန်းလျက်တွေတောင် ဝယ်သွားသေးတယ် မဟုတ်လား။ ဘယ်လိုက…ဘယ်လို…"

"ဟုတ်တယ်၊ အဲဒီကတည်းက နောင်နီမရှိတော့ဘူး။ မေ



စိတ်မချမ်းမသာဖြစ်မှာစိုးလို့ နောင်နီ ပျော်ပျော်ရွှင်ရွှင်ပဲလို့ ကိုယ်ညာခဲ့တာ"

ကြည့်စမ်း…ဒါဆို နောင်နီ သခင်အသစ်ဆီမှာ နေသားကျနေတာ မဟုတ်ဘူးပေါ့။ ဟိုအရင် တစ်ခါကလိုပဲ ထမင်းမစား ဟင်းမစား တမှိုင်မှိုင်တတွေတွေနဲ့ လွမ်းနာကျခဲ့တာပေါ့။ သူ ခင်တွယ်ခဲ့တဲ့ သခင်ဟောင်းက သူ့ကို မေ့လျော့နေချိန်မှာ သူက သခင်ကို စွဲလန်းစိတ်နဲ့ အသက်စွန့်သွားပါလေရောလား။

နောင်နီ၏ ချစ်ခြင်း ဒီရေသည် ကျွန်မနလုံးသည်ဆိုင်ကို ယခုမှ တရကြမ်း တိုက်စားဖွဲ့ချွေလေပြီ။ ရိုးစင်းသည့် အကြည့်၊ ရိုးစင်းသည့် အနေအထိုင် တွယ်ငင်နှောင်ဖွဲ့သည့် လှုပ်ရှားမှုတို့ကြားတွင် နောင်နီ၏ မယိုင်လဲသော သစ္စာတရားသည် ဘွားဘွားကြီး ပေါ်လာလေပြီ။

သံသရာဆိုတာ အရှည်ကြီးပဲမို့ သွားနှင့်တော့ နောင်နီရယ်…

သံသရာ ခရီးရှည်ကြီးမှာ တစ်ကွေ့တစ်ကောက် ပြန်ဆုံတွေ့တဲ့အခါကျရင်သာ မျိုးတူဇာတ်မခြား လူသားစင်စစ် အဖြစ်နဲ့ တွယ်ငင်နှောင်ငြိ။ အဲသည်အခါ တို့သားအမိလေ…။

မိချမ်းဝေ

၂၀၀၂ ခုနှစ်၊ ရုပ်ရှင်အမြုတေ မဂ္ဂဇင်း။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm

ပြေးလမ်းပေါ်ကသက်လုံ

www.foreverspace.com.mm

## ပြေးလမ်းပေါ်က သက်လုံ

ဟိုင်းဝေးခရီးရှည်ကားလမ်းဟာ စိမ်းစိုတောအုပ်ကို ဖြတ်ကျော်ခဲ့ပြီ။ ကျဉ်းမြောင်းမြောင် တောင်ကြားထဲ တိုးဝင်ခဲ့ပြီ။ ရေအပြည့် လှိုင်းထန်နေတဲ့ မြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ခဲ့ပြီ။ ဘား အံသွား ရွှေခြသေ့်ကားဟာ ခြသေ့်တစ်ကောင်ရဲ့ ရဲရင့်မှုမာန်ဟုန်နဲ့ မွန်ပြည်နယ်ထဲ ခရီးတိုးဝင်ရောက်ခဲ့ပြီ။

ပဲခူးအလွန်မှာ တစ်ခါ၊ သိမ်ဇရပ်မှာ တစ်ခါ၊ စားသောက် အပန်းဖြေရေးနဲ့ ကျန်းမာရေးဆိုပြီး ခေတ္တခဏနားတာကလွဲလို့ "ရွှေခြသေ့်" ဟာ ရှေ့ခရီးဆီမမိုတ်မသုန် ရှန်းဆန့်တိုးဝင်လာ လိုက်တာ ခရီးသည်တွေမှာ စောစောပိုင်းက ခပ်ညံ့ညံ့ မြန်မာဗွီဒီယို ကားကြောင့် ငြိမ်သက်၊ နောက်ပိုင်းခပ်မှုံမှုံ နိုင်ငံခြားအက်ရှင် ကားကြောင့် ငိုက်မြည်း၊ ဤခရီးနီးသလား၊ ညလုံးပေါက်မောင်းမှ ရောက်မည့်ခရီးအတွက် ကြာမြင့်မည့်အချိန်ကာလ ကမ်းပါးစွန်းကို တွန်းဖြိုဖို့ ကြိုးစားနေကြသည်။

ညဦးနက်လာတော့ တီဗွီဖန်သားပြင်ပေါ်မှာ ဘာမှမလာ တော့ဘဲ အေးစိမ့်စိမ့် ညချမ်းကို ပျင်းရိလေးတွဲစွာ ဖြတ်သန်းနေ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

တော့တယ်။ ကားပေါ်ပါလူတွေအားလုံး မိမိတို့ရဲ့ ထိုင်ခုံကျော မှီတွေကို ဖြေလျှော့လို့ အိပ်စက်နားနေကုန်ကြပြီ။ ကားစပယ်ယာတောင် ဒရိုင်ဘာရဲ့ ခြေရင်းမှာထိုင်ပြီး တစ်ဝက်တစ်ပြက် ငိုက်မျည်း၊ ငြိမ်သက်လို့ မအိပ်သူဆိုလို့ ကျွန်မနဲ့ ဒရိုင်ဘာပဲ ရှိမယ်ထင်တယ်။

ကားဒရိုင်ဘာဟာ စပို့ရှပ်အပြာစင်း ဝတ်ထားပြီး မျက်နှာသုတ်ပုဝါအလတ်စားကလေးကို ပခုံးမှာတင်လို့။ မကြာခဏ မျက်နှာသုတ်ပုဝါနဲ့ မျက်နှာကို ပွတ်သုပ်နေတာတွေ့ရတယ်။ ငိုက်မျည်းမှုကို ဖြေဖျောက်နေဟန်တူပါရဲ့။ လူတွေအားလုံး ငြိမ်သက် အိပ်စက်နေချိန်၊ ကက်ဆက် သီချင်းသံကလေးမှ မကြားရ၊ အေးစက်စက် ဆိတ်ငြိမ်ငြိမ် အ,ကာလ ညအချိန်မှာ ဒရိုင်ဘာဟာ သွေးလေး ငိုက်မျည်းမယ်ဆိုလည်း အပြစ်ဆိုဖွယ်မရှိပါဘူး။ ဒါပေမယ့် ကားပေါ်ပါ လူသားအားလုံး အသက်ဟာ သူ့လက်ထဲမှာ ရှိတယ်ဆိုတာတော့ အလေ့အကျင့်ရပြီးသား ဟိုင်းဝေးကားဒရိုင်ဘာ တစ်ယောက်အနေနဲ့ နားလည်လက်ခံပြီးသား ဖြစ်မှာပါ။

နောက်ကြည့်မှန်ထဲက မြင်နေရတဲ့ ဒရိုင်ဘာရဲ့မျက်နှာကို ကျွန်မ မကြာခဏ လှမ်းကြည့်နေရပြီး ဖြစ်ပေါ်လာတဲ့ စိုးရိမ်သောက ပူပန်မှုတွေကို တစ်ယောက်တည်း တွေးပွေ့ထားရတာ ပင်ပန်းလွန်းလှပါတယ်။ ဒီအချိန် ဒရိုင်ဘာအိပ်ငိုက်ပြီး သတိလက်လွတ်ဖြစ်သွားရင် ဘာတွေဖြစ်သွားနိုင်မလဲ။ တောင်အဆင်းမှာ ဘရိတ်မအုပ်မိဘဲဖြစ်သွားပြီး ကားဟာ ချောက်ကမ်းပါးထဲ ထိုးကျသွားမလား။ အချိုးအကွေ့မှာ တစ်ဘက်ကလာတဲ့ ကားကို သတိမထားမိဘဲ အရှောင်အတိမ်း လွဲချော်မှုကြောင့် အန္တရာယ်ဆိုးနဲ့ ရင်ဆိုင်တိုးရဖွယ် ဖြစ်သွားမလား။ မဆုံးနိုင်တဲ့ပူပန်မှု ယက္ကန်းချည်မျှင်ရှည်က ကျွန်မကို အထပ်ထပ်ရစ်ပတ်နေပါတော့တယ်။



ပူပန်မှုဟာ ကြောင့်ကြမှုက ပေါက်ဖွားလာတာဆိုရင်တော့၊ ထိုကြောင့်ကြမှုဟာလည်း အကြောက်တရားမှ ဆင်းသက်လာတာဖြစ်မှာပါ။ ဟုတ်တယ်။ အကြောက်တရား…။ လူတွေသေရမှာ ကြောက်ကြတယ်။ မိမိရဲ့အသက်ဇီဝကို စွန့်လွှတ်ရမှာ စိုးကြောက်တယ်။ လူမှမဟုတ်ပါဘူးလေ။ သက်ရှိ သတ္တဝါမှန်သမျှပေါ့။ ရသရွေ့ရသမျှ စက္ကန့်ပိုင်း မိနစ်ပိုင်း ကလေးဖြစ်ဖြစ် ဖက်တွယ်ရှင်သန် နေချင်ကြတယ်။

မမြဲတဲ့ ရုပ်နာမ်ကိုပဲ မြဲသယောင် ကုတ်တွယ်ထားချင်ကြတယ်။ ဒီအကြောက်တရားက ကျွန်မကို ခေါ်ချေးပြန်အောင် နှိပ်စက်နေတာပေါ့။

ကျွန်မ ဖြတ်လတ်သန်မာတုန်း အရွယ်ဘဝကို ဖက်တွယ်ထားဆဲကာလမှာ အသက်အရွယ် ကြီးရင့်အိုမင်းလှပြီဖြစ်တဲ့ ကျွန်မဖေဖေဟာ ဘဝရဲ့ နေဝင်ချိန်ကလေးကို နှမျောတသစွာ ဆုပ်ကိုင်ဖက်တွယ်နေပေလိမ့်မယ်။ အခုနေဆို ဖေဖေတစ်ယောက် ဘယ်လိုဝေဒနာမျိုးနဲ့ရင်ဆိုင်နေရပါလိမ့်မယ်။ ကျွန်မဖေဖေဝေဒနာတွေမျှဝေခံစားချင်စမ်းပါဘိ။

"ဖေဖေကျန်းမာရေးမကောင်း အမြန်လာ"

ရင်တုန်လှိုက်မောဖွယ်ရာတွေ ပြည့်ဝပျော်ဝင်နေတဲ့ ကြေးနန်းစာရဲ့ ခြောက်လန့်မှုဟာ ဆယ်နှစ်တာကာလမှာ ကျွန်မကို တစ်ကျော့ပြန် ခြိမ်းခြောက်နေပါရောလား။ လွန်ခဲ့တဲ့ ဆယ်နှစ်က တစ်ခုသော ဆောင်းရက်မှာ သည်လိုကြေးနန်းစာမျိုးကို လက်ခံရရှိပြီး သည်လိုခရီးဝေးကို ဖြတ်သန်းရောက်ရှိခဲ့ပေမယ့် မေမေရဲ့အသက်ကို မမှီလိုက်ရတဲ့ သမီးတစ်ယောက်ရဲ့ ပရိဒေဝကို ပြန်ပြောင်းလို့ မတွေးချင်တော့ပါဘူး။

သည်တုန်းက ခရီးရောက်မဆိုက် မေမေရဲ့ အလောင်းစင်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရှေ့မှာ ပျော့ခွေသွားတဲ့ သမီးရဲ့ ခန္ဓာကိုယ်ကို ပွေ့ငင်ထိန်းမတ်ပေးခဲ့တာ ဖေဖေလေ။ သမီးရဲ့မေမေဟာ ဖေဖေရဲ့ချစ်ဇနီးပေပဲမို့ ပူပန်မှုလှိုင်းတံပိုးဟာ သမီးတို့ထက် ဖေဖေရင်မှာ နှစ်ဆတိုးနေမှာ သေချာပါတယ်။ သည်တုန်းက အသက်ရှစ်ဆယ်ကျော် ဖေဖေဟာ အိုပေမယ့် စွမ်းနေသေးတဲ့ ခြေလက်အစုံနဲ့ သားသမီးတွေကို နှစ်သိမ့်ခဲ့၊ ဖေးကူခဲ့၊ အားပေးခဲ့ နာရေးကိစ္စတစ်လျှောက်လုံး ဖခင်တစ်ယောက်ရဲ့ တောင့်တင်းခိုင်ကျည်မှုမျိုးနဲ့ ရှေ့ကနေ ရှေ့ဆောင်ရှေ့ရွက်ပြုသွားခဲ့တာ ထင်မှတ်မထားနိုင်လောက်အောင် ရင့်ကျက်မှုတွေ ပြည့်ဝနေပါကော။

ရပ်ရွာထုံးစံမေမေရဲ့ သက်မဲ့အရုပ်အလောင်းစင်ရဲ့ ခေါင်းရင်းမှာ ထမင်းဟင်းပန်းကန်ကိုတင် ဖယောင်းတိုင် အမွှေးတိုင်တွေနဲ့၊ မေမေမရှိတော့ပေမယ့် မေမေရှိသယောင်ပြုကြတဲ့ အပြုအမူကို ဖေဖေကန့်ကွက်ဟန့်တားရှာတယ်။

"သမီးတို့ရေ ... ဒါတွေသိမ်းလိုက်ကွယ် ... ဒါဟာ သမီးတို့ မေမေမဟုတ်တော့ဘူး။ ဘာမှကျွေးစရာမလိုတော့ဘူး။ ဘာမှမဟုတ်တော့တဲ့ ရုပ်ခန္ဓာကြီးကို ဘာမှကျွေးစရာမလိုတော့ဘူးလေ။ တော်တော်ကြာ ဖေဖေ အဘိဓမ္မာမိတ်ဆွေတွေလာလို့ တွေ့သွားရင် ကဲ့ရဲ့စကားဆိုကြလိမ့်မယ်"

ရပ်နာမ်သခါရကို အဲဒီလို နားလည်သဘောပေါက်တဲ့ ဖေဖေဟာ သူချစ်တဲ့ဇနီးရဲ့ ခွဲထားချန်ရစ်ခဲ့မှုအပေါ် ဖြေမပြေနိုင်ခဲ့ပေမယ့် သားသမီးတွေ စိုးရိမ်သလိုတော့ မဖြစ်ခဲ့ပါဘူး။

"တချို့အဘိုးကြီး အဘွားကြီးတွေ တစ်ယောက်သွားရင် တစ်ယောက် မခြားဘဲ လိုက်လေ့ရှိတယ်"

ဆိုစကားအရ ဖေဖေအရိပ်အကဲကို ပူပန်တကြီး စောင့်ကြည့်နေကြပေမယ့် ဖေဖေကတော့ ဣန္ဒြေရရပါပဲ။ မေမေ မမာ



မကျန်းဖြစ်တဲ့ နှစ်ကာလတွေမှာ ပြုစုလုပ်ကိုင်ပေးရတဲ့ ဗာဟီရဝတ္တုရားတွေ လွတ်မြောက်သွားတဲ့ ဖေဖေဟာ အရင်ကထက်ပိုပြီး လူမှုရေး လုပ်ငန်းတွေ လုပ်ဖြစ်ခဲ့ပြန်တယ်။ ဘိုးဘွားရိပ်သာလို၊ ပရိယတ္တိစာသင်တိုက်လို အသင်းအပင်းဌာနတွေမှာ ပရဟိတလုပ်ငန်းတွေနဲ့ နှစ်ကာလအတော်များများဖြတ်ကျော်ခဲ့တဲ့ ဖေဖေဟာ မေမေဆုံးပါးပြီးတဲ့ နောက်မှာလည်း မလျှော့တဲ့ဇွဲနဲ့ မလွန်ဆန်လှူအသင်းမှာ တာဝန်ထမ်းဆောင်ဖြစ်ပါသေးတယ်။ အဲဒီ ပရဟိတလုပ်ငန်းတွေဟာ ဖေဖေရဲ့အထီးကျန်မှုကို အထိုက်အလျောက်ဖြေဖျောက်ပေးခဲ့ဟန်တူပါတယ်။ မှန်တံခါးရဲ့ အပြင်ဘက်ကို မျှော်ကြည့်မိတော့ အရှေ့ဘက်ဆီမှ အလင်းတစ်စဟာ မဝံ့မရဲ တိုးဝင်လာနေပါပကော။ ရောင်နီလာတော့မည်ထင်ပါရဲ့။ နာရီကြည့်လိုက်တော့ နံနက်ငါးနာရီထိုးလုလု ပွင့်အာလုလု ကြာပဒုံရဲ့ အရောင်အသွေးနဲ့ သူရိန်နေမင်းရဲ့ တစ်နေ့တာ ခရီးစတင်ဖို့ ခြေလှမ်းအသစ်ဟာ လူသားတွေကို အားသစ်တွေ သွန်းဖြန်းပေးဖို့ အရှိန်ယူနေပါပြီ။

ပျို့အန်ကျလာတဲ့ အလင်းတစ်စရဲ့ ဖြန့်ကျက်မှုအောက်မှာ ဘွားဘွားပေါ်လာတာက "အလံတစ်ရာ" စေတီတော်။ ဒေသခံ မွန်-ဗမာ-ရှမ်း-ပအိုဝ် လူမျိုးတို့ရဲ့ အထွဋ်အမြတ် စေတီတော်ကိုမြင်တော့ ဖေဖေ့ကို လွမ်းစိတ်တွေ မြိုသိပ်မနိုင်ဖြစ်လာရပြန်တယ်။

"အလံတစ်ရာစေတီတော် ပရဝဏ်မြေနေရာကို ဖေဖေကိုင်တိုင် တိုင်းတာပေးခဲ့တာပေါ့။ ဒါကြောင့် အလံတစ်ရာ ဆရာတော်ကို ဘယ်လိုအကြောင်းကြောင့်ဖြစ်စေ ဖေဖေ့နာမည် ပြောလိုက်တာနဲ့ အပူဇော်ခံ အဖူးမြော်ခံ ထွက်လာလိမ့်မယ်"

ကျွန်မတို့ ဖေဖေ့အရိပ်ကိုခိုမှီခိုပြီး အလံတစ်ရာ ဆရာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



တော်ရဲ့ ကရုဏာရိပ်မှာ ခြွေးသိပ်ခဲ့တာ အကြိမ်ကြိမ်ပေါ့။ အလံတစ်ရာဘုရားကို သွားကြတဲ့အခါ ဘုရားလည်းဖူးရ၊ ဆရာတော်လည်းဖူးရ၊ ဖေဖေ့မိတ်ဆွေ ရှမ်း-ပအိုဝ်ကြီးတွေ ကျွေးတဲ့ သက်သက်လွတ် ထမင်းဟင်းကိုလည်း မြိန်မြိန်စားရ၊ ပဲပုတ်ကြော်၊ ဝဥသုတ်၊ ပဲပြားဆီပြန်၊ သီးစုံဟင်း၊ ကဒတ်ခြောက်မီးဖုတ်ဆီဆမ်းစတဲ့ ထူးခြားတဲ့ အရသာကို ပေးနိုင်စွမ်းတဲ့ သက်သက်လွတ် ထမင်းပွဲကတော့ တစ်သက်မမေ့နိုင်စရာပါ။

နောက်ဆုံးအခေါက် အလံတစ်ရာမှ သက္ကတောင်သို့ ဆရာတော်ကြွသွားတော့ ဖေဖေနဲ့သမီး အတူရောက်ခဲ့ကြသေးတယ်။ သက္ကတောင်ရဲ့ မြင့်မားမတ်စောက်တဲ့ မြေနီလှေခါးထစ်တွေကို အားခဲတက်ဆင်းခဲ့တဲ့ ဖေဖေရဲ့ လေးတွဲ့တွဲ့ ခြေလှမ်းတွေကိုကြည့်ပြီး သမီးအလိုကို မငြီးမငြူ လိုက်လျောလေ့ရှိတဲ့ ချစ်ခင်မှုတွေကို အလွဲသုံးစားပြုရာများ ကျလေမလားလို့ တွေးမိပေမယ့်လည်း ဒီအတွေးက ခဏကလေးပါ။

ဖေဖေဟာ လမ်းလျှောက်တဲ့အခါ သူ့ရဲ့ ကြီးမားပြန့်ကားတဲ့ ခြေဖဝါးကြီးတွေကို အသုံးပြုပြီး လေးလေးပင်ပင်ကြီး လျှောက်လေ့ရှိတယ်။ တုတ်ခိုင်သန်မာစွမ်းတဲ့ ခန္ဓာကိုယ်နဲ့မလိုက် တစ်ချိန်က ဖြတ်လတ်သွက်လက်မှုတွေဟာလည်း အသက်အရွယ် ကြီးရင့်မှုရဲ့ ပွတ်ချေတိုက်စားမှုကြောင့် ချိနဲ့လေးပင် ခဲ့ရပြီ။

ဟော...ဘာလိုလိုနဲ့ ရွှေခြသေ့ဟာ သထုံတောင်ဝင်လာပါပကော ဆောင်းအခါမှာ နှင်းခမောက်ကို ဆောင်းလေ့ရှိတဲ့ မြသပိတ်တောင်ဟာ အခုအချိန်မှာတော့ မိုးသားတိမ်ရိပ်တွေကြားမှာ ပုန်းခိုနေလေရဲ့။ ကျွန်မစိတ်နှလုံးတွေ ဒုံးဒုံးမြည်ဟီးလို့ အလင်းဖြာစ မြို့အဝင်အလှကို အငမ်းမရကြည့်လိုက်တော့ မြင်ကွင်းတွေက ယခင်ကလိုပဲ စိမ်းလန်းကြည်လင် လို့နေတယ်။ ပျိုးပင်



တွေ ယိမ်းနွဲ့ရှင်သန်နေတဲ့ လယ်ကွင်းစိမ်းစိုတွေနဲ့ ဂေါ်ဖီ၊ မုံလာစိုက်ခင်းတွေဟာ နေခြည်ပြောက်အောက်မှာ ရွှေရည်သောက်ဖို့ ငံ့လင့်နေကြတယ်။

မြို့အဝင် လိပ်အင်းရပ်ကွက်အလွန် ကျောင်းကုန်းထိပ်ရောက်တော့ ကျွန်မ မနေနိုင်တော့ဘူး။ ရွှေခြသေ့ရဲ့ မှန်တံခါးကို အားကုန်တွန်းဖွင့်လိုက်တော့တယ်။ နံနက်ခင်းလေနုအေးရဲ့ ပြေးပြေးဖြန်းဖြန်း နှုတ်ဆက်မှုမှာ မိုးမှုန်ကလေးတွေ ကပ်ပါလာပေမယ့် ကိစ္စမရှိဘူးလေ။ ဒါဟာ ကျွန်မတို့ ဇာတိမြေရဲ့ အေးမြစိမ်းစိုမှုပေပဲ။ မိုးတွင်းမှာမိုးရွာတာ မှန်ပြည်နယ်အတွက် အဆန်းတကျယ်မဟုတ်ပါဘူး။ အဆန်းတကျယ် မဟုတ်တာကို အဟုတ်လုပ်နေတာက ကျွန်မရဲ့စိတ်ပါပဲ။ ကျွန်မရဲ့စိတ်ဟာ ကျောင်းကုန်းထိပ်ရောက်လေ ဂနာမငြိမ်လေပါပဲ။ ရွှေခြသေ့ဟာ ကျောင်းကုန်းလမ်းထိပ်ကနေ ပြောလျှာပြေးဆင်းပြီးတဲ့အခါ မင်းလမ်းမကြီးအတိုင်း လျှက်စစ်ဓာတ်အားပေး စက်ဝင်းကြီးကို ဖြတ်ပါတယ်။

တကယ်ဆို ကျွန်မ ဒီနေရာမှ ဆင်းရမှာလေ။ မီးစက်ဝင်းကြီးနဲ့ ကပ်လျက်ခြံဟာ ကျွန်မမွေးဖွားရာ ချက်မြှုပ်ရာခြံပါ။ ကျွန်မကို ဒီခြံမှာမွေးတယ်။ ကျွန်မ ဒီခြံမှာကြီးတယ်။ ပြီးတော့ ကျွန်မမေမေ ခေါင်းချသွားတဲ့အိမ်ကလေး ဒီခြံထဲမှာရှိတယ်။

အခုတော့ ဒီခြံကလေးဟာ ကိုယ်နဲ့ဘာမှမဆိုင်တော့သလို၊ ကျွန်မကို စိမ်းစိမ်းကြည့်နေလိုက်တာ။ ငါ့ခြံ၊ ငါ့မြေ၊ ငါ့အိမ်ဆိုတဲ့ အတ္တတံဆိပ်ခပ်နှိပ်ထားတဲ့ ပိုင်ဆိုင်မှုတွေ ဘယ်မှာရှိတော့လို့လဲ။ နှမြောတသခြင်းလောက် မပြင်းထန်တဲ့ အရောင်ဖျော့ဖျော့ ရမ္မက်အပျော့စားကလေးကြောင့် ရင်ထဲမှာ ဟာတာတာ ခံစားမှုကလေးဖြတ်ပေးသွားတာကိုတော့ ခပ်ရှက်ရှက်နဲ့ ဝန်ခံရတော့မှာ ထင်ပါရဲ့။

ရွှေခြသေ့ဟာ မီးစက်ဝင်းကြီးရှေ့က အရှိန်မလျှော့ဘဲ၊

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ဖြတ်သန်းသွားတဲ့အချိန်မှာ ကျွန်မစိတ်တွေ မေမေ ခေါင်းချရာ ခြံကလေးထဲမှာ ကျန်ခဲ့ပါတော့တယ်။

* * * * *

ကြီးမားကျယ်ပြန့်တဲ့ နဖူး၊ ရှည်လျားချွန်ထက်တဲ့ နှာခေါင်းနဲ့ အလျားရှည်ပါးစပ် တစ်ခုကို ပိုင်ဆိုင်တဲ့ ဖေဖေဟာ လူချော လူလှ စာရင်းထဲ မပါဝင်ပေမယ့် လူသန့်လူခန့်တစ်ဦး ဖြစ်ခဲ့တယ်ဆိုတာ ငြင်းပယ်စရာမရှိပါဘူး။

အခု အဲဒီသန့်ပြန့်ခန့်ထည်မှုတွေ ဘယ်ဆီပြေးပုန်းပျောက်ကွယ်ကုန်ပြီလဲ။ တစ်ချိန်က စူးရှတောက်ပြောင်ခဲ့တဲ့ မျက်ဝန်းအစုံဟာ မျက်သားမျက်ခွံရဲ့ အိတွဲကျမှုကြောင့် မျက်လုံးအိမ်ပိတ်လုမတတ်ဖြစ်နေပြီး၊ အသားစိုင်ကင်းမဲ့နေတဲ့ ပါးပိန်ပိန်ဟာ အလျားရှည်ပါးစပ်ကို ပုံမှန်အနေအထားကနေ ရွဲ့စောင်းသွားစေဖို့ တွန်းအားပေးနေသလို၊ ဟိုတစ်ချောင်း သည်တစ်ချောင်းသာ ကျန်တော့တဲ့ သွားတွေကလည်း နှုတ်ခမ်းရဲ့ ပုံပန်းသဏ္ဌာန်တွေကို ပျက်ယွင်းစေပါတယ်။

ဖေဖေ ဒါဟာ ကျွန်မဖေဖေ ဟုတ်တော့လို့လား။ နုပျိုခြင်းတွေဟာ အိုမင်းရင့်ရော်မှုရဲ့ ရက်ရက်စက်စက် အပိုင်းစီးသိမ်းပိုက်မှုအောက်မှာ ဖရိုဖရဲအပြိုအလဲပါလား။ ကျွန်မ ဖေဖေ့ ပါးနှစ်



ဘက်ကို အုပ်ကိုင်လိုက်ပေမယ့် ဖေဖေမှတ်မိသိရှိပုံမပေါ်ဘူး။ အစ်ကိုငယ်က ဖေဖေသုံးနေကျ နားကြပ်ကလေးကို နားထဲထည့်ပြီး ဖေဖေနဲ့ ဆက်သွယ်ဖို့ ကြိုးစားကြည့်တယ်။

“ဖေဖေ သားခါနေတာ ကြားလား”

ဖေဖေရဲ့ မျက်လုံးနဲ့ နှုတ်ခမ်းအလှုပ်က သိရှိကြောင်း ပြတယ်။

“အခု ဖေဖေ့ သမီးရောက်လာပြီ။ ရန်ကုန်က သမီးလေ။ ဖေဖေသိလား”

နှုတ်ခမ်းက လေသံကလေး ထွက်လာပြီး အကြည့်က တစ်နေရာတည်း တည်ငြိမ်နေတယ်။ ဒါဆို ဖေဖေ အသိစိတ်ထဲမှာ ကျွန်မပုံရိပ်ကို မဆုပ်ကိုင်၊ မဖမ်းမိဘူးဆိုတဲ့သဘော။ ကျွန်မကို ဖေဖေ မမှတ်မိပါလား။ လည်ချောင်းထဲ စူးနင်နင်ကြီးဖြစ်လာပြီး ဝမ်းနည်းအားငယ်စိတ်တို့ လှိုက်ခနဲ ပြေးတက်လာတယ်။

“ဖေဖေ စဉ်းစားပါဦး … ဖေဖေ အချစ်ဆုံး သမီး …. လေ”

အစ်ကိုငယ်က ဖေဖေကိုယ်တိုင် မှည့်ခေါ်ခဲ့တဲ့ ကျွန်မ နာမည်ကို ခပ်ကျယ်ကျယ် ရွတ်ပြနေပေမယ့် ထူးခြားမလာခဲ့ဘူး။ သည်နာမည်နဲ့ ပတ်သက်ပြီး ကျွန်မ ဖေဖေ့အပေါ် အမြဲတန်း အပြစ်ဖို့ငြူစူနေကျ။

“ဖေဖေပေးတဲ့နာမည်က ခေတ်လည်းမမီဘူး”

“ခေတ်မီပါတယ် သမီးရဲ့ စနေသမီးကို ဗုဒ္ဓဟူးနံနဲ့ တွဲစပ်မှည့်ထားတာ ဘယ်လောက်ကောင်းလဲ”

“မကောင်းပါဘူး၊ လှလည်းမလှ ကဗျာလည်း မဆန်ဘူး၊ တကယ်ဆို သမီးနာမည်က နှယ်နှယ်ထွန်းတို့ ဝါဝါထွန်းတို့ ဖြစ်သင့်တာပေါ့ ဒီနာမည်ကို တစ်ယောက်ယောက် ခေါ်လိုက်တိုင်း ကိုယ့်ကို

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မခေါ်သလို ခံစားရတယ်"

ဖေဖေဟာ ကျွန်မရဲ့ စာဒကတက်မှုကို ခပ်ပြုံးပြုံးလေး ကြည့်နေခဲ့ပေမယ့် ထိုနာမည်ကိုပဲ စွဲစွဲမြဲမြဲ အသုံးပြုစေခဲ့တယ်။ ဖေဖေက မလျှော့သလို ကျွန်မရဲ့ လိပ်ပြာမလုံစိတ်ကလည်း လျော့နည်းသွားတယ်မရှိဘူး။ "အချစ်ဆုံးသမီးမို့ ဖေဖေ့နာမည် "ထွန်း" တစ်လုံးကို အဖျားဆွတ် သုံးထားတာပေါ့" ဆိုသည့် စကားနှင့်ပဲ ကျေနပ်ခဲ့ရသည့် ငယ်ဘဝသည် ခပ်ဝေးဝေးမှာ ကျန်ခဲ့ပြီ။

ဖေဖေ ပေးတဲ့နာမည်ကို စိတ်တိုင်းမကျခဲ့တဲ့ ကျွန်မဟာ ကျွန်မစိတ်ကြိုက် ကလောင်နာမည် တစ်ခုရွေးကာ စာပေလောက ထဲဝင်တော့ ထိုနာမည်နှင့်ပင် နေရာကလေးတစ်ခုရလာသည်။ ကျွန်မရဲ့ ဝတ္ထုတိုပေါင်းချုပ် "မမာရင်ကွဲ" ထွက်တော့ ဖေဖေ့ဆီ ပို့လိုက်ရာ ထိုစာအုပ်ကို လက်မှမချ လာသမျှဧည့်သည်ကို တထုတ်…ထုတ်…တပြပြနှင့်ဖြစ်နေသတဲ့။ ဟောဒါ ငါ့သမီးရေးတဲ့စာအုပ်၊ အထဲမှာ ဝေလတို့၊ အိုမကန်းတို့၊ နှင်းဆွတ်သဇင်တို့…။ ဖေဖေက ကျွန်မ ဇာတ်ကောင်များနှင့် ဇာတ်လမ်းကိုပါ ပြောနိုင်သည်က အိုမင်းရင့်ရော်နေသော အသက်နှင့်ပင်မလိုက်။ ဟိုတုန်းက မျက်စိတစ်ဖက်မှုတ်မိကို ရန်ကုန်မှာလာခွဲသွားပြီး တောက်လျှောက်သမီးရေးသည့် စာတွေကို တစ်စိုက်မတ်မတ် ဖတ်ရှုလေ့လာဝေဖန်အားပေးခဲ့သည့် ဖေဖေ၊ ကျွန်မရဲ့ အောင်မြင်မှုကို လက်ခုပ်သြဘာပေးခဲ့သည့် ဖေဖေ။

ပြီးခဲ့သည့်ဆောင်းက ကျွန်မရင်းငြိမ်၊ ဇင်းကျိုက်ကျေးရွာများသို့ ဟောပြောပွဲအသွား ဖေဖေ့ဆီ အပြေးအလွှား ဝင်ချသွားတော့ သမီးကို ဝမ်းပန်းတသာကြိုရှာတယ်။

"တခြားဧည့်သည်တွေ ပါဦးမယ်ထင်လို့ ဖေဖေ ရှိုးထုတ်



ပြီး စောင့်နေတာကွဲ့"

ဟုတ်ပါ့ ဖေဖေ ရှပ်အင်္ကျီလက်ရှည်အဖြူနဲ့ လုံခြည်အကွက်တုံးကြီးဝတ်ပြီး သပ်သပ်ရပ်ရပ်နဲ့ သမီးနဲ့အပေါင်းအသင်းတွေကို ကြိုဆိုလို့ပါလား။

အဲဒီအခေါက်က သားသမီးတွေအပေါ်မှာထားတဲ့ ဖေဖေ့သဘောထားတွေ တိတိပပ မြင်လိုက်ရတယ်ဆိုလည်း မမှားပါဘူး။ ကျွန်မတို့ မောင်နှမတွေနဲ့ ဖေဖေပြုလုပ်ဖြစ်တဲ့ ဆွေးနွေးပွဲကလေးက ရယ်ပွဲဖွဲ့စရာကလေးပါ ဒီလိုလေ၊ ဖေဖေက နားမကြားတာ ကြာပါပြီ။ စကားပြောရင် အော်ပြီးပြောရတယ်။ သူတစ်ပါး မကြားစေလိုတဲ့ စကားဆို စာနဲ့ရေးပြောရတယ်။ ဖေဖေက တစ်ခွန်းပြောလိုက် ကျွန်မတို့က စာရွက်ပေါ်မှာ ပြန်ဖြေရေးလိုက်နဲ့ အတော်ကို ဟုတ်နေကြတာ။

"ဖေဖေ အသက်ထင်ရှားရှိတုန်း ဒီအိမ်နဲ့ခြံကို ရောင်းပြီး သားသမီးတွေကို အချိုးကျ အမွေခွဲပေးချင်တယ်" (ဖေဖေနှုတ်နဲ့ပြော)

"အိမ်နဲ့ခြံရောင်းလိုက်ရင် ဖေဖေ ဘယ်မှာနေမှာလဲ" (ကျွန်မတို့ စာရွက်နဲ့ချရေး)

"ဖေဖေလား … သားအငယ်နဲ့ နေမှာပေါ့" (ဖေဖေ နှုတ်နဲ့ပြော)

"ဘယ်လောက်ရရင် ရောင်းမယ်စိတ်ကူးလဲ" (ကျွန်မတို့စာနဲ့ရေး)

"ဒါကတော့ ကာလပေါက်ဈေးပေါ့ ရောင်းပြီး သားသမီးတွေနဲ့ ဖေဖေ အပါအဝင် ငါးပုံ ပုံ။ သားငယ်က ဖေဖေအပုံရော ဖေဖေ့ကိုပါယူပေါ့" (ဖေဖေနှုတ်ဖြင့်ပြော)

သည်တုန်းက သတိကောင်းကောင်းဖြင့် စီမံခန့်ခွဲနိုင်ခဲ့တဲ့

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ဖေဖေဟာ အခု ရှစ်လကိုးလအတွင်း ပြောင်းလဲသွားလိုက်တာ မှတ်ဉာဏ်တွေ လေးလံထိုင်းမှိုင်းကုန်ပါရောလား။

မီးစက်နားက ခြံနဲ့အိမ်ကို ဖေဖေစွဲနေတာထင်ပါရဲ့။ မေမေနဲ့နှစ်ပေါင်းများစွာ ထူထောင်တည်ဆောက်ပြီးနေခဲ့တဲ့ နေရာဆိုတော့ စွဲမယ်ဆိုလည်း စွဲလောက်ပါရဲ့။ ခြံကိုရောင်းဖို့ ဈေးမတည့်ခင် လူငှားတင်ပြီး ဒီနေရာကိုလည်း ရှေ့ရော ဖေဖေလည်း ဖောက်တော့တာပဲ။ ငါ့အိမ်ကို ပြန်မယ် … ပြန်မယ် … နဲ့။ ဥပုသ်နေ့ဆိုလည်း ဥပုသ်နေ့မှန်းသိသွားတာနဲ့ မလွန်ဆန် အလှူခံလိုက်မယ် တကဲကဲဖြစ်ပါရော။

"အခုလောလောဆယ် ဘာရောဂါမှ မရှိပေမယ့် ဖေဖေ့ ခြေလက်တွေ အကြောအခြင်တောင့်တင်းပြီး မထနိုင်မထိုင်နိုင် တော့ဘူး။ မှတ်ဉာဏ်လည်း ပုံမှန်မဟုတ်တော့ဘူး။ အသိက ကပ်တစ်ချက် မကပ်တစ်ချက်ပေါ့။ တစ်လောတုန်းက ထိုင်ရက် ထမင်းကျွေးရင်း အစာနင်လို့ သတိလစ်သလိုဖြစ်ပြီး မနည်းလုပ် လိုက်ရသေးတယ်။ အခုအိပ်ယာထဲမှာ ခပ်စောင်းစောင်းလေး အစာပျော့ပျော့တွေ စီမံပြီး ကျွေးရတယ်။ ဝမ်းသာစရာက ဘာ ကျွေးကျွေးစားနိုင်သေးတယ်။ ဆီးဝမ်းကိစ္စတော့ ပုဆိုးထဲမှာပဲ ကိစ္စ ပြီးစေတယ်။ ထထိုင်ဖို့ မနိုင်တော့တဲ့ အနေအထားမဟုတ်လား"

အနီးကပ်ပြုစုပေးနေတဲ့ အစ်ကိုငယ်ဇနီး မမဝင်းရဲ့ စကားက အဖေရဲ့နောက်ဆုံးအချိန်ကို ပြနေပါပကော။ မီးစာကုန် ဆီခမ်းတဲ့၊ ဖေဖေ့အတွက် အချိန်တွေ တကယ်ပဲနည်းနေပြီလား။ ဖြစ်နိုင်ရင် ကာလလက်တံတွေကို ကျွန်မနောက်ပြန်လှည့်လိုက်ချင် ရဲ့။ နေပါဦး၊ ဖေဖေမသွားပါနှင့်ဦး။ ဘယ်လိုအနေအထားမျိုး ဖြစ်ဖြစ် ဖေဖေရှိသေးတယ်ဆိုတဲ့ ခွန်အားကလေးကို ကံကြမ္မာ ဆီမှာ အသနားခွင့် ခံယူချင်လှပါတယ်။



အိပ်ယာထဲပက်လက် လူမမာတစ်ယောက်ရဲ့ ဝေယျာဝစ္စ ကုသိုလ်ကို ယူနေတဲ့ မမဝင်းကို ကျွန်မစိတ်ထဲ လေးစားစွာ ဦးညွတ် လိုက်မိတယ်။ ဒီကုသိုလ်မျိုးက ရခဲတဲ့ ကုသိုလ်ဖြစ်သလို ဒီစိတ် ထားမျိုးက ထားတတ်မှမြတ်တယ် မဟုတ်လား။ လွန်ခဲ့တဲ့ ငါးနှစ်ခန့် က ဖေဖေရန်ကုန်မှာ မျက်စေ့ခွဲဖို့ ကျွန်မတို့အိမ်ရောက်လာတော့ ကျွန်မမှာ ဖေဖေ့ကို အပိုင်ရပြီဆိုပြီး ဝမ်းသာလိုက်တာ။ ဖေဖေ ကတော့ ကျွန်မတို့အိမ် တိုက်ခန်းကျဉ်းကျဉ်းကလေးကို ဘယ်လိုမှ ဘဝင်မကျ။ အိမ်ရှေ့မှ အိမ်နောက်ဆုံးအောင်လျှောက်၍ "သမီး တို့အိမ် ဒါအကုန်ပဲလားကွဲ့" ဟု မေးရှာသည်။ မျက်စေ့ခွဲပြီး လေးငါးလအကြာ ပြန်မယ်၊ ပြန်မယ် ဖြစ်ပါတော့တယ်။

"မိုးတွေရွာနေပြီ။ အိမ်မမိုးရသေးဘူး။ သမီးငယ်တို့ သားအမိ ဒုက္ခရောက်နေတော့မယ်။ ဖေဖေပြန်မှ ဖြစ်မယ်ကွဲ့"

ယခုတော့ ဖေဖေ ပူပန်ခဲ့သည့် ထိုသမီးက ဖေဖေ့ကို ထားပြီး ရာထူးကြီးကြီးရှိရာ၊ နယ်စွန်နယ်ဖျားမှာ ရောက်နေတော့ တယ်။ ဖေဖေက ကျွန်မနှင့်လည်းမနေနိုင်၊ သူ့သမီးငယ်နှင့်လည်း နေခွင့်မကြုံ။ ယခုတော့ အခြေအနေတစ်မျိုးပြောင်းကာ သားအ ငယ်ဆီရောက်နေရပြန်တယ်။ အိပ်ယာထဲလဲတော့ ဘက်ဆိုးအနာ တွေပေါက်လာမှာစိုးလို့ နာရီခြားနဲ့ လှည့်ပြောင်းပေးနေရတဲ့ အစ်ကိုငယ်ကိုယ်တိုင်က ဆူဖြိုးတဲ့ခန္ဓာကိုယ်နဲ့မို့ ဖေဖေခန္ဓာကို လှည့်ပြောင်းတဲ့အခါ အခက်အခဲတွေနှင့်ပါ။

ကြီးမားတုတ်ခိုင်တဲ့ ခြေဖဝါးကြီးတွေကို ပိုင်ဆိုင်ထား ပေမယ့် အခုအချိန်မှာဘာမှာ အသုံးမတည့်တော့ပါလား။ ဖေဖေ ရယ်။ နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေး၊ ပြည်တွင်းစစ် ရောင်စုံသူပုန်တွေရဲ့ ရမ်းကားမှု ခေတ်စနစ်များစွာကို တွန်းတိုက် စီးဆင်းခဲ့ရလို့ ဖေဖေလျှောက်ခဲ့ရတဲ့ ခရီးဟာ ကြမ်းရှနေမှာအမှန်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ပါတဲ့။

သထုံ မုတ္တမကားလမ်းပေါ်က ရင်းငြိမ်ဆိုတဲ့ ကျေးရွာကလေးကနေ ငါးဗန်းကို ခေါင်းမှာရွက်လို့ ဆင်းရချို့ငဲ့စွာ ကျောင်းစာမှာကြိုးစားခဲ့တဲ့ လူငယ်လေးဟာ လေးတန်း စကောလားရှစ် ပညာသင်ဆုအထောက်အပံ့တွေနဲ့ ခုနစ်တန်းအောင်ပြီးတဲ့အခါ ပြင်ဦးလွင် မြေတိုင်းကျောင်းဆင်း မြေတိုင်းစာရေးဘဝ၊ မြေတိုင်းအင်စပက်တော်ဘဝ၊ အငြိမ်းစားယူပြီးတဲ့အခါ မြို့မှာရှိတဲ့ လူမှုရေးအသင်းအပင်း ပရဟိတ လုပ်ငန်းတွေကြား မွေ့ပျော်ခဲ့တဲ့ ဖေဖေရဲ့ ဖြတ်သန်းစီးဆင်းမှုတွေဟာ ခရီးမိုင်တိုင် ရှည်လျားလွန်းလှပါတယ်။

ဖြတ်သန်းမှုခရီးတာဝေးမှာ သူ့အတွက် နည်းနည်း၊ မိသားစုအတွက်များများ၊ အချိန်လုပ်အား၊ ပိုင်ဆိုင်မှုတွေ စတေးပေးဆပ်ခဲ့မှုတွေဟာ မနည်းလှပါဘူး။ ကျွန်မတို့ တစ်သက်နှင့်တစ်ကိုယ် ဖေဖေ့အဝတ်ကို မလျှော်ပေးခဲ့ရ၊ ဖေဖေ့ကို ထမင်းပွဲပြင်မကျွေးခဲ့ရ၊ ဖေဖေကသာ ကျွန်မတို့ လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ သက်သက်လူဖြစ်လာရသလို မီးဖိုချောင်ကမထွက် ချွေးတစ်လုံးလုံးနှင့် ချက်ပြုတ်ကျွေးမွေးခဲ့၏။ ဖေဖေနှင့်မေမေ အိမ်ထောင်ရေးကလည်း သာမန်သွားရိုးသွားစဉ် လမ်းကနေခွဲထွက်တဲ့ အိမ်ထောင်ရေးမျိုး၊ မိုးလင်းလို့ ကျောင်းဆွဲခြင်းဆွဲပြီး မေမေကျောင်းကို ထွက်သွားနေဆဲ၊ အချိုကြိုက်သူ၊ အချဉ်ကြိုက်သူ၊ အစပ်ကြိုက်သူတွေအတွက် ဖွယ်ဖွယ်ရာရာ ပြင်ဆင်နေပြီ။

ကျွန်မတို့မြို့မှာ မိုးတွေ ရက်ဆက်ရွာလို့အပြီး ရတ်တရက်နေပွင့်လင်းလာတဲ့ ရက်မျိုးဆို တောင်ပို့မှိုတွေဖွေးဖွေး လှုပ်ပေါ်လာတော့ရှိတယ်။ တစ်ဈေးလုံး မှိုတွေ ဖွေးနေသလို လူတွေရဲ့ မျက်



နှာကလည်း ပြုံးလို့၊ ဒါကြောင့် မှိုရတဲ့မျက်နှာလို့ဆိုတယ် မဟုတ်လား။ ဒီလိုနေ့မျိုးဆို ကျောင်းလွှတ်ချိန်အိမ်မှဆီး၍ မှိုငုံကလေးများကို တံစို့ဖြင့် သီကင်ထားသည့် မှိုကင်ကလေးများဖြင့် သားသမီးတွေကို ကြိုဆိုတတ်သည့် ဖေဖေ။ ငါးရံ့ကိုတော့ တောက်တဲ့နဲ့တူလို့၊ ငါးခူကိုတော့ နတ်ခမ်းမွေးကြီးနှင့်မို့၊ ငါးမွေထိုးကိုတော့ ချောကျိကျိနိုင်လို့ စသည်ဖြင့် အစားသောက်၊ အရိုးများချေးခါးလေ့ရှိတဲ့ ကျွန်မရဲ့ဖွဲ့ကို ကောင်းကောင်းခံနိုင်ရည်ရှိတဲ့ဖေဖေ။ ကြက်တစ်ကောင်လုံးမှာ အရေပြားမစား၊ ခေါင်းမစား၊ လည်ပင်းခြေထောက် မစား၊ ရင်ပုံသားမှဆိုတဲ့ ဂျီကျောင်ကျမှုကို စိတ်ရှည်သည်းခံလိုတဖြည့်ပေးခဲ့တဲ့ ဖေဖေ။

ချက်ရေးပြုတ်ရေး အဆင်မပြေသည့် နေ့မျိုး၊ ထမင်းဘူးနောက်ကျနေပါက ကျောင်းသို့ စိတ်ကောက်ပြီးထွက်သွားတတ်တဲ့ သမီးနောက် ထမင်းဘူးလိုက်ပေးသည့် ဖေဖေ့မှာ အခန်းဝမှာ မတ်တပ်။

"ဟိုမှာ … နင့်အဖေ မဟုတ်လား။ ထမင်းဘူးလာလိုက်ပေးတာ ထင်တယ်။ သွားယူလိုက်လေ"

"မယူဘူး ရပ်ပေစေ"

"ဟဲ့ … အဖေကို ဒီလိုမလုပ်ကောင်းဘူး။ သနားပါတယ်ဟယ်။ နင်ကလည်း …. ငါတို့ပဲ ထွက်ယူလိုက်ပါ့မယ်"

သူငယ်ချင်းတွေရဲ့ ပြစ်တင်မောင်းမဲမှုတွေကြားမှာ ကျွန်မရဲ့ကောက်တေးစိတ်ဓာတ်က ရိုက်ချင်စရာကောင်းလှတော့တယ်။

တစ်အိမ်တည်းနေ ဖေဖေနှင့် ကျွန်မ စာပေးစာယူတွေများလှတယ်။ ကျောင်းသို့အသွား ဖေဖေ့ရှပ်အင်္ကျီအိတ်ထဲ ကျွန်မမကျေနပ်ချက်တွေ ရေးပြီးထည့်ခဲ့ပါက အိမ်အပြန် စာကြည့်စား

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ပွဲပေါ်မှာ မင်းအိုးနှင့် ဖိထားတဲ့ ပြန်စာကလေးတစ်စောင်။

"မိဘဆိုတာ ... သားသမီးတွေကို သူ့သာစေ၊ ငါ့သာစေ သဘောမခွဲခြားဘူး ... အားလုံးတန်းတူပဲချစ်တယ်။ ဖေဖေ့အတွက် ကျောကသားမရှိဘူး ရင်ကသားချည်းပဲ။ ကိုကို နှစ်ယောက်နဲ့ သမီးကိုရော ညီမလေးကိုပါ ဖေဖေအားလုံး အတူတူချစ်တယ်။ ညီမလေးကို ဟင်းပိုပေးတာက သူက အငယ်ဆုံးဟာကိုး၊ ညှာတာတဲ့သဘောပါ။ သမီးလည်း ညီမလေးကို ညှာလိုက်ပါ။

ကျွန်မအဝေးမှာ အလုပ်သွားလုပ်တော့ ဖေဖေကမသွားစေချင်။ ဖြစ်နိုင်ရင် သားသမီးတွေကို သူ့မျက်စေ့အောက် ရင်ခွင်ထဲမှာပဲ ထားချင်တဲ့ဖေဖေပါ။

"တိုင်းစွန်နယ်ဖျား၊ ဝေးလိုက်တာသမီးရယ်...ဘာသွားလုပ်မှာလဲ။ ငွေကြေးလည်း ဒီလောက်မလိုအပ်ဘဲနဲ့၊ အလုပ်ကိုလာလို့ အမြန်လိုရတာလဲ။ မိဝေးဘဝေး ကျောထောက်နောက်ခံ ကင်းဝေးတဲ့ ဒေသကိုမသွားချင်ပါနဲ့လား၊ ဖေဖေတို့မျက်ကွယ်မှာ သမီးကို စိတ်မချဘူး"

ကျွန်မက အတောင်မှ မစုံချင်သေး အပျံကသင်ချင်ချင်ရယ်။ ဟင့်အင်း ... ဟင့်အင်း ... သမီးသွားမှဖြစ်မယ် ဖေဖေ။ အဲဒီအပြင်လောကကြီးမှာ ဘာတွေရှိတယ်ဆိုတာ သမီးသိချင်လိုက်တာ၊ ဆင်သေနောက်လိုက်တဲ့ ကျီးမိုက်လို မိုက်မဲမှုမျိုးတော့ မဟုတ်ပါဘူး။ စူးစမ်းသိမြင်ချင်စိတ်တစ်ခုတည်းနဲ့ အိမ်ရဲ့အပြင်ဘက်ကို တိုးထွက်ဖို့ ကြိုးစားခဲ့တာပါ။ ဖေဖေက သမီးရဲ့ ပြတ်သွားတဲ့ ဖိနပ်တစ်ဘက်ကို လွယ်အိတ်ထဲထည့်ပြီး (အိမ်ထကအိမ်ပြင်မထွက်ရင်ပြီးရော) ခြေအတိုင်းယူ၊ ဖိနပ်အသစ်ဝယ်ပေးသလိုမျိုး၊ အိမ်တွင်းပုန်းစေချင်တာတော့ မကောင်းပါဘူး။ သမီးရဲ့ နှလုံးသည်းအိမ်မှာ မိဘတွေ နေရာတကာ ဖေးမလွန်းလို့ ကလေးတွေ



ကိုယ့်ရည်ကိုယ်သွေး ညှိုးဖျင်းသွားလေ့ရှိတဲ့၊ စိတ်ပညာရပ်ဆိုင်ရာ အသိတရားတွေ စီးဝင်စပြုနေပြီ။ ဒါဟာလည်း လစဉ် ဖေဖေဝယ်ပေးတဲ့ ရှုမဝ၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်းတွေ၊ အတွေးအမြင်စာအုပ်တွေက ပေးအပ်တဲ့ အသိတရားတွေပါ။

သည်တုန်းက စွန့်စွားသွားလာလိုစိတ်တွေ သွေးနွေးလည်ပတ်နေတဲ့ ကျွန်မဟာ ဖေဖေ မျက်ရည်စက်တွေကို မျက်နှာလွှဲရက်စက်ခဲ့တယ်နော်။ ကျွန်မတိုင်းစွန်နယ်ဖျားကို တကယ်ပဲ ထွက်သွားခဲ့ပါတယ်။ အပျံသင်စ တောင်ပံတစ်စုံဟာ တောင့်တင်းခိုင်မာမှု အရည်အသွေးတွေ ရင့်မှည့်ပြည့်မီဖို့ လိုအပ်နေသေးပေမယ့် "ပျံသန်းလိုစိတ်" ဖွဲ့မာန်အဟုန်ပြင်းပြမှုကိုတော့ ဘယ်သင်းကမှ ဟန့်တားချုံနှိမ်မှု မပြုနိုင်ခဲ့ပါဘူး။

ဒါကို မိုက်မဲခြင်းလို့ အမည်တပ်မယ်ဆိုရင်တော့ အဲသည်မိုက်မဲမှုအတွက် ဖေဖေ့ဆီက ခွင့်လွှတ်ခြင်းကို သမီးမမျှော်လင့်တော့ပါဘူး။ ကိုယ့်လမ်းကိုယ် ဖောက်ခဲ့သူတစ်ယောက် အနေနဲ့ ခနေတော်ရှုံ့ပြင်မှာ စူးနစ်ခဲ့တဲ့ ခြေရာတွေက ကိုယ့်စီရင်ချက် ကိုယ်ချပြီးသွားခဲ့တာတွေဟာ လူတွေမသိနိုင်တဲ့ စိတ်ဒဏ်ရာ အနာဖေးတွေပါပဲ ဖေဖေရယ်။

"ညီမရေ ... လာဟေ့ ... ဖေဖေ ကြည်လင်နေတုန်းကြိုးစားလိုက်ကြဦးစို့"

နောက်တစ်နေ့ နံနက်စောစော ဖေဖေအိပ်ယာမှ နိုးတော့ အစ်ကိုငယ်ရဲ့ သတိပေးသံကြောင့် ကျွန်မ ဖေဖေ့အနားကပ်ကာ မျက်နှာသစ်ပေးပြီး နံနက်စာ ကိတ်မုန့်နှင့်ဟောလစ်တို့ကို ခွံ့ကျွေးရင်း

"ဖေဖေ ... ဒါ ဘယ်သူလဲ ကြည့်ပါဦး"

"ဟင် ... သ ... သမီးကြီး"

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

“ဟာ … ဖေဖေသိတယ် … ဝမ်းသာလိုက်တာ … သမီးမနေ့က ကတည်းက ရောက်တာလေ။ အစ်ကိုကြီးလည်း ရှိတယ်။ အစ်ကိုငယ်လည်းရှိတယ်။ သမီးလည်း ရောက်ပြီ”

ဖေဖေမျက်နှာပြုံးနေလိုက်ပုံများ ချိုင်နေတဲ့ပါးတွေ ပိုခွက်သွားပေမယ့် ကျွန်မစိတ်ထဲမှာ အရုပ်ဆိုးတယ်လို့မထင်။ ဘယ်ပန်းချီမှရေးလို့ မမီတဲ့ ချစ်ခြင်းရန့်တွေ ကြိုင်လှှိုမ်းပြည့်ဝနေတဲ့ ပန်းချီကားတစ်ချပ်လို မင်္ဂလာကျက်သရေတို့ တင့်မောရွှန်းစို နေပါတော့တယ်။

“သားသမီးစုံတော့ ဘာလုပ်ရင်ကောင်းမလဲ”

ဖေဖေ့စကားသံက မပီသပေမယ့် နားလည်လောက်တဲ့ လေယူလေသိမ်းမျိုး၊ အဝေးရောက်ညီမကိုတော့ အာရုံထဲမထင်ဘဲရှိနေဟန်ထင်ပါရဲ့။ ခါတိုင်းသားသမီးစုံရင် သူကတစ်ခုခု လုပ်ကျွေးနေကျမို့၊ ယခုလည်း ဘာလုပ်ရင်ကောင်းမလဲ…တဲ့။ မိဘမေတ္တာများ ဘယ်အချိန်အသိကပ်ကပ် သွန်ထိုးစီးကျနေတဲ့ ရေတံခွန်ရဲ့ ဂီတသံလို ချစ်ခြင်းသံစဉ်တို့ ပီသကြည်မြလှပါလား။

“ဖေဖေ့မြေး၊ ဒါဒါလေး ဆယ်တန်းအောင်တယ်”

“အမှတ်မီရဲ့လား”

ကြည့်စမ်း …၊ လိုချင်တဲ့ လိုင်းရဖို့ အမှတ်မီ မမီမေးနေတာများ အံ့သြစရာ။ သည်လိုဆိုတော့ ဖေဖေ သတိချို့ယွင်းတယ်လို့ ဘယ်သူပြောလို့ရပါ့မလဲ။ “ဒီနေ့ ရန်ကင်း ဆရာတော်ကြွလာလိမ့်မယ်၊ ဆရာတော်ကို ဖေဖေကိုယ်တိုင် သင်္ကန်းကပ်ပါ။ ဖေဖေကိုယ်တိုင် ရေစက်ချပါ။

“ရင်ငြိမ်းက ဆွမ်းစားဇရပ်ကိုလည်း ပြင်ချင်တယ်”

“ပြင်ရမှာပေါ့၊ ဖေဖေ့လက်နဲ့အလှူတွေ လုပ်ပေးဦးမယ်။ နေအောင်းအောင်းနေနော်”



အစ်ကိုငယ်က အခွင့်အရေးရတုန်း ဖေဖေနဲ့ပြောစရာရှိတာတွေ ဆက်တိုက်ပြောချနေတယ်။ ဖေဖေ့ မျက်နှာ အပြုံးပန်းတွေ ပွင့်ဝေနေလိုက်သည်မှာ ယာခင်းတစ်ခင်းစာ ရှိရော့မည်။

မကြာခင် ဆရာတော်ကြွလာသည်နှင့် နားကြပ်တပ်ဆင်ကာ တရားနာဖို့ပြင်ဆင် ဖေဖေ့လက်နှင့်လည်း လှူဖွယ်ပစ္စည်းကို ကပ်လှူ၊ ကိုယ်တိုင်ရေစက်ချနိုင်တဲ့ အခွင့်အရေးက နည်းတဲ့အခွင့်အရေးမဟုတ်။

(၉၃)နှစ် ဆိုတဲ့အသက်ဟာ နည်းတဲ့အသက်မဟုတ်ဘူး။ အတိတ်ဘဝက သီလကုသိုလ်ထူးခဲ့လို့ ဒီအချိန်ထိ အသက်ရှည်တာပေါ့။ ဖေဖေက ဆီးကြိတ်ရှိလို့ ဆီးမထိန်းနိုင်၊ အသက်ကြီးလို့ ကိုယ့်အရှိန်ကိုယ်မသယ်နိုင်တာကလွဲရင် ဆရာဝန်က ဖေဖေ့မှာ ဝမ်းတွင်းရောဂါဘာမှမရှိဘူးတဲ့။ နှလုံးသွေးတိုးဆီးချို ရောဂါကြီးတွေမရှိတဲ့အတွက် ဒီလိုအာဟာရမှီဝဲပုံမျိုးနှင့်ဆို ကောင်းကောင်းကျွေး ကောင်းကောင်း ပြုစုနိုင်ရင် အသက်ရှည်ဦးမှာတဲ့ … အရေးကြီးတာက ငွေပါပဲ။ ဖေဖေ့ကို အနီးကပ်ပြုစုနေတဲ့ မမဝင်းရဲ့စကားက ကျွန်မတို့ မောင်နှမသုံးယောက်ကို တွေဝေဆွံ့အစေတော့တယ်။ ဟုတ်တာပေါ့။ ကျွန်မကိုယ်တိုင် ကြွေးသစ်ချနေရသည်နှင့် ကြွေးဟောင်းကို ကောင်းကောင်းမဆပ်နိုင်၊ ဖေဖေ့ ဆေးဖိုးဝါးခအာဟာရတွေ မပေးပို့နိုင်၊ ကျွန်မဟာ အစုန်ကိုသာ လက်ခံပြီး အဆန်ကို ငြင်းပယ်လေ့ရှိသူ တစ်ယောက်လေလား…။

ဆရာတော်ပြန်ကြွပြီး ဖေဖေ့အသိစိတ်တွေ လွင့်ပါးသွားပြန်တယ်။ စားသောက်ပြီး တစ်ရေးတစ်မောအိပ်နေသည်မှာ နှစ်နှစ်ခြိုက်ခြိုက် တကယ့်ကို ပီဘိကလေး တစ်ယောက်အလား။ ကျွန်မတို့ ငယ်စဉ်က ဖေဖေ့မှာ ရင်ခွင်ပိုက်ထွေးခဲ့ပေမယ့် ဖေဖေကလေးပြန်ဖြစ်သွားချိန်မှာ ပွေ့ပိုက်ခွင့်မရနိုင်တဲ့ ကိုယ့်အဖြစ်ကို

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ကိုယ့်ဖာသာ တွေးတောဝမ်းနည်းနေရင်းနဲ့ပဲ …

"ကျွန်မ ဒီည ရွေခြည်သို့ကားနဲ့ ပြန်ရတော့မယ် ဖေဖေရယ်။ ကိုယ့်လမ်းကိုယ်ဖောက်လို့ ခရီးအတန်ရောက်ခဲ့ပြီးဖြစ်တဲ့ သမီးဟာ ခရီးဆုံးရောက်အောင် ဆက်လျှောက်ရဦးမှာပေါ့။ စေးထန်းငြိတွယ် နှောင်ဖွဲ့အပ်တဲ့ ကိလေသာကွန်ယက် အစုအဝေးဆီက ရုန်းမထွက်နိုင်တဲ့ အနေအထားမှာ မိသားစုအတွက် ပေးဆပ်ဖြည့်ဆည်းမှုတွေ အထပ်ထပ် ဖြန့်ဝေပေးရဦးမှာပါ"

ဘဝကူးတယ်ဆိုတာ ခန္ဓာအဟောင်းကို စွန့်ခွာပြီး ခန္ဓာအသစ်ဆီးကူးပြောင်း ခိုတွယ်လို့ဆိုရင် အဲသည်ဟောင်းနွမ်းနေတဲ့ခန္ဓာမှာ ဖေဖေရဲ့ နုသစ်လန်းစင်တဲ့စိတ်အလျဉ်က ရှေ့ဆောင်ပြီး လျှောက်လှမ်းပေဦးတော့။ တစ်ထောင်မှာတစ်ယောက်၊ တစ်သောင်းမှာတစ်ယောက် ဇာတာထဲမှာ ပါသလို၊ အသက်တစ်ရာနှစ်ဆယ်ရှည်စေဖို့ အခွင့်အလမ်းကို ဖေဖေတစ်ယောက် ဆုပ်ကမ်းလှမ်းကိုင်နိုင်ပါစေဆိုတဲ့ ဆန္ဒတွေနဲ့ အိတွဲပျော့ကျနေတဲ့ ဖေဖေ့လက်မောင်းကြား မျက်နှာထား နှုတ်ဆက်ခဲ့ပါရစေ။

ထွက်သက်ဝင်သက် မှန်မှန်ရှူနေပုံကို ကြည့်ပြီး ဖေဖေဝိပဿနာတရားကို ဆင်ခြင်ရှုမှတ်နေတလား၊ ပေါ့ပါးလျှင်မြန်တဲ့အဟုန်နဲ့ ပျံ့ဝဲလေ့ရှိတဲ့ ဝိညာဉ်လိပ်ပြာဟာ ခိုတွယ်ရာရှာနေတာလား။ ဖေဖေအစဉ်အမြဲရွတ်ဖတ်ခဲ့တဲ့ ပဋ္ဌာန်းဒေသနာတရားတော်။ ဖေဖေကျင့်ကြံခဲ့တဲ့ ဝိပဿနာအရှုအမှတ်တွေဟာ ဖေဖေရဲ့ ခရီးမာရသွန်မှာ ပန်းဝင်ဖို့ လမ်းညွှန်ကောင်းတွေပါပဲ။

မြင်တာဘာတဲ့လဲ၊ မြင်သည့်ရုပ်နာမ်ပဲ၊ မြင်သည်မမြဲ၊ မြင်ဆင်းရဲ၊ မြင်ထဲငါမပါ၊ အဲဒါ အနတ္တသဘာဝပါ။ ကြားတာဘာတဲ့လဲ၊ ကြားသည့် ရုပ်နာမ်ပဲ၊ ကြားသည့်မမြဲ၊ ကြားဆင်းရဲ၊ ကြားထဲငါမပါ အဲဒါ အနတ္တသဘာဝပါ…။ မြင်ခြင်း၊ ကြားခြင်း၊



ထိခြင်း၊ သိခြင်းအပေါ် အနတ္တတရားနဲ့ယှဉ်ပြီး ဆင်ခြင်ဖို့ အခွင့်အလမ်းတွေ ဖေဖေရရှိနိုင်မှာပါ။

ဖေဖေဟာ…..

စိမ်းစိုတောအုပ်ကိုဖြတ်ကျော်ခဲ့ပြီ။
ကျဉ်းမြောင်မြောင် တောင်ကျောထဲ
တိုးဝင်ခဲ့ပြီ။
ရေအပြည့်လှိုင်းထန်နေတဲ့ မြစ်ပြင်ကို
ကန့်လန့်ဖြတ်ခဲ့ပြီ။
တောင်ကုန်းပြေပြေကုန်းကမူမော့မော့ဆီ
ပြေးတက်…..။
လွင်ပြင်ပြန့်ပြန့်ဆီပြေးဆင်း
သည်လိုနဲ့…ဖေဖေဟာ…
သက်လုံကောင်း အပြေးသမားတစ်ယောက်ရဲ့
ဖွဲ့မာန်ဟုန်နဲ့…………

မိချမ်းဝေ
၂၀၀၃ ဧပြီလ၊ နှစ်ရည်မဂ္ဂဇင်း

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။




စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/